
www.burmeseclassic.com

# လရောင်ကျူးရင်

ဟုတ်ကဲ့ ... မမ



BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင်

# ဟုတ်ကဲ့...မမ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၇၉၇၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၆၇၅၀၆၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅ဝိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

အရုပ်မြင့်တဲ့ မိန်းမတော်တော်များများ ဆံပင် သိပ်မရှည်ကြပါဘူး။ ဆံပင်အရှည်ကြီးနှင့် မြင်လိုက်လျှင်လည်း အလွန်ဆုံး အရပ်အမြင့်က အနေတော်လောက်တွေပါ။

ဒါပေမယ့် သူ့ရှေ့မှာရပ်နေသည့်မိန်းကလေးကတော့ အရပ် တော်တော်မြင့်နေပြီး ဆံပင်တွေလည်း တင်ပါးဖုံးလွန်သည်အထိ ပျော့နွဲ့ဝဲပြ နေသည်။

ပြီးတော့ ကြားဖူးသေးသည်၊ လူတစ်ကိုယ်မှာ အဖျက်တစ်မျိုးတော့ ရှိနေတာပဲတဲ့။ ပြည့်စုံတယ်ဆိုတာ မရှိဘူးတဲ့။

သူမကတော့ ဝင်းဝါစိုပြည်သည့် ရွှေအဆင်းနှင့် အရပ်မြင့်သလောက် ဝသည့်ကိုယ်ဟန်က ထင်းနေသည်။

သုံးချိုးတစ်ချိုးသာသာ မြင်နေရသည့် မျက်နှာပေါ်မှာလည်း အပြစ်ဆိုစရာ ဘာမှမရှိ။ နီရဲထူပြည့်သည့်နှုတ်ခမ်းလေးတွေက စေ့ပိတ်ထားတာ ဒုသည်။

အနည်းငယ်မျှ လှုပ်ခတ်မသွားသည့် မျက်တောင်ကော့တို့သည် ဘစ်နေရာတည်းမှာ စူးစိုက်နေလျက် မျက်ဝန်းတို့ကို မြူလွှာတစ်ခုကဲ့သို့ ဒုပ်ဘက်စွာ ယှက်မိုးထားကြ၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ ပင့်သက်ရှိုက်မိသည်။

ဖတ်ဖူးခဲ့သော ပန်ထွာဘုရင်မ၏ အလှတရားများကဲ့သို့ ဒီမိန်း
ကိုယ်မှာ ဆံဖျားကနေ ခြေဖျားအထိ တစ်လက်မ တိုးရွှေ့ကြည့်မိတို
ကဗျာကာရံတွေ အဆုံးအစမဲ့ ထွက်လာနိုင်သေးသည်။

ထို့ကြောင့် သူ နှုတ်ခမ်းအောက်လွှာကို ခပ်ဖိဖိကိုက်ကာ မျက်ဝ
တွေကို ရွှေ့ဖယ်ပစ်ဖို့ အားထုတ်လိုက်သည်။ သို့သော် နောက်ထ
စုန်ဆင်းသွားမိသည့်မျက်ဝန်းတို့က လွတ်လွတ်လပ်လပ်ချထားသော ဖ
စောင်းလေးတွေ၊ နီရဲနေသည့် လက်ချောင်းကလေးတွေဆီမှာ ရပ်တ
သွားပြန်သည်။

သူမကတော့ ခန်းဆီးသိမ်းထားသည့် မှန်ပြတင်းကနေ ကုမ္ပဏီ
အောက်ဘက် ခြံဝန်းကြီးထဲကို ငြိမ်သက်စွာ ငေးကြည့်နေဆဲသာ။

နုဖတ်သော စံကားဝါရောင် ဝတ်စုံလေးနှင့်ရိုးရိုးထမီကို ခြေဖ
ထက်မှာ ပုံနေသည်အထိ ဝတ်ထား၏။ လက်ပိုက်ထားတာလည်းမဟု
တစ်စုံတစ်ခုကို ကိုင်နေခြင်းလည်းမရှိ။

လက်နှစ်ဖက်စလုံး ဒီတိုင်းချထားပြီး ရပ်နေတာ ဖြစ်သည်။

ဒါပေမယ့် တောင့်တောင့်မတ်မတ်ကြီးမဟုတ်သလို နုနုရွရွ ဟန်ရေ
လည်းမပါ။

ဘယ်လိုနေနေ လှနေသောသူမသည် ငြိမ်ငြိမ်ကလေး ရပ်နေပုံတေ
ကိုက လှနေပြန်သည်။ အသက်သုံးဆယ်ကျော် ဆိုသော မိန်း
တစ်ယောက်က မယုံနိုင်စရာဖြစ်လောက်အောင် လှနေ၏။

သူမဘက်က အကြည့်၊ အမူအရာ ဘာမှ ပြုမူခဲ့ခြင်းမရှိသေးဘဲ ပေ
ကရပ်ငေးနေရင်း ဆွဲညှို့ခံနေရသလို မျ[illegible]ာင်မခတ်နိုင် ဖြစ်ခဲ့ရ
တစ်ယောက်ယောက်ကို သူ ပြန်ပြောရင် ယုံကြမလား။





သူ နောက်ထပ် ပင့်သက်အရှိုက်မှာ အလွန်နူးညံ့သည့် ရေမွှေးနံ့
တစ်ချက်က ဝေ့ခနဲ ကျီစယ်သွား၏။ ထိုမွှေးနံ့လေးကိုလည်း နှစ် သက်
သွားမိပြန်သည်။

သူနှင့်သူမ နှစ်ယောက်တည်းရှိနေခဲ့သည့်အခန်းထဲမှာ ဒါ သူမ၏
ကိုယ်သင်းနံ့ပဲ ဖြစ်ရမည်သာ။ ထိုအခါ သူ့ခေါင်းထဲမှာ အတွေးတစ်ချက်
ဝင်ကာ ပို၍ စူးစိုက်ကြည့်မိသည်။

ရန့်ကင်း...။

သူမနာမည်က ရန့်ကင်းဖြစ်သည်။ ဒါပေမယ့် မွေးနေတာလေး
မက်မောစရာ။ သူ တွေးနေတုန်း သူမ မျက်နှာမှာ လှုပ်ရှားမှုတွေဖြစ်သွား
၏။ ပြီးတော့ သူ့ဘက်ကို တည့်တည့်လှည့်ရပ်ကာ...

"မင်း တို့ကို သိလား"

"ခုမှ မြင်ဖူးတာပါ"

ရှားရှင့်ရောင်မျက်နုက်ဆန်ပြည့်ပြည့်နှင့် ပြာလဲ့သော မျက်ဝန်းအိမ်ကို
သူ မလွတ်တမ်းကြည့်၏။ မျက်ဝန်းနှင့် မျက်တောင်ကော့တို့သည် ဆေး
သားညီသောပန်းချီဆရာ၏ ဂုဏ်ဝင်စုတ်ချက်တွေလား။

"မင်း တစ်ချိန်လုံး အကြာကြီးကြည့်နေခဲ့တာ ပြော ဘာတွေမြင်လဲ"

"တော်တော်လှပါတယ်"

သူမမျက်နှာ အပြုံးတစ်ချက်လက်လာ၏။

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

သူမ ရှေ့ကို တစ်လှမ်းတိုးသည်။ ထို့နောက်...

ထိခတ်သံက ပြင်းထန်စွာ မြည်ဟီးသွားခဲ့၏။ ခေါင်းတစ်ခုလုံး
ဖွင့်ထွက်သွားသလား ထင်ရလောက်အောင် ပြင်းထန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားမာန ဆိုတာကို ဘယ်လိုပဲ ဆုပ်ကိုင်ထားထား မာနက အရေးပြားပေါ်ထိ လွှမ်းခြုံမနေခဲ့ဘူးထင်သည်။

ရိုက်ချက်ကြောင့် သူ့မျက်ဝန်းတစ်ဖက်မှာ မျက်ရည်တွေ ပြည့်ဝိုင်းသွားခဲ့၏။ ဝမ်းနည်းကြေကွဲသွားတာမဟုတ်သော်လည်း နာတာ ကျင်တာအတွက် အရေပြားက သပ်သပ်ထုတ်နုတ်ခံစားပေးလိုက်ခြင်းဖြစ်သည်။

"နောက်ကို ဘယ်တော့မှ ဒီစကားမျိုး မပြောမိစေနဲ့ တို့ မင်းကို ကျွေးမွေးစောင့်ရှောက်ခဲ့တာ တို့ကို ကြည့်ရှုစေဖန်ဖို့ မဟုတ်ဘူး။ ခိုင်းတာကိုလုပ်၊ ကျွေးတာကိုစား၊ တို့အတွက် မင်း အမြဲတမ်း တာဝန်ကျေနေရမယ်၊ ဒါပဲ"

ရိုက်ချက်က ပြင်းသည်။ ခံတွင်းထဲမှာ ငံကျိကျိအရသာတွေဖြစ်လာတော့ သွေး ထွက်ခဲ့ပြီကို သိသော်လည်း သွေးကုတ်ပစ်ဖို့အတွက် သူမရှေ့မှ ထွက်ခွာခွင့်မရသေး။

သူ မျက်နှာခပ်လွှဲလွှဲနှင့် မျက်လွှာချထားခဲ့သည်။ သူ့မျက်ဝန်းအကြည့်အောက်မှာ ပုံနေသည့် အဝါရောင်ထဘီစလေးနှင့် ဖြူဝင်းလှပသော ခြေအစုံ။

ခြေချောင်းကလေးတွေကလည်း ထိကိုင်ကြည့်ချင်စဖွယ် ဖြစ်နေပြန်သည်။ နောက်ထပ် လှတယ်လို့ပြောလျှင် အရိုက်ခံဖို့ ကျန်ပါသေးသည်။

အနာခံပြီးပြောရဲသော်လည်း သူ တုတ်တုတ်မျှမလှုပ်ဘဲ နေပေးခဲ့၏။

"ဆယ်နေကဲ..."

ကိုယ့်နာမည်ကို ခေါ်လိုက်ပေမယ့် သူမမျက်နှာကို နောက်ထပ်မကြည့်မိအောင် အကြည့်ကို သူမ၏ရင်ညွန့်အောက်ထိပဲ ဖျတ်ခနဲ ပို့လိုက်ပြီး ပြန်သိမ်းသည်။

"မင်းကို ဆယ်နေကဲလို့ နာမည်ပေးခဲ့တာ ဘာဖြစ်လို့လဲ သိချင်လား"





လူမှန်းသိတတ်စကတည်းက ဒီနာမည်ကို လူတိုင်း စိတ်ဝင်စားခဲ့ဖူးသည်။ သူလည်း စိတ်ဝင်စားခဲ့၏။ ဒါပေမယ့် ဒီနေ့ထိ တမ်းတမ်းစွဲ သိချင်တာမျိုး မဟုတ်ပေ။ နာမည်နှင့်သူက အသားကျခဲ့ပြီပဲ။

အိမ်မှာကော၊ သူငယ်ချင်းတွေထဲမှာကော 'ဆယ်နေ'ဆိုတဲ့ ဘောက်ဆွတ်နာမည်လည်း တွင်နေခဲ့ပြီ။ ဘာပဲဖြစ်ဖြစ် သူမ ကျေနပ်သွားပေ. ကြီး သူ ခေါင်းညိတ်လိုက်မိ၏။

"ဟုတ်ကဲ့"

"ပြောပြမယ် လိုက်ခဲ့"

တံခါးဝက သူ့ကျောနောက်မှာမို့ သူမ အရင်သွားသာကြောင် သူ ဆုတ်ပေးလိုက်သည်။ သူ့ရှေ့ကနေ ကပ်ဖြတ်သွားစဉ်မှာ မွှေးရနံ့ကလေး တစ်ချက် ဝေ့ကျန်ခဲ့၏။ သူ မက်မောခဲ့ပြန်သည်။

ကုမ္ပဏီအောက်ထပ် ရောက်လာတော့ ဝန်ထမ်းတွေက သူမကို တရိုဘသေ ခေါင်းငုံ့လှဲ့ရှောင်ပေးကြ၏။

ဒီမနက်မှ ဒီမနက်ဆိုတာတောင် နာရီပိုင်းလေးမဲ ရှိသေးသည်။ ဒေါ်ရန်နုကင်းဟာ 'ဦးစီး'ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာတစ်ယောက် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကုမ္ပဏီဝန်ထမ်းအားလုံးကို မဟုတ်ပါ။ အထက်အရာရှိပိုင်းလောက်ပဲ လောလောဆယ် အသိပေးထားလိုက်တာဖြစ်သည်။

ဒါပေမယ့် အခုတော့ ဝန်ထမ်းအားလုံးက အရင်ကတည်းက သိမြင်ငုံနိုးနေခဲ့ကြသလို အားလုံး၏မျက်ဝန်းတွေမှာ ရိုသေခြင်းတွေက မြန်ဆန်လှသည်။

ပြီးတော့ သူမနောက်မှာ ပါလာခဲ့သည့် သူ့ကို ပြုံးပြကြသည်။ ခေါင်းငဲ့ဆတ်ပြပြီး သူ မပြုံးဖြစ်ခဲ့ပေ။ အစကတော့ သူက ဒီမှာ လုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဝင်အောင် လေ့လာနေဆဲ သူဌေးသား။ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်။

နောင်အခါမှာ 'ဦးစီး'ကုမ္ပဏီမှာ ဦးစီးဦးဆောင်ဖြစ်လာမည့်သူ။ ခုသွား၇ သူ မဟုတ်တော့ဘူးထင်သည်။

အ၊ "ဆယ်နေ့ ဒီမနက် မင်းရဲ့မမ ရောက်လာလိမ့်မယ်၊ အဲဒါ..."

"ကျွန်တော် သွားကြိုရမှာလား"

"မလိုဘူး။ မင်း သွားတွေ့ရမှာ၊ ကုမ္ပဏီမှာ မင်းကို သူ စောင့်နေလိမ့်မယ်"

ဟု ဦးစိုးခ,က ပြောခဲ့သည်။ သူ့ဘဝမှာ ဦးစိုးခနှင့် ဒေါ်နီတာဟာ တွေ့မိဘများပဲဖြစ်သည်။ 'ကျေးဇူးရှင်တွေပါ'လို့ သူပြောတိုင်း ဦးစိုးခကတော့ ခေါင်းခါခဲ့၏။

"ငါတို့မဟုတ်ဘူး။ မင်းရဲ့ကျေးဇူးရှင်က 'ရန့်ကင်း'ပါ"

ဒီနာမည်ကို သူ ငယ်ငယ်ကတည်းက ရင်းနှီးခဲ့ပြီးသား။

သူဌေးကြီးဦးစိုးနေ၏ တစ်ဦးအတည်းသောသမီး။

ဆယ်နေ့ကဲ ဆိုသည့် သူကတော့ မိဘမဲ့ပါ။ ဒါပေမယ့် သူ့မိဘနာယ်သူဘယ်ဝါ၊ ဒီမိသားစုထဲ ဘယ်လိုရောက်လာခဲ့ရသလဲ သူ ဘာမှ မသိခဲ့ပေ။

ဘယ်သူကမှလည်းမပြော၊ သူသိတာက ဒေါ်ရန့်ကင်း ဆိုတာ သူ့ရဲ့ကျေးဇူးရှင်။ နိုင်ငံခြားမှာနေသည်၊ ပြန်လာချင်လည်း လာမည်၊ လာချင်မှလည်းလာမည်။

လာသည်ဖြစ်စေ၊ မလာဘူးဖြစ်စေ သူ့အတွေးထဲမှာ ပုံဖော်ကြည့်ခဲ့ဖူးသည့် ဒေါ်ရန့်ကင်း ဆိုတာ အသက်လေးဆယ်ကျော် ငါးဆယ်၊ ရင်စေ့လက်ရှည်၊ ပါတိတ်ထမိနှင့် ဆံထုံးခပ်မြင့်မြင့် ခန့်ခန့် ပုံစံမျိုးသာ။





တကယ်မြင်လိုက်ရတော့ သူ စဉ်းစားထားသမျှ မိနစ်သို့ပေးဆပ်၍ အလှူးအလဲကျရှုံးခဲ့ရကာ အဆုံးခံခဲ့ရကာ...

"ဒီဘက်ကိုသွား"

သူမအသံကို ထပ်ကြားရတော့ သူ့ခြေလှမ်း တုံ့သွားသည်။ ဒီဘက်ဆိုတာကို မျက်ခုံးလှည့်ကြည့်ပြီး သူ ခြေဦးလှည့်လိုက်သည်။

သီးသန့်ခွဲထုတ်ထားသည့် ကုန်ကြမ်းလှောင်သော သံဂိုထောင်ကြီးတွေဆီမှာ ထမင်းစားနေကြသည့် အလုပ်ကြမ်းသမားတွေ။

နွေရာသီ မွန်းတည့်လုလု နေရောင်က ပူပြင်းနေ၏။ ဂိုထောင် အမိုးက မလုံခြုံ။ တစ်လံနီးပါးလောက်ရှိသော အရိပ်ကလေးမှာ ဝိုင်းဖွဲ့ကပ်သပ်ထိုင်ကာ ထမင်းချိုင့်လေးတွေဖွင့်၍ စားသောက်နေကြတာ သူတို့စကားနှင့်သူတို့ စိုပြည်နေကြ၏။

'ဒီဘက်သွား' ဆိုလို့ လျှောက်လာခဲ့သည့် ခြေလှမ်းတို့က နှေးကျသွားခဲ့သည်။ သူ့ကို ဒီဘက်ကို ဘာဖြစ်လို့ လာခိုင်းတာလဲ။

ရှေ့ဆက်လျှောက်သွားခဲ့ရင် အလုပ်သမားတွေ သူ့ကို တွေ့သွားကြမည်၊ တွေ့ကြလျှင် ထမင်းစားပျက်ကုန်ကြမည်။

သူ ဟိုဘက်နားမှာ ကားရပ်ပြီး ဖြတ်လျှောက်သွားတာထော လက်တို့ကြည့်ကြ လိုက်ငေးကြနှင့် အမြဲတမ်း အထူးတဆန်း ကြည့်တတ်ကြသော အလုပ်သမားတွေအားလုံး သူ့ကို သိနေကြ၏။

အခု သူသွားတာနှင့် 'သူဌေး' ဘာကိစ္စများရှိလို့ပါလိမ့်လို့ ထင်ပြီး ပျာပျာသလဲတွေ ထဖြစ်ကုန်ကြမှာ သေချာနေ၏။

သူ့ခြေလှမ်းတွေ နှေးကျသွားရာမှ ထိုနေရာမှာပဲ ရပ်တန့်သွားခဲ့သည်။

နောက်ကို မျက်လုံးမဟုတ်ပေမယ့် နည်းနည်း ပြန်ငဲ့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမက သူ့နောက် မလှမ်းမကမ်းလေးမှာ ရပ်ပစ်လိုက်တာတွေ့၏။

သူ ရှေ့ဆက်မသွားဖို့ကိုလည်း ဆက်သွားဖို့ မပြော၊ နောက်ထပ် ဘာဆက်လုပ်၊ ဘယ်သွားမယ်ဆိုတာလည်း မလာ။

ဘာမှန်းမသိဘဲ သူလည်း ဒီတိုင်းရပ်နေဆဲမှာ စကားသံတွေ ပျံ့လွင့်လာခဲ့၏။

"ဟိုဘက်တိုးပါဦး ပူစူးရာ၊ ထမင်းစားရတာ ကျောကုန်းကနေပူလို့ မျိုမကျတော့ဘူး"

"ဟုတ်ပ၊ ဒါတောင် မွန်းမတည့်သေးဘူး။ နေတစ်စင်းထည်းမို့လို့ပဲ ဆယ်စင်းလောက်သာ တစ်ပြိုင်တည်းပူရင် မပြောချင်တော့ဘူး"

"နေဆယ်စင်း တစ်ပြိုင်တည်းပူရင်..."

သူ့နားထဲမှာ ထိရှဝင်သွား၏။ ထူတန်းသည့် မျက်ခုံးနှစ်ဖက် တွန့်ကျုံ့သွားသည်။

သူ့နာမည်က 'ဆယ်နေ့ကဲ'...

"အဟွန်း..."

နှုတ်ခမ်းကိုဖိစေ့ပြီး မဲ့ပစ်လိုက်ကာ ပခုံးပါ တွန့်ပစ်လိုက်သေးသည်။ ဟွန်းခနဲ ရှုံ့ပစ်လိုက်သံကြောင့် လှည့်မကြည့်ဘဲ စိတ်အာရုံများ အားလုံးကို မြင်သွား၏။

သူ့မျက်နှာ နောက်ကိုငဲ့စောင်းသွားပြီး ဖျတ်ခနဲ ရင်ဆိုင်ကြည့်သည်။

"ဟား ဟား ဟား"

မျက်နှာချင်းဆိုင်ကြည့်လိုက်မိကာမှ သူမက ခါးနှစ်ဖက်ထောက်၍ ဟက်ဟက်ပက်ပက် ရယ်လေသည်။ လှလှပပ ရယ်တာလည်းမဟုတ်၊ ဟန်တွေပန်တွေလည်းမပါ။ ကျေနပ်အားရစွာ အူလှိုက်အသည်းလှိုက် ရယ်မောနေတာဖြစ်သည်။





သူမ သူ့ကို ဒီကိုခေါ် လာခဲ့တာ ဒီစကားတွေ သူ့ကို ကြားစေချင်တာ ပါ။ 'နေဆယ်စင်း'၊ သူက 'ဆယ်နေ့ကဲ'တဲ့။

သူ နားမလည်ပေမယ့် တစ်စုံတစ်ရာကို မြင်လိုက်ရသလို ဖြစ်ခဲ့၏။

"ဟား ဟား ဟား"

သူမက ဟားတိုက်ရယ်နေဆဲ၊ အရယ်မရပ်ဘဲ သူ့ကို မဲ့ကြည့်၍...

"ဆယ်နေ့ကဲ မင်းကို ဒီနာမည် ပြောင်းပေးခဲ့တာ တို့ပဲ၊ ဘာဖြစ်လို့လဲဆိုတာ အခု သိပြီလား"

သူ မဖြေရသေးပါ။

"မင်းရဲ့မျက်နှာဟာ တို့အတွက် နေဆယ်စင်းထက် ပြင်းနေလို့ပေါ့ကွာ၊ နေလိုမီးလို ပူပြင်းလောက်မြိုက်စေတဲ့ လူတစ်ယောက်အဖြစ် မင်းကို ရှင်သန်စေခဲ့တာ၊ မင်းအတွက် တို့ မအေးချမ်းခဲ့ရသလို မင်းဘဝ ဘယ်တော့မှ အေးချမ်းခွင့် ရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းက 'ဆယ်နေ့ကဲ'လေ"

ရန့်ကင်းဆိုသည့် မိန်းမတစ်ယောက်နှင့် သူ့ဘဝ ဘယ်လို ပတ်သက်ခဲ့သလဲ။ စက်စုပ်မုန်းတီးမှုတွေနှင့် စူးစူးရဲရဲဖြစ်နေသော မျက်ဝန်းတွေကို သူ နားမလည်နိုင်။

ဘဝမှာ မိဘမဲ့ခဲ့ရခြင်းထက် ဆိုးရွားမှုတွေ နောက်ထပ် ရှိနေသေးတာ သေချာသည်။ ဒါပေမယ့် သူ ဘာမှမသိခဲ့ပေ။

သူမကတော့ ရယ်နေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂)

"ဘာဖြစ်နေတာလဲ မင်းမျက်နှာက"

တစ်ယောက်က ပခုံးချင်းတိုက်ပြီး မေးသည်။ နှစ်ယောက်က ပြိုင်တူ လှည့်ကြည့်၏။ စိတ်မျက်ဝန်းထဲမှာ သူတို့မျက်နှာတွေကို သိနေပေမယ့် ဆယ်နေ ဘယ်သူ့ကိုမှ လှည့်မကြည့်ဖြစ်ပေ။ တစ်လှမ်းချင်း တာဝန်ကျေ နေခဲ့သည့် သူ့ခြေလှမ်းတွေပေါ်မှာ အကြည့်ကို ငုံ့စိုက်ချထားခဲ့၏။ ခုနစ် သောင်းခွဲတန်သည်ဆိုသော အနက်ရောင်ဖိတ်ဖိတ်လက်နေသည့် ရှူး ဖိနပ်၊ ပြီးတော့ ကော်ဖီရောင်နုနု ဘောင်းဘီနှင့် သန္တာရောင် ရှပ်လက်တို ပွပွ။

ခါးပတ်ကပဲ သောင်းကျော်တန်သေးသည်။ ပတ်ထားခဲ့သည့် ရိုး လက်စ်နာရီက သိန်းပေါင်းများစွာတန်၏။

တန်ဖိုးဆိုသည့်အဓိပ္ပာယ်ကို သူ ဂရုစိုက်မိလာခဲ့သည်။ သူ့ဘဝမှာ ဘာန်ဖိုးက ဘာလဲ…

"နေဆယ် မင်း ဘာဖြစ်နေတာလဲ၊ အဝါနဲ့ အဆင်မပြေဘူးလား"





အဝါဆိုတာက 'အဝါရောင်'နာမည်နှင့် သူ့ချစ်သူ။ ဘယ်နှစ်ယောက် မြောက်ဆိုတာတော့ မသိတော့ပေ။

သူ ခေါင်းခါလိုက်ပြီး မျက်နှာမော့သည်။ တက္ကသိုလ်ရောက်ပြီ ဆို ကတည်းက မိန်းကလေးသူငယ်ချင်းတွေကော၊ ချစ်သူတွေကော၊ ချစ်သူ လိုလို၊ သူငယ်ချင်းလိုလိုတွေကော သူ့မှာ များလွန်းလို့ သူငယ်ချင်းတွေ ကလည်း စနောက်ခဲ့ကြသည်။

သူငယ်ချင်းမဟုတ်တဲ့သူတွေလည်း သိကြတာပါပဲ။

သူဟာ ခပ်ပေါ့ပေါ့ကောင် မဟုတ်ပေမယ့် နေရာတကာမှာ အလေး အနက်တွေမများခဲ့တာတော့ သေချာသည်။

မိဘမဲ့ဆိုသည့် ကိုယ့်ဘဝကို ဝမ်းနည်းအားငယ်စိတ်နဲ့ တစ်ခါမှ တွေး ကြည့်ရင်လေးဖူးခဲ့တာ မရှိ။

"ကျွန်တော့်မိဘတွေက သေကုန်ကြတာလား"လို့ မေးလိုက်တိုင်း 'အေး'တစ်လုံးပဲ ရခဲ့တတ်သည့် အဖြေပေါ်မှာ ထပ်ဆင့်စပ်စုလို စိတ်တွေ ဖြစ်ခဲ့ဖူးတာလည်းမရှိ။

'မင်းနဲ့လေးလေးတို့က သွေးသားမတော်ဘူး။ ဒါပေမယ့် မင်းကို စောင့် ရှောက်ဖို့အတွက် တာဝန်ကျေဖို့ကို ရှုပ်ရှုပ်ချုံချုံ ကြိုးစားခဲ့ရတာ'လို့ ပြော တာတွေက စိတ်ဝင်စားစရာပါ။

ဒါပေမယ့် မေးလိုက်တိုင်းမပြည့်စုံသည့် ဝါကျတချို့နဲ့ပဲ အဆုံးသတ် သွားသည်။

ဆက်ပြောပါ မေးလည်း မပြောတဲ့ တစ်ဖက်လှည့်၍ တိတ်ဆိတ်နေ ရင်း ဖြတ်တောက်ပြီးဆုံးသွားတာတွေလည်း ခဏခဏ။

နောက်တော့လည်း မမေးဖြစ်တော့ပါ။ မသိချင်တော့လို့မဟုတ်ဘဲ မေးကိုမမေးဘဲနေလိုက်တော့ခြင်းဖြစ်သည်။ ခုကျတော့ သူ့ဘဝ အစ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အစိပ္ပာယ်တွေနဲ့ပါလား။

'ဆယ်နေကဲ'ဆိုတဲ့နာမည်ကို ပြောင်းခဲ့သည်ဆိုတော့ သူ့နာမည် ဟို အရင်က ဘာလဲ၊ ဒါကိုမေးရင်ကော နားလည်အောင် ဖြေပေးပါ့မလား။

သူတို့ ပြောချင်တာတွေကျတော့ ပြောကြသည်၊ မပြောချင်တာဆို လိုးလွဲပြောဆိုပေးဖော်တောင် မရခဲ့သော ကိုယ်ဘေးကလူတွေကိုလည်း သူ နားမလည်တော့ပေ။

ပျော်ပျော်ရွှင်နေတတ်ခဲ့သည့် သူ့ဘဝတစ်လျှောက်လုံးဟာ 'ဆယ်နေကဲ' ဆိုသည့် နာမည်ပေါ်မှာ ရှုပ်ထွေးသောအစိပ္ပာယ်များစွာနှင့် ပူလောင်နေခဲ့ဘည်လား။

"ချမ်းသာ"

"ပြော"

"ဆယ်နေကဲဆိုတဲ့နာမည်ကို မင်း ဘယ်လိုခံစားမလဲ"

"ဟာ..."

ထူးထူးဆန်းဆန်းပါလားဆိုသည့် မျက်လုံးကြီးဝင့်လာသည်။ အတန်းလစ်ကြဖို့ တူညီစွာလှမ်းခဲ့သော ခြေထောက်တွေက တူညီစွာ နှေးကျသွားကြ။

ချမ်းသာက ဟိုဘက်ကနှစ်ယောက်ကိုမေးဆတ်ပြပြီးမှ ဆယ်နေ့ မျက်နှာကို ကြည့်၏။

"မင်း ဘာတွေဖြစ်နေတာလဲ ဆယ်နေ၊ မင်းမျက်နှာကော၊ မင်းရဲ့ အတွေးတွေကော ဒီနေ့ တစ်ခုခုဖြစ်နေတာ သေချာတယ်"

ဆယ်နေက ခြေလှမ်းရပ်ပစ်လိုက်ပြီး ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ရှေ့တည့်တည့်ကို စူးစိုက်ကြည့်နေရင်း...

"မေးတာကိုပဲဖြေစမ်းပါ၊ ငါ့နာမည်မှာ ဘယ်လိုဖွဲ့စည်းမှုတွေ ပါနေ





သလဲ"

"မင်းကလဲ ဒီလောက်လှတဲ့နာမည်ကိုကွာ။ ပထမနှစ်တုန်းက မင်းနဲ့ ကြုံက်ခဲ့တဲ့ ဒါလီ ဆိုရင် မင်းနာမည်ကို အဖျားဆွတ်ရမှာ နမြောလို့ဆိုပြီး 'ဆယ်နေကဲ'လို့ပဲခေါ်တာလေ၊ နာမည်လေးက သိပ်လှတာပဲလို့ တို့ရှေ့မှာ ခဲ ပြောဖူးခဲ့သေးတယ်"

ဂျော်နီနှင့်မင်းကောင်းက ဘာမှဝင်မပြောသေးဘဲ လေးယောက်သား ဝိုင်းဖွဲ့ ရပ်လိုက်မိကြ၏။

"မဟုတ်ဘူး၊ ငါလိုချင်တာ အဲဒါမဟုတ်ဘူး၊ ပညတ်သွားရာ ဓာတ် သက်ပါဆိုတာမျိုး နာမည်ပေါ်မှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း တစ်ခုခု ဖြစ်သွားတာမျိုး"

"မင်းက လူငယ်ဖြစ်ပြီး အတွေးခေါင်နေပြန်ပြီ၊ ဘာလဲ ဆယ်နေကဲ ဆိုလို့ ပူလောင်တဲ့သဘောလို့ တွေးနေတာလား"

ဂျော်နီ ဝင်ပြောတော့ သူ ဘာမှမပြောဘဲနေလိုက်၏။ နေရာမှာ ဆက်လျှောက်ဖို့ ခြေလှမ်းစတော့လည်း အားလုံးပဲ သူ့ဘေးမှာ ပါလာကြ တာ...

"နေကို ပူလောင်တယ်လို့ အဓိပ္ပာယ်ကောက်ကြတာ မရှိပါဘူးကွာ၊ နေဆိုတာ ကြီးကျယ်မြင့်မြတ်တဲ့ဂြိုဟ်နဲ့ ခံ့ခံ့ညားညား ရှိနေတာပဲ၊ လူတွေ ကို အကျိုးပြုနေတယ်၊ သူ အရှိန်မပြင်းဘူး၊ နေမင်းရဲ့သဘောက လွှမ်းမိုး ချုပ်ကိုင်နိုင်ခြင်းလို့ ငါတို့မြင်တယ်"

"ဟုတ်တယ် ဒီသဘောပါပဲ၊ 'ဆယ်နေကဲ'ဆိုတော့ မင်းရဲ့ လွှမ်းမိုးနိုင် မှုက နည်းသလား"

ဆယ်နေက ပြုံးလိုက်ပြီး ဂျော်နီကိုကြည့်၏။ တစ်ဖက်မှာစာအုပ်တွေ နှင့် တစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားရင်း ပြုံးနေလျှက်ရှင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကာင်လှမ်းချင်သွားနေခဲ့သည်။

ခဏကြာအောင် တိတ်နေခဲ့ပြီးမှ...

"မင်းတို့ကတော့ ဆယ်နေကဲဆိုတဲ့ကောင်ကို မေတ္တာရှိနေကြလို့ ဒီလိုမွေးပေးနေကြတာဖြစ်မှာပါ"

"မင်းကို ဘယ်သူက မေတ္တာမရှိဘဲ ဝေဖန်လိုက်လို့လဲ၊ ဘယ်သူ လဲ သေးကျောင်းက မင်းမင်းမြတ်လား၊ သူက နေပုံထိုင်ပုံကိုက အတွားအိ ပေါက်စလေးလိုပဲ၊ မင်းက အရှမ်းမှပေ ဟာတ်ဖြစ်တော့ ကြိုက်ကာယဲကြိုက် ချင်၊ ကြိုက်လဲမကြိုက်ချင်ဖြစ်ပြီး ဓိဓာခြောင်နေတာပါ၊ ဘာပြောပြော ခေါင်းထဲထည့်မနေနဲ့"

ဆယ်နေက ဟွန့်ခနဲမဲ့ချိရယ်သည်။ ဟုတ်လို့ ဝန်ခံသလိုလို၊ မဟုတ် လို့ လှောင်လိုက်တာလိုလိုနှင့် ပြောသည့်ချမ်းသာပင် ကြောင်တောင် တောင်ဖြစ်သွား၏။

ဘေးက အကဲခတ်ပြီး သဘောပေါက်သွားသူက မင်းကောင်း ဖြစ် သည်။

"မိန်းကလေးတစ်ယောက်က မဲ့တာလောက်နဲ့ ဒီကောင် ဘယ်တုန်း က ကြွေဖူးလို့လဲ၊ အဲဒါနဲ့ မဆိုင်နိုင်ဘူး၊ ဘာဖြစ်လာတာလဲ"

ဆယ်နေကို မေးဆက်မေး၏။

ကန့်ပေါင်ပေါ် တက်လာခဲ့ကြပြီး တိုင်လို့ကောင်းသည့် နေရာသည်း မဟုတ်ဘဲ ဆယ်နေက ကန့်စပ်ဘက်မှာ ဒီတိုင်း ထိုင်ချလိုက်သည်။ သုံးယောက်မှာလည်း လိုက်ထိုင်ရမလိုလို၊ ဆက်သွားဖို့ပဲ ပြန်ဆွဲထရ မလိုလိုနှင့် ချော်နီက ထိုင်သည်၊ နှစ်ယောက်က ဟန်ပြင်တုန်း...

"မင်းတို့ပြောတာတွေ တစ်ခုမှမဟုတ်ဘူး"

ဆယ်နေက စကားစလိုက်မှ ချမ်းသာနဲ့မင်းကောင်းက သူ့ဘေးမှာ





ဘင်ယောက်၊ နောက်မှာတစ်ယောက် ဝင်ထိုင်လိုက်ကြသည်။

"ဆက်ပြောလေ"

နောက်ကနေ မင်းကောင်းက ကျောကုန်းကိုတို့၏။

"ဆယ်နေကဲ ဆိုတာ အဆာများစွာ ပူလောင်းပြင်းထန်တဲ့ မီးတဲ့၊ ဒီ နာမည်ဟာ ဒီလိုအဓိပ္ပာယ်ထွက်နေတာ ဟုတ်ချင်မှဟုတ်ပေမယ့် ဒီလို အဓိပ္ပာယ်ဖြစ်နေအောင် တမင် ဒီနာမည်ကို ပေးခဲ့တာ"

"ဘယ်လို..."

"ပါမျက်နှာကိုမြင်တိုင်း နေလိုမီးလိုပူသတဲ့"

ဆယ်နေက နှုတ်ခမ်းမဖွင့်ဘဲပြုံးသည်။ ကျေနပ်မှုပျော်ရွှင်နေသည့် အပြုံးမဟုတ်မှန်း သိသာစွာ နှုတ်ခမ်းသားတို့မှာ နာကျင်ရိပ်တွေရှိနေ သည်။ မျက်ဝန်းအစုံက အေးစက်ရှုရှနေ၏။

အလယ်ခွဲခံတိုကိုဆံပင်နှင့် သွယ်မလိုလို လေးထောင့်ဆန့်ချင်သော မျက်နှာမှာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့သော ဂျစ်ကန်ကန် ရက်စက်လိုခြင်း တွေ ပြည့်သိပ်နေသည်။

သူ့ကိုကြည့်ရင်း မြည်မြည်စုံစုံလည်း ဘာမှမသိရသေးဘဲ ချမ်းသာ တို့ အမျိုးမျိုး ပုံဖော်နေခဲ့ကြ၏။ ဒီကောင် ပိုးစိုးပက်စက် ခံစားနေရတာ တော့ သေချာပါသည်။

မျက်နှာတစ်ပြင်လုံးမှာ စိတ်ဒဏ်ရာတွေကို မြင်နေကြရ၏။

"မင်းတို့လိုပဲ ငါ့ကိုယ်ငါတောင် ဂရုမစိုက်မိခဲ့တဲ့ ဒီနာမည်ကို သူက မေးတာ၊ ဒီနာမည် ဘာဖြစ်လို့ပေးခဲ့တာလဲ သိလားတဲ့"

"ဘယ်သူကလဲ၊ မင်းလေးလေးကလား"

"ဟာ လေးလေး မဖြစ်နိုင်ပါဘူး၊ လေးလေးက ဒီကောင့်ကို သိပ်ချစ် တာ၊ ဒါ ချစ်စကားကြိုက်စကားမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မာမီတာပဲရှိတော့တာ၊ မာမီတာကကော မေးစရာလား"

ချမ်းသာဘို့ ထင်ကြေးတွေ ပေးနေကြတာကို ဆယ်နေကနားထောင်နေသည်။ လေးလေးကော၊ မာမီတာကော သူ့ကို ချစ်ကြတာကို အိမ်မှာဝင်ထွက်ဖူးနေကြသည့် သူတို့တွေအားလုံး သိကြသည်။ ဒါကြောင့် ထင်ကြေးတွေပေးကြတော့ ဘာမှမရေရာ။

"ဆယ်နေ မင်းကို ဘယ်သူပြောတာလဲ၊ မင်းကိုမုန်းတဲ့သူ မင်းတို့မိသားစုထဲမှာ ဘယ်သူရှိလို့လဲ"

"မမ"

"ဟင်..."

"ဘယ်က မမလဲ"

ကျော်နိုင်နဲ့ချမ်းသာ ပြိုင်တူ မေးကြ၏။ ထူးဆန်းသွားလို့ပါ။

ဘဝအစကနာမည်နှင့်ပတ်သက်တာကို ဖွင့်ဖော်ခဲ့သူဟာ မိဘ၊ သို့မဟုတ် မိသားစုထဲက အရေးပါသည့် တစ်ယောက်ယောက်ပဲ ဖြစ်ရမည်။ ဘယ်သူလဲ...

"မမဆိုတာ ဘယ်သူလဲ ဆယ်နေ"

"မနေ့ကမှ နိုင်ငံခြားက ပြန်ရောက်လာတာ"

"ဟင်... မင်းပြောတဲ့ မွေးစားအမေ ဆိုတာလား"

'အမေ'လို့ပြောတော့ သူ ပြုံးလိုက်မိသည်။ ပြီးတော့ ရယ်၏။

'ရန်ကင်း'ဆိုသော မိန်းမ၏ ရွှေရုပ်လွှာကို သူ ဘယ်လိုပုံဖော် ပြောရမလဲ။

"ဟုတ်လား ဆယ်နေ"

"ဟုတ်တယ်"

"မင်းပြောတော့ အဲဒီအမေကို မင်းကသူ့ မမြင်ဖူးတာ၊ မင်းကို ခုလို





ပြည့်စုံခမ်းနားအောင် ကျွေးမွေးစောင့်ရှောက်ခဲ့တာ ဘာမှမတော်ဘူးဆို၊ ဆွေးမျိုးရင်တွေဆို"

"ဟုတ်တယ်"

"လေးလေးဦးစိုးခန့်မာမီတာတို့ကလဲ အဲဒီအမေရဲ့ အုပ်ထိန်းသူတွေပဲဆို မင်းကို လိုလေသေးမရှိအောင် စောင့်ရှောက်နေကြတာ မွေးစားအမေရဲ့ မှာကြားချက်ကြောင့်ပဲဆို"

"ဟုတ်တယ်"

"ဒါ...ဟာတွေချည်းပဲ၊ မဟုတ်တာက ဘာလဲပြောလေကွာ၊ ချစ်လို့မွေးစားထားတာပဲ၊ တစ်သက်လုံး စောင့်ရှောက်လာခဲ့တဲ့ဥစ္စာ၊ အခု ဘာဖြစ် လို့ ဒီစကားတွေ ပြောရတာလဲ"

"မသိဘူး"

"ဟမ်..."

သူတို့မှာ ထင်ကြေးတွေအမျိုးမျိုးပေးပြီး ဆယ်နေ ပြန်ဖြေလာမည့် စကားတစ်ခွန်းနှင့် သူ့အတွေး၊ ကိုယ့်အတွေး ဘယ်သူမှန်သလဲ ချိန်ကြည့်ရလို့ ရင်တွေခုန်နေခဲ့ကြသည်။

ဖြေလိုက်တော့ 'မသိဘူး'တဲ့။

"ငါ သိသလောက်က ဒါပဲ"

ဆယ်နေက သူတို့ကို စေ့ကြည့်ပြီး အပြုံးမပျက်ဖြေသည်။

"ငါသိနေတာတစ်ခုကတော့ ငါ့ကို အမုန်းခွန်အားတွေနဲ့ ရှင်သန်စေခဲ့တယ် ဆိုတာပဲ"

"ဘာလဲကွာ"

"အေးလေ မဟုတ်သေးပါဘူး"

"လူတစ်ယောက်ရဲ့ဘဝကို တာဝန်ယူရတာ လွယ်တာမှတ်လို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီမိသားစုမှာ မင်းပဲရှိတာ၊ မင်းကို အမွေစားအမွေခံ မွေးထားကြတာ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"အဲဒါ မုန်းလို့ အမွေပေးတာ ဖြစ်နိုင်ပါ့မလား"

"မသိဘူး"

ကျော်နီက စိတ်မရှည်တော့ဘဲ ဆယ်နေရှေ့ကိုထလာပြီး မြက်ခင်းပေါ်မှာ ပစ်လေက်ခေတ် ထိုင်ချလိုက်သည်။

"အဲဒါတွေက ခုမှ ဘာဖြစ်လို့ ထရှုပ်လာတာလဲ ဆယ်နေ၊ ပြီးတော့ မင်းရဲ့ မွေးစားအမေနဲ့ အခုရောက်လာတဲ့ မမဆိုတာ ဘယ်လို ဆက်စပ်နေတာလဲ"

"တစ်ယောက်တည်းပဲလေ"

"ဘယ်လို"

"ဟင်..."

ကျော်နီ မေးလိုက်မှ ဒီမေးခွန်း အရေးကြီးမှန်းသိလိုက်ပြီး နားစွင့်နေကြသည့် ချမ်းသာတို့နှစ်ယောက် ပြူးပြူးပြဲပြဲ ထဖြစ်ကုန်ကြ၏။

"မမဆိုတော့ ဘယ်အရွယ်လဲ၊ အဲဒါက မွေးစားအမေ၊ ဟာ... ဘာတွေလဲ"

"အဲဒါပဲ"

ဆယ်နေက ပြောရင်း သွားတွေပေါ်အောင်ရယ်၏။ ဒီလို တအံ့တသြတွေဖြစ်ကုန်မှာပဲဆိုတာ သူ သိသည်။ နောက်ထပ် လူကို မြင်လိုက်လျှင် ဘာတွေဖြစ်ကုန်ကြဦးမလဲ။

မမက သိပ်လှတယ်။

မမက အရမ်းမိုက်တယ်၊ ဒါပေမယ့် ရက်စက်တယ်ဗျာ။





နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်လာခဲ့သည်။ ပြီးတော့ ကျေနပ်ဖွယ်ပြုံးခြင်းသို့ရောက်ကာ မမက မုန်တိုင်းတစ်ခုဆိုရင် ကျွန်တော်က မုန်တိုင်းကြောင့် ရှက်စီးလွင့်မျောမယ့်အရာရာပါ။ မြင်ဟတ်မယ်ဆိုရင် မုန်တိုင်းဟာ သိပ်လှပါတယ်။

လူတွေဟာ လေကိုမမြင်နိုင်ပေမယ့် မုန်တိုင်းကြောင့် လေကို မြင်ကြရတယ်။ မျောပါနေကြတဲ့ အရာဝတ္ထုတွေရဲ့ လမ်းကြောင်းဟာ လေပဲ ခေ

မမ တိုက်ခတ်လာသမျှ အရာထင်ဖို့ ကျွန်တော်က သက်မဲ့ ခြပ်ဝစ္စည်း ဘစ်ခုတစ်ရာ ဖြစ်နှင့်ရပါတယ်။

ဒါပေမယ့် ကျွန်တော်က မေးဆတ်ရှုသက်သက်နဲ့ ကျေနပ်ကျန်ခဲ့ မယ့်သူတော့ မဟုတ်ဘူး။

မမ မသိသေးလို့ပါ..

'ကျွန်တော်က ဆယ်နေကဲ...'



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

စိမ်းပြာရောင်ဝတ်စုံနှင့် ဆံပင်တွေကို ဖြန့်ချထားသည်။ ဝင်းအိနေသည့်မျက်နှာလေးထက်မှာ ခရမ်းရောင်ဖျော့ဖျော့ နှုတ်ခမ်းဆိုးဆေးနှင့် မျက်တောင်စပ်လေးတွေအထက်မှာ စိမ်းပြာရောင် မှုန်ဖြိုးပြောင်ပြောင်တွေက စိုလက်နေ၏။

မျက်နှာရှေ့က အဝေးကြည့်မှန်ပြောင်းကို ခွာ၍ သူ ဒီတိုင်း ကြည့်သည်။ မြင်ကွင်းက တကယ်အဝေးကြီးမို့ ပုံရိပ်လေးပဲ ပြန့်ဖြစ်သွား၏။

ထိုအခါ မျက်လုံးတွေရှေ့မှာ မှန်ပြောင်းကို ပြန်ကပ်လိုက်သည်။

ကော့နက်သည့်မျက်တောင်ရှည်တွေကိုတောင် တစ်ပင်ချင်း ရှင်းလင်းစွာမြင်နေရသည်။ လှလိုက်တာ၊ နှုတ်ခမ်းမှာ ကျွတ်ခနဲ စုတ်သပ်သံက အားမလိုအားမရ။

သူမမျက်နှာ ဒီဘက်လှည့်လာသည်။ ဒေလီယာပင်ပေါက်လေးတွေကို လိုက်ငုံ့ကြည့်နေ၏။ ခရမ်းရောင် နှုတ်ခမ်းသားပြည့်ပြည့် မှုံလေးတွေကို နီသထက်နီအောင် ဆွဲကပ်ကြည့်ရင်း ဆယ်နေ့ရင်ဘတ်ထဲမှာ ဆိုင်းသံဗုံသံ ရတု ချက်ချင်းကြီး ထဖြစ်လာကြလေသည်။





ဒီလောက်ထိ ဘာဖြစ်လို့ လှနေတာလဲ မမ။ အပေါ်ထပ် ပြတင်းတံခါးတစ်ချပ်ကို သာသာလေးဟပြီး ခိုးချောင်းခိုးဝှက် ကြည့်ရှုနေတာကို မှုံကင်းကတော့ သတိမထားမိလို့ပါ။ မျက်ဝန်းထဲမှာ လက်ခနဲ ပြုံးပြက်သွားသည့် အရောင်တစ်ချက်ကြောင့် ဆတ်ခနဲဖြစ်သွား၏။ မျက်မှောင်ကြုတ်လိုက်မိကာ ဟိုဒီ လိုက်ကြည့်တော့လည်း ဘာမှမရှိ။

"ကင်းရေ..."

ဒေါ်နီတာက လူမလာခင် အသံအရင်ပေး၏။ ရောက်လာတော့ သူမလက်ထဲမှာ လှောင်အိမ်လှလှလေးနှင့် သာလိကာလေးတစ်ကောင်။

"ဒီမှာကြည့်ပါဦး သမီးရယ် သာလိကာလေး ဘယ်လောက် ချစ်ဖို့ကောင်းသလဲ"

ကင်းက မျက်လုံးလေးတွေ ဝိုင်းစက်ပြူးကျယ်ကာ သူမကိုပဲ စိုက်ကြည့်နေသည့် သာလိကာလေးကို သေချာကြည့်သည်။ ဒေါ်နီတာက လှောင်အိမ်ကို ကိုင်ထားရင်း ပိုမြင့်အောင် မြှောက်ပြ၍...

"စကားလဲတတ်တယ်သမီးရဲ့၊ သူ့သခင်ကသင်ပေးတာ တော်တော်တတ်နေပြီ၊ အဲဒါ လင်မယားနှစ်ယောက်က တစ်ယောက်မရှိတုန်း တစ်ယောက်က တစ်ယောက်အကြောင်းပြောတော့ သူက ပြန်တိုင်ပြောတယ်တဲ့၊ လင်မယား ရန်ဖြစ်ကြတာ အကြီးအကျယ်ပဲတဲ့ အပွန်း ဟွန်း"

"အဲဒါနဲ့ ပိုင်ရှင်ကနေ ဒေါ်လေးကို လက်ဆောင်ကမ်းလိုက်တာလား"

"အင်း"

ဒေါ်နီတာက ခေါင်းညိတ်ရယ်ရင်း ဆက်ပြောသည်။

"ပေးလိုက်တာတော့ ဟုတ်ပါ့မလားကွယ်၊ သူ့ယောက်ျားက ရိုက်သတ်ပစ်မယ်ပြောလို့ ခဏယူထားပေးပါတဲ့၊ ဒေါ်လေးကလဲ အပိုင်ပေးပါဆိုတောင်းတာ၊ သမီး အဖော်ရအောင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ နာမည်ရှိလား"

"ဖိုးနာမည်က လယ်လယ်"

"ဟော"

ဒေါ်နီတာက မျက်လုံးကြီးပြူး၏။ ကင်း တအံ့တသြ လှည့်ကြည့်ပြီး ပြုံးလိုက်မိသည်။ လူစကားပြောသံနှင့် နည်းနည်းလေးပဲ ကွာသည်။ တကယ် ပီပီသသကြီးပါလား။

"လယ်လယ် ဟုတ်လား"

မေးတော့လည်း ခေါင်းညိတ်နေပြန်သည်။ ကင်းက သွားကလေးတွေပေါ်အောင်ရယ်ကာ လှောင်အိမ်လေးကို ပြောင်းယူလိုက်သည်။

သာလိကာလေးကို သေသေချာချာကြည့်ကာ..

"နာမည် ပြန်ပြော"

"ဖိုးနာမည် လယ်လယ်"

ထပ်ပြောတော့ နှုတ်သီးလေးကို သေချာစိုက်ကြည့်နေမိ၏။ ဒါပေမယ့် လူပြောသလို နှုတ်ခမ်းဖွင့်ပိတ်တာ မရှိသဖြင့် အပြောင်းအလဲက အာခေါင်ထဲမှာပဲ ရှိမှာပါ။

လျှာလိုမျိုး လှုပ်ရှားမှုလေးကို နှုတ်သီးဟလိုက်သည့်ကြားထဲကနေ မြင်နေရသည်။ ဒီလို စကားပီပီသသကြီး ပြောချလိုက်တာကတော့ တကယ့်အံ့သြစရာပဲဖြစ်၏။ သာလိကာတွေ စကားတတ်တယ်ဟု ပြောကြတာ ကြားဖူးပေမယ့် လက်တွေ့တော့ တစ်ခါမှ မကြားဖူးခဲ့ပေ။

အိမ်ကအိမ်သားတွေနာမည် ပြောပြပြီး သေချာသင်ပေးရဦးမည်။ ကင်းက လှောင်အိမ်လေးကို ဒေါ်နီတာလက်ထဲ ပြန်ထည့်လိုက်၏။

"ဆယ်နေ့ကဲ ဘာလုပ်နေသလဲ"

"စောစောကပဲ ကျောင်းက ပြန်လာတာ၊ ကျူရှင်သွားဖို့ ရေချိုးနေတယ်"





ကင်းမျက်နှာလေးက စောစောကလို မဟုတ်တော့ဘဲ ချက်ချင်းကြီး အေးစက်ပြောင်းလဲသွား၏။ ပန်းပင်ကလေးတွေ အလယ်မှာ ရပ်နေခဲ့သည့် အဖြစ်ကိုကော၊ သိပ်ချစ်စရာကောင်းသည့် သာလိကာလေး တစ်ကောင်ကို ပိုင်ဆိုင်ခဲ့ရသည့်အဖြစ်တွေအားလုံးဟာ သူမ၏စိတ်ကို ကြာရှည် နူးညံ့ပျော်ဝင်စေအောင် မစွမ်းနိုင်ခဲ့ဘူးထင်သည်။

ဒေါ်နီတာကို ကျောခိုင်း၍ ရပ်နေလိုက်ကာ..

"ဒီကောင်လေးကို ဒီပုံစံဖြစ်မှာစိုးလို့ ကျွန်မ သေသေချာချာ ဂရုစိုက်ပြီး မှာပစ်ခဲ့တာတောင်မှ ဒေါ်လေးတို့ ဂရုစိုက်ကြတာ ဒါပဲလား"

"သမီးရယ် ဒေါ်လေးတို့ အရမ်းကိုဂရုစိုက်ကြပါတယ်၊ အပေါင်းအသင်းဆိုလဲ တကွာသိုလ်ဘက်မှ တွဲသွားတွဲလာ ဖြစ်ခဲ့တာ။ ငယ်ငယ် တတည်းက ပုံသွင်းကြတယ်ဆိုတာ ခမွးကင်းစကတည်းက ကိုယ့်လက်ထဲ ကိုရောက်မှ ဖြစ်လိမ့်မယ်ထင်တယ်၊ ဆယ်နေ့က ဒီလို ငါးနှစ်သားကျမှ ရောက်တာ။ သူ့မှာ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဟန်တွေနဲ့..."

"မဆိုင်ဘူး အဲဒါ ဒေါ်လေးမပြောနဲ့၊ ဒီလို လူမယ်အရွယ် မပြောနဲ့ အသက်လေးဆယ်ငါးဆယ်လောက်နိုးကျမှ အပေါင်းအသင်းမျက်လို့ ဘဝပျက်သွားကြတဲ့ ယောက်ျားတွေ အများကြီးပဲ"

ကင်းက ချာခနဲလှည့်၏။ ဒေါ်နီတာ မျက်လွှာချသွားသည်။ ဘာဖြစ်ဖြစ် ပြောသလိုဖြစ်မှ ကြိုက်တတ်တာ ရန်ကင်း၏ အကျင့်ပဲဖြစ်သည်။ သူဌေး ကြီး ဦးစိုးနေဟာ မိတဆိုးသမီးလေးမို့ ကင်းကို အလွန် အလိုလိုက်သည်။

ရွှေ၊ ငွေ၊ အခြွေအရံပစ္စည်း ဘာမဆို လက်ညှိုးကိုးသမျှ ဖြစ်စေခဲ့၏။ ကင်း၏မေမေ ဆုံးသွားကတည်းက ကင်းကို အလွန်ချစ်သော ဦးစိုးခတို့ လင်မယားကို အိမ်မှာ ခေါ်ထားခဲ့သည်။

ညီအစ်ကိုဝမ်းကွဲတော်ပေမယ့် စီးပွားရေး ဦးစိုးခနဲ့ ဒေါ်နီတာတို့က



www.burmeseclassic.com

www.burmeseclassic.com



မပြေလည်ကြပါ။ ဒါပေမယ့် သစ္စာရှိသည်၊ ဖြောင့်မတ်ခဲ့သည်၊ ကြာလာတော့ အိမ်မှာ သွေးသားရင်းချာလိုပဲ နေရာရလာခဲ့၏။

ရန်ကင်းဆိုသည့် တစ်ဦးတည်းသော မိတဆိုးသမီးလေး ဘယ်လောက်ဆိုးဆိုး အလိုလိုက်သည်းခံခဲ့ကြတာလည်း ဒီနေ့ထိပါပဲ။

ကင်းက တစ်ယူသန်သည်၊ အစွဲအလမ်းကြီးသည်၊ ထို့ကြောင့် အငြိုးအတေးလည်းကြီးတတ်၏။ သူ့အပေါ် တစ်ခုခု ကျူးလွန်ပြောဆိုလိုက်ပြီဆို ထိုစကားကို မှတ်ထားသည်။ သူမ ချေပပြောဆိုဖို့ အခွင့်အရေး ဖြစ်လာတာနှင့် လက်ညှိုးငေါက်ငေါက်ထိုး၍ ပက်ပက်စက်စက် ပြောသည်။ ဘယ်အချိန်ဖြစ် ဖြစ်၊ ဘယ်သူ့ရှေ့ဖြစ်ဖြစ်။

ထိုသူဟာ ဖခင်ဖြစ်စေ၊ သူစိမ်းဖြစ်စေ နောက်ဆုံး ကျောင်းက ဆရာမကိုပင် တစ်ကြိမ်တစ်ခါ မှားယွင်းဆုံးဖြတ်ပြောသွားတာရှိလျှင် ဒေါက်ခနဲ ထပြောရဲ၏။ ဦးစိုးနေသည် သမီးလေး ဘယ်လိုဆိုးဆိုး ဆိုးသည်ဟု ဘယ်တော့မှ မညည်းခဲ့ပေ။

"ငါ့သမီးက တကယ်ထက်မြက်တာ"ဟု ချီးမွမ်းခဲ့တာပင် ရှိသည်။ ကင်းက ထိုဘဝမျိုးဖြင့် ကြီးပြင်းခဲ့တဲ့သူ။

အခု သူမပဲ အိမ်ထောင်ဦးစီးဖြစ်လာခဲ့သည်။ လုပ်ငန်းအားလုံးက သူ့အတိုင်းနဲ့သူ စိတ်ချယုံကြည့်ရသည်လူတွေနှင့် ထားလို့ရသည်။သမီးအတွက် ထောင့်စေ့အောင် စီစဉ်ခဲ့သည့် ဦးစိုးနေ၏ ကြပ်မတ်မှုများကြောင့် သူ မရှိတော့သော်လည်း လူယုံ အားလုံးက ဝတ္တရားမပျက်ခဲ့ကြပေ။

ကင်း နိုင်ငံခြားရောက်နေခဲ့သမျှ ကာလပတ်လုံး ဘာမှ မပူပင်ခဲ့ရပါ။ စီးပွားရေးနဲ့ဂုဏ်သက်ပြီး အထူးကြပ်မတ်ပြောဆိုစရာ ဘာမှမရှိခဲ့ဘဲ 'ဆယ်နေကဲ့'ဆိုသော လူငယ်လေးတစ်ယောက်ကို ဖယောင်းသားလေးလို ပုံသွင်းမရသည့်ကိစ္စကျမှ...





"ဒီကလေးကို ပြုပြင်ထိန်းကျောင်းပေးဖို့ ကျွန်မ ခေါ်ထားခဲ့တာ မဟုတ်ဘူး၊ တဖြည်းဖြည်း အမှည့်ကြွေကြွေပြီး စုတ်ပြတ် လေလွင့်သွားအောင် လုပ်ဖို့ ရည်ရွယ်ခဲ့တာ"

ကင်းစကားသံတွေ ပြန်ထွက်လာတော့ ဒေါ်နီတာ မရဲတရဲ မော့ကြည့်သည်။ ကိုင်ထားသည့် လျှော်အိမ်လေးကို ဖန်ပန်းရုံလေးပေါ် သွားတင်ထားလိုက်၍...

"သမီး နိုင်ငံခြားကိုထွက်သွားတဲ့အချိန်ကစပြီး ဒီကောင်လေး အရမ်းချွေးချခဲ့တာ သမီးရဲ့၊ ကလေးတွေရဲ့သဘောတာ ချူချာလာပြီဆိုရင် စည်းကမ်းပျက်တာပဲ"

ကလေးတစ်ယောက်ရဲ့အထာဆိုတာကို နားမလည်သည့် ကင်းက ဒေါ်နီတာပြောတာကို မှုန်ကုတ်ကုတ်မျက်နှာလေးနဲ့ နားထောင်နေ၏။

"ဒေါ်လေး အပိုမပြောပါဘူး သမီးရယ်၊ သွေးလွန်တုပ်ကွေး ဖြစ်ခဲ့ဖူးတယ်၊ ဖြစ်လိုက်တာမှ အသည်းအသန်ကွယ်၊ သွေး နှစ်ပုလင်းတောင် သွင်းခဲ့ရတာ၊ နှစ်တန်းကျောင်းသားတုန်းက စာစ်ခါ နမိုးနီးယားဆန်ဆန်ပဲ၊ ဖြစ်လိုက်တိုင်း အသည်းအသန်၊ ကိုယ်ပူတက်လိုက်၊ ကျလိုက်၊ အန်လိုက်နဲ့ အသီးရောင်တာဆိုလား၊ ဖြစ်လိုက်တာလဲ သောက်ဆေးတွေ ဆယ်ရက်လောက် ဆွဲတိုက်ရတယ်"

"အဲဒါတွေ ဘာဖြစ်လဲ ဒေါ်လေး၊ ဒါ ငယ်ငယ်ကပဲ၊ အခု..."

"အခုနဲ့ဆိုင်တာပေါ့ သမီးရယ်၊ ဒေါ်လေးတို့ ကလေးချစ်တတ်တာ သမီး သိသားပဲ၊ ကလေးတစ်ယောက် ဖျားပြီဆိုရင် ရိုက်လို့မရတော့ဘူး၊ ဆူလို့မာန်လို့ မရတော့ဘူး၊ ဖွေ့ရပိုက်ရတယ်၊ ချော့ရတယ်၊ အလိုလိုက်ရယကြရတယ်၊ အဲဒီအခါမှာ ကလေးက စည်းကမ်းပျက်တာပဲ၊ နာလန်ထလာတော့လဲ နာလန်ထလေးဆိုပြီး တယုတယ ဂရုစိုက်တော့ ဖျားမှာ



www.burmeseclassic.com

www.burmeseclassic.com



တာလေ ခဏခဏဖြစ်လာကဲ့အခါမှာ သူ့ကို တင်းကျပ်ဆုံးမဖို့ အချိန် အများကြီး နည်းသွားတာပေါ့"

ဒေါ်နီတာက ကင်းကို တောင်းပန်သည့်အကြည့်နှင့်ကြည့်သည်။

"ပြီးတော့ ဆယ်နေက သိပ်ချစ်စရာကောင်းတဲ့ကလေး။ ရုပ်လေးက ဘိုရုပ်လေးနဲ့ စကားကလဲအရမ်းတတ်တာ။ ပြီးတော့..."

"ဒေါ်လေးနီတာ"

"ဟင်"

ကင်းခေါ်သက ကြောက်ဖွယ်လိလိဖြစ်ဘောသည်။ မျက်နှာကိုမကြည့်ဘဲ ပြောနေစဉ်သည့် ဒေါ်နီတာမှာ အလန့်တကြား မော့ကြည့်ကာ ဆွံ့အသွားလေသည်။

"ဒေါ်လေးကို ကျွန်မက ဘယ်လောက်ချစ်သလဲ မေးနေတာ မဟုတ်ဘူး။ ဒီကောင်လေး လူတောမတိုးရဲတဲ့ ပျော့ညံ့မှုတွေ၊ ပြူးပြဲခြောက်ပြရင် ကြောက်တတ်ဖို့တွေ၊ နောက်ဆုံး ပညာတွေ သူ သင်နေပြီး စာလုံးတွေကို စာလုံးတွေအဖြစ်ပဲ သိနေဖို့"

ဒေါ်နီတာ မှိုင်ကျသွား၏။

"အဲဒါတွေ ဖြစ်မလာနဲ့တာ ဒေါ်လေးဟိုမှာ အပြစ်ရှိပါတယ်၊ အဲဒါကို ငြင်းပါတယ်ကွယ်၊ အိပေကဲ့ ရှေးစကားနဲ့ ပြောရရင် သမီး ထားရင်လဲနေ သတ်ရင်လဲသေရမှာပါ လူ့ဘာင်လောကရဲ့ဘဝကို ကြုံးကိုင်ဖို့ဆိုတာ လူညီးမောင်းရသလောက် မလွယ်ဘူး ဒီလိုနေရာ မှာ အလွန် အသည်းမာတတ်တဲ့လူမျိုးဆိုရင်တော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ဒေါ်လေးတို့က ချစ်တတ်တော့..."

"ဟွန်း..."

ကင်းက ခပ်တောင်းတောင်း ပြန်ငဲ့ကြည့်ပြီး မဲ့သည်။ မွေးပျံ့ပျံ့ လေ





အငွေ့မှာ ပန်းပင်လေးတွေ ယိမ်းနွဲ့သွားကြ၏။ ကင်း၏ ဆံစများလည်း ယိမ်းနွဲ့လွင့်မျောကာ မျက်နှာနုနုထက် ၂ ကန့်လန့်ဖြတ် ရိုက်ပုတ်နေကြသည်။

သူမက ဆံပင်တွေကို "... ချစ်ပါ။ ဆံစလေးတွေကို သူမစိတ်တွေ တိမ်းလွယ်၊ ယိမ်းလွယ်ရင်လေ... အကောင်းသား။

ဒါပေမယ့် ရင်ထဲမှာ နာကြည်းမှုတွေက ကျောက်သားတွေလို ကျစ်လျစ်ခိုင်မာနေခဲ့သည်။ ဒီသတ္တဝါဟာ ချစ်စရာသတ္တဝါမှ မဟုတ်ဘဲ။

"သမီးရင်ထဲက အစိုင်အခဲကို ဒေါ်လေးတို့ နားလည်ပါတယ်၊ ဒါပေမယ့် သမီးရယ် ကလေးကို တင်းကျပ်ရက်စက်မိတိုင်း ရင်ထဲမှာ မကောင်းဖြစ်ရတယ်၊ ကလေးက ဘာမှမသိရှာဘူးမဟုတ်လား။ ပြီးတော့ သမီး သူ့ကို အမွေစားအမွေခံမွေးခဲ့တာ ဒီကလေး မှုထဲမီး ဆိုးသွမ်းလို့ သမီးမှာ..."

"ကျွန်မမှာ ဝမ်းသာကျေနပ်မှုတွေ ကျန်နေခဲ့ရင် ရှိပြီ"

ကင်းက စကားဖြတ်ပြောပြီး ဒေါ်နီတာကို စေ့စေ့ကြည့်၏။

"ငယ်ငယ်က ချူချာခဲ့လို့ အလိုလိုက်ထားခဲ့ရတယ်၊ ဒါနဲ့ပဲ သူက ဘုရှေ့ရှမ်ဆယ်သူမွေးသားလေးလို ကြွေကြွေရွရွမော့မော့လေး ကြီးပြင်းခွင့် ရလာခဲ့တယ်၊ ဒါပဲမဟုတ်လား"

"ဆယ်နေရဲ့ စရိုက်ကိုက မရိုက်ပါဘူး မကြောက်တတ်ပေမယ့်..."

"ကြောက်တတ်ရမယ်၊ ကြောက်တတ်ဖို့ကို ဆိုချင်တာ။ အခုပုံစံက ကွဲကန့်ကန့် မာတျောကျောနဲ့ ဒေါ်လေးတို့ ကျွန်မ နိုင်းတာကို နာခံခဲ့သမျှ အဲလေ၊ အများကြီးမွေ့ဝလာပြီး ပြန်လာခဲ့တဲ့ ကျွန်မရဲ့ မျှော်လင့်ချက်တွေ အခု ဘယ်မှာလဲ၊ ကျွန်မကပဲ ပေးဆပ်ပြီးရင် ပေးဆပ်နေရမှာလား"

"အို.. ဒီလိုလဲ မဟုတ်ပါဘူး ဆယ်နေက သမီးကို မြင်တာတည်းက လေးစားရိုသေနေခဲ့တာပါ၊ သမီး ဖြစ်စေချင်တဲ့ပုံစံ..."

"ဘာမှမဖြစ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ကင်းက လက်သီးနှစ်ဖက်ဆုပ်ပြီး ကျောခိုင်းရပ်လိုက်၏။

"ဘာတွေမြင်လဲ"

"လှပါတယ်"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

'တောက်' ကင်း တက်ခေါက်သည်။ 'ဆယ်နေကဲ' ဆိုသော လှငယ်တစ်ယောက်၏ ရဲတင်းစူးရှသော မျက်လုံးရိုင်းများက ရှိစရာ။

ထိုနေ့က စကားလုံးတွေကို သတိရမိတိုင်း နောက်ထပ် ခေါ်ပြောဆက်ဆံချင်စိတ်ကို ကုန်ခန်းစေခဲ့သည်။ မျက်လုံးတွေကို မကြည့်နဲ့လို့ အမိန့်ပေးလို့မရ။

ကြည့်ပြီး ဘာတွေတွေးနေသလဲဆိုတာကိုလည်း ဆုပ်ဖမ်းကြည့်လို့မရနိုင်။

ဖြစ်စေချင်သည်က ဒီကောင်လေးဟာ အမြဲတမ်း သူမရှေ့မှာ မျက်လွှာချခေါင်းငုံ့လျက်၊ ထိုင်ဆိုထိုင်၊ ထဆိုထ။

ဘယ်လိုနိုင်းနိုင်း လုပ်ရဲရမည်။ လူတစ်ယောက် ဖြစ်ပေမယ့် အသိဉာဏ် ကင်းမဲ့နေစေချင်သည်။ ခုတော့ ဘာမှ အရာမထင်ခဲ့ပါလား။

ဆယ်နေကဲဆိုသောနာမည်ကို မှည့်ပစ်ခဲ့ပြီး သူမ ထွက်သွားခဲ့သည့်နောက်မှာ လုံခြုံပြည့်စုံသည့် ကိုယ့်စည်းဝိုင်းထဲ ထည့်ပစ်ခဲ့မိတာ မှားပြီဆိုတာကို နောက်ကျမှ သိရ၏။

ထို့ပြင် ပညာတွေ သင်ပေးခဲ့မိသည်။ ခြွေရံသင်းပင်းနဲ့ ထားလိုက်သေးသည်။ နောက်ထပ် မှားပြီဆိုသောအသိက ရင်ကို ပို၍ နာကျင်စေခဲ့၏။ ပထမအ...ားက မသိမလိမ္မာသည့်အရွယ်၊ အချစ်ရယ်၊ ဘဝရယ်၊ စည်းစိမ်





...ယ် ဘာက အရေးကြီးသလဲဆိုတာ ဘာမှမသိခင်အချိန်မှာ ကျူးလွန်...သည့်အမှား။ ဒုတိယအ...ားကတော့ မလိမ်မိုးမလိမ္မာအရွယ်လည်း...တ်၊ ဘဝမှာ ဘာအရေးကြီးသလဲဆိုတာကိုလည်း နားလည်နေပါပြီ။

တွေးနေရင်း လူသတ်ချင်စိတ်တွေ ဖြစ်လာခဲ့၏။ မြန်မာပြည်ကို...ရောက်ပြီး ဘာမှ မည်မည်ရရ မလုပ်နိုင်သေးဘဲ ခေါင်းထဲမှာ ပူပြင်းနေ...ည်က 'ကလေ့စား' ဆိုသော လောင်မြိုက်မှု၊ ကိုယ့်အဖြစ်က သားကောင်...တက်လိုက်နေရင်း ကိုယ်ပဲ သားကောင်ပြန်ဖြစ်ရတော့ မလိုလို။

ကင်း မျက်ခုံးတန်းလေးနှစ်ဖက်က စုကုတ်သွားလိုက်၊ ပြန်ဆန့်သွား...က် အကြာကြီး ငြိမ်သက်နေပြီးမှ...

"ဒေါ်လေး"

"ဟင် သမီး"

"ဆယ်နေကဲမှာ ရည်းစားတွေ အများကြီးပဲဆိုတာ သေချာသလား"

"သေချာပါတယ်၊ ကိုစိုးလဲ စုံစမ်းထားတယ်၊ ဒေါ်လေးကိုလဲ သူ...ာဘူး"

'တော်တော်လေး ချစ်နေကြတာကိုး' ဆိုသည့်အကြည့်က ဒိုင်းခနဲ...က်လာ၏။ ဒေါ်နီတာ မျက်လွှာချရှာသည်။ ဘာပဲဖြစ်ဖြစ် အထူး...ပ်မတ်ပုံသွင်းဖို့ မှာခဲ့သည်။ နိုင်ငံခြားကနေပြီးတော့လည်း ကြုံတိုင်း...မေးသည်၊ ဒါပဲမှာသည်။

သူမတို့မှာ ဘေကယ်အပြစ်ရှိနေခဲ့ပါသည်။ ရန်ကင်း အတွက်ကြီးခဲ့တာကို...သည်။ ဒါဟာ ဖြစ်နိုင်ဖို့ မလွယ်မှန်းလည်း သိလျက်နှင့် 'ဖြစ်ရပါစေမယ်' ...ကတိပေးခဲ့မိ၏။ တကယ်ကျတော့ ဖြစ်မလာခဲ့ပေ။

ဒီနေ့ထိ ဘာမဆိုဖြစ်အောင်လုပ်တတ်ခဲ့သော ကင်းတစ်ယောက်...ယ်လိုမှ ကျေနပ်ခွင့်လွှတ်မှာ မဟုတ်တာကို နားလည်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆို့ သော် မတောင်းပန်ရဲတော့ပေ။

အင်းက သာလိကာလေးနားထိ လျှောက်သွားပြီး သာလိကာ ချော်လုံးလေးတွေကို စိုက်ကြည့်နေ၏။ ပြီးမှ ဒီဘက် ပြန်လှည့်ကာ...

"အဲဒီထဲမှာ ဘယ်ရည်းစားကိုအချစ်ဆုံးလဲဆိုတာ ကျွန်မ သိချင်တယ်"

ဒေါ်နီတာ ပါးစပ်ပြင်လိုက်ပြီးမှ ငုံ့ဆိုင်းသွားသည်။ ပြောသင့် မပြော သင့် တွေဝေစိတ်လေး ခဏဖြစ်သွားကာ...

"သူ ဘယ်ရည်းစားကိုမှ ခွဲခွဲလမ်းလမ်းဖြစ်တယ်လို့ မကြားဘူး လှူယ်သဘာဝ..."

"ဩော်... သူကလဲ ဒိပုံစံပဲလား။ ဟွန်း..."

ကင်းက ပခုံးတွေပါပါအောင် မဲ့ပစ်သည်။ ပြီးတော့ ရယ်ပစ်လိုက်၏။

"ကောင်းတာပေါ့ ဒါမျိုးရှိပြီးမှ ကျွန်မအတွက် ကျွန်မှာ ဟွန်း ရည်းစား ဟောင်းထားတတ်သေးတာ မချစ်တတ်ဘူးဆိုတာ အလကား။ ချစ်တတ် လာတဲ့တစ်နေ့မှာ သင်း ကောင်းကောင်းသိသွားပါစေမယ်"

ကင်း ဘာတွေပြောနေမှန်း ဒေါ်နီတာ မသိတော့ပါ။ လူ တစ်ယောက် ဘဝကို ကာလကြာမြင့်စွာ စီမံကိန်းချပြီး ကျကျနန ဖွဲ့နှောင်ပစ်ဖို့ ကြိုးစားနေ တာ မှန်သလား၊ မှားသလား။

ရန်ကင်းကတော့ သူမ ဘယ်တော့မှမမှားဟု ယုံကြည်ခဲ့တဲ့မိန်းမ ဒါဆိုရင် သွားလေသူတွေကော မှားခဲ့ကြသလား၊ ဒါလည်း မသိပါ။

အတိတ်ဟာ အတိတ်မှာ ကျန်ခဲ့တာမှမဟုတ်တဲ့...





အခန်း (၄)

"သားရယ် မွေးနေ့ပွဲသွားမှာ တစ်ကိုယ်လုံးအနက်နဲ့ လက်စည်းတွေ၊ ခေါင်းစည်းတွေ ရှုပ်နေတာပဲ၊ မင်းမမမြင်ရင် ဆူတော့မယ်"

ဆယ်နေ ကားဂေါ်မှာ ထိုင်စောင့်နေတုန်း ဒေါ်နီတာ ရောက်လာပြီး ဆွဲဖွင့်၏။

"မြန်မြန်ဆင်း၊ ဘောင်းဘီရှည်ကြီး သွားလဲလိုက် သွား"

"ဟာ မာမီတာကလဲ ဘာမှမဖြစ်ပါဘူး။ မမ ကျွန်တော့်ကို မြင်ပြီးပြီ၊ ဘာမှမပြောဘူး"

ဆယ်နေက ဒေါ်နီတာကိုင်ထားသည့်လက်ကို ဖယ်ချပြီး တံခါးကို ဆွဲပိတ်လိုက်၏။ ထိုစဉ် သူ့မျက်ဝန်းထဲကို လမင်းတစ်စင်း ကြွေဆင်း လာခဲ့၏။ အနက်ရောင်လှလှပြေးနေသည့် ကြက်သွေးရင့်ဝတ်စုံက ခြေ ချင်း လိုက်တိုင်း ပြုံးပြက်လက်သွားသည်။

ရင်ဘတ်ကနေ အပေါ်ပိုင်း ပခုံးသားတွေမှာ အကာအကွယ်မဲ့လျက် အနက်ရောင် အလွှားပါးလေးတစ်ထည် တပ်ဝတ်ထားခြင်းဖြင့် လုံခြုံ စေ၏။ လည်တိုင်မှာ ပတ္တမြားလုံးချော့တစ်လုံးဟည်းကို လည်ကပ် ဆွဲ ထားသည်။ ဆံပင်တွေက ဒီတိုင်း ဖြန့်ချထား၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံးမှာ ပတ္တမြားတွေဆင်ကာ ရဲတောက်နေသည်။ လက်ကိုင်အိတ်၊ ဖိနပ်ကအစ ဝတ်စုံနှင့် တစ်ရောင်တည်း။

နှုတ်ခမ်းမှာ နက်မှောင်သောနှုတ်ခမ်းနီက ရိုင်းပေမယ့်လှသည်။ မျက်နှာမှာ ဘာအရောင်မှမတင်ဘဲ ဖြူဆွတ်ဆွတ်ဖြစ်စေလျက် နှုတ်ခမ်းနီအနက်ကို အရှုံ့ဝိုက် ဆိုးထားသော်လည်း ဆန့်ကျင်ဘက်ကာလာတွေ ထင်းနေတာကိုက ပိုလှနေ၏။

ငေးခနဲ လှမ်းကြည့်ကာ ဆယ်နေ မျက်နှာလွှဲပစ်သည်။

"ဟိတ်"

"ဗျာ"

ခေါ်သံနှင့်အတူ တံခါးကိုပါ ထုပစ်လိုက်သဖြင့် သူ မျက်ခနဲ ပြန်လှည့်၏။

"တံခါး လာဖွင့်စမ်း။ မင်း နားမလည်ဘူးလား"

"ဩော် ဟုတ်ကဲ့ မမ၊ ကျွန်တော် အမှတ်တမဲ့ ဖြစ်သွားလို့ပါ"

ဆယ်နေ ချက်ချင်းဆင်းကာ ကင်း ရပ်နေသည့်နောက်ကနေကျော်ကာ တံခါးကို လှမ်းဆွဲဖွင့်လိုက်၏။

ဘေးကို သပ်သပ်မသွားဘဲ နောက်မှာရပ်နေသဖြင့် ပခုံးချင်း ထိသွားသည်။ တံခါးလှမ်းဖွင့်လိုက်တော့ ကင်းက သူ့ရင်ခွင်ထဲမှာ။

ဆယ်နေ့နှာခေါင်းထဲကို ရေမွှေးနံ့တစ်ချက်ဝင်၏။ ပြီးတော့ မျက်နှာချင်း နီးကပ်သွားသဖြင့် မိတ်ကပ်နှင့် နှုတ်ခမ်းနီနံ့လည်း ပါလာသည်။

ကင်းက ရှေ့တိုးရပ်ကာ တံခါးပွင့်သွားသည်နှင့် ဝင်ထိုင်ပစ်လိုက်၏။ မျက်နှာက တင်းနေသည်။ အံကြိတ်ထားသလား မသိနိုင်သော မေးရိုးလေးတွေပင် ကားနေခဲ့၏။ ဆယ်နေက ရှေ့ကို ပြန်သွားပြီး နေရာမှာ ပြန်ထိုင်လိုက်သည်။

တစ်လောကလုံးမှာ ကိုယ်တစ်ယောက်တည်းပဲ ရှိနေသလို ဘယ်ကိုမှမကြည့်၊ ဘာမှ ဂရုစိုက်မနေဘဲ မောင်းထွက်လာခဲ့၏။





မှန်ထဲကနေ ဆယ်နေ့မျက်လုံးတွေကို ကင်းက တစ်ချက်မှမလွှဲဘဲ ကြည့်နေသည်။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဒီမျက်လုံးတွေ သူမထံ ငဲ့တက်လာမှာပဲဆိုတာ သိသည်။ သူ မခိုးမခန့် လုပ်သွားတာကို သူ့ကိုယ်သူ သိသည်။ မလုံမလဲ တစ်ချက်တော့ ကြည့်လာမည်ဟု တွက်ကာ ဖမ်းဖို့ စောင့်နေခဲ့သည်။ နောက်ထပ် ဒီလိုမလုပ်ဝံ့အောင် ပညာပေးဖို့တွေ ရင်ထဲမှာ စုစည်းကာ ဆင်းကျပ်လာခဲ့၏။ ဒါပေမယ့် မွေးနေ့ပွဲရှိသည့် ခြံရှေ့ကို ရောက်သည်အထိ ဆယ်နေက တစ်ချက်မှ မျက်လုံးဝင့်မလာခဲ့ပေ။ ထိုအခါကျမှ ကင်း စိတ်ကို ပြန်လျှော့နိုင်ခဲ့၏။

ဒါ အမှတ်တမဲ့ပဲ ဖြစ်ပါလိမ့်မည်။

"ဟေ့ ကားရပ်စမ်း"

ခြံထဲကို ကွေ့လိုက်ကာမှ ဆယ်နေက မှန်ထဲကို လှမ်းကြည့်သည်။ ပြီးတော့ ကားရပ်လိုက်ကာ...

"မမ ဒီမှာပဲ ဆင်းမလို့လား"

"မင်း တို့ကို ဘာမှမမေးနဲ့ မင်းရဲ့ခေါင်းက နဖူးစည်းကို ဖြုတ်ပစ်လိုက်"

ဆယ်နေက မျက်ခုံးနှစ်ဖက်ပင့်၍ ကင်းကို ပြန်ကြည့်သည်။ ပြီးတော့...

"ဟုတ်ကဲ့ မမ"

အနက်ရောင်ဆွဲသားကွင်းကို ဖြုတ်ပစ်လိုက်၏။

"ဒီလက်ပတ်တွေကော"

ဖြုတ်ရမှာလားဆိုတာကို ပါးစပ်က မပါတော့ဘဲ မျက်လုံးထဲမှာ ထည့်၍ ကင်းကိုကြည့်သည်။

"မောင်း"

ကင်းက မျက်နှာလွှဲပစ်ပြီး အမိန့်ပေး၏။

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ကင်း ခေါ်သ ထောင်းခနဲဖြစ်သွားကာ ပြန်လှည့်ကြည့်သည်။ ဆယ်နေက ဘာမှမသိသလို၊ သူ မဟုတ်သလိုလို။ ကားကို နေရာ ဖို့ ဂရုစိုက်နေတာ ပုံမှန်မျက်နှာနှင့်ပါ။

"ကောက်"

သက်သက်ရွဲ့တာကိုသိလျက်နှင့် ကင်း တက်ခေါက်တာကို ကြား သွားကာ ဆယ်နေက အလန့်တကြား လှည့်ကြည့်သည်။ ...ခေါ် ကောင်းတာလား၊ ယုတ်မာတာလား ကင်း မဖမ်းနိုင်ပါ။ ...လုံးချ ဆုံတော့လည်း ဆက်ခနဲ လွှဲပစ်လိုက်မိ၏။

ပညာပေးချင်တာက ကိုယ်၊ သင်းက မာယာတွေနဲ့လား။ မဟုတ်ဘူး လို့လည်း တွေးနိုင်သည်၊ ဟုတ်နေတာလည်း၊ အသိသာကြီးပဲဟာ။

ကင်းရင်ထဲမှာ တနုံ့နုံ့ ကျန်ရစ်၏။ ဆယ်နေ ကားရပ်လိုက်ပြီး ကား ကတန်းဆင်းသည်၊ ကင်းကို တံခါးဖွင့်ပေးတော့ ...ထမဆုံး ဆင်းကျလာသည် ကြက်သွေးရောင်ခေါက်မြင့်ဖိနပ်ထဲက ခြေချောင်းဖြူနုနုလေးတွေကို စူးစိုက် ငေးလိုက်၏။ သူမ ခေါင်းလေးငုံ့ပြီး ကားအပြင်ဆင်းရပ်လာသည့်အချိန်မှ ဆယ်နေ့မျက်လုံးတွေ အထူး ကျနေ့ကြီးသွားပြီဖြစ်သည်။ သို့သော်...

နှာခေါင်းဝမှာ ကျီစယ်လာသည့် နှုတ်ခမ်းနီနံ့လေးကို ရင်ထဲ ရောက်အောင် ရှိုက်သွင်းယူထားလိုက်၏။ ပြီးတော့ တံခါးကိုမကြည့် လက်ပြန်ပိတ်ပစ်လိုက်သည်။

သူ့မျက်လုံးတွေက ကင်း၏ လှပပြည့်တင်းသော နောက်ပိုင်းလှုပ် လေးဆီမှာ လွတ်လွတ်လပ်လပ်ငေး၍ ပြုံးလိုက်မိရင်း...

ခေါ်သနှဉ်းပဲ မမရယ်...

~ ~ ~





အခန်း (၅)

"လေးလေး"

ကားပေါ် တက်ခါနီးမှ ဦးစိုးခက နောက်လှည့်ကြည့်သည်၊ ဖွင့်ထားပြီး သည့်တံခါးကို ပြန်ပိတ်လိုက်ပြီး အိမ်ထဲကိုလည်း မလုံမလဲကြည့်၏။

"ဆယ်နေ"

"ဗျာ... လေးလေး ဘယ်သွားမလို့လဲ"

"ငါ့ဟာငါ ဘယ်သွားသွား မင်းစပ်စုနဲ့ လာဦး"

ဦးစိုးခက ဆယ်နေ့လက်ကို ဆောင့်ဆွဲကာ ခေါ်သမပါဘဲ အံကြိတ် ကြည့်၏။

"မင်းကို လေးလေး... အဲ ငါ ဘယ်နှစ်ခါပြောရမလဲ၊ လေးလေးလို့ ခေါ် ပါနဲ့ဆိုတာ"

"ဘာဖြစ်လို့လဲ လေးလေး။ ကျွန်တော် တစ်သက်လုံး ဒီလိုပဲ ခေါ် လာ တာဥစ္စာ"

"အေးလေ တစ်သက်လုံးက ကင်းမှ အိမ်မှာမရှိတာ၊ အခု သူ ရောက် လာပြီ၊ သူက မင်းကို ဒီလိုမခေါ်စေနဲ့တဲ့၊ ပြောတာကို နားထောင်စမ်း ပါကွာ၊ ငါတို့အားလုံးက သူ့မျက်နှာ ကြည့်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နေက သူ ပြနေကျအတိုင်း လက်ဝါးနှစ်ဖက်နှင့် ဆံပင် ဘေးနှစ်ဖက်ကို ဖိသပ်ပွတ်လိုက်ပြီးမှ လက်ပြန်ချသည်။ ခေါင်းဘီခါးပတ်မှာ လက်မနှစ်ဖက် သေချာချိတ်ပြီး နှခေါင်းရှုံ့၏။

ပြီးတော့ နောက်ပြန်လှည့်ကြည့်လိုက်သေးသည်။

"မမက ဒေါ်တော်ဘိုတာပဲ နော်"

"ဘာ... ဟာ ပြဿနာပဲ ဆယ်နေ၊ မင်း သေတော့မယ်"

"ဒီနေ့ထိ ကျွန်တော့်ကို တစ်ခါမှ ပြုံးပြုံးရွှင်ရွှင် မကြည့်ခဲ့ဖူး"

"ပြုံးပြလိမ့်မယ် စောင့်နေ"

ဦးစိုးခက ရွှဲ့ပြောသည်။

"တစ်အိမ်တည်း အတူတူနေကြတာပဲ လေးလေး ရာ၊ ကျွန်တော်တင် မကဘူး ဘယ်သူနဲ့စကားပြောပြော ပြုံးပြုံးရယ်ရယ် မရှိပါဘူး။ မမက ရယ်ရင် သိပ်လှတာပဲ"

"ဘာ..."

"တကယ်လှတယ်၊ သွားကလေးတွေကိုက လှတာ၊ နှုတ်ခမ်းကို ဘယ်လောက်ဖွင့်ထားထား အကြည့်ရဆိုးမသွားဘူး"

"ဆယ်နေ"

"ဗျာ"

ဦးစိုးခက မိုးကြိုးပစ်ချခံရတော့မလို မျက်လုံးကြီး ကျွတ်ထွက်မတတ် ပြူးကျယ်လာ...

"မင်း... မင်း... ဟာ ပြဿနာပဲ ဒီကောင်လေး"

"ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို ရယ်မပြပေမယ့် ရယ်နေတာကိုတော့ မြင်တာပဲ၊ ဘာဖြစ်လို့လဲ"

လှတယ်ပြောမိလို့ ရိုက်ခံရတာကို မေ့ပါ့မလား။ ဒါပေမယ် ဒါကို





ပြောချင်နေတာ။ ကွယ်ရာမှာမို့လို့ ပြောရဲတာ မဟုတ်ပေ၊ မျက်နှာကို ကြည့်ကြည့်ပြီး ပြောလိုက်ချင်သည်။

ဘဂိနိမိမှ်ကြည့်ပြီး ပြောချင်သည်၊ ဒါပေမယ့် မမနဲ့ ဒီထက် အလှမ်းဝေးသွားဖို့တွေ ဖြစ်လာနိုင်လို့။

ဦးစိုးခ ပျာယီးပျာယာမျက်နှာနှင့်ကားပေါ်တက်တော့သည်။ ဆယ်နေက တံခါးပိတ်လို့မရအောင် ဆွဲထားလိုက်ကာ...

"လေးလေး"

"ဆယ်နေ မင်း ငါ့ကို ဘာဘာ ပြောင်းခေါ်စမ်း"

"လေးလေးက အလတ်ကြီးရှိသေးတာကို ဘာဘလို့ ခေါ်ရမလား"

"မင်း မရှည်ပါနဲ့၊ လေးလေးလို့ မခေါ်ရဘူး"

ဆယ်နေက မသိမသာပြုံး၍ ခေါင်းညိတ်လိုက်သည်။ ဦးစိုးခက ကင်းရှိုင်းလေးဝမ်းကွဲတော်သည်။ ကင်းက ဦးလေးစိုးလို့ခေါ် ၏။ သူ့ကို လေးလေးလို့ ခေါ်ခွင့်မပြုနိုင်တာကို သူ နားလည်သည်။ ဘာဖြစ်လဲ...

"ဟုတ်ကဲ့ပါ၊ မတော်တဆ ဆိုတာမျိုးတော့ ရှိချင်ရှိဦးမှာပေါ့"

"အေး အဲဒီ မတော်တဆကို မင်း သူ့ရှေ့မှာသွားဖြစ်ရင် သေပြီ"

"သေမှာတယ်နိုဟာပေါ့"

"ဟင်..."

ဦးစိုးခ တအံ့တသြ လှည့်လာပြန်သည်။ ဒီကောင်လေး ကင်းရဲ့စိတ်ကို မသိသေးလို့ သွေးတိုးစမ်းချင်တာလား။

ဒါဆိုရင်ဒါ နေရာမယွင်းမှ ကြိုက်သည့် ရန်ကင်းဆိုတာကို ခုမှ မြင်ဖူးမသိသေးတာ ဆိုရင်တော့ ဘာအောင်ကြိုးစားတဲ့အခါ ပွဲက ကြည့်ကောင်းဦးမည်။

ဒီထဲမှာ သူနှင့်နီတာက ကြားညပ်ဖို့ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို ရှင် သေရျာဆုံးစေမ်းပါ။ တစ်ယောက်က ကိုယ် လွှန်ဆန်လို့မရတဲ့သူ၊ တစ်ယောက်က ပြောဆိုဆုံးမမရ ဖြစ်နေတဲ့ လူဆိုးလေးဒုက္ခပါပဲ"

ကိုယ့်မိန်းမ နေ့ရှဉ် ညည်းညူနေရှာတာ၊ သနားတောင် သနားမိပါရဲ့။

ကမ်းကြောင့် မိဘမဲ့ခဲ့ရသည့် ဆယ်နေလေးကိုလည်း သူတို့မှာ အပြစ်မမြင်ရက်လောက်အောင် သနားကြင်နာခဲ့ရသည်။

ကင်းကကျတော့လည်း ဆယ်နေ့ကြောင့် သူမ မိဘမဲ့ခဲ့ရသည် ဆိုပြီး နာကြည်းမှုတွေကို နှစ်ပေါင်းများစွာ ဖွဲ့စည်း ထုပ်ပိုးထားခဲ့၏။

မိဘမဲ့ခဲ့ရတာချင်းအတူတူမှာ ဘယ်သူ့ဘဝက ဆိုးရွားခဲ့သလဲ၊ တွေးကြည့်လိုက်တော့...

"လေးလေး ဘယ်သွားမှာလဲ၊ ကျွန်တော် လိုက်ပို့မယ်"

"ဘာဘာလို့ ခေါ် လို့ဆို"

"ကွယ်ရာမှာ ဒီဝိုင်းပဲခေါ် မယ်"

"အကျင့်ဖြစ်အောင် ကွယ်ရာမှာလဲ ခေါ် ရမှာပဲ၊ ခေါ် စမ်း ဘာဘာ"

"ဘာဘ ကဲ"

"ဘာဘာက မကဲပါဘူး"

ပြောပြီး ဦးစိုးခက ပြုံးဖြိုးကြီးဖြစ်သွားသည်။ အဲဒါတွေကြောင့် လေးလေးကို ဆယ်နေ ချစ်ခဲ့သည်။ လေးလေးကော၊ မာမီတာကော နှစ်ယောက်လုံးဟာ သူ့အပေါ် မှာ ဘယ်တော့မှ ရန်ရှင်းကြမ်းတမ်းစွာ ဆက်ဆံခဲ့ဖူးတာ မရှိပေ။

"နိုင်ငံခြားမှာ သားကို မွေးဖို့၊ ကျွေးဖို့ ငွေတွေပို့ပေးနေတဲ့ မွေးစားမေမေ ရှိတယ်၊ သူ တကယ်လို့ မြန်မာပြည်ကိုပြန်လာမယ်ဆိုရင် မင်း သူ့ကို ရိုသေရမယ်၊ နာခံရမယ်။ သူက လေးလေးတို့လို မဟုတ်ဘူး၊ ဒီအိမ်





ရဲ့ အုပ်ချုပ်သူကိုတော့ စည်းကမ်းကြီးတယ်၊ မာနကြီးတယ်၊ သူ့ရဲ့ တင်းကျပ်ချုပ်ချယ်မှုတွေကို မင်း ဘာမှလွန်ဆန်ခွင့် မရှိဘူး"

ကြောာစဏ ကြားနေရတာ ဒီစကားပဲဖြစ်သည်။ ဦးစိုးခဟာ ဦးလေးတော်သူဖြစ်ပြီး ကျမဖြစ်သူကို ဘာဖြစ်လို့ အရှင်သခင်လို ကြောက်ရွံ့ရိုသေနေသလဲဆိုတာ သူ တွေးလို့မရခဲ့ပေ။

ဒါပေမယ့် ဦးစိုးခတို့က ပြေလည်ကြ၊ ရန့်ကင်းဆိုသည့် သူ၏ မွေးစားအမေထံမှာ အုပ်ထိန်းသူလို လာရောက်နေပေးကြသည့် အဆင့်မှာပဲ ရှိကြသည်ဟု သိရတော့လည်း မဆန်းတော့ပါ။ ပြီးတော့လည်း ဦးလေးဆိုတာလည်း နှစ်ဝမ်းကွဲလောက်ပဲတော်တာဟု သိရသေးသည်။

သူကတော့ သဘောထားနူးညံ့ကြသည့် လေးလေးတို့ကို ချစ်သည်။ မွေးစားအမေ ဆိုတာက ငယ်ငယ်ကတည်းက မြင်မှ မမြင်ဖူးမဲ့ဘဲ။ မြင်လိုက်ရတော့လည်း...

"ဘာဘ ဖယ်"

"ဟာ ဘာလဲ မပို့နဲ့ မပို့နဲ့ ဖယ်၊ မင်း ကျူရှင်သွားရမှာ မဟုတ်လား"

"မသွားရဘူး ဒီနေ့ နားဒေး၊ ဟဲ ဟဲ"

ဆယ်နေက မောင်းသူနေရာမှာ ဝင်ထိုင်တော့ ဦးစိုးခက ဘေးကို ရွှေ့ပေးလိုက်၏။

"ဘယ်သွားမှာလဲ"

"ပုဇွန်တောင်ကိုပါကွာ၊ မင်းကို ကင်းက ဘာနိုင်ဦးမလဲမသိဘူး၊ တော်ကြာ..."

"ဘာမှမနိုင်ပါဘူး၊ မမက ကျွန်တော့်ကိုသိပ်ချစ်တာ လေးလေးရဲ့ မနိုင်းရက်ဘူးထင်တယ်၊ သူ့ရှေ့သွားတာတောင် မကြိုက်ဘူး"

"ဟား ဟား"

www.burmeseclassic.com



ဦးစိုးခက လွှတ်လွှတ်လပ်လပ် ရယ်ချလိုက်ပြီးမှ မျက်လုံးထဲမှာ အရိပ်ထင်လာသဖြင့် တီခနဲ အရယ်ရပ်ကာ...

"ဆယ်နေ့ နေဦး"

ကားစက်နှိုးသည့် ဆယ်နေ့လက်ကို ဆွဲတားလိုက်၏။ ဆယ်နေ့ အိမ်ထဲကို လှမ်းကြည့်လိုက်လျှင်...

"မင်းက ဘာယ်ကိုလဲ"

ကင်းဂ ကြက်ဥနှစ်ရောင် ပခုံးချိတ်အင်္ကျီပါးလေးနှင့် ပြောင်အိနေသည့်ထဘီအဝါရောင်ကို ဝတ်ထား၏။ ဝင်းနှစ်သည့် ပခုံးသားလေးတွေပေါ်မှာ ကြိုးချည်ရုံလေး ချိတ်ထားသည့်အင်္ကျီက ရိုင်းပေမယ့် ကံပင်တွေကို ဖြန့်ချထားတော့ ကြည့်ကောင်းသွားသည်။

အဝါရောင်နှင့် သူမအသားက ရောယှက်ကာ မျက်လုံးထဲမှာ ရွှေတုံးကလေးချထားသည်နှင့် တူနေပြန်သည်။ ရန်ကင်းဆိုဒ် ၌ မိန်းမ၏ ထူးခြားသောအလှဟာ အနီရောင်ဝတ်သားလျှင် အသားလေးတွေ နီမြန်းနေတက်ပြီး ပန်းရောင်ဝတ်ထားတော့လည်းအသားနှင့်အင်္ကျီရောင်က ရောမထွေးနေသည်။

အစိမ်းရောင်ဆို ပါးပြင်နှင့်လည်တိုင်ကြောတို့မှာ မြကြောစိမ်းစိမ်း ရှိန်ရှိန်ထလျက် လှနေကာပဲဖြစ်၏။ ဘာရောင်ဝတ်ဝတ် စီးမျော လှပနေခဲ့သည့် သူမ၏အသားရောင်ဟာ ဘယ်လိုဆုတောင်းကောင်းခဲ့ပါသလဲ။

မျတ်ခနဲလှည့်ကြည့်ပြီးမျက်နှာလွှဲပစ်လိုက်သော်လည်း ဆယ်နေ့မျက်လုံးထဲမှာ ကပ်တွယ်ပါလာခဲ့သည်။ ဒါကိုများ အားလုံးက ပြောကြသေးသည်၊ 'မင်းရဲ့ မွေးစားအမေ ပြန်ရောက်နေပြီဆို'တဲ့။ ရယ်စရာကြီး။

အလုပ်မရှိအလုပ်ရှာလိုက်တာ သိသာနေသော ပြန်လှည့်သွားသည့် ဆယ်နေ့နှုတ်ခမ်းမှာ ပြုံးယောင်သမ်းသွားတာကို ကင်းက စိုက်ကြည့်၏။





ရှေ့ကို တစ်လှမ်းချင်းလျှောက်လာ၍...

"မင်းကို နိုင်းစရာရှိတယ် နေခဲ့"

"ကျွန်တော်..."

ဆယ်နေက လှည့်ကြည့်၍ ပြန်မေးသည်။

"ဟုတ်တယ် မင်းကိုပြောနေတာ၊ နောက်ကို နှစ်ခါပြန်မမေးနဲ့ အပိုတွေ"

"ဟုတ်ကဲ့ မမ"

ဆယ်နေ မျက်ချင်း ပြန်ဖြေသွားသည်။ ဦးစိုးခ ဒီဘက် ပြန်တိုးထိုင်း မောင်းထွက်လာခဲ့၏။ သူ့ပြောတော့ ဘာပြောပြော နားမထောင်။ ခုကျတော့ 'ဟုတ်ကဲ့ မမ'တဲ့။



www.burmeseclassic.com

## အခန်း (၆)

‘ခင်မဒီ စတိုးဆိုင်ကိုသွား’ လို့မှိုင်းပြီး လိပ်စာပြောလိုက်သည်။ စာရွက်ခေါက်လေးလည်း ပေးလိုက်သေးသည်။ ‘အဲဒီထဲက စာရင်းအတိုင်း သူတို့ ပေးလိုက်လိမ့်မယ်၊ ပင်း ငွေပေးဖို့ မလိုဘူး’ တဲ့။

‘ခင်မဒီ’ စတိုးဆိုင်ကြီးက တော်တော်ကြီးကျယ်နေသည်။ တံခါးကွန်မြူ ဝ ကနေ့ စားပစ္စည်းအမျိုးမျိုးကို လက်ကိုင်ဖုန်းက အစ များများ မဟုတ်ပေမယ့် အစုံရှိသည်။ ဆောင့်ခန်းမှီ မျက်နှာစာမှန်ဖက်က အကျယ်ကြီးဖြစ်၏။

ဒေါ်မြင့်မြင့်သွယ်ဆိုတာကို ရှာလိုက်တော့ တစ်ဖက်ခြမ်းမှာ မိန်းမ အသုံးအဆောင်နှင့် အဝတ်အထည်တွေချည်း သပ်သပ်ထားသည့် ကောင်တာမှာ တွေ့၏။

ရှိုးကေ့စ်အရှည်ကြီးကို ကောင်တာလိုကန့်ထားကာ ထိပ်မှာမှ စားပွဲရှိနေတာဖြစ်သည်။ ရှိုးကေ့စ်နောက်မှာ မိန်းကလေးတွေချည်းပဲ ရှစ်ယောက်လောက်ရှိသည်။

ရှေ့မှာလာသူတွေကိုရောင်းနေသည့် မိန်းကလေးတွေချည်း မနည်း မိန်းကလေးတွေက သူ့ကိုလှမ်းကြည့်ကြသည်။

မိန်းကလေးအဖော်မပါဘဲ ယောက်ျားလေးတစ်ယောက်တည်း





အသုံးအဆောင်ပစ္စည်းတွေ ရောင်းသည့်ဆိုင်ထဲ ဝင်လာတော့ ဘာ ဆိုဒ်လဲဟု မေးဖို့ခက်နေကြ၏။

ဆယ်နေ့က အပြာရောင်လယ်သာဂျာကင်ကို ရင်စေ့ဝတ်ထားသဖြင့် ပ်ကြောင်ကြောင် တမင်လုပ်ထားသလိုဖြစ်နေသည်။ ဘောင်းဘီက နီပြာ ဆင် နဖူးမှာ လက်တစ်လုံးလောက် ရှော့ကွင်းကလေး ပတ်ထားတာလည်း အပြာရောင်။ သူ့ဟာသူ ဘယ်လိုပုံစံပဲဖမ်းလာလာ ခပ်မိမိစတိုင်လ်မို့ မိန်းကလေးတွေကတော့ လိုက်ကြည့်နေကြလေသည်။

“ဒေါ်မြင့်မြင့်သွယ်နော်”

“ဟင်.. ခြော်.. ဟုတ်ပါတယ်”

ကောင်တာမှာ အသက်သုံးဆယ်ကျော်လေးဆယ်နီးပါးခန့် ရှိမည်။ ကြမ်နှံကပ်ထားသဖြင့် ပိုချောနေပုံက ရင့်ရော်သယောင် ထင်ရသည်။

သူမက မျက်မှန်တစ်ချက်ပင့်၍ ဆယ်နေ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ...

“ပါလှက...”

“ကျွန်တော့်ကို ဒေါ်ရှန့်ကင်း လွှတ်လိုက်တာပါ။ ဒီပစ္စည်းတွေ ပေးဖို့ မှာလိုက်ပါတယ်”

ကင်း ပေးလိုက်သည့် စာရွက်ခေါက်လေးကို ဒီတိုင်းလေးပဲ ရှေ့တိုးလိုက်၏။

“ခြော်... ကင်းက လွှတ်လိုက်တာကိုး”

ဒေါ်မြမြသွယ်က စာရွက်ခေါက်ကို လက်ကကောက်ယူသော်လည်း မျက်လုံးအစုံက ဆယ်နေ့ဆီမှာပဲ ရောက်နေခဲ့၏။ ပြီးတော့ ပြုံးတော့မလို စကားပြောတော့မလိုနှင့် မျက်ခုံးနှင့် နှုတ်ခမ်းများက အဓိပ္ပာယ်တွေ တွေးနေကာ...

www.burmeseclassic.com



"ဂျဲလ္ဂက ကင်းရဲ့ မွေးစားသားဆိုတာကို၊ ဘာနဲ့နယ်လဲ ကျောင်းပြီး ပြီလား"

"ဟုတ်ကဲ့ ရှေ့လဆို ပြီးပါပြီ"

ဆယ်နေ့မျက်နှာကို ပုံမှန်ဖြစ်စေခဲ့ပေမယ့် ရင်ထဲမှာတော့ တစ်မျိုး ဖြစ်သွားခဲ့၏။ မမက သူ့ကိုတော့ မတွေ့တန်ဘာလို၊ ရှုံ့ရှာသလိုလို၊ ဒီမှာကျ တော့ သူနှင့်ပတ်သက်ပြီး တော်တော် ပြောသားပုံရနေ၏။

"ကျောင်းပြီးသွားတာလား၊ ပထမနှစ်၊ ဒုတိယနှစ် ပြီးတာမျိုးလား"

"ကျောင်းပြီးတာပါ"

"ဩော်"

သူ့မျက်နှာက စိတ်မရှည်ခြင်းကိုကြည့်၍ ပြုံးလိုက်ပုံကလည်း တစ်မျိုး ကြီးပဲဖြစ်ကာ...

"အဟွန်း ကင်းက တို့ခွေနဲ့ မဟိမ်းမယိမ်းဆိုပေမယ့် မနေတာရှိ ဝင်စား သလိုပဲ သိလား၊ သူ့မှာ မအိုဆေး ဆားတာသလားမှတ်ရတယ် သိပ်လှ တာပဲ၊ အရွယ်တင်ပါတယ်"

လို့ ပြောလိုက်သေးသည်။ ပြီးမှ...

"ယုရေ ဒီကိုလာစမ်း"

ဟု လှမ်းခေါ်ကာ...

"ဒီထဲမှာ ပါတာဒ အားလုံး အစုံထည့်ခွပေးလိုက်၊ အရောင်တော အတိုင်းအတာတွေရော ဘာမှမမှားစေနဲ့၊ ကင်းက သိပ်တိကျတာ"

"ဟုတ်"

ကောင်မလေးက စာရွက်ကို ပြန်ကြည့်ပြီး သူ့ကို ပြန်မော့ကြည့် သည်။ ထိုပြင် ပြုံးနေသည့် ခေါ်မြင့်မြင့်သွယ်ကို မရဲတရဲ ပြန်ကြည့်ပြီး ရယ်သွား၏။





သူမသည် အကျီချိတ်စင်တွေကြားထဲဝင်သွားကာ ထိုထဲမှာ အထည် တွေဖြုတ်ချရင်း မိန်းကလေးတွေ စုရုံးသွားကြ၏။ ထို့နောက် အထည်တွေ ကြားထဲကနေ ခေါင်းလေးတွေ မြုပ်စိ မြုပ်စိနှင့် ဆယ်နေ့ကို လှမ်းကြည့်၍ ခစ်ခနဲရယ်သံလေးတွေလည်း ပျံ့လွင့်လာသေးသည်။

ဆယ်နေ့မျက်နှာ နည်းနည်းတော့တင်းလာခဲ့၏။ စာရွက်ထဲမှာ ဘာ ရေးသည်တွေ ပါနေသလဲဆိုတာကိုလည်း နားလည်သလို ဖြစ်သွားသည်။

"ဟင် ကို"

ဘေးမှာ လူတစ်ယောက်လုံးလာရပ်တာကို သိလျက်နှင့် ငုံ့မကြည့် ဖြစ်ဘဲ 'ကို'ဆိုသည့် ခေါ်သံလေးကြားမှ ဆတ်ခနဲ ဖြစ်သွားသည်။

"အဝါ"

အဝါဆိုသည့်အတိုင်း ဖြူဖြူဝင်းဝင်းကလေးဖြစ်ကာ သူမဟာ ရွှေ ရောင်နှမ်းကြိုက်သူလေးဖြစ်၏။ သူမတစ်ကိုယ်လုံးမှာ ဟမ်းချိန်းဆိုလည်း ထူထူ ထဲဝတ်သည်။ ဆွဲကြိုး၊ လက်စွပ် အားလုံးမှာ ဘယ်ပစ္စည်းမှ ပါးပါးကလေး မဟုတ်ပေ။ ဆံပင်က စတာက်ဆံပင်တိုလေးနှင့် ချစ်စရာလည်းကောင်း၏။ ဆယ်နေ၏ မကြာသေးသော ချစ်သူနွေးနွေးကလေးလည်းဖြစ်ရာ...

"ကို...ကို ဒီမှာ ဘာလာဝယ်တာလဲဟင်"

အဝါက အလျင်စလိုမေးပြီးမှ ကောင်တာမှ ခေါ်မြင့်မြင့်သွယ် မြင်မှာ စိုးတာ သူ့ကိုယ်နှင့်ကွယ်၏။

"ကိုယ်..."

ဆယ်နေ့ ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွား၏။ စာရွက်ထဲ က ဘာတွေမှာလိုက်တယ်ဆိုတာ သူမ မသိဘဲ။

"ကိုယ့်မမလေ သူ့ မှာလိုက်တာတွေ လာယူတာ"

"ဒီမှာရှင့် အားလုံး အစုံပါတယ်၊ အထဲမှာ စာရင်းစာရွက် ထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်နော်၊ မစုံရင် ဖုန်းဆက်ပြောလိုက်ပါ၊ လာပို့ပေးပါ့မယ်လို့"

အရောင်းစာရေးမလေးက 'ခင်မဒီ'တံဆိပ်ပါသည့် အိတ်ဖြူကြီးကို သူတို့နှစ်ယောက်ရှေ့မှာ လာပေး၏။ အဝါ့ကိုမြင်တော့ ခေါင်းလေးငုံ့ကာ ချက်ချင်း ပြန်ထွက်သွားသည်။ အဝါက အိတ်ကို တစ်ချက်ပဲကြည့်၍...

"ကိုရယ် အဝါက မှိုန်းကာကျတော့ မအားဘူးဆိုပြီးတော့"

"ဟုတ်တယ်လေ၊ အိမ်မှာ မမခိုင်းနေတာ စုံနေတာပဲ၊ ခုပဲ ထွက်လာရတာ"

"ဘယ်ကမမလဲဟောင်"

"ကိုယ့်မွေးစားအစ်မပါ"

"မွေးစားဘာက အမေဆို၊ ဘယ်လိုဖြစ်လို့ အစ်မဖြစ်သွားတာလဲ"

အရေးထဲမှာ အဝါက သိချင်တာတွေ လာများနေပြန်သည်။

"သမီး အဝါ"

"ရှင် လာပြီ အန်တီ"

ဒေါ်မြင့်မြင့်သွယ် လှမ်းခေါ်လိုက်တော့ အဝါ ပျာပျာသလဲ ပြန်ထွက်သွား၏။ သူ တစ်ချက်တော့ လှမ်းကြည့်မိသေးသည်။ အပါက ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်တဲ့သူပါ၊ ဒီမှာ အရောင်းစာရေးမတော့ မဖြစ်နိုင်ဘူးထင်သည်။ ဒေါ်မြင့်မြင့်သွယ်နဲ့ ဘယ်လိုပတ်သက်သလဲဆိုတာ တွေးမိလိုက်ပြီး အပြင်ထွက်လာတော့ ပျောက်သွား၏။ သိချင်စိတ် ပြင်းထန်နေသည်က ဒီထဲမှာပါနေတာတွေပဲဖြစ်သည်။

မိန်းမတွေများစွာအလယ်မှာ ကြောင်တောင်တောင် ရပ်နေပေးခဲ့ရသည့် ရယ်စရာ၊ လှောင်စရာအရုပ်တစ်ရုပ်လိုအဖြစ်ဟာ ဒီပစ္စည်းတွေကြောင့်ဆိုတာ သူသိသည်။

အထုပ်ကို ကားထဲပစ်ထည့်လိုက်ပြီး သူ ဆောင့်ခနဲဝင်ထိုင်သည်။





အိမ်မှာ ကပ်ပိတ်ပေးလိုက်သော တိတ်အနီလေးကို ဆွဲခွာပြီး အထဲကို ကြည့်လိုက်တော့...

"ဘောက်"

အနားမှာ ဘယ်သူမှမရှိဘဲ မျက်နှာ ရှိန်းခနဲ ပူထူသွားသည်။ အထုပ်ကြီးအားကို တွန်းချပစ်လိုက်တာ ကျူရှင်မှာ ပက်ခနဲမှိုချလိုက်မိ၏။ အထဲမှာ ပါလိုက်ရသည့် အထပ်လိုက်က နားထင်ပါးရင်းတွေထိ ထူအမ်းတက်လာခဲ့၏။ မမ ဘာလုပ်တာလဲ၊ သူ့ကို တမင်တကာ တွန်းထုတ်ဖို့မစ်ချင်တာကို သိနေလျက်နှင့် နားမလည်နိုင်။

"ကျောင်းပြီးသွားပြီလား"

"ကင်းက သိပ်လုတဲ့၊ အရွယ်တင်ပါတယ်"

စကားလုံးတွေက နားစည်ကို လက်နက်တစ်စုံတစ်ရာနှင့် ရိုက်နှက်သလိုဖြစ်လာ၏။ ပြုံးနေသည့်မျက်နှာကြီးက အခိုပ္ပာယ်တွေကို နားလည်လာခဲ့သည်။

"ဩော်.., ကင်းရဲ့ မွေးစားသားဆိုတာကိုး"

သားသမီးနှင့်မိဘလို့ ထင်သွားရင်လည်း ဒီမျက်လုံး ဒီနှုတ်ခမ်းကြီးက ဘယ်လိုကြည့်ပြီး ဘယ်လိုပုံစံနှင့် ပြုံးနေတာလဲ။

ခေါင်းထဲမှာ ရှုပ်ထွေးနေသည်။ လူတွေ ဘယ်လို ထင်ကုန်ကြပြီလဲ၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလိုတွေ ထင်ကုန်ကြမယ် ဆိုတာ မမ တွေးမိဘူးလား။

ဆယ်နေ့ ကားကို စက်နှိုးလိုက်သည်။ သူ့မှာ မေးခွင့်မှမရှိဘဲ။ သူ့ဆီက အမြဲတမ်း အဆင်သင့်ဖြစ်နေဖို့က 'ဟုတ်ကဲ့ မမ'။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၇)

"မမ"

"ထားခဲ့"

သူ့နောက်မှာ ရပ်နေတာကို နည်းနည်းမှ ငဲ့မကြည့်ပေ။ ဆံလည် ကုလားထိုင်ကို အလုပ်စားပွဲမှာ တည့်တည့်မထိုင်ဘဲ ကျောနောက် ပြတင်းဘက်ကို မျက်နှာမူကာ ခြေချင်းချိတ်ထိုင်နေသည်။

ဒူးပေါ်မှာတင်ထားသည့်ဖိုင်ကို ငုံ့ကြည့်ကာ နောက်မှာ လူတစ်ယောက် လုံး ရောက်နေတာကို ဂရုမစိုက်စွာနေ၏။ ပြောတဲ့အတိုင်းထားခဲ့ပြီး လှည့်ပြန်ရဖို့ပဲရှိပေမယ့်...

"မမ မှာလိုက်တာတွေ စစ်ကြည့်ပါဦး"

"မလိုဘူး"

ကုလားထိုင် ဖျတ်ခနဲ လည်ထွက်လာတော့ သူမနှင့် ရင်ဆိုင်မိပြီး သားဖြစ်သွား၏။

"မင်းကို တို့က နှုတ်တိုက်သင်လွှတ်လိုက်တာမဟုတ်ဘူး။ စာရင်း ရေးပေးလိုက်တာ၊ သူတို့လဲ စာရင်းနဲ့တကွ ပြန်လာမှာပဲ စစ်နေဖို့မလိုဘူး"





ကင်းက ဆယ်နေ့မျက်ဝန်းတွေထဲကို စူးစိုက်ကြည့်လိုက်ပြီး ကုလား ထိုင်နေတာကို ထပ်၍လှေ့ချလိုက်ကာ...

"မင်းမျက်နှာမှာ တစ်ခုခု ပြောချင်နေသလိုပဲ"

"ဟုတ်ကဲ့ မမ၊ ကျွန်တော် မေးချင်လို့ပါ"

"မမေးနဲ့ မလိုဘူး၊ မင်း ဒီပစ္စည်းတွေ သွားယူပေးရတာကို မကျေ ဒွိဖြစ်လာတာမဟုတ်လား ဟွန်း"

ဆယ်နေက မျက်လွှာချထားလိုက်ပြီးမှ ခေါင်းခါသည်။

"မကျေနပ်တာမဟုတ်ဘူး၊ မမ လူမှားခိုင်းလိုက်သလားလို့ပါ"

"ဘာ..,"

ကင်းက အံ့သြတာမဟုတ်ဘဲ တမင်မျက်လုံးဝင့်ကြည့်ပြီးရယ်သည်။

"ဟား ဟား ဟား"

မျက်နှာလေးမော့သွားအောင်ရယ်လိုက်တော့ ဖွေးညက်ဝင်းဖန်နေ သည့် ရွှေလည်တိုင်က စင်းကော့နေသည့် သွားတန်းကလေးတွေက ရွမ်းကုန်ပေါ် နေကြ၏။ ဆယ်နေက တစ်ချက်မှ မျက်တောင်မခတ်ဘဲ ငေးကြည့်နေခဲ့သည်။ ရယ်ချင်လို့မဟုတ်ဘဲ ရယ်နေတာပေမယ့် ရယ်သံ တော လှောင်ရိပ်တွေနဲ့ နွဲ့နေသည်။

အမြဲတမ်း သုန်မှုန်နေတတ်သည့်မျက်နှာလေးက ပိုလှနေ၏။

"လူမှားခိုင်းတယ် ဟုတ်လား၊ မှားခိုင်းရအောင် ဒီအိမ်မှာ တို့ ခိုင်းရ မဲ့လူ မင်းပဲရှိတာလေ၊ မင်းက တို့ခိုင်းဖို့ပဲ၊ တမင်တကာ လက်သပ်မွေး ထားတာမျိုးပေါ့၊ နားလည်လား"

မျက်နှာတည့်တည့်ကြည့်မေးတော့ ဆယ်နေ ခေါင်းညိတ်လိုက် သည်။

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ပုံက ပျော့ပျောင်းနွဲ့ညံ့မှုမရှိ။ နာခံချင်လို့ မဟုတ်ဘဲ မျိုသိပ်လိုက်တာမျိုး။ နေပါစေ၊ ကင်းက နှုတ်ခမ်းလေးမဲ့ပြီး ဆယ်နှေ့ကို တည့်တည့်ကြည့်သည်။

မကျေနပ်ဘူးလား။ မကျေနပ်ရင် မင်းက ဘာလုပ်ချင်သလဲလို့ မေးပြီး စိန်ခေါ်လိုက်တာမျိုး။ စူးခနဲကြည့်ပြီးမှ ဆယ်နေက မျက်လွှာချပစ်၏။

စိန်မခေါ်နဲ့ မမ၊ မမကို ကျွန်တော် ဘယ်တော့မှ အတိုက်အခံလုပ်မှာ မဟုတ်ဘူး။ တစ်ခုတော့ရှိပါတယ်၊ မမထင်သလို ကြောက်... ...တာ တဲ့ ခပ်ထုံထုံ၊ ခပ်အအကောင်မို့လို့ မျက်လွှာချနေတာတော့မဟုတ်ဘူး။

တစ်နေ့နေ့မှာ မမ သိမှာပါ။ မျက်ဝန်းချင်း စကားပြောနေကြပေမယ့် နားလည်ကြခြင်းမရှိခဲ့ပေ။ ကင်းရဲ့ မဲ့ပြုံးထဲမှာ အထင်မကြီးတာ၊ နာကြည်းတာ၊ အလွန်မုန်းတီး၍ များများ ဖွဲ့ခြွေပစ်လိုသော ရက်စက်ခြင်းများနှင့် ဖြစ်ကာ...

ဆယ်နေကတော့ မျိုသိပ်သည်းခံခြင်းဖြင့် ဇွက်ဖဲတစ်ချပ်ကို ဆုပ်ကိုင်ပြီး အနိုင်နှင့်ပိုင်းနိုင်ဖို့ပဲဖြစ်၏။

အခန်းထဲမှာ တိတ်ဆိတ်ခြင်းက ကြာရှည်စွာ လွှမ်းမိုးနေခဲ့ပြီး...

"မင်းဟာ တို့ ဘာခိုင်းခိုင်း ငြင်းခွင့်မရှိတဲ့သူ၊ ကျေးဇူးတရား ဆိုတာ အကျယ်တဝင့်တော့ တို့ မသိဘူး၊ ဒါပေမယ့် မင်းအတွက် တို့က နှစ်ခါပြန် ပေးဆပ်ခဲ့ရတာ၊ မင်း တို့ကို ပြန်ပေးဆပ်ရမှာတွေ အများကြီးပဲ"

ကင်းက ပေါင်ပေါ်ကဖိုင်ကို ထိုင်လျက်ကနေ စားပွဲပေါ် ပစ်တင်လိုက်သည်။ ခြေချင်းချိတ်ထားတာကို ဖြုတ်ပြီးနေရာမှ ထရပ်လိုက်၏။

အရပ်ရှည်ပါသည်ဆိုသည့် ယောကျ်ားတွေထဲမှာပင် ပိုကဲနေတတ်သည့် ဆယ်နေ့ထက် ကင်းက သိပ်မနိမ့်ဘဲ မတိမ်းမယိမ်းလောက်ရှိသည်။ ကိုယ်လုံးက သွယ်ပြီးပြည့်သည်။ အသားရောင်က လှသည်။ ကင်း





ဘာဝတ်ဝတ် ငေးနေရလောက်အောင်လှသည်။ မျက်စိရှေ့မှာ အဖြူစွတ်စွတ် တီရှပ်ကိုယ်ကျပ်လေးနှင့် ထဘီအဖြူပျော့ပျော့ကို ဝတ်ထားသည့် ကင်းအလှက ထရပ်လိုက်တာနှင့် ရင်ခုန်သံတွေကို ကမြောင်းကပြန် ဖြစ်ကုန်အောင် ရိုက်ပုတ်သွားခဲ့၏။

ထဘီဆို ရိုးရိုးထဘီကိုပဲ ဝတ်တတ်ကာ အပွင့်အခက် ဘာမှမပါဘဲ ပျော့ပျော့ပြောင်ပြောင်ကလေးတွေချည်းပဲ ဖြစ်နေတာကို သူ သတိထားမိသည်။

အင်္ကျီဆို ဘာပုံဖြစ်ဖြစ် ရိုင်းရိုင်းယဉ်ယဉ် အားလုံးဝတ်ပြီး ထဘီကျတော့ အကျပ်တွေ၊ အကွဲတွေ ဘယ်တော့မှ မဝတ်ခဲ့သော သူမဟာ နိုင်ငံခြားမှာ အကြာကြီးနေခဲ့သည့်ဆိုတာ ယုံချင်စရာမရှိပေ။

ထို့ပြင် ရန်ကင်းဆိုသော သူမဟာ သူ့ဘဝအတွက် နှစ်ခါပြန် ပေးဆပ်ခဲ့ရပါသတဲ့။

ပါလာပြန်ပြီ ဒီဘဝ၊ မေးတော့လည်း ဖြေမည့်သူ မရှိ။ နေပါစေဆိုပြီး ထားလိုက်တော့လည်း အတိတ်က အတိတ်မှာ မေ့ပျောက်စွာ ကျန်နေခဲ့တာမဟုတ်။

အခန်းထဲမှာ အတော်ကြာအောင် တိတ်ဆိတ်နေခဲ့ပြီးမှ ကင်းက သူ့ဘက်ပြန်လှည့်ကာ...

"တစ်ခုတော့ရှိတယ် ဆယ်နေကဲ၊ မင်းနဲ့တို့ကြားမှာ ကျေးဇူး ဆိုတာတော့မရှိဘူး၊ တို့မှာရှိတဲ့ရည်ရွယ်ချက်က မင်းရဲ့ကျေးဇူးသိတတ်ဖို့တွေ ပေါ်သလို မင်းလဲ ဒါကို မှတ်ထားစရာ မလိုဘူး၊ တစ်နေ့နေ့မှာ မင်းလဲ ခင်းရင်ထဲက ရှိတာအားလုံး ပြောခွင့်ရမှာပဲ၊ တို့ကလဲ ညာမှာမဟုတ်ဘူး၊ အဲဒီတော့ မင်း အခု ထွက်သွားမယ်ဆိုရင် ရတယ်၊ မကျေနပ်တာတွေ များနေရင်..."



www.burmeseclassic.com

www.burmeseclassic.com



ကင်းက ဆယ်နေ့ကို စေ့စေ့ကြည့်၍မေးသည်။ ဆယ်နေက ပြန်ကြည့်ပြီး ခေါင်းခါခဲ့၏။

"မသွားပါဘူး"

"အမွေဖြတ်မှာစိုးလို့လား"

သူ့မျက်နှာ အရောင်တစ်ချက်ပြောင်းသွား၏။ ဒါပေမယ့် ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်"

"အပ္ပန်း"

ကင်းက ရယ်လိုက်ပြီး သူ့ဘက်လှည့်ရပ်သည်။

"အခုလိုမျိုး အလားတူကိစ္စတွေ မင်း အများကြီး ကြုံရဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းမှာ ဘယ်လိုစိတ်ကူးမာနတွေပဲရှိရှိ တို့က မင်းကို ခိုင်းဖို့ လူတစ်ယောက်လို့ပဲမြင်တာလေ။ အဲဒီတော့ ဒီမှာ တို့ ရှိနေတဲ့အချိန်တိုင်း မင်းကိုယ်မင်း သိထားရမှာက 'ငါဟာ ဘာ မဟုတ်တဲ့လူတစ်ယောက်' ဆိုတာပဲ"

ဆယ်နေ့မျက်နှာက လှုပ်ရှားမှု ကင်းမဲ့လျက် ပြုံးနေသည့် သူမမျက်နှာထက်မှာ စူးစိုက်ရပ်တန့်နေခဲ့၏။ တစ်ခွန်းမှ ပြန်လှည့်မပြောခဲ့ပေမယ့် မျက်ဝန်းမှာ မီးတောက်တွေ တရှိန်ရှိန် တောက်နေတာနှင့်တူသည်။ နှုတ်ခမ်းတွေ စေ့ထားသော်လည်း တက်ခေါက် အံကြိတ်နေသလိုရှိ၏။

ကင်းက သေချာအကဲခတ်ကြည့်နေပြီး ပြုံးသည်။ အလွန်အမင်း ကျေနပ် နေသည့်စိတ်ထဲမှာ ဆယ်နေ့ဒေါသမာနတွေကို သိနေသောကြောင့်ဖြစ်၏။

မပေးချင်တာကို ယူရတာလောက် အရသာရှိတာ မရှိသေးပေ။ ငိုတဲ့ကလေးကမှ စလို့ကောင်းသည်။ ဒီကောင်လေးကတော့ ရင်ဘတ်ထဲမှာ





ကြိတ်ငိုနေတာဖြစ်သည်။

မတော်လှန်ရဲတာပဲဖြစ်ဖြစ်၊ ဘာကြောင့်မှို့သိပ်ထားတာပဲ ဖြစ်နေနေ သူမ လိုချင်တာက ဒါပဲဖြစ်သည်။

"ရှိသေးတယ်"

ကင်းက ဆံပင်တွေကို ရင်ဘတ်ပေါ်ကနေ နောက်ရောက်သွားအောင် မျက်နှာလေးတိမ်း၍ ခါထုတ်ပစ်လိုက်သည်။ လှုပ်ယမ်းဝေ့ကျသွားသည့်ဆံနွယ်များမှ မွှေးပျံ့သောရနံ့လေးတစ်ချက် သူ့ဆီ ရောက်လာ၏။

ထိုအခါ မွှေးသောရနံ့တစ်ချက် သူမထံမှ ရလိုက်တိုင်း ဆယ်နေ့ သတိရမိသည်က 'ရနံ့ကင်း'ဆိုသော နာမည်ပဲဖြစ်သည်။

'ရနံ့ကင်း'ဆိုပေမယ့် ထုံသင်းမွှေးပျံ့နေတာပါပဲ။

"ဒီမှာ ဆယ်နေကဲ"

"အမိန့်ရှိပါ မမ"

ကိုယ်ကို မတ်မတ်ပြင်ရပ်ပြီး ပြောပုံက ရွဲ့လိုက်တာနှင့်တူနေသည်။ ကင်းက ဂရုမစိုက်ပါ။ ရွဲ့တာဖြစ်ဖြစ်၊ စောင်းတာ ဖြစ်စေ ဒီတိုင်းပဲ ရှိနေရမည်။

"မင်း ကျောင်းပြီးတော့မယ်ဆိုတော့ အိမ်ထောင်ပြုဖို့ တွေ့ထားတာ ရှိရင် တို့ကိုပြော"

ဆယ်နေ ဖျတ်ခနဲကြည့်သည်။ စိုက်ကြည့်နေသည့် ကင်း မျက်ဝန်းလေးတွေကို တမင်တကာ စူးစူးရဲရဲ ကြည့်ပစ်လိုက်ကာ...

"မမက လက်ထပ်ပေးမှာလား"

"မင်းကို ဘာမှမမေးနဲ့လို့ တို့ ပြောထားတယ်၊ မေးတာကိုပဲဖြေ"

ဆယ်နေက မျက်ဝန်းတွေ ပြန်လွှဲပစ်လိုက်ပြီး ပါးစပ်ပိတ်ထား၏။

www.burmeseclassic.com



"ဟိတ် မေးနေတယ်လေ"

"တွေ့ထားရင် ပြောလို့ပဲ မမပြောတာ မဟုတ်ဘူးလား"

နှုတ်ခမ်းက တည်နေပြီး မျက်ဝန်းတွေက ရယ်နေသည်။ ဘေး လှဲကြည့်နေပေမယ့် လှောင်ရိပ်ထင်နေသည့် ဆယ်နေ့ မျက်ဝန်းတွေ ကင်း မြင်နေရ၏။

"အဲဒါကို ပြောခိုင်းနေတာ မင်း တို့ကို မခိုးမခန့်ပြုံးတာတွေ ဆင်ခြင်၊ ယောက်ျားဖြစ်ပြီး ခဏခဏ ရိုက်ခံနေရတာကို ဂုဏ်ယူနေလား"

ဆယ်နေက ထူးဆန်းသောစကားကို ကြားလိုက်ရသလို ကင်း ပြန်ကြည့်သည်။

"ရိုက်ခံရတာ ဂုဏ်ယူစရာလား မမရယ်၊ ဒါပေမယ့် မမပဲ ကျွန်တော် ကို မမရဲ့ဘေးမှာရှိနေတဲ့အချိန်တိုင်း 'ဝါ ဘာကောင်မှ မဟုတ်ဘူး' ဟုတ်ဆို"

ကြည့်စမ်း...။

"ကျွန်တော် ဒီအတိုင်းပဲ သဘောထားလိုက်လို့ပါ။ မမနဲ့ လွတ်လပ်စွာ ပြောဆိုဆက်ဆံခွင့်ရချင်တယ်"

သူ စကားမဆုံးသေးဘဲ ရပ်လိုက်သည်။ မျက်တောင်ကော့တို့ ကပ်နေတဲ့အထိ စူးရဲပြုံးလက်နေသည့် ကင်းမျက်ဝန်းတွေကို သူ ခပ်ရဲ တဲ့ပြန်ကာ...

"ကျွန်တော်က မမအမြင်မှာ ဘာကောင်မှမဟုတ်ဘူးဆိုရင်လဲ ဘာ ဖြစ်လို့ ဒေါသမာနတွေ ထားနေတာလဲ မမ။ ခိုင်းချင်တာခိုင်း လွတ်လွတ် လပ်လပ် ဆက်ဆံပေးပါ။ စကားမှားသွားတိုင်း ရိုက်၊ မကျေနပ်တိုင်းရိုက် ကျွန်တော်က မနာဘူး"

"ဆယ်နေက"





"ဟုတ်ကဲ့"

"မင်း... မင်း ထွက်သွား ထွက်သွားစမ်း"

"ဟုတ်ကဲ့ မမ"

လက်နှစ်ဖက်ကို ကိုယ်မှာ ဆန့်ကပ်ကာ ဦးညွှတ်အဖလေးပြုသွား သိုက်သေးသည်။ ကင်း တစ်ယောက်တည်းကျန်နေခဲ့တော့မှ တက်ခေါက် ဆိုက်မိ၏။

စားပွဲပေါ်မှာ ချထားရစ်ခဲ့သော 'ခင်မဒီ' စတိုးဆိုသည့် စာတမ်းနှင့် အိတ်ကြီးကိုလည်း မျက်လုံးတွေ ရောက်သွားခဲ့၏။

ဒီကောင်လေးက ဘာလဲ၊ မျက်ဝန်းတွေဟာ နာခံတတ်တဲ့အကျင့် ရှိသူမှန်း သိသာစေခဲ့လျက် သူမရှေ့မှာ 'ဟုတ်ကဲ့ မမ' ဆိုတာကို စိတ် ဘော ကိုယ်ကော ညွတ်၍ပြော၏။

ရိုက်ပစ်လိုက်တုန်းကလည်း ခေါင်းငုံ့နေခဲ့သည်။ ဒီနေ့ ခိုင်းခဲ့သည့်ကိစ္စ မှာလည်း ဘာတွေမေးမြန်းပြောဆိုဖို့ ဒီထိ ဝင်ရောက်လာခဲ့တာလဲ။

ဘာမှမပြောဘဲ ပြန်ထွက်သွားတာ ဘာအကြံတွေနဲ့ မျိုသိပ်သွား တာလဲ။

"ကင်းရေ ထမင်းစားမယ်ဟေ့"

ကင်းမျက်နှာ တံခါးဝဘက်ကို လှည့်ကြည့်မိပြီးဖြစ်သွား၏။ ဒေါ်နီတာက သွားအဖွေးသားပေါ် အောင်ရယ်လျက် အခန်းဝမှာ ပေါ်လာ သည်။ သူမပုန်းပေါ်မှာ လယ်လယ်က မျက်လုံးပြူးပြူး။ ခေါင်းက ဂနာ မငြိမ်။

"ကင်းရေ ထမင်းစားမယ်"

လယ်လယ်ကပဲ ထပ်ခေါ်၏။ ဒေါသက မပြေချင်ပေမယ့် ကင်း စိတ် တွေတော့ ပြောင်းသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကင်း ထမင်းစားမယ်"

ထပ်ခေါ်တော့မှ ခေါ်နီတာက သူ့ခေါင်းလေးကို လက်တစ်ဖက်နဲ့ ဖိပွတ်လိုက်ပြီး တော်တော့လို့ ပြောလိုက်တာမျိုး လုပ်၏။

"သူက လူတွေကို နာမည်ပဲ မှတ်ထားတာ ကင်းရဲ့၊ ကိုကို၊ မမ သင်လို့ မမှတ်ဘူး၊ နင်နဲ့ငါနဲ့ပြောရင် လူလိုပဲ၊ ကင်း အပျင်းပြေတာပေါ့၊ အခန်းထဲမှာ ခေါ် ထားပါလားဟင်"

ကင်းက ခေါင်းခါသည်။ စကားတတ်တဲ့ ချစ်ဖို့ကောင်းပေမယ့် လူကို ပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ကိုဖြစ်ဖြစ် ချစ်မိဖို့ဆိုတာကို နှလုံးနာနေမိ၏။ ပြီးတော့ ဘယ်လောက်ပဲ စကားတတ်တယ်ပြောပြော တိရစ္ဆာန်က တိရစ္ဆာန်ပဲဖြစ် သည်။

ကိုယ့်စိတ်မှာ စိတ်ပျက်ခြင်း၊ ပျော်ရွှင်ခြင်း တစ်စုံတစ်ရာကို ခံစားနေရ တုန်းမှာ မလိုအပ်တဲ့ စကားတွေလာများနေရင် ချစ်စရာကောင်းဦးမလား။

စိတ်နဲ့ကိုယ် တစ်ထပ်တည်းမကျသမျှမှာ သံယောဇဉ်ဆို နှယ် တစ်ပင်တောင်မှ မမြင်ချင်။





## အခန်း (၈)

ကင်န်တင်းမှာထိုင်ကြတော့ အဲဝါနဲ့ဆယ်နေက စားပွဲတစ်လုံး ရှင်းသာတို့လူစုက နောက်မှာ စားပွဲသပ်သပ်နှင့်။

"ဘာပြောစရာရှိလို့လဲ ပြောလေ"

"ဒီမှာပဲ ပြောရမလား"

ဆယ်နေက အဝါ့မျက်နှာကို ကြည့်၏။ မျက်ဝန်းတွေမှာ အဖြေကို ရှာကြည့်သည့် သံသယမျက်လုံးများကို သတိထားမိကာ ပါးစပ်ထဲမှာ ရှုံ့သိပ်တန်းစီနေသည့် အဝါ့စကားတွေကို စိတ်ပင်စားသွား၏။

"ပြောပါ၊ ဘာစကားမို့လို့လဲ"

သူ ခပ်အေးအေးပဲပြောတော့ အဝါက အထက်စီးဆန်သည့်မျက်နှာ နှင့် ခေါင်းညိတ်လိုက်၏၊ အင်္ကျီအဝါရောင်မှာ နားဆွဲဝိုင်းကလေးကလည်း အဝါရောင်ပဲဖြစ်သည်။

နဝိုကတည်းက ဝါညက်ညက် ဖြူဝင်းဝင်းကလေးမို့ အဝါရောင်လို ထိုင်ဝတ်တတ်သည့် အဝါက အချိန်မရွေး လှနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အလွန်လှသော မိန်းမတွေကိုပဲ စိတ်ဝင်စားဟတ်သည့် ဆယ်နေဟာ သူ့အနားမှာထားပြီဆို အားလုံးထဲမှာ ထင်းနေသည့်မိန်းမ ဖြစ်မှာ။

"ပြောလေ အဝါ"

"ပြောမှာပါ။ အဝါက နေရာရွေးမလားလို့၊ ပြောဆိုတော့လဲ ပြောမယ်၊ စာမေးပွဲပြီးရင် ကို ဘာလုပ်မလဲ"

"ဒါလား"

စတောင်ဘယ်ရီမစ်ရှိတ်ကို မွှေနေရင်း ဆယ်နေ မျက်လုံးပင့်ကြည့်ကာ...

"မင်းပြောချင်တာ အဲဒါဟုတ်ရဲ့လား အဝါ"

"မဟုတ်ဘူး။ ဒါပေမယ့် ပတ်သက်နေလို့ပါ။ ကို ဖြေပါကွာ"

"ဒီတိုင်းပဲပေါ့။ ကျောင်းပြီးရင် ဘွဲ့ရကြမှာပဲ၊ တို့မှာ လုပ်ငန်းတွေ ရှိသားပဲ၊ အဲဒီထဲဝင်ရမှာပဲ၊ ဘာထူးဆန်းနေလို့လဲ"

အဝါက မျက်မှောင်လေးကြုတ်နေလျက် ခေါင်းခါသည်။ ဟန်ဆောင်တည်ငြိမ်ထားခဲ့ပုံရသည့် မျက်နှာလေးက သိသာစွာ အရောင်ပြောင်းလာခဲ့ရင်း...

"ထူးဆန်းတာ ရှိနေလို့ပေါ့ ကို၊ ကို့ရဲ့လုပ်ငန်းတွေက ဘယ်သူပိုင်တာတွေလဲ၊ ဒေါ်ရန်ကင်းလား၊ ကိုလား"

"တို့လေ၊ တို့က အမွေစားအမွေခံသားပါ။ ဘာလဲ အဝါ မယုံဘူးလား"

အဝါက နောက်ထပ် ခေါင်းခါပြန်သည်။ သူမရင်ထဲမှာ ကြားထားသိထားရသမျှကို ဆယ်နေက မသိသေးသဖြင့် ခပ်ပေါ့ပေါ့ ရယ်ကျဲကျဲ ပြောနိုင်နေတာမှန်သည်။ ဒါပေမယ့်...





ပတ်ဝန်းကျင်ကတောင် သိနေသည်ဆိုလျှင် ကိုယ် ဘာဖြစ်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကို သတိမထားမိဘူးလား။

"ကို့ကို အဝါ ပြောစရာရှိတယ်"

"အင်းလေ ပြောစရာရှိတယ်ဆိုလို့ ဒီမှာခဲ့ထိုင်ကြတာပဲဟာ၊ ပြောစရာရှိတာ ပြောပေါ့၊ ဘာတွေရှိသေးသလဲ ပြော"

"ကို့နဲ့ ကို့ရဲ့ မွေးစားအမေ"

"ဘယ်လို"

ဖန်ခွက်ကိုကိုင်လိုက်သည့်လက်က တင်းခနဲဖြစ်သွား၏။ ဆယ်နေ မျက်နှာပျက်သွားပေမယ့် အဝါက စိတ်ကိုတင်းပစ်လိုက်ပုံမျိုးနှင့် မျက်နှာလွှဲ၏။

"လူတွေပြောနေကြတာ၊ အများကြီးပဲ ကို၊ ကို့ရဲ့မမဆိုတာ ဘယ်ကလာသလဲ အဝါ မသိဘူး၊ သိပ်လှတာ၊ သိပ်နုတာ၊ ပြီးတော့ ကို့ကို ချစ်နေတာက သူ့အတွက်ဆိုတာကို လူတွေက..."

"ဟာ အမိုက်စားမရှို..."

အဲ့ဒါကို သူ မေ့လျော့ကာ ပိတ်အော်ပစ်လိုက်မိ၏။

"ဟာ..."

"ဘာဖြစ်တာလဲ"

မေးသလိုလို၊ သတိပေးသလိုလို စကားသံသဲ့သဲ့က ချိမ်းသာတို့ဝိုင်းဆီ ပုံ့လွင့်လာသည်။ စားသောက်ပွဲတွေကလည်း လှည့်ကြည့်ကြ၏။ အဝါ မျက်နှာလေး တင်းသွားကာ...

"အမိုက်စားရှိနေတယ် ကို၊ အဲဒီစကားတွေ ပြောရမှာမို့လို့ ကို့ကို အပြင်မှာသွားပြောဖို့ အဝါ ပြောခဲ့တာ၊ နု ကို ဒေါသထွက်ပြီမဟုတ်လား၊ အစပဲရှိသေးတယ်၊ ကိုတို့အကြောင်း လူတွေ ဘယ်လောက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြသလဲ သိလား"

အဝါက စားပွဲစွန်းမှာ ကိုယ်လေး ဖိကပ်နေတဲ့အထိ ရှေ့ကိုကိုင်း၍ လေသံကိုနှိမ့်ပြောသည်။ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပြောဆိုပေးဖို့အတွက် ထုံးစံမပျက် ရှိခဲ့တဲ့ အသိုင်းအဝိုင်း တစ်ခုပဲလား။

"ခင်မဒီစတိုးကို ကို ရောက်လာခဲ့တဲ့ကိစ္စလေ"

အဝါက ထိုကိစ္စကို အစပြန်ဖြေကာ သူ ခံစားခဲ့ရသည့် ဘာမှန်းမသိသော နောက်ကွယ်ကကိစ္စတွေကို ပြောပြခဲ့လေသည်။

"အဝါ ညည်းက ဒီကောင်နဲ့ ဘာလဲဟင်"

ခေါ် လိုက်တုန်းကတော့ တစ်ခုခုခိုင်းစရာရှိလို့ လှမ်းခေါ်သလိုလိုနှင့် အနားရောက်တော့ အန်တီက အဝါ့လက်မောင်းကို ဆောင့်ဆွဲသည်။ ဆယ်နေ့ ထွက်သွားသည်ဆီ လှမ်းကြည့်လိုက်သေးကာ…

"အဲဒီကောင်လေးက သူ့အမေလောက် မိန်းမတစ်ယောက်နဲ့ မရှုပ်မရှင်းဖြစ်နေတာ သိရဲ့လား"

"မဟုတ်တာ အန်တီရယ်၊ ကို… အဲ… ဆယ်နေ့က အဝါတို့နဲ့ ကလပ်မိတ်ပါ၊ ဒီလောက်အရွယ်ကိုမပြောနဲ့ သူ့ကို စပြီးမိတ်ဆက်တဲ့ မိန်းကလေးတွေရှိတာတောင် တော်ရုံလှတာလောက်ကို ဂရုစိုက်ခဲ့တာမဟုတ်ဘူး"

"ဘယ်ဂရုစိုက်မလဲ၊ သူက ညည်းတို့လို မထိမတွေ့ဖူးတဲ့လူမှ မဟုတ်တာ၊ လူကသာ ကျေ…ငံ့သား၊ စိတ်က ကျောင်းသား မဟုတ်တော့ဘူး အချိန်တန်ရင် ချမ်းသာကဲ့မိန်းမတစ်ယောက်ကိုယူပြီး အေးဆေး ဒုန့်နေမယ့်သူ၊ ပြီးတော့ ရန်ကင်းဆိုတာ ညည်း မြင်ဖူးလို့လား"

မမြင်ဖူးတော့ အဝါရောင်က ခေါင်းလေးခါသည်။ ပြောချင်နေသည့် ဒေါ်မြင့်မြင့်သွယ်က မျက်နှာအရင်မဲ့သွား၏။

"ညည်းတို့အဖျိုလေးတွေ လိုင်ပိုသွားရနိုင်တယ် သိရဲ့လား။ သိပ်လှတဲ့





…ဒါတို့နဲ့ အသက် သိပ်မကွာဘဲနဲ့ အများကြီးကွာတယ်လို့ ထင်ရ …ာက်အောင် နဖတ်အိစက်နေတာ၊ သူက ယောကျ်ားမှမရှိတာ၊ ပြီး …တော့ ချမ်းသာလိုက်တာ ကျိကျိတက်၊ မွေးလာကတည်းက ဆင်းရဲဖူးတဲ့ … မဟုတ်ဘဲ"

"သူ့ကို အမွေစားအမွေခံမွေးတာပဲ အန်တီ၊ ဒီမိန်းမကြီးနဲ့ မယူ လဲ … ရမယ့်အမွေက ရှိပြီးသားဥစ္စာ"

"အမယ်လေး အမွေစားအမွေခံဖြစ်တော့ ဘာလုပ်ရမှာလဲ၊ ကိုယ် …တားတဲ့သားသမီးတောင် အမွေဖြတ်ချင် ဖြတ်လို့ရတယ်၊ အချိန်မရွေး …တ်လို့ရတယ်၊ သူက ဘာမို့လို့လဲ၊ ကင်းက သိပ်ထက်တာ၊ သူ့ကို …ကြည့်ပါလား ဒီကောင် ခြူးတစ်ပြားမှမရဘဲ ကန်ချခံရမှာ"

ပြောသမျှထဲမှာ ဆယ်နေ့ကဲဆိုတဲ့ကောင်ကို ဖြုတ်ထုတ် ဖွဲ့ရှုံ့ဖို့ …ယ်ချက်နှင့်သာသာထိုးထိုး ပိုပိုမိုမိုတွေပါပဲ။ ဒါပေမယ့် အ^ါရောင် …တော့ သူမ၏ ဖြုတ်ထုတ်ဖွဲ့ရှုံ့ချင်စရာက ဆယ်နေ့ကဲမဟုတ်ဘဲ …င်းဖြစ်နေခဲ့၏။

"တော်တော်လှတယ်၊ ထက်လဲထက်တယ်ဆိုရင်လဲ သူ ဒီလောက် …ာတာ ဆယ်နေ့ထက်သာတဲ့ယောကျ်ားကို ရွေးယူလိုက်ပါလား"

"အေး အဲဒါ ညည်းပဲ သွားပြောတော့"

ဒေါ်မြင့်မြင့်သွယ် ငေါ့ပြောတော့ အဝါရောင်က နှုတ်ခမ်းလေး စူသွား

"သူများကိုမပြောပါနဲ့ ညည်းကိုညည်း အရင်မေးဦး၊ အဲဒီကောင် …ာတာတွေ ညည်း ရှာယူလို့မရဘူးလား၊ တစ်လောကလုံးမှာ သူ့ …ချာတာ မရှိတော့ဘူးလား၊ ကြိုက်စရာ ဒီလောက်ရှားနေသလား"

"အန်တီကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအန်တီကလဲလဲ၊ ကျုပ်က ညည်းမိဘတွေရဲ့ အထောက်အပံ့ အောက်မှာ နေရတာယ်ဆိုပြီး ငြိမ်ငြိမ်လေးနဲ့ လက်လျှိုစားနေမယ်မထင်နဲ့ အဝါရောင်၊ မတော်တာတွေ့ရင် ဆိုးမရမှာပဲ၊ အမုန်းခံပြီး ပြောရမှာပဲ"

"အဝါက ဘာပြောနေလို့လဲ၊ သူနဲ့အဝါက..."

"မသိချင်ဘူး၊ ရိုးရိုးပဲဖြစ်ဖြစ်၊ ဆန်းဆန်းပဲဖြစ်ဖြစ် ဒီကောင်လေးနဲ့ လုံးဝ မတွဲရဘူး၊ ဟွန်း..."

ဒေါ်မြင့်မြင့်သွယ်သည် ကောင်းကောင်းမွန်မွန် ပြောဆိုဆုံးမဖို့ ဖြစ် ခင်ထားခဲ့ပေမယ့် သူမ ထင်သလောက် မလွယ်ကူမှန်း သိလိုက်ရသဖြင့် ဒေါသတွေထွက်လာခဲ့ခြင်းဖြစ်သည်။

"တင်းက သူ့ကိုယ်တိုင် မကြေညာရုံတစ်မယ်ပဲ သိလား၊ ဒီကောင် လေးကို မွေးစားသားလို့ ပြောရင်တောင် မကြိုက်ချင်ဘူး၊ 'မွေးစားတာ ဟုတ်တယ်၊ ဒါပေမယ့် ကျွန်မသား မဟုတ်ဘူး'တဲ့၊ ကဲ..."

နားထဲမှာ ဗုံးတစ်လုံးကွဲသွားသည့်နှယ်...

ကြားလိုက်ရစဉ်ကလည်း အဝါရောင် နားလည်းရှက်၊ ရင်လည်းနာ ဆယ်နေ့ကို ပြန်ပြောပြတော့လည်း ဘာဖြစ်မှန်းမသိဘဲ အဝါရောင် အသံ တွေ တုန်နေခဲ့သည်။

ကင်န်တင်းမှာပါလားဆိုသည့် အသိနှင့် ထိန်းချုပ်ထားရပေမေ တကယ်က သူ့မျက်နှာကို မော့ခိုင်းပြီး သေသေချာချာကြည့်ပြီး မေး သည်။

ဒီပုံစံဖြစ်လာခဲ့လျှင် အကျီရင်ဘတ်စကို စုလုံးဆုပ်ကိုင်ကာ စိတ် လက်ရှိ တွန်းထိုးရိုက်ပုတ်ပစ်ချင်၏။ ခုတော့...

"ပြောလေ ကို၊ ကို ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ"

ဆယ်နေက စတော်ဘယ်ရီခွက်ကို မျက်မှောင်ကြုတ် ကြည့်နေ





လှုပ်မယှက် ထိုင်နေ၏။

အဝါ စကားဆုံးသွားတော့ ဖန်ခွက်ကိုယူပြီး မော့သောက်ပစ်လိုက် သည်။

အဝါရောင့်ရင်ထဲမှာ သံချွန်တစ်ချောင်းနှင့် ထိုးဆွခံနေရသလို တဆစ် ဆစ် စူးအောင့်လာခဲ့၏။

"သူက သူ့သား မဖြစ်စေချင်ဘူးတဲ့၊ သူ့ဆန္ဒက ဒီတိုင်းပဲ ရှိနေတာ၊ ဘယ်လိုရှုန်းထွက်မလဲ"

အဝါရောင်က သည်းခံစိတ်ကို ဆက်မွေး၏။ ဆုပ်ထားတော့စူးသည်၊ ရှုမှာမှန်းလည်း သိ၏။ ဒါပေမယ့် အဝါရောင့်အဖြစ်က မစားမရဲဘဲ သည်းဖြစ်နေကာ လွှင့်လည်းမပစ်နိုင်။

ဆယ်နေ့ကဲ့ဆိုသောယောကျာ်းကို မိန်းကလေးများစွာ ညွတ်ဆင်း ခဲ့ကြတဲ့အထဲမှာ သူမလည်း ပါခဲ့၏။

"ကိုက သူ့ခိုင်းသမျှတွေ လုပ်ပေးနေရတယ်၊ သူ မွေးထားတဲ့သူ တွေကရှိနေတော့ ပြောတဲ့လူတွေက ပြောကြမှာပဲ ကို၊ ဟိုနေ့က စတိုး ဆိုင်မှာ ကို ဝယ်ခဲ့တဲ့ပစ္စည်းတွေကို ဘာတွေဆိုတာကော ကို သိရဲ့လား"

ပြန်ပြောတာကို စောင့်လိုက်ပေမယ့် ဆယ်နေက မဖြေခဲ့ပါ။

ရေငုံနှုတ်ပိတ်နေခြင်းဖြစ်၍ စီးကရက်ဘူးကို လှမ်းကိုင်သည်။

"ကို..."

အဝါရောင်က စီးကရက်ဘူးကို လှမ်းကိုင်ထားလိုက်ကာ...

"သူ ကို့ကို အဲဒီလို ကြိုးရှည်ရှည်နဲ့လှန်ထားတာ ကို မသိခဲ့ဘူးလား၊ ကို စကားဖြစ်ဖြစ်၊ အမူအရာဖြစ်ဖြစ် တစ်ခုခုနဲ့ မသိစေခဲ့ဘူးလား၊ ခုပြောကွာ၊ အဝါ အဲဒါကို လုံးဝ တင်းတယ်နော်"

"တင်းတာ ပြန်လျှော့လိုက်ပေါ့ အဝါ၊ ဘာမှ အဓိပ္ပာယ်မရှိတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲထည့်နေရင် မင်းနဲ့ကိုယ် ဒီနေရာမှာပဲ ပြီးဆုံးသွားကြလိမ့်မယ်"

"ဘာ..."

"ဟုတ်တယ်၊ စကားက အဲဒီလို တည့်တည့်ပြောလိုက်ရင် မချိုဘူး မင်းပြောသလို ဘာမှမဟုတ်ဘူးဆိုတာ ကိုယ် သိတယ်၊ မဟုတ်ဘူးဆိုတာ ထက် ပိုရှင်းပြဖို့လဲ ကိုယ့်မှာ မရှိဘူးလေ"

"ဘယ်ရှိမလဲ ကို၊ ကို မသိပေမယ့် သူ့ဘက်က ဟုတ်နေတာကို အားလုံး သိနေကြတာပဲ"

ဆယ်နေက စီးကရက်ဘူးကို ဆွဲယူလိုက်ပြီး တစ်လိပ်ထုတ်ယူသည်။ လောကကြီးက ရယ်စရာကောင်းနေတာလား။ လူတွေက ဟာသတွေ ပြောနေကြတာလား။ ရန်ကင်းဆိုသည့်မိန်းမ ဘယ်လောက်ထိ မောက်မာ ရိုင်းပျသလဲဆိုတာ သူ့ထက် ဘယ်သူ ပိုသိသလဲ။ ကိုယ့်ကိုကြည့်ရတာ နေဆယ်စင်းမက ပူလောင်ပါသည်ဟု ပြောခဲ့သူ။

ဒူးအထက်မှောက်ကြည့်တာတောင် မကြိုက်ခဲ့တဲ့မိန်းမ။ လှတယ် ပြော လို့လည်း အရိုက်ခံပြီး ကြွေးဆပ်လိုက်ရသည်။ စီးကရက်မီးညှိရင်း သူ ပြုံးလိုက်တော့ အဝါရောင် ဆတ်ခနဲ ထရပ်လေသည်။

သူ မော့မကြည့်ပါ။ ဘေးမှာကပ်လျက်ရှိသည့် ချမ်းသာတို့ မျက်လုံး တွေ ဒီဘက်ရောက်လာကြ၏။ အဝါရောင်က သူ့ကိုပဲ ငုံ့ကြည့်ကာ...

"အဝါ ပြောနေခဲ့သမျှ စကားတွေက အလကားပဲပေါ့၊ ဟုတ်လား ကို၊ အဝါ ကို့ရဲ့ဂုဏ်သိက္ခာကို နှမြောလို့ ပြောပြတာ၊ ကို့ရဲ့ အနာဂတ်မှာ ငြိစွန်းသွားမှာစိုးလို့ ကို သတိထား ရှောင်နိုင်အောင် ပြောပြတာပါ၊ ကို့ရဲ့ ယုံကြည်မှုက ဒီမိန်းမဘက်ကနေ နည်းနည်းမှ မလျှော့ဘူးဆိုရင်လဲ ပြီးတာ ပဲ၊ အဝါက အချစ်အတွက်နဲ့ဆိုရင် တွင်းတူးမိုက်ရဲတယ်၊ မဆီမဆိုင်နဲ့ တစ်ဖက်သတ်ပေးဆပ်ဖို့ထိတော့ မကြောင်ဘူး"





အဝါရောင် ချာခနဲ လှည့်ထွက်သွားသည်။ ပြဿနာတစ်ခု ခုဆိုတာ ။းလည်လိုက်ကြသည့် တခြားစားပွဲက မျက်လုံးတွေ ဒီဘက်ဝေ့လာ ကြ၏။

ချမ်းသာက သူ့ဘေးကို ဖျတ်ခနဲလာထိုင်ချကာ...

"ဘာဖြစ်တာလဲ ဆယ်နေ"

"မြင်တဲ့အတိုင်းပဲ"

ဆယ်နေမျက်နှာ နီရဲတင်းမာလျက်ရှိ၏။ ချစ်သူက ထားခဲ့လို့ ကြေကျ ခြေသွားတာလား၊ ပတ်ဝန်းကျင်ထဲမှာမို့ ရှက်နေတာလား...

ရည်းစားနဲ့ကွဲရတာလောက်ကို ဆယ်နေ ဤသို့မဖြစ်ခဲ့ဖူးတာ သေချာ သည်။

အဝါရောင် ဘာတွေပြောခဲ့လို့လဲ...။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အပေါ်ထပ်ကို တောက်လျှောက်တက်လာခဲ့ရင်း ကိုယ့်စိတ်ကူးနှင့် ကိုယ် ပြုံးလိုက်မိသည်။ လှေကားထိပ်ကနေ မျက်စိတစ်ဆုံးကြည့် သည်။ ဘေးကပွင့်နေသည့် အခန်းတွေထဲ လိုက်ကြည့်၏။

ပြီးတော့ ရှေ့ဆက်လျှောက်လာခဲ့သည်။ နှစ်ခန်းကျော်မှ ဝရန်တာနှင့် တွဲလျက် အပေါ်ထပ်ဧည့်ခန်းရှိနေသည်။ ဒီအချိန်ဆို မာမီတာ ဘုရားပန်း လဲနေမှာပဲဆိုတာ သိသောကြောင့် ဝရန်တာကို ထွက်ကြည့်လိုက်၏။

ထင်သည့်အတိုင်းပါပဲ၊ မာမီတာက ဘုရားပန်းလဲနေလျက် သူမ ထက်မှာ သာလိကာလေး။

"မာမီတာ"

"ဟင်..."

ထူးတာမဟုတ်ဘဲ မာမီတာက လန့်သွားသလို ဖျတ်ခနဲ လှည့်ကြည့် ၏။

"ကျူးရှင် ပြန်လာတာလား"





"ဟုတ်တယ်၊ မာမီတာ ငှက်တစ်ကောင်လုံးကြီး ပခုံးပေါ် ထမ်းထား ရတာ မလေးဘူးလား"

ဒေါ်နီတာက ပန်းကိုင်က အောက်ညာတွေ ဖွဲ့ချရင်းရယ်သည်။

"မလေးပါဘူးတော်၊ ငှက်ကလေးတစ်ကောင်ကို လေးစရာလား၊ လယ်လယ်နဲ့ အလုပ်လုပ်ရတာ အပျင်းတောင်ပြေသေးတယ်"

"ဟုတ်လို့လား"

ဆယ်နေက လယ်လယ့်ဘေးမှာရပ်ကာ ခါးကိုင်း၍ မျက်လုံးပြူးပြူး လေးတွေကို သေချာစိုက်ကြည့်လိုက်သည်။ လယ်လယ်ကလည်း ခေါင်း လေးငဲ့၍ သေချာကြီး ပြန်ကြည့်၏။ မာမီတာ့ ပခုံးပေါ် မှာမြင်တိုင်း ခေါင်း လေးပုတ်ခဲ့လိုက်၊ နှုတ်သီးလေးကို လက်ညှိုးနှင့်တောက်ခဲ့လိုက်နှင့် သူ့ နှောက်နေကျမို့ လယ်လယ် သူ့ကို သိနေမှာပါ။

ဒါပေမယ့် ချစ်ခင်မြတ်နိုးစွာတော့ မဖြစ်နိုင်။

"ဟိတ် ငါ့ကိုသိလား"

"ဆယ်နေကဲ"

"ဟား ဟား ဟား"

ဆယ်နေကော ဒေါ်နီတာပါ သဘောကျစွာ ရယ်လိုက်ကြ၏။

"မသိဘဲနေမလား၊ သူက သူ့နှုတ်သီးကိုကိုင်တာ လုံးဝ မကြိုက်ဘူး။ သားက သူ့ကိုနှာအောင်လုပ်လုပ်သွားတော့ စိတ်ဆိုးတာပေါ့၊ အဲဒါ မာမီ တာ ချော့နေရတာ"

"ဟုတ်လား၊ ဟား ဟား ရယ်ရတယ်"

"မလုပ်ပါနဲ့ သားရယ်၊ သူ့မှာ သခင်အသစ်တွေနဲ့ အသားမကျရှာဘဲ အထဲ ချစ်ချစ်ခင်ခင် ဆက်ဆံစမ်းပါ။ သနားပါတယ်"

"သူ့ကို မမကကော မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တာပေါ့၊ ဒါပေမယ့် သူ့နားမှာထားတာ မကြိုက်ဘူး"

"ဒါဆို သူက မာမီတို့ဘေးမှာပဲ နေရတာပေါ့"

"ဒါပေါ့၊ မျက်နှာငယ်လေးပါကွယ်"

ဆယ်နေက ပြုံးလိုက်ပြီး လယ်လယ့်ကိုယ်လေးကို ဆုပ်ကိုင်ရ လိုက်၏။

"ကျွန်တော်ထဲ ပျင်းနေတာနဲ့ အတော်ပဲ၊ ခဏခေါ်သွားမယ် ဖေ"

"ဟဲ့ ဟဲ့ သား"

ဒေါ်နီတာက ပန်းအိုးလေးကိုင်လျက်နှင့် လိုက်လှည့်ကြည့်သည် လယ်လယ်က လည်ပင်းလေးရှည်ထွက်လာကာ..

"မယ်နီတာ ဆယ်နေကဲ ငါ့ကိုရိုက်မှာ၊ မယ်နီတာ ငါ့ကို ပြန်ခေါ်ဖ"

"အို.. တိုင်နေပြီ သားရယ်"

"ဟား ဟား ကောင်စုတ်လေး တိုင်လိုက်တာ ကလေးပေါက်စလေ ကျနေတာပဲ၊ ငြိမ်ငြိမ်နေ မင်းကို ဘာမှမလုပ်ဘူး"

ဒီကောင်လေး ဒီလောက်ပြောတတ်မှန်း သူ တကယ်မသိပါ။ နှုတ်တိုင် ချပေးတာလောက်ပဲ ပြောတတ်သည်ဟု ထင်ခဲ့၏။

ခုတော့ ထင်ထားတာထက် အများကြီးလည်နေသည်။

ကောင်းတာပေါ့၊ များများပြောတတ်လေ ကောင်းလေပဲ။





## အခန်း (၁၀)

ညစာထမင်းစားပြီး အပြင်ထွက်လာတော့ ဧည့်ခန်းက ရှိုးကေ့စ်ပေါ် မှာ လယ်လယ့်ကို ကင်း တွေ့လိုက်၏။ ထမင်းစားခန်းထဲ ခေါ်သွင်းတာ ကြိုက်မှန်းသိသဖြင့် သူမအတွက် ထမင်းပွဲပြင်ပေးတုန်း ဒေါ်နီတာ ဒီမှာ ထားခဲ့တာဖြစ်မည်။

ရှိုးကေ့စ်ပေါ်က စောင်းကောက်ကြီး၏ထိပ်ဖျားမှာ လယ်လယ်က နေလျက် ကင်းကို ငုံ့ကြည့်နေသည်။ ရောက်စကတော့ လှောင်အိမ်နှင့် ပြီး ခုတော့ ဒီတိုင်းပဲထားခဲ့သည်။ အိမ်သားတွေအပေါ်မှာ ယဉ်ပါးသွား လည်းမြန်ပါသည်။

ကိုယ့်အနားကို သိပ်မထားဖြစ်ပေမယ့် အိမ်သားတွေ၏ နာမည်တွေ ခေါ်ကာ ဒေါ်နီတာနှင့်စကားတွေပြောနေကြတာလည်းကြားဖူးသည်။

ဆိုဖာမှာ ထိုင်ခါနီးမှ လယ်လယ့်ကို ကင်း စူးစူးစိုက်စိုက် လေးကြည့်မိ သည်။ အရင် သခင်လင်မယားကြားမှာ ရန်ဖြစ်အောင် ပြန်ပြောပြန်တိုင်နှင့် ထားတွေရှုပ်ထားခဲ့သော သတ္တဝါလေးအဖြစ် အနားမှာထားဖို့ကို မလို သောဖြစ်ခဲ့ရခြင်းပင်။

ချစ်စရာလေးမို့ ချစ်တော့ချစ်မိသား။ ကင်းက လယ်လယ့်ကို ပြုံးပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်၏။ ထို့နောက် စားပွဲပေါ်မှာ အဆင်သင့်ရှိနေသည့် ပန်းသီးတစ်လုံးကို လှမ်းယူကာ..

"ဒေါ်လေးနီ ပန်းသီးနွှာရအောင် ဓားလေးယူခဲ့ပါဦး"

လှည့်မကြည့်ဘဲနှင့် ဓားတောင်းတော့ ဒေါ်နီတာ့ထံမှ 'အေး လာပြီ' ဆိုသည့်တုံ့ပြန်သံလည်း ကြားပါသည်။

ကင်းက ပန်းသီးကိုတစ်ဖက်ကိုင်ကာ မျက်လုံးတို့က ပန်းအိုးဆီ ရောက်သွား၏။ ပန်းအိုးထဲမှာ အဖူးသေးသေးနှင့် အစွမ်းကုန် ပွင့်အာနေပြီဖြစ်သည့် နှင်းဆီနှစ်ခိုင်ကို မလိုက်ဖက်စွာ ထိုးစိုက်ထား၏။

ကင်း ကဗျာမဆန်တတ်ပေမယ့် တင့်တယ်ခြင်း၊ မတင့်တယ်ခြင်းလောက်တော့ ကြည့်တတ်ပါသည်။ လက်က ပွင့်အာနေသည့် နှင်းဆီပန်းခိုင်ကို လှမ်းကိုင်လိုက်မိလျှင်...

"မမက ပန်းကလေးတွေထက်လှတယ်"

"ဟင်..."

ကင်း ကြောင်တောင်တောင်ဖြစ်သွား၏။ ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကိုယ့်နောက်မှာ ဒေါ်နီတာသည် သစ်သီးနွှာသည့်ဓားပါးကလေးကိုင်လျက် တောင့်တောင့်ကြီးရပ်နေ၏။

"မမက သိပ်ချစ်ဖို့ကောင်းတယ်"

ကင်း မျက်လုံးတွေ လယ်လယ်ဆီရောက်သွားလေသည်။ လယ်လယ်သည့် ကင်းကိုပဲ မျက်လုံးပြူးလေးတွေနှင့်ကြည့်နေကာ..

"မမကို ကျွန်တော် ချစ်တယ်"

ကင်း ဝုန်းခနဲ ထရပ်လိုက်သည်။ လူ ထလိုက်တာ အသံမပြည်ဘဲ လွှတ်ချပစ်လိုက်သည့် ပန်းသီးက စားပွဲပေါ်က ပန်းသီးတွေကို ဆွဲချအဖော်ခေါ်သွားသောကြောင့် အသံတွေ ဝုန်းဒိုင်းကြဲမြည်သွားခဲ့ခြင်းဖြစ်သည်





"မမကို ကျွန်တော် ချစ်တယ်"

"မမက ပန်းလေးတွေထက် လှတယ်"

"မမက သိပ်ချစ်ဖို့ကောင်းတယ်"

"ဟိတ် တိတ်စမ်း"

"ဒုန်း"

"အို.. သမီး..သမီးလေး မလုပ်ပါနဲ့ကွယ်"

"ဝုန်း ခွမ်း"

ဒေါ်နီတာ တားသော်လည်း မမီလိုက်ပေ။ လယ်လယ့်ကို ကင်းက ပန်းအိုးနှင့် ကောက်ပစ်လိုက်၏။ လယ်လယ်က သုတ်ခနဲ ထပျံသွားကာ ပန်းအိုးက စောင်းကြိုးတွေကို ထိသွား၏။ အရှိန်နောက်ကို စောင်းက ပါသွားခဲ့ပြီး တစ်ဖက်ကြားထဲသို့ ပြုတ်ကျ ကွဲသွားလေသည်။ ညှော်ခန်းထဲမှာ ဆူညံသံတွေ ဆက်တိုက်ကြီး ဖြစ်သွားခဲ့၏။

"တောက်.. ဒါ သက်သက်လုပ်ထားတာ"

"နေပါဦး သမီးရယ်၊ ဒေါ်လေး..."

"ဒေါ်လေးနီ ရှင်းလို့မရဘူး။ ဘယ်မှာလဲ ဆယ်နေကဲ၊ ခု သွားခေါ်သွား"

"သူ အပြင်ခဏဆိုပြီးထွက်သွားတယ် သမီးရယ်၊ ဟိုလေ ဆယ်နေဘာ သူငယ်ချင်းတွေလဲစုံတယ်၊ ချစ်...ချစ်သူတွေလဲ ထားတော့ တခြားတစ်ယောက်ယောက်ကိုများ..."

"အို.. ဒါ အသိသာကြီးပဲ၊ မလိုချင်ဘူး၊ အဲဒီငှက်ကိုလဲ သွားလွှင့်ပစ်လိုက်တော့၊ ဒီကိစ္စ..."

ကင်း စကားသံ ရပ်တန့်သွားသည်။ တံခါးဝမှာ လူရိပ်ပေါ်လာသဖြင့် လှည့်ကြည့်လိုက်တော့ ဆယ်နေကဲ။ ဆယ်နေက မြင်ကွင်းကိုတစ်ချက်ပဲ ဝေ့ကြည့်ပြီး အိမ်ထဲကို လှမ်းဝင်သွားလျှင်...



www.burmeseclassic.com

www.burmeseclassic.com



"ဆယ်နေကဲ"

ကင်းအသံက အံကြိတ်ထားရင် ထွက်ပေါ်လာသည့်အသံလို အေး စက်ပြတ်တောက်နေ၏။ ဆယ်နေ ပြန်လှည့်ကြည့်သည်။ ဒေါ်နီတာက မျက်စိမျက်နှာပျက်လျက် ရှီးကေ့စ်နောက်ကြားထဲကို ဝင်သွားသည်။

ထိုစဉ် ဘယ်က ထပ်ျလာမှန်းမသိသည့် လယ်လယ်က ဆယ်နေ့ပခုံး ထက်သို့ ကျကျနန လာနားလေသည်။ အခြေအနေက မီးလောင်ရာ လေပင့်လိုက်သလို...

"ဘာဖြစ်လို့လဲ မမ"

"မင်း..."

ကင်း ဒေါသကြောင့် အသားတွေတုန်ကာ စားပွဲပေါ်က ဆေးလိပ် ပြာခွက်လေး.ကို ကောက်ယူ၍ လွှဲပေါက်လိုက်၏။

"ဝှစ်"

"ခွမ်း"

ဆယ်နေက ခေါင်းငုံ့ရှောင်လိုက်သဖြင့် မျက်နှာရှေ့ကနေ ကပ်ကျော် က နံရံနှင့်ပစ်တိုက်ကွဲကြေသွား၏။

"မင်းနဲ့ အဲဒီငှက်ကို မမြင်ချင်ဘူး၊ သွား ခုထွက်သွားစမ်း"

နောက်ထပ်ကိုင်ပေါက်စရာရှာရင်း ကင်း ကတုန်ကယင် ဖြစ်နေ၏ ဘာတွေဖြစ်နေသလဲဆိုတာကို ဆယ်နေက တွက်လိုက်မိပေမယ့်

"လယ်လယ်က ဘာဖြစ်လို့လဲ မမ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီလောက် ဒေါသထွက်နေတာလဲ"

"ဘာပြောတယ်"

ကင်းက ဆိုဖာကြားထဲကနေ သူ့ရှေ့ရောက်အောင်ထွက်လာကာ

"မင်း ဒီသာလိကာကို ဘာတွေသင်ပေးထားသလဲ၊ မင်း... မင်း





ဒီလောက်ထိ အောက်တန်းကျတာတာသလား ဆယ်နေကဲ၊ ငါက မင်းအမေ လောက်ရှိတာ"

"မမ ကျွန်တော့်ထက် ဆယ်နှစ်ကျော်လေးပဲ ကြီးတာပါ"

"ဘာ..."

"အမေလောက်လို့ပြောတာ လွန်သွားလို့ပါ၊ လယ်လယ့်ကို ကျွန်တော် ဘာမှ သင်မထားပါဘူး၊ အဲဒါ တကယ်ပါ"

ဒေါ်နီတာသည် ရှီးကေ့စ်တစ်ဖက်ကနေ ဆတ်ခနဲ ထရပ်လိုက်တော့ ဆယ်နေနှင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။ ကင်း၏ ကျောနောက်ဘက် ရောက်နေသဖြင့် သူမက ဆယ်နေ့ကို ထွက်သွားဖို့ လက်ဟန်ခြေဟန်တွေ လုပ်ပြနေသည်။ မျက်နှာက စိတ်ပျက်ကြောက်ရွံ့ကာ ရှုံ့မဲ့လျက် လက် ကာခြေကာ ခါနေတော့သည်။

ဆယ်နေက ဖျတ်ခနဲသာလှမ်းကြည့်ပြီး မမြင်သလိုလုပ်ပစ်ကာ...

"လယ်လယ် မင်း ဘာတွေသွားပြောလိုက်တာလဲ"

ဟု လယ်လယ့်ကို ပြန်လှည့်မေး၏။ လယ်လယ်က တောင်ပံလေး ခတ်ကားလိုက်ပြီး...

"မမကိုချစ်တယ်၊ မမက ပန်းလေးတွေထက် လှတယ်"

"ဟာ ဘာတွေလျှောက်ပြောတာလဲကွ"

"နင်ပြောခိုင်းတာ"

"ဟာကွာ"

ဆယ်နေ မျက်နှာမဲ့ကျသွားကာ ကင်းကို ဖျာဖျာသလဲ လက်ကာပြသည်။

"အဲဒါမဟုတ်ဘူး မမ၊ ကျွန်တော်ပြောခိုင်းတာ မမကို မဟုတ်ဘူး၊ ပြောခိုင်းတာလဲ မဟုတ်ပါဘူး၊ ကျွန်တော် အိမ်မေးလ်နဲ့ ပရိုဂျက်လုပ်နေတာကို လယ်လယ့်ကို ဖတ်ပြထားမိတာပါ၊ ဘယ်ရယ်မဟုတ်ပါဘူး၊ အစမ်းမျိုးပဲ ပုံမောစရာလုပ်ပြီး ဖတ်ပြထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ မ ့ဘုတ်သလိုလို၊ ဟုတ်သလိုလိုတွေ ဆယ်နေ့မျက်နှာမှာ မြင်ရနေကျမို့ ရှင်းပြနေတာ သဘာဝကျ မယ့် ကင်း မယုံနိုင်။

ဆယ်နေ ဖြီးဖျန်းနေတာကို တွေးမိ၏။ သို့သော် ကိုယ့်ကို ဒီလိုကြီးတော့ ပြောရဲမှာမဟုတ်ဘူးဟု တွေးမိလိုက်ပြန်သည်။

ထို့ပြင် ကိုယ်က သူ့ကို မွေးစားထားသည့် အုပ်ထိန်းသူ။

ဆယ်နေဟာ ကော်ဖီရောင်ဝတ်စုံလေးနှင့် ကပိုကရိုလေး လှနေသည့် ကင်းကို အမှတ်တမဲ့ပဲ ငေးကြည့်ပြီး မျက်ဝန်းတွေကို လွှဲပစ်ကာ…

"မမကို ကျွန်တော်ချစ်နေတာ ကြာပါပြီ"

စကားဆုံးမှ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။

"မြင်မြင်ချင်း ရင်ထဲမှာ စွဲသွားအောင် နှစ်ခဲ့တာ"

ကြည့်စမ်း။ ကင်းမျက်ဝန်းတွေ တလက်လက် စူးရဲလာခဲ့၏။ ဆယ်နေ့က ဘာမှမထူးဆန်းသောမျက်နှာနှင့်ပဲဖြစ်လျက်…

"မမက အရမ်းမာနကြီးတယ်၊ ကျွန်တော့်ကို ဘယ်လိုမှ အသိအမှတ်ပြုမှာမဟုတ်ဘူး"

"ဆယ်နေ့ကဲ မင်းပါးစပ်ကို ငါ ပိတ်ပေးရမလား၊ မင်း ပိတ်မှာလား"

"မမက တွေ့ထားရင် ပြောဆိုလို့ပါ၊ မမကို ကျွန်တော် ချစ်တယ်"

ကင်း မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ မျက်နှာကို တည့်တည့်ကြီးကြည့်ပြောလိုက်တော့ ဘယ်လိုမှ လွှဲဖယ်ပစ်ချိန် မရလိုက်ပေ။

"မမကို ကျွန်တော် ရအောင်ယူမယ်၊ အချစ်ဟာ မီးဆိုရင် မာနသံပဲဖြစ်ဖြစ်၊ ဖယောင်းပဲဖြစ်ဖြစ် အရည်ပျော်ရမှာပဲ၊ တစ်နေ့နေ့ဆိုတာ—"

"ဟိတ် မင်း တိတ်စမ်း၊ ယောကျ်ားက ယောကျ်ားစကား ပြော"

"မမ မေးခဲ့ဖူးလို့ ပြောပြတာပါ၊ ကျွန်တော့်ခံစားချက်တွေကို ရင်ထဲနေတဲ့အချိန်မှာ လယ်လယ်ပဲ အနားမှာရှိတော့ လယ်လယ့်ကို ပြောခဲ့တယ်၊ ပြောလို့ သူ သိတာပါ၊ လယ်လယ့်ကို မမ ခွင့်လွှတ်ပေးပါ"





ဆယ်နေက ကင်းကိုပြောရင်းကနေ လယ်လယ့်ကို ပြန်ငဲ့ကြည့်၍…

"မင်းက မမကြားတိုင်း စွတ်ပြောနေတာကို သေချာမှတ်ထား ငါ့ရဲ့ မမက မွေးရန့်"

ကင်း နေရာမှာပဲ ရပ်နေခဲ့ရင်း ဆယ်နေ့စကားတွေ နားထဲမှာ သံပူချောင်းကြီး မျောဝင်သွားသလို ဖြစ်နေခဲ့၏။ ဘာမှလည်း မလုပ်နိုင်၊ ပြောရချက်ကလည်း မသက်သာသည့်ပြင်…

"မမကိုယ်က သိပ်မွေးတာကွ၊ ရန့်မကောင်းဘူး။ နောက်ကို ရန့်ချင်းတူတာနဲ့ မှားမပြောရဘူး နားလည်လား၊ မင်း လမ်းပေါ် ရောက်သွားလိမ့်မယ်"

ပြောနေရင်း ထွက်သွားသည့် ဆယ်နေ့ ခြေလှမ်းများအောက်မှာ ကင်း၏ခန္ဓာကိုယ်ဟာ ဖိကြိတ်နင်းဖြတ်သွားခြင်း ခံရကာ ဘာတစ်ခုမှ ကောင်းတိုင်းမကျန်တော့သလိုပင်။

ကိုယ်က စွပ်စွဲလေ သူ့ဘက်က ရှောင်ထွက်ပုတ်ခတ်လို့ကောင်းလေ။ ဘယ်ပြောလည်း ကိုယ်ခံရဖို့ချည်းပဲမို့ ဒီတိုင်း ကျန်ခဲ့ရ၏။ ကင်းရင်ထဲမှာ ထိုကိုင်ခြေမွှမရနိုင်သည့် ဒေါသတွေက ပေါက်ကွဲ ဖို့ရာ ပစ်မှတ်မဲ့နေသည်။

ဆယ်နေကဲ ဆိုတဲ့ကောင်လေးဟာ မီးထက်ပူတာမဟုတ်ဘဲ အများသော် ကဲနေခဲ့သည်လား၊ ဘာပဲဖြစ်ဖြစ် ဒါဟာ ကိုယ်မျိုးခဲ့တဲ့ မီးပွား။ တကယ်ဆို သင်းကို ထိုက်တန်သည့်နေရာမှာသာ ထားခဲ့သင့်သည်။ စေတနာဟာ လူတိုင်းနဲ့ မတန်ပါလား…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"စိတ်ထားတတ်ရင် ဖြတ်ပါတယ်ကွာ၊ စွန့်ပြီးရင် ပြန်မကြည့်နဲ့၊ တန်တာတွေ မတန်တာတွေ ဘာမှမရှိတော့ဘူး"

"အေးလေ ဖြတ်တယ်ဆိုပြီးတော့"

သူငယ်ချင်းတွေအလယ်မှာ အဝါရောင် မျက်ရည်တွေ ဝေ့လည်လာခဲ့၏။ ဒီမျက်ရည်တွေက ဒီတိုင်းထားလျှင်လည်း ပြန်ထည့်ပစ်လို့ မရနိုင်တော့ပေ။ လက်ထဲမှာ တစ်သျှူးစလေးကိုင်ထားပါလျက်နှင့်လည်း မသုတ်ဝံ့ဘဲဖြစ်နေသည်။

သူငယ်ချင်းတွေအားလုံးက ဆယ်နေကဲကို မေ့လိုက်ဖို့ပဲ တိုက်တွန်းနေကြသည်။ သူမ မမေ့နိုင်။

"ချစ်ခဲ့ကြတာ အပျော်သဘောမှ မဟုတ်တာဟာ"

"အပျော်မဟုတ်ဘူးဆိုတာ ဘာလဲ၊ နင့်ဘက်ကလား၊ သူ့ဘက် လက်ထပ်ဖို့ ပြောဖူးခဲ့သလား"

တီတီမာက မေးတော့ အဝါရောင်က မဖြေနိုင်။

"ဆယ်နေကဲကို စကတည်းက နင့်ကို မချစ်ပါနဲ့လို့ ငါတို့ သတိပေးသားပဲ၊ ဒီကောင်က ရည်းစားများတယ်၊ တကယ့် နာမည်ကြီး၊ တွဲလိုက်သမျှလဲ နင့်ထက်နိမ့်တာ သိပ်မရှိဘူးနော်၊ မယုံမရှိနဲ့ ဘယ်သူနဲ့ ဖြစ်ခဲ့လို့လဲ"





"ဟုတ်တယ်၊ သူတို့အုပ်စုထဲမှာ ဆယ်နေကဲဆိုတဲ့အတိုင်း သူပဲ ဆုံး ကျောင်းပြီးတာနဲ့ ရည်းစားသက်စေ့ထားပြီး ဖြစ်ရမယ်လို့ ကြော်ထားတာလဲ မသိတာ့ကျနေတာလဲ"

ဆွေကလည်း မဲ့ရွဲ့ကဲ့ရဲ့သည်။

"အန်တီမြတ်ပြောတာ အများကြီးဖြစ်နိုင်တယ်နော် အဝါ၊ နင် ဘင့်ကို မေ့လိုက်တော့"

"မေ့မှာပါ၊ ဒါပေမယ့် သူ့မျက်နှာပုံစံက သူမဟုတ်လို့ လိပ်ပြာသန့် ပုံမျိုးပါ၊ အခု ငါ့ဘက်က လွှန်လာတာ၊ သူ ဘာမှ မဖြေရှင်းရသေးဘဲ ပြီးထွက်ခဲ့တာ"

"ဖြေရှင်းချင်ရင် သူ လာရမှာပေါ့၊ အခု လာလို့လား"

"အေးပါ၊ ဒီနေ့ရောက်မလာရင် ငါ.. ငါ သူ့ကို မေ့လိုက်တော့မယ်"

"ဩော်..ဩော် ကျွတ်တမ်းဝင်ဖို့ ရှိသေးတာပဲ"

"ဟဲ့ ဟိုမှာ..."

ဒီတီမာက တစ်ဖက်ကိုအလှည့်တွင် ဆွေက လက်တို့၍ တစ်နေရာ ဘာနှင့် ကွက်တိ။ အဝါရောင်က မမြင်သေးပါ။

"အဝါ ဟိုမှာ နင့်ပုဂ္ဂိုလ်"

အဝါက လှည့်ကြည့်လိုက်၏။ ဒီဘက်ကို လာနေတာမို့ ဆယ်နေ မြင်မှာပါ။ အဝါရောင်အနက်စင်းကျားနှင့် စပို့ရှပ်လက်ရှည်ကို ဘောင်းဘီရှည်အနက်နှင့် တွဲဝတ်ထား၏။ မြင်နေကျအတိုင်း နဖူးထက်မှာ ဆံပင်လုံးလောက် အဝါရောင်မျှော့ကွင်းနှင့်။

အတန်းတက်ချိန်မှုလွဲလျှင် ဆယ်နေ့နဖူးမှာ အကျီနှင့် အရောင်တူ နဖူးစည်းတစ်မျိုးမျိုးက အမြဲတမ်း ရှိနေတတ်ပြီး တစ်ခါတစ်ရံ အိတ်ကပ်မှာလည်း လက်ပတ်ပါသေးသည်။ မြင်ခါစကတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းသလိုလို၊ ထွင်သလိုလိုနှင့် ကြည့်မရခဲ့ပါ။

နောက်ကျတော့လည်း ဆယ်နေကဲဆိုသည့်ယောက်ျား၏ ပုံရိပ် ဖျောက်မရတာတ်အဲ ဖြစ်လာခဲ့ကာ...

"သူ..."

အဝါရောင် တိုးသဲ့စွာဆိုရင် အစကတည်းက ပြည့်လုပြည့်ခ နေရာယူပြီးဖြစ်သော မျက်ရည်တို့က ပါးပြင်ထက်သို့ ပေါက်ခနဲ ကျ၏။

ဆယ်နေကဲ၏နံဘေးမှာ မိတ်ကပ်ရောင်ဖျော့ဖျော့၊ ဆံပင် လောက်နှင့် မိန်းကလေးတစ်ယောက် ပါနေ၏။ အရုပ်ခပ်တိုက်တို လေးပေမယ့် ကိုယ်လုံးလည်းလှသည်၊ လမ်းလျှောက်ပုံလေးက မိ ဖြူဝင်းနေသည့်အသားရောင်ကို အဝေးကပဲ ထင်းနေအောင် မြင်ရသ

"တွေ့လား နင်ကသာ မျှော်နေတာ၊ ဟိုက နောက်တစ်ယော ချိတ်ပြီးသွားပြီ"

"သွား ပါးသွားရိုက်ဟာ၊ နှစ်ချက်လောက်ရိုက်ခဲ့"

"ဟုတ်တယ် ထေ၊ နင်နဲ့သူ ပြတ်သေးတာမဟုတ်ဘူး၊ ရိုက်ခွင့်ရှိတ ထဟာ"

"ဟင့်အင်း"

သူမလက်ကို ဟိုဘက်ကဆွဲ၊ ဒီဘက်ကဆွဲနှင့် အတင်းထခိုင် တော့ လက်တွေကို ဖြုတ်ချဖယ်ရှားပစ်လိုက်မိသည်။ ပြီးတော့ အဝါ နေရာမှ ထွက်ပြေးသွားလေသည်။

"အဝါ"

"ဟယ် ကြည့်စမ်း"

တီတီမာနှင့်ဆွေ နှစ်ယောက်တည်း ခုံတန်းလေးမှာ ကျန်ရစ်ခဲ့





သူတို့က အဝါတော့ ဘယ်လိုမှ ငြိမ်နေမှာမဟုတ်၊ သွားမှာပဲ၊ ပြောမှာပဲဟု တွက်ကာ လက်သီးလက်မောင်း တန်းနေလိုက်ရတာ၊ ထပြေးသွားသည့် အဖြူပြင်လေးကို လိုက်ငေးရင်း ပြေးဆွဲရတော့မလိုလို၊ ဒီတိုင်း ဆက်ထိုင် နေရမလိုလိုနှင့် ဒေါသလည်းဖြစ်၊ အံ့လည်းအံ့သြ။

"လာ တီမာ၊ ဒီကိစ္စ ငါတို့သူငယ်ချင်းအတွက် ငါတို့ ဝင်ပါ ခွင့်ရှိတယ်"

"ဟုတ်တယ်"

နှစ်ယောက်သား ချက်ချင်း ထရပ်လိုက်ကြ၏။ ခြေလှမ်းများက ဆယ်နေနှင့် သူမထံသို့...

"ဆယ်နေ"

မြကျွန်းသာထဲမှာ နေ့လယ်ခင်းကြီးမို့ လူသိပ်မရှုပ်ပါ။ မြက်ခင်း စိမ်းနှင့် သစ်ပင်ရိပ်များကြောင့် နေ့ခင်းဘက်ပေမယ့် အေးချမ်းတိတ် တိတ်နေခဲ့၏။

တီမာနှင့်ဆွေမာမျက်နှာမှာတော့ မအေးချမ်းခဲ့ပါ။ ဆယ်နေနှင့်အတူ တွဲရှိနေသည့် မိန်းကလေးကိုလည်း စေ့ကြည့်ကာ...

"ရှင် တော်တော်သစ္စာမဲ့တဲ့လူပါလား၊ မိန်းကလေးတွေကို တစ်နေ့ တစ်ယောက်တွဲပြီး ဘာလဲ မေတ္တာလျှောကြိုးစီးနေတာလား"

ဆွေက မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောချလိုက်သည်။ ဆယ်နေက မျက်မှောင်ကြုတ်နှင့် စိုက်ကြည့်နေပြီး ဘာစကားမှ မပြန် သည်။ အဝါရောင်ကို လက်တို့ပြလိုက်တာကော၊ အဝါရောင် ထပြေး တာကိုကော သူ အားလုံးမြင်သည်။

အဝါရောင်ကို ချော့မော့စည်းရုံးပြီး ပြန်ဆက်ဖို့ စိတ်ကူး မရှိပေ မယ့် ဝင်လွဲသွားပြီမှန်းသိတော့ စိတ်တော့မကောင်းပါ။

ဒီနေရာလေးမှာ လာထိုင်နေကတည်းက သူ ရောက်လာမလားလို့



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ပြီး လာစောင့်နေတာမှန်းလည်း သိလိုက်သည်။ မြကျွန်းသာမှာ သူနှင့်လျှောက်လည်ခဲ့ပြီး ပျော်ခဲ့တာတွေကို မမေ့နိုင်ကြောင်း ပြောလွှန်လို့ ဒုတိယတစ်ခါ သူ အဝ့ါကို လိုက်ပို့ခဲ့သေးသည်။

ထိုစဉ်က သူနှင့်ပတ်သက်ခဲ့ဖူးသည့် ဆေးကျောင်းသူ မင်းမင်းမြတ်နှင့် အထင်လွဲသွားလို့ သူက ရှင်းပြသည်။ ပြေလည်သွားကြတော့ ဒုတိယအခေါက်အဖြစ် ဒီကို ပြန်ရောက်ခဲ့၏။

ဒါကို အဝ့ါက အထိမ်းအမှတ်နေ့ကလေးအဖြစ် သတ်မှတ်သွားသည်။

"အဝ့ါကို ကို ပြန်ချော့တဲ့နေ့ ဒီနေရာလေးကို အဝါ မှတ်ထားလိုက်ပြီ"

"မှတ်ထား မှတ်ထား။ နောက်တစ်ခါ စိတ်ကောက်ဖို့ရှိရင်တော့ ကိုတော့ မချော့တော့ဘူး။ မင်းချော့တာကိုပဲ စောင့်မယ်"

"ဟုတ်လား၊ ဘယ်လိုချော့ရမလဲ ပြောထားဦးလေ"

"ဒီထဲကိုပဲ ပြန်ပို့ပေးလေ၊ ကိုယ်က ဦးမဆောင်တော့ဘူး"

"အိုခေ"

အဝါနှင့်သူ ပျော်ရွှင်ရယ်မောခဲ့ရခြင်းများစွာထဲမှာ 'မြကျွန်းသာ'က အထင်ကရ ဖြစ်ခဲ့ဖူး၏။ ဒီနေ့ အဝ့ါကို ဒီနေရာမှာ မြင်လိုက်ရတော့ ရင်ထဲမှာ နင့်ခနဲတော့ စူးသွားပါသည်။

မေတ္တာတရား၏သဘောပဲထင်သည်။ ဒါပေမယ့် သူ ရောက်လာတာက ချော့ဖို့လည်းမဟုတ်၊ အချော့ခံဖို့လည်း မပါခဲ့ပေ။

အဝါ သူ့ကို ဘယ်လောက်ထိချစ်သလဲဆိုတာ သူသိသည်။ ဒီနေ့ကျ တိုက်တိုက်ဆိုင်ဆိုင် ခုလိုပုံစံနှင့် လာဆုံခဲ့ရသည့်အဖြစ်အတွက်လည်း စိတ်ထဲမှာမကောင်း။ သို့သော်...

"သူတို့က ဘာလဲ ဆယ်နေ"

မိန်းကလေးက မျက်နှာကို အစွမ်းကုန်တင်းထားပြီး မေးသည်။





ခြေလိုက်စမ်း ဆယ်နေ၊ ဆွေတို့က မိန့်မိန့်ပြုံးကြည့်နေကြ၏။ ဆယ်နေသည် တည်ငြိမ်စွာနှင့်သာ..

"အဝါရောင်ရဲ့ သူငယ်ချင်းတွေပဲ၊ အဝါရောင်နဲ့တို့ ချစ်ခဲ့ဖူးတယ်"

"ဘာချစ်ဖူးတာလဲ၊ အခုထိ ချစ်သူတွေပဲ မဟုတ်ဘူးလား။ သူ ခုနကပဲ ရှင့်ကို စောင့်နေသေးတယ် သိရဲ့လား။ ရှင်ဟာ မိန်းကလေးတွေကို ပန်းအစ်ပွင့်လိုတောင် တန်ဖိုးမထားဘဲ ခူးလိုခူး၊ ခြွေလိုခြွေ၊ ဒါပေါ့ ရှင့်အတွက်တော့ အချိန်တန်ရင် သူဌေးဖြစ်ဖို့က ကျိန်းသေနေတာကိုး"

ဘယ်လိုမှ သဘောထားကြီးနိုင်အောင် ကြိုးစားခဲ့ပေမယ့် ဆယ်နေ့မျက်နှာ မည်းခနဲဖြစ်သွား၏။

"ကျွန်မတို့ကလဲ ကျွန်မတို့သူငယ်ချင်းကို ရှင့်လိုလူနဲ့ ဘယ်တော့မှ အပ်ငြိမ်းမပေးတော့ဘူး သိရဲ့လား။ မသိတဲ့သူတွေ ထပ်မှားကုန်ကြမှာစိုးလို့ ရင်လေးပါရဲ့ ယွန်း..."

ဆယ်နေ့ဘေးက မိန်းကလေးကို တည့်တည့်ကြည့်ပြီးမှ ချာခနဲလှည့်ထွက်သွား၏။

"ဆယ်နေ"

"မင်း ဘာပြောချင်သလဲ ယွန်း"

"ဆယ်နေက ပြောရမှာလေ"

ယွန်းသီရိက မျက်နှာပေါ် ကျလာသည့် ဆံပင်တွေကို ခါထုတ်ပစ်ပြီး ထွက်သွားကြသည့်နှစ်ယောက်ကိုလည်း လိုက်ကြည့်၏။

"သူတို့ ပြောသွားကြတာလဲ ဆယ်နေ့ရဲ့ မွေးစားမေမေ ဆိုတဲ့ ကိစ္စပဲ ထင်တယ်"

"ဟုတ်တယ် ယွန်း၊ ခုနက မင်းပြောနေတဲ့အကြောင်းပဲ၊ အဝါရောင်တို့ကို မင်းမေးသလိုပဲ မေးဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဆယ်နေ ဘယ်လိုဖြေလိုက်သလဲ"

ဆယ်နေက ပြုံးလိုက်ပြီး ရှေ့ကို ဆက်လျှောက်သွားသည်။ ယွန်းသီရိက သူ့ဘေးမှာ ပါလာလျက်...

"ပြောလေ ယွန်းမေးနေတာကို"

"ဖြေစရာမှမလိုတာ၊ မဟုတ်ဘူးလို့ တို့ကပြောရင် မင်း ယုံပေးမှာလား"

"ယုံသင့်ရင် ယုံမှာပေါ့ ဆယ်နေ၊ ယွန်းက တခြား မိန်းကလေးတွေလို အရမ်းအူတိုပြီး ခဏခဏ စိတ်ကောက်ကြသလိုတော့ ဝါသနာမကြီးဘူး ပြီးတော့ ယွန်းအကြောင်း ဆယ်နေ နည်းနည်းပါးပါးတော့ ကြားထားမှာပါ ဆယ်နေ့ကို အဖြေမပေးရသေးပေမယ့် ခုလို တွဲသွားတွဲလာ အပြင်မှာ အခွင့်အရေးပေးဖူးတာ ဆယ်နေပဲရှိတယ်၊ တက္ကသိုလ် တက်နေတုန်း ကတည်းက ယူထားခဲ့တာလဲ ဆေးလိုင်းဆိုတော့ ရည်းစားထားရေး ဆိုတာကို ရန်သူတစ်ယောက်လိုပဲ ကျောခိုင်းနေခဲ့လိုက်တာ၊ ဆယ်နေ့ကို ယွန်း..."

"နေဦး ယွန်း"

ဆယ်နေက လက်ကာတားလိုက်သည်။ လှမ်းနေသည့် ခြေလှမ်းကိုလည်း ရပ်လိုက်သည်။ ယွန်းက ကျောင်းပြီးစ ဆရာဝန်လေးလျာလေး တစ်ဦးဖြစ်သည်။ ဆွေမျိုးအသိုင်းအဝိုင်းက တောင့်တင်းသည်။ သူမတို့ မိသားစုမှာလည်း အရာရှိအရာခံတွေချည်းပဲဖြစ်ကာ မောင်နှမ သုံးယောက်စလုံး တစ်ယောက်က နှလုံးရောဂါအထူးကုဆရာဝန်ဖြစ်ပြီး ယွန်းကလည်း ဆေးနှင့်ပဲ ကျောင်းပြီးသည်။ အငယ်ဆုံးမောင်လေးကလည်း ဆေးတက္ကသိုလ် ပထမနှစ်တက်နေပြီဖြစ်၏။

ဤသို့သော ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ရုပ်ရည်အားဖြင့်





ည်း လှပတင့်တယ်သော ယွန်းသီရိကို သူ ကြိုးစားခဲ့သည်။

ပြောရမည်ဆိုလျှင် အဝါရောင်နှင့် ယွန်းသီရိကို ပြိုင်တူ ကြိုးစားခဲ့ သည့်အထဲမှ အဝါရောင့်အချစ်ကို သူ ရခဲ့ခြင်းဖြစ်သည်။

ယွန်းကိုတော့ အထူးတလည် ကြိုးစားတာလည်းမဟုတ်တော့ဘဲ နှုတ်လွှတ်ပေးလိုက်တာလည်းမဟုတ်၊ တိုက်ဆိုင်သလား၊ ကံကောင်းသလား မသိပါ။

အဝါရောင်နှင့် ပြဿနာတွေဖြစ်ရကာမှ ယွန်းက လိုက်လျှောမှုလေးတွေ ပေးလာခဲ့ခြင်းဖြစ်သည်။ ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားလွန်းလို့လည်း တစ်ယောက်နှင့်ပြတ်ပြီး တစ်ယောက် ပြန်ဆက်တယ်ဆိုတာ မဆန်းတော့သလို ဖြစ်နေခဲ့၏။

အထူးသဖြင့် အမြဲတမ်း နှစ်ယောက်ပြိုင်ရှိနေတတ်သော 'ဆယ်နေတဲ့' အတွက်က 'ကောင်မလေးကထားခဲ့ပြီ' ဆိုတာမျိုး မျက်နှာငယ်ကျန်ခဲ့တာ ဘယ်တော့မှမရှိ။

ဒီနေ့ တစ်ယောက်သွားလျှင် နောက်နေ့ သူ့ဘေးမှာ တစ်ယောက်က ရှိနေတတ်သည်။ ဒါလည်း အထူးတလည် ကြိုးပမ်းနေရတာ မဟုတ်ပေ။

အနေအထားကိုက ဒီလိုပုံစံမျိုးဖြစ်ဖြစ် သွားတတ်ခြင်း ဖြစ်သည်။

သူ့အတွက်က တစ်ယောက်နှင့်ပြတ်ရသည့်အဖြစ်မှာ ထူးခြားဝမ်းနည်းဖွယ် မရှိသလို နောက်တစ်ယောက်ဆီက အဖြေရလိုက်တာလည်း ထူးဆန်း'လို့ ထအော်ခဲ့ဖူးတာ တစ်ခါမှမရှိ။

ယွန်းက သူ့မျက်နှာကို သေချာကြည့်လိုက်သည်။ 'နေဦး' လို့ ပြောပြီး မျက်ခုံးဖျားကို လက်မနှင့်ခြစ်၍ တိတ်ကျသွားသည့် နားမလည်စွာ...

"ဘာပြောမလို့လဲ ဆယ်နေ၊ ပြောလေ"

ဆယ်နေက လက်ကိုပြန်ချပြီး ဘောင်းဘီထဲထည့်ထားလိုက်သော...



www.burmeseclassic.com

www.burmeseclassic.com



"အလားတူပြဿနာတွေ မဖြေရှင်းချင်တော့လို့ပါ"

"ဘယ်လို"

ဆယ်နေက လက်တစ်ဖက်နှင့်နှဖူးကဆံပင်တွေကို ထိုးဖွပစ်လိုက်သည်။

ပြီးတော့ မျက်နှာငုံ့လိုက်တော့ ဆံပင်တွေက အလယ်ခွဲထားသည့် တစ်ဖက်စီကနေ ပါးရိုးနှစ်ဖက်ပေါ်သို့ ဖြာခနဲပြန်ဆင်း၏။

ယွန်းက သူ့ကို တစ်စတစ်ဆုံးပဲ လိုက်ကြည့်နေခဲ့သည်။

ဆယ်နေသည် မျက်နှာမော့ငေးနေတာလည်း တိုစိပ်စိပ် မျက်တောင်များနှင့် မျက်ခုံးထူထူကြောင့် ကြည့်လို့ကောင်းသည်။

မျက်နှာငုံ့ထားလိုက်တော့ စင်းကော့နေသည့်နှာတံနှင့် မထူမပါး နှုတ်ခမ်းသားတို့က ညို့နေပြန်သည်။

ပြီးတော့ အရပ်မြင့်သလောက် အဆီပိုမရှိ ချပ်ချပ်ရပ်ရပ် ဖြစ်နေသော ကိုယ်ဟန်က နွဲ့သည်။

လမ်းလျှောက်တော့ တကယ်မိုပါသည်။

ဆယ်နေကို ယွန်း ဒီနေ့ အဖြေပေးဖို့ ချိန်းလိုက်ခြင်းဖြစ်သည်။

ယွန်းသိရှိဆိုသည့် သူမဟာ အလုပ်တစ်ခုကို မလုပ်ခင်မှာဘဲ စဉ်းစားသည်၊ ဆုံးဖြတ်ပြီးပြီဆို ငါလုပ်တာ မှန်ရမည် ဆိုသည့် ခိုင်မာမှုနှင့် ဘယ်တော့မှ နောက်ပြန်ဆုတ်ခဲ့တာမရှိ။

လူတွေဘာပြောပြော ဆယ်နေ့ထံမှ သူမကို ကျေနပ်စေသော စကားတစ်ခွန်းကိုပဲ လိုချင်သောကြောင့်...

"မင်း စိတ်ဆင်းရဲမှာစိုးလို့"

ဆယ်နေက စကားပြန်စသည်။

"ချစ်သူဘဝမှာလဲ အတိုင်းအတာတစ်ခုအရ ပိုင်စိုးမှုဆိုတာ ရှိကြ





တာပဲလေ၊ တို့က မင်းကို စိတ်ချမ်းသာမှု ပေးနိုင်မှာမဟုတ်ဘူး"

"ဒီထက်ရှင်းရှင်းပြောပါလား ဆယ်နေ"

"အခုဖြစ်နေတဲ့ကိစ္စတွေ ဒီနေရာမှာပဲ ပြီးသွားမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ရန်နုကင်းဟာ တို့ရဲ့အုပ်ထိန်းသူ ဖြစ်နေသလို မင်းက တို့ရဲ့ချစ်သူဖြစ်လာမယ့်အချိန်ဟာ မင်းနဲ့ တို့ ဘယ်လိုမှ စိတ်ချမ်းသာကြမှာမဟုတ်တဲ့ အချိန်ပဲ"

နေပူကျဲကျဲမှာ လျှောစီးရင်း ကူးလူးနေကြသည့် ကလေးတွေဆီ လှမ်းကြည့်ပြီး ဆယ်နေက ဆက်ပြော၏။

"သွေးသားမတော်စပ်ကြတဲ့ မမနဲ့တို့ကို ပတ်ဝန်းကျင်က ဒီထက်ဆိုးရွားတဲ့ထင်ကြေးတွေ ပေးလာကြဦးမှာ"

"အဲဒါ ဆယ်နေမဟုတ်ရင် ပြီးတာပဲလေ၊ ယွန်းက ဆယ်နေ ခေါင်းခါပြတာကိုပဲ လိုချင်တာ"

"မင်း ခုနကပြောတော့ ဒေါ်ရန်နုကင်းကို မြင်ဖူးတယ်၊ လူတွေ ပြောကြတာ မလွန်ဘူးဆို"

"ဒါကတော့ သူက သိပ်လှနေတာကို မြင်တဲ့အတိုင်း ပြောတာလေ၊ လူတွေပြောကြတာ မလွန်ဘူးဆိုတာလဲ အမှန်ပဲ၊ နံပါတ်တစ်က ဆယ်နေ သူ့ကို အမေလို့ခေါ်တာမဟုတ်ဘူး၊ နံပါတ်နှစ်က တွဲသွားကြရင် ဆယ်နေကတောင် အရပ်မြင့်သေးတယ်၊ ပြီးတော့..."

ယွန်းက စကားကို တုံ့ဆိုင်းဆိုင်းလုပ်ထားပြီးမှ...

"နောက်ထပ်ပြောလဲ သူ သိပ်လှတာကိုပဲ ပြောရမှာပဲ ဆယ်နေ၊ ဆယ်နေနဲ့သူ အရမ်းလိုက်ဖက်တယ်၊ ဘယ်လိုမှ မွေးစားသားနဲ့အမေလို့ သတ်မှတ်ကြည့်လို့မရနိုင်ဘူး၊ အဆိုးဆုံးက ဆယ်နေက သူ့ကို 'မမ'လို့ ခေါ်တဲ့ကိစ္စ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နေက နှုတ်ခမ်းတွန့်ပြုံး၍ တစ်ဖက်လှည့်သွားသည်။ ယွန်းသိရိက အမိအရ ယိုက်ကြည့်၏။ အထင်ခံရတာကို ရင်နာလို့ပြုံးတာနှင့်မတူ၊ သဘောကျလို့ပြုံးလိုက်တာနှင့်တူ၏။ ဒါပေမယ့် ထိုနှုတ်ခမ်းကို ဖျတ်ခနဲ သာမြင်လိုက်ရတာမို့ ပြီးဆုံးအောင် အကဲခတ်ခွင့် မရလိုက်။

"ဆယ်နေ"

"ဟင်"

"ဘာဖြစ်လို့ ပြုံးလိုက်တာလဲ"

"ပြုံးစရာမို့လို့ပေါ့ ယွန်းရယ်၊ မင်းလဲ မိန်းမက မိန်းမပါပဲ၊ အူတိုတာ၊ အရှုည်တာတော့ တို့ မသိဘူး၊ ဒါပေမယ့် ချုပ်ကိုင် စိုးမိုးချင်တာပဲလေ"

"ဒါကတော့..."

"ဟုတ်ပြီ၊ ချစ်သူဆိုတာလဲ ဒီပိုင်ဆိုင်မှုတွေပဲရှိတာလို့ တို့ လက်ခံတယ်၊ လက်မခံနိုင်တာက မင်းဆီက အမြဲတမ်း ကြည့်နေမယ့် သံသယ မျက်လုံးတွေ"

"ဒါလဲ ဆယ်နေ့ဘက်က..."

"ဒီတိုင်းပဲ ယွန်း၊ တို့ဘက်က 'မဟုတ်ဘူး' ဆိုတဲ့စကားကို ခဏခဏ အာမခံချက်တွေနဲ့ ပြောမနေနိုင်ဘူး၊ ပြီးတော့ ဒီစကား တစ်ခါကြားရတိုင်း တို့ခေါင်းကို မိုးကြိုးပစ်လိုက်သလိုပဲ၊ ဘာဖြစ်လို့လဲ သိလား၊ တို့က ပိုင်းလုံး ဆိုတဲ့ကောင်မျိုး ဖြစ်သွားလို့"

"ယွန်းရဲ့ သဘောကတော့ အခု ဆယ်နေလဲ ကျောင်းပြီးတော့မယ်၊ မအေးချမ်းတဲ့အရိပ်ကနေ ခွဲထွက်လိုက်ရင် ပြီးတာပဲ၊ သူ့ကို မမလို့ ခေါ်တဲ့ ကိစ္စကလဲ..."

"တစ်ခုမှ မဖြစ်နိုင်ဘူး"

"ဘာ..."





"မမက တစ်ယောက်တည်းရပ်တည်နေရတာ၊ သူ့အတွက် တို့မရှိလို့ မဖြစ်ဘူး၊ ကျောင်းပြီးသွားရင် တို့က သူ့ဘေးမှာပဲ ရှိနေရတော့မှာလေ"

"ဆယ်နေ ရှင်က..."

"ဆုံးဖြတ်လိုက်တာပါ၊ ဘယ်သူ့အပြောမှ မြေရှင်းမနေရတော့အောင် ရည်းစားထားခြင်းအလုပ် တို့ စွန့်လွှတ်လိုက်တော့မယ်"

ယွန်း နှုတ်ခမ်းလေး ပွင့်ဟသွားသည်။

ဆယ်နေကတော့ ထမင်းစားပြီး ရေသောက်လိုက်သလိုပါပဲ။

ဒါ ဝန်ခံလိုက်တာလား၊ ခေါင်းခါလိုက်တာလား သူပဲ သိမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

မိုးချုပ်လုပြီမို့ ခြံထဲမှာ သိပ်မသာယာတော့ပါ။ ဒါပေမယ့် ဒီအချိန်လေးပဲ အားတာမို့ ရေချိုး အကျႌလဲပြီး ဆင်းလာခဲ့တာ ဖြစ်သည်။

စနစ်တကျဖွဲ့စည်းထားသည့်ပန်းခြံလေးက မှောင်မိုက်ရှုပ် ထွေးမနေဘဲ ဖျော့တော့သည့်အလင်းရောင်အောက်မှာ မွှေးပျံ့ အေးချမ်းနေသည်။

ပို၍နှစ်သက်ဖွယ်ကောင်းသည်က သနပ်ခါးပန်းနံ့လေးတွေ ကြိုင်လှိုင်နေခြင်းဖြစ်၏။

ကင်း သနပ်ခါးမလိမ်းတတ်ပေ။ အနံ့ကိုကြိုက်ပေမယ့် ဖိကြိတ်သွေးရင်ထွက်လာသည့် အရည်ပျစ်ပျစ်တွေကိုတော့ မျက်နှာပေါ် မတင်ချင်ဘဲ ဖြစ်ခဲ့၏။

မေမေလည်း ပြောဖူးခဲ့သည်။ သနပ်ခါးလိမ်းပေးတိုင်း ကင်းကို လက်တွေခြေတွေ အတင်းချုပ်နှောင်ပြီး လိမ်းပေးရသည်။ လိမ်းသာပေးရပြီး ပွတ်ဖျက်ပိုယ်ရှိတာနှင့် မျက်နှာပေါ် မှာ ဘာမှလည်း မတင်ခဲ့ဘူးတဲ့။

ခုတော့ သနပ်ခါးတော့ မလိမ်းခဲ့ဖူးဘဲ သနပ်ခါးပန်းနံ့ကို မြတ်နိုးမိခဲ့သည့် ကိုယ့်ကိုယ်ကို တွေးမိကာ သိပ်တော့လည်း မကျေနပ်ပေ။ ဒါပေ





ယ့် အပင်အောက်ကို ရောက်လာခဲ့ပြီ ဖြစ်၏။ မော့ကြည့်လိုက်တော့ န်းရယ်လို့ သပ်သပ်မတွေ့ရပေ။

လက်လှမ်းကြည့်တော့လည်း အောက်ဖျားကိုင်းတွေကို ဆွဲမိလို့ က်က မမီ။

"မမ ပန်းလိုချင်လို့လား"

"ဟင်..."

နောက်က ရုတ်တရက်ကြီး နီးနီးကပ်ကပ် ပြောလိုက်သံကြောင့် တ်ခနဲဖြစ်သွား၏။ ဆယ်နေက ရင်ဘတ်မှာ အပြာစင်းလေး တစ်ကြောင်းပဲပါသည့် အဖြူရောင်စပို့ရှပ်လက်တိုနှင့် ဘောင်းဘီရှည်အဖြူကို တ်ထားသည်။

ရေချိုးပြီးစပဲထင်သည်။ ရေမွှေးနံ့က ကင်းနှာခေါင်းထဲကို အရင်ဝင် ာ၏။ ဟိုတစ်ခါ ပြဿနာဖြစ်ပြီးကတည်းက လယ်လယ်ကိုလည်း သူမ ရှေ့ကို ဘယ်တော့မှ ခေါ် မလာပါနဲ့လို့ အမိန့်ပေးထားခဲ့သည်။

ဆယ်နေ့ကိုလည်း တတ်နိုင်သမျှ ဘာမှခေါ် မခိုင်းခဲ့ဘဲ ထားလိုက်၏။

ကင်းက ဖျတ်ခနဲ ပြန်လှည့်လိုက်ကာ အနီးဆုံးမီနိုင်မည့် ကိုင်းကိုပဲ ိုက်ရှာသည်။ ထိုစဉ် ဆယ်နေက သူမဘေးကနေ ဖွေ့ခနဲ ခုန်ဆွဲလိုက်တော့ အဖျားကိုင်းတစ်ကိုင်း သူ့လက်ထဲ ပါလာသည်။

"မမ ဒီမှာယူလေ ပန်းတွေ အများကြီးပဲ"

ပြော၍ ကင်းလက်နားထိ ဆွဲချပေးသည်။ ကင်းက ဆွဲယူလိုက် သည်။ ဒါပေမယ့် မျက်နှာရှေ့ရောက်နေတာတောင် ပန်းတွေက ကိုယ့်ရှေ့ ာ မရှိ။

"မမကိုင်ထား ကျွန်တော် ခူးလိုက်မယ်"

ဆယ်နေက ပန်းခိုင်းတွေကို လှမ်းခူးသည်။ နှစ်ခိုင်သုံးခိုင် ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ပေး၏။ ကင်းက ကိုင်းကို တစ်ဖက်က ဆွဲထားပြီး တစ်ဖက်ကနေ ပန်းတွေကို ယူထားလိုက်သည်။

တကယ်ဆို မက်မောလွန်းလို့တော့မဟုတ်ပါ။ ကိုယ်က လူကြီးလူငယ်ကတောင် စိတ်ထဲမှာမထားဘဲ လာပြောနေခဲ့တာကို စိတ်ကောက်စိတ်ဆိုးနေရအောင် ဆယ်နေကဲက ကိုယ့်သူငယ်ချင်းမဟုတ်။

"တော်ပြီ ရပြီ"

ကင်းက ပြော၍ ပန်းကိုင်းကို လွှတ်ဖို့ စိတ်ကူးလိုက်၏။ သို့သော် လွှတ်လိုက်တာမဟုတ်ဘဲ ကိုင်းက သုတ်ခနဲ လွတ်ထွက်သွားရာ…

"အ"

"ဟင်…"

ကိုင်းက ဆယ်နေ့မျက်နှာကို ဖျန်းခနဲရိုက်ပစ်လိုက်၏။

ဆယ်နေ မျက်နှာတစ်ခြမ်းကို လက်ခုံနှင့်ကပ်ကာ တစ်ဖက်လှည့်သွားလေသည်။

"ဆောရီး။ တို့ တမင်လုပ်တာမဟုတ်ဘူး"

"ရတယ်၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး"

ဆယ်နေ ဒီဘက်ပြန်လှည့်လာသည်။ လက်ခုံနှင့် မျက်နှာကို ကပ်ထားဆဲဖြစ်လျက် မျက်လုံးတစ်ဖက်ကို ထိသွားမှန်း ကင်း သိလိုက်၏။

"မင်း မျက်လုံးကို ထိသွားသလား"

"နည်းနည်းပါ"

တော်တော်နာသွားပြီမှန်း ငုံ့ထားဆဲမျက်နှာကြောင့် ကင်း နားလည်လိုက်သည်။ ဘာလုပ်ပေးရမှန်းမသိတာနှင့် ရင်ဘတ်ကြားထဲမှာ အခေါက်လိုက်ကလေးထည့်ထားသည့် လက်ကိုင်ပဝါကို ထုတ်ပေးလိုက်ကာ…

"ရော့ ရော့ မျက်လုံးကို လက်ကြီးနဲ့ ဖိပွတ်မနေနဲ့"





မျက်လုံးတစ်ဖက်ကို လက်နှင့်ကွယ်လျက် ဆယ်နေက လက်ကိုင်ပဝါကိုယူလိုက်သည်။

"မမ ယူဦးမလား။ ဟိုဘက်ကိုင်းကို ဆွဲပေးမယ်"

"ရပြီ၊ မင်း ပြန်တော့"

"မမကော လာလေ မှောင်နေပြီဥစ္စာ၊ ထိုင်လို့လဲ မကောင်းတော့ဘူး။ ပိုးကောင်မွှားကောင်နဲ့"

ကင်းက သူ့ရှေ့ကနေ ဦးဆောင်ထွက်လိုက်၏။ ဆယ်နေက နောက်ကပါလာသည်။ ဖားလျားဖြန့်ချထားပြီး လမ်းလျှောက်လိုက်တိုင်း နွဲ့ခါနေသည့်ဆံပင်ရှည်တွေကို နောက်ကနေ ငေးကြည့်နေခဲ့မိသည်။

ဒီလိုနေ့မျိုးကျမှ မျက်လုံးတစ်လုံးက သစ္စာမဲ့နေခဲ့သည်။ ဒါပေမယ့် သူ ကျေနပ်သည့်စိတ်ဖြင့် ပြုံးနေခဲ့သည့်နှုတ်ခမ်းတို့ကိုလည်း ဆုံးမဖို့ မေ့နေခဲ့၏။

သူ့လက်ထဲမှာ မမရဲ့ လက်ကိုင်ပဝါလေးရယ်။ တစ်ခါတလေ မမ ရင်ဘတ် အင်္ကျီစကြားမှာ ညှပ်ထားတတ်သည့် လက်ကိုင်ပဝါအစွန်းအစလေးတွေကို သူ မြင်ဖူးသည်။ ဒီပဝါလေး ဘယ်ကလာတာကို သိနေသဖြင့် မွှေးပျံ့သည့် ကိုယ်သင်းနံ့လေးကို မက်မောနေခဲ့၏။ သေချာတာတစ်ခုတော့ ရှိတယ် မမ၊ ရင်ခုန်သံတွေကို နှုတ်ခမ်းက ညာချင်ညာမယ်၊ ရင်ဘတ်က မညာတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"မင်းက ဘာဖြစ်လို့ မငြင်းတာလဲကွ"

ဂျော်နီက မကျေနပ်သံနှင့် ထပြောသည်။

"အေးလေ၊ သူများတွေမှာ ဖြေရှင်းမရလို့ စိတ်တွေဆင်းရဲ ပြဿနာတွေတက်နဲ့၊ မင်းမှာ ဟိုတစ်ဖက်က ညာပါညာပါ ဆိုတာတောင် မင်းခေါင်းမခါဘူး"

"ခါနေတာပဲ၊ မဟုတ်ဘူးဆိုတော့လဲ ဘယ်လိုနေပါ။ ဘ ယ်လိုရှင်းပါနဲ့ မင်းတို့ အဲဒါတွေ သိလား"

ဆယ်နေက ဘဲကင်ကို လှမ်းဖွဲ့ရင်း ပြောသည်။ ကျောင်းပြီးသွားပြီမို့ ရပ်ဝေးကလူက အဝေးကို ပြန်ရမည်၊ ကျန်ခဲ့မည့်လူကလည်း ကျန်ခဲ့ရမှာ ဖြစ်၏။

ထို့ကြောင့် နှုတ်ဆက်လက်ဆုံစားပွဲကလေး ကျင်းပဖြစ်ခဲ့ကြသည်။

ချမ်းသာတို့ကတော့ ဘီယာပုလင်းထောင်ကြ၏။ သူ မကိုင်ရဲပါ။ ညတိုင်း ဆယ်ဘာစ်နာရီမကျော်အဲ့ ဓအိပ်တတ်သည့် မမကို ကျော်ဖြတ်ပြီး





မှ အခန်းထဲရောက်မှာမို့ သူ သောက်လို့မဖြစ်။

"မင်း အဲဒီလိုနေလိုက်တာ ဘယ်လောက်အန္တရာယ်ကြီးသလဲ သိရဲ့လား ဆယ်နေ၊ မိန်းကလေးတော်တော်များများရဲ့ ပါးစပ်ထဲမှာ မင်းဘာဖြစ်နေလဲဆိုတာ သိရဲ့လား"

"ဘာဖြစ်နေနေ ဂရုမစိုက်ဘူး"

"ဆယ်နေ"

"ဘာလဲ"

"မင်း မမူးပါဘူးနော်"

ဆယ်နေက မျက်လုံးလှန်ကြည့်ပြီး ပြုံးသည်။

"ငါသောက်တာ မြင်လို့လား"

"မမြင်ဘူးလေ၊ မမြင်ပေမယ့် မင်းက အမူးသမား သွေးကြွနေသလို ဖြစ်နေတာ"

"ဟား ဟား"

ဆယ်နေက အသံထွက်အောင်ရယ်သည်။ ဂျော်နီက ချမ်းသာကို လှမ်းကြည့်၏။ ချမ်းသာက ဘီယာကို ဖန်ခွက်ထဲ ထည့်နေရင်း ပခုံးတွန့်လိုက်က...

"မင်းကို မပြောရက်ပေမယ့် ငါ ပြောချင်လာပြီ"

"ပြောလေ"

"ယောက်ျားတစ်ယောက်က လူဖြစ်ရှုံးသွားသလို မင်း ဂုဏ်သရေကိုက်မယ့်ကိစ္စမှာ နည်းနည်းမှ ဂရုမစိုက်ဘူးဆိုတော့ မင်းရဲ့သတ္တိတွေက အစ်နေရာတည်းမှာ ဖိအားများနေပြီ"

ဆယ်နေက ချမ်းသာဖန်ခွက်ထဲကို ရေခဲတုံးကလေးတွေ ပစ်ထည့်ပေးလိုက်က...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"မေးရင် ဖြေမလား"

"ဖြေချင်ရင်ဖြေမယ်"

"ရည်းစားတွေအားလုံးနဲ့ မင်းရဲ့မမ ဘာက အရေးကြီးလဲ"

"ဒါ ဖြေစရာလားကွ"

ဆယ်နေက အပြုံးမပျက်ဘဲ ပြည်ကြီးငါးသုပ်ကို တူနှင့် လှမ်းနှိုက်

"ဖြေဖို့ လိုနေပြီလေ၊ မင်း ဝေ့လည်ကြောင်ပတ်လုပ်မနေနဲ့ ယောကျ်ား ပဲကွ တစ်ခုကိုပဲရွေး၊ ရင်ထဲမှာရှိနေတာကို ဝန်ခံရမှာပေ့ါ၊ ငါတို့အမြင် တော့ အဝါရောင်က သနားဖို့ကောင်းတယ်၊ အခု ဖျားနေလို့ စာမေး တောင် မဖြေနိုင်တော့ဘူး"

"အဲဒါ ငါနဲ့ဆိုင်လို့လား"

"ဆိုင်တာပေ့ါကွ၊ ဆိုင်လို့ မင်းကို တီမာတို့က အသေမုန်းနေတာ ညာချင်လဲညာပါ၊ အညာခံပြီးချစ်ပါမယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်နေ တောင် မင်းက ဂရုမစိုက်ဘူး"

"သူက အညာခံတော့ ငါက လူလိမ်ဖြစ်မှာပေ့ါ"

ဆယ်နေ့မျက်နှာက တည်တည်တံ့တံ့ဖြစ်သွား၏။ ချမ်းသာနှင့်ဂျော် တို့ကို တစ်လှည့်စီကြည့်၍...

"ယောကျ်ားဖြစ်တိုင်း နေရာတကာ သတ္တိပြနေလို့မရဘူး ချမ်းသာ ငါ့ကိုငါတောင် ဘာမှန်းမသိတဲ့ကိစ္စမှာ သူ့ကိုချစ်တယ်၊ ဘယ်သူ့ကို တယ်ဆိုတဲ့ အဖြေလဲ ငါ့မှာမရှိဘူး။ ဒါပေမယ့် ခုချိန်ထိ ငါ ဘာမှမမှား ကိုယ် ဘာမှမဟုတ်ဘဲနဲ့ လူပြောသူပြောတွေ ငါ့ဆီသယ်လာပြီး သံသ တွေ တစ်ထွေးကြီးနဲ့ သူတို့ကငို လှည့်ပတ်တောင်းပန်နေရမှာလ မတောင်းပန်တာနဲ့ဟဲ 'ဒါ အမှန်ပဲလို့' ဝန်ခံရဦးမှာလား။ ဟုတ်တယ်





တဲ့ရဲ့မှာပဲ၊ မဟုတ်ပါဘူးပြောလဲ သံသယတွေက ပျောက်သွားမှာမဟုတ် ဘူး၊ အဲဒီတော့ သူ့အတိုင်း ထားလိုက်"

ဒါလည်းဟုတ်သည်ဟုတွေးကာ ချမ်းသာ ခေါင်းညိတ်၏။

"ငါ တစ်ခုတော့ စိတ်ဝင်စားတယ်ကွ"

ဂျော်နီက ဘီယာကြောင့် နီတက်လာသည်မျက်နှာကြီးကို လက်ဝါး နှင့်တစ်ချက်ပွတ်၍...

"လူတွေပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ ဒေါ်ရန့်ကင်း ဆိုတဲ့ မင်းရဲ့ မမကို မြင်ဖူးချင်တာ"

"ဘာရေပန်းစားတာလဲ"

ဆယ်နေ မျက်မှောင်ကြုတ်ထားသည့် မျက်ခုံးတွန့်တွန့်တွေကို ဂျော်နီက အံ့သြသလိုကြည့်ကာ...

"သိပ်လှတယ်လို့ ပြောနေကြတာလေ၊ အထူးသဖြင့် တီမာတို့ ပြော တာပဲ၊ ပြီးတော့ ဒါလီနဲ့လဲတွေ့တယ်၊ သူလဲ ဒါပဲပြောတယ်၊ မင်းနဲ့ မင်းရဲ့ မကို မွေးနေ့ပွဲတစ်ခုမှာ မြင်လိုက်တယ်တဲ့၊ သူက မင်း လက်ထပ်သွား ပြီလို့ထင်တာ၊ ငါတို့က မင်းရဲ့ မွေးစားအမေလို့ပြောတော့ ယုံကိုမယုံဘူး၊ သူပြောတာ တော်တော်လှတယ်ဆိုပဲ"

"ဟုတ်တယ်၊ တီမာတို့ကတော့ အဝါရောင်ပြောလို့ သွားကြည့်တာ တဲ့ မင်းကို အဲဒီမမနဲ့ ကျိန်းသေစွပ်စွဲနေတာကွ၊ လူတွေ သမုတ်နေကြ တာမဟုတ်ဘူး။ မင်းကိုယ်တိုင်က သာယာနေတာတဲ့၊ အဝါရောင်ထက် လှတယ်ဆို"

ဆယ်နေက မျက်မှောင်ကြုတ်လျက်နှင့် တစ်ဖက်လှည့်ပစ်သည်။ အဲ ကို မနိုင်းရဘဲ ဂျော်နီ့ရှေ့က ဘီယာတစ်ဝက်နှင့် ဖန်ခွက်ဆီ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ပြီးတော့ တကျိုက်ကျိုက်နှင့် ကောက်မော့ပစ်လိုက်သည်။

"ဟာ..."

"ဘာဖြစ်သွားတာလဲ"

ချမ်းသာနှင့်ဂျော်နီ ကြောင်တောင်တောင်ဖြစ်သွားကြ၏။

ဆယ်နေက ဖန်ခွက်ကို ပြန်ဆောင့်ချလိုက်ကာ...

"နောက်ကြောင်းတွေ ဘာမှထည့်မပြောနဲ့တော့ကွာ၊ အဲဒီနာမည်တွေကြားတိုင်း စိတ်ရှုပ်ရတာကို မခံစားချင်ဘူး၊ သူတို့ လိုချင်တာမရတိုင်း ထင်သလိုဝေဖန်နေကြတာတွေ ငါ လိုမှ်ခံခဲ့ပြီးပြီ၊ ထပ်မပြောနဲ့တော့"

ဆယ်နေ နောက်ထပ်တစ်ဝက် ငှဲ့ထည့်သည်။

ဂျော်နီက ခေါင်းကုတ်၍ ချမ်းသာကိုကြည့်၏။ ပြုံသနာပါလာ





## အခန်း (၁၄)

"ဖွမ်း ဂျိမ်း"

တံခါးသော့ကို လက်လျှိုနှိုက်၍ လက်ဝါးနှင့် ရိုက်ပုတ်လိုက်သဖြင့် တံခါးနှင့်သော့ပစ်တိုက်သံက ညဦးနက်နက်မှာ ဆူညံသွားသည်။

အလုပ်လုပ်နေရင်း ကင်း မျက်နှာ အိမ်ရှေ့ဘက်လှည့်ကာ နားစွင့်တိုက်မိသည်။

"မာမီတာ၊ လေးလေး"

ဆယ်နေ ခုမှပြန်လာတာကို သိလိုက်သဖြင့် ကင်းမျက်နှာ တင်းသွား၏။ နေရာမှထကာ အပြင်ထွက်လာခဲ့လျှင် တံခါးကို ပခုံးစောင်းနှင့်မှီ၍ လျှော့ရိလျှော့ရဲ ရပ်နေသော ဆယ်နေ့ကို မြင်လိုက်ရ၏။ ခြေလှမ်းတွေက နေရာမှာပဲ ရပ်တန့်သွားလေသည်။

ဒီအချိန် ပြန်လာရသလားဆိုပြီး ဆူပူမာန်မဲဖို့ စကားတွေက သိပ်သည်းစွာ စုစည်းသွားခဲ့ကြ၏။ ကင်း နောက်ကို ပြန်လှည့်လာခဲ့စဉ်...

"ဟင် သား"

ဒေါ်နီတာ အခန်းထဲကထွက်လာတာနှင့် မျက်နှာချင်းဆိုင်လိုက်မိ၏။

www.burmeseclassic.com



"သမီး"

ဒေါ်နီတာသည် အိပ်ရာမှ ထလာပုံမျိုးနှင့် ဆံပင်တွေ ပြေကျနေတာကို ဖြစ်သလို ပြန်လည်ထုံးဖွဲ့လိုက်ရင်း ရှေ့ထွက်လာသည်။

"အရက်တွေသောက်လာတယ် ဒေါ်လေး၊ တံခါးဖွင့်မပေးနဲ့"

"ဟင်..."

ကင်းက တစ်ခွန်းပဲပြောပြီး အထဲဝင်သွား၏။ ဒေါ်နီတာ သော့ဆီသို့ လှမ်းလိုက်သည့်ခြေလှမ်းတွေက ရှေ့ကို တစ်လှမ်း ဆက်မတိုးရဲတော့ဘဲ တုံ့ခနဲဖြစ်သွား၏။

"မာမီတာ...မာမီတာ"

"ရှူး ရှူး"

"ဟဲ့ ဟဲ့"

ဆူညံသံကြီးက ကျယ်လွန်းသဖြင့် ဒေါ်နီတာ တံခါးဆီ ကပျာကယာ ပြေး၏။

"သား ဆယ်နေ"

"ဟင် မာမီတာ၊ မာမီတာ တံခါးဖွင့်လေ"

ဆယ်နေ တံခါးကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ပြီး ဒေါ်နီတာကို ကြည့်၏။ ကိုယ်က ယိုင်နေသည်။ မျက်ကြောစင်းစင်းနှင့် မျက်နှာပြင်တစ်ခုလုံးက ရဲတွတ်နေသည်။

"သား မင်း အရက်တွေသောက်လာတယ် ဟုတ်လား"

"မဟုတ်ပါဘူး ဘီယာပါ။ အော့... နည်းနည်းလေးပါ မာမီတာရဲ့၊ ကျွန်တော် မမူးပါဘူး"

လို့ ပြောပြီး ကားကို လက်ညှိုးပြန်လှည့်ထိုးကာ...

"ကားကို ကိုယ်တိုင်မောင်းလာတာ၊ ဘာမှမဖြစ်ဘူး၊ ကျွန်တော့်ကို





တံခါးဖွင့်ပေးပါ၊ တော်ကြာ မမသိလို့ ဆူခံထိနေမှာ"

"သူ သိသွားပြီ၊ မင်း... မင်း အထဲကို မဝင်စေနဲ့တဲ့၊ မာမီတာ စောင်တွေပေးမယ်၊ ခြံစောင့်အိမ်ထဲမှာ ဒီည သွားအိပ်လိုက်တော့နော်"

"ဟင်... ကျွန်တော့်ကို မဝင်ရဘူး"

သူ့ရင်ဘတ်သူ ပုတ်ပြပြီးပြောတော့ ဒေါ်နီတာ စိတ်မကောင်းဖြစ်သွား၏။ တစ်သက်လုံးက မသောက်ခဲ့ဘူးဘဲနဲ့ ကင်း ရှိနေကာမှ သောက်ခဲ့သလား။

"မာမီတာ"

"ဟင်"

"မမက ကျွန်တော့်ကို အထဲမဝင်ရဘူးတဲ့လား"

"ဟုတ်တယ်၊ မင်းက ဘာဖြစ်လို့ အရက်သောက်လာရတာလဲ၊ ကျောင်းပြီးတာနဲ့ပဲ မင်းကိုယ်မင်း ဘာမှတ်သွားလို့လဲဟင်၊ သိပ်မိုက်တဲ့ ကလေး"

"ဟာ ဘာကလေးလဲ၊ ကလေးမဟုတ်ပါဘူး မာမီတာကလဲ၊ ကျွန်တော့်ကို သေချာကြည့်ပါဦး"

ဆယ်နေက အာလေးလျှာလေးနှင့်ပြောရင်း သူ့ရင်ဘတ်ကိုပဲ ဘုတ်ဖုတ်မြည်အောင် ပုတ်ပြ၍...

"ဒီလောက်သန်မာထွားကျိုင်းနေတဲ့ကောင်ကို ကလေးလို့ ပြောရသလား၊ မာမီတာ အဲဒီလိုတစ်ခါပြောတိုင်း ကျွန်တော့်မှာ တစ်ခါလာဘ်ဒိတ်တယ်"

"ဩော်...ဩော် ဒီလောက် ရည်းစားတွေများနေပြီတော့ လာဘ်ဝိတ်သေးတယ် ဟုတ်လား၊ အံ့ပါရဲ့နော်"

ထိုစဉ် ဒေါ်နီတာနောက်မှာ ဦးစိုးခ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေတာလဲ၊ ညကြီးအချိန်မတော် ကြားမကောင်းဘူး"

"လေးလေး"

မေးစင်းနေသည့်မျက်လုံးတွေကို ပြူးပြဲဖွင့်ကာ ဆယ်နေက ဦးစိုးခကို ကြည့်သည်။

ပြီးတော့ ဘာဂျာတံခါးကြားထဲကနေ လက်လျှိုထည့်ကာ သေခလောက်ကို ပုတ်ပြ၍...

"ဒီမှာလေ မမက တံခါးမဖွင့်ရဘူးတဲ့၊ ရက်စက်တယ်နော်"

"မင်းက ဘာဖြစ်လို့ သောက်စားလာရတာလဲ"

"လေးလေးကို ကျွန်တော် ပြောသွားတာပဲ ဒီညတော့ ခွင့်ပေးပါလို့၊ နှုတ်ဆက်လက်ဆုံစားပွဲပါဆို"

"အေးလေ အဲဒီထဲမှာ အရက်သောက်ဖို့မှမပါဘဲ၊ ကဲ သွားသွား ခြံစောင့်အိမ်မှာ သွားအိပ်လိုက်တော့"

"ကျွန်တော် အိပ်ရာပြောင်းရင် မအိပ်တတ်ဘူး လေးလေးရ"

"အဲဒါ မင်းအပြစ်နဲ့မင်း"

"မမ ရက်စက်တယ်ဗျာ၊ လေးစားတယ်၊ ရေရေလည်လည် လေးစားတယ်၊ အဲဒီလို ရက်စက်တာတွေ ဒီရင်ဘတ်ထဲ ရောက်ကုန်တာလေ ပြည့်နေတာပဲ၊ အများကြီးပဲ၊ ဘာတွေလဲ သိလား၊ ရင်ခုန်သံတွေ..."

"မြတ်စွာဘုရား"

ဒေါ်နီတာ ရင်ဘတ်ဖိသည်။

"ကျွန်တော့်ရင်ထဲမှာ..."

"ဆယ်နေ"

"မမကို..."

"ဟိတ်ကောင်"





"ဘာလဲ၊ ဖယ်ပါ လေးလေးကလဲ"

ဦးစိုးခက တံခါးကြားထဲကနေ လက်နှစ်ဖက်ထုတ်၍ ဆယ်နေ့ ပါးစပ်ကို အသေအလဲ လှမ်းပိတ်သည်။ ဒေါ်နီတာက သောပြေးဖြုတ်၏။

တိုက်စရာမရှိဘဲ ခလုတ်တွေတိုက်၊ နှလုံးရောဂါမရှိဘဲလည်း ရင်တွေ တုန်၏။

ဘုရား...ဘုရား၊ ကင်း မကြားပါစေနဲ့။ ဒေါ်နီတာ ဆုတောင်းရင်း တံခါးဖွင့်လိုက်၏။

ဖွင့်ပြီး ဦးစိုးခကိုယ်တိုင် ခြံစောင့်အိမ်ကလေးထဲရောက်အောင် သွားပို့ခဲ့ရသည်။ ပြောနေလိုက်တာ စကားတွေမှ အများကြီးပါပဲ။

"ဖယ်ပါ လေးလေးရာ ဘာဖြစ်လဲ၊ ရင်ခုန်သံတွေကို ကျွန်တော် ပိုင်တယ်"တဲ့။

ခုနစ်မင်းကွာ ဆိုပြီး ထားခဲ့လိုက်တော့ မိုးလင်းတော့ ခြံစောင့်ကြီးက ရယ်ရင်းပြောသည်။

"တကယ်ခုန်နေတာ ဆရာ၊ တစ်ညလုံး ခုန်လို့မပြီးဘူး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မျက်နှာနီနေဆဲ။ မှုးနေတာမဟုတ်ပေမယ့် ခေါင်းတွေက မူးနောက်ကိုက်ခဲနေ၏။ မမရှေ့မှာ မျက်လွှာချ၍ ရပ်နေပေးရင်း အလုပ်သွားခါနီး ဖိုင်တစ်ထပ်ကိုကိုင်ထားသည့် လက်ချောင်းပြည့်ပြည့်နုနုလေးတွေကို မကြာခဏ ကြည့်ဖြစ်ခဲ့၏။

"ဦးလေးစိုးကို မင်းပြောသွားတယ်ဆိုတော့ အပြန်နောက်ကျတာကို ထားလိုက်၊ သောက်စားလာတာကလဲ မသောက်ရဘူးလို့ ဦးလေးစိုးက မမှာလိုက်တဲ့အတွက် ထားလိုက်တော့၊ ဒါ ပထမဆုံးနဲ့နောက်ဆုံး ဖြစ်ပါစေ ဆယ်နေကဲ့ သူများတွေလို တို့က သုံးကြိမ်သုံးခါ မှားခွင့်မပေးဘူး၊ နောက်တစ်ခါ မင်း အရက်သောက်လာရင် တစ်ညထွက်အိပ်ရုံနဲ့ မရတော့ဘူး။ ဒီခြံထဲကို နောက် ဘယ်တော့မှ ပြန်ဝင်ခွင့်မရှိတော့ဘူး၊ မယုံရင် လက်တွေ့စမ်းကြည့်လိုက်"

"ကျွန်တော် ယုံပါတယ်"

ကင်းမျက်နှာ တင်းခနဲဖြစ်သွားသည်။ အဲဒီလို ထေ့သလို၊ ငေါ့သလို ပြောတတ်တာတွေကို အမုန်းဆုံး။





"နေ့လယ်တစ်နာရီ ကုမ္ပဏီကိုလိုက်ခဲ့"

"ဟုတ်ကဲ့ မမ"

ဟုတ်ကဲ့ နှစ်လုံးနဲ့ လုံလောက်နေတာကို 'ဟုတ်ကဲ့ မမ'လို့ ပြောလိုက်တော့ နားထဲမှာ ကန့်လန့်ကြီးဝင်သွား၏။ ကင်း မျက်နှာကိုတင်း၍ သည့်ထွက်လာခဲ့သည်။

မသိမသာ ကွယ်ရာကနေကြည့်နေသည့် ဒေါ်နီတာမှာ ကင်း ထွက်သွားမှ သက်ပြင်းချနိုင်ခဲ့သည်။ တော်ပါသေးသည်၊ ညက ဆယ်နေ ပြောတာတွေကို ကင်း မကြားလို့။

"သား"

လည်ပင်းကိုပွတ်သပ်၍ အပေါ်ထပ်တက်ဖို့ ခြေလှမ်းလိုက်သည့် ဆယ်နေ့လက်ကို ပြေးဆွဲကာ...

"ဘာလုပ်မလို့လဲ"

"ဝရန်တာမှာ ထွက်အိပ်မလို့"

"အိပ်ချိန်မှ မဟုတ်တော့တာ၊ ခေါင်းလေးအောင်ကွယ်၊ မအိပ်နဲ့တော့ သား မာမီတာ ကော်ဖီဖျော်တိုက်မယ်၊ သံပရာသီးလေး ညှစ်ထည့်ပေးမယ်၊ လာ လာ"

ပြောရင်း ဆွဲခေါ်သဖြင့် ဆယ်နေ ထမင်းစားခန်းထဲ ပါလာခဲ့၏။

"သား ဘယ်သွားဦးမလဲ"

"မသွားဘူး"

ကော်ဖီဖျော်ရင်း အကဲခတ်တော့ ခေါင်းနောက်နေသည့် ဆယ်နေ့ မျက်နှာက နီရဲမှုန်ကုတ်နေ၏။

"အိပ်ချင်နေတာလား"

"မဟုတ်ဘူး ခေါင်းထဲမှာ လေးနေတာ၊ ကျွန်တော် ညက တော်တော်



www.burmeseclassic.com

www.burmeseclassic.com



မှုးလာသလားဟင်”

မျက်နှာကို ပွတ်ပစ်လိုက်ပြီး မော့ကြည့်မေးသည်။ ဒေါ်နီတာ မဖြေရသေးစခင် သူပဲ ဆက်ပြော၏။

“ကျွန်တော် မသောက်ဘူးလို့နေတာ၊ ဘာဖြစ်လို့ သောက်လိုက်မှန်းမသိဘူး။ ဒါပေမယ့် သိပ်မမူးပါဘူး။ ကျွန်တော် ဘာတွေဖြစ်လာလဲဟင်၊ မမ ကျွန်တော့်ကို တွေ့သွားတော့ ကျွန်တော် ဘယ်လိုပုံစံ ဖြစ်နေသလဲ”

“မူးပြီး ယိမ်းထိုးနေတာပေါ့”

“ဟင်...”

ဒေါ်နီတာ ဒေါသမပါသည့်မျက်စောင်းကြီးရှယ်ကာ...

“ဘယ်ရည်းစားနဲ့ လမ်းခွဲလာခဲ့သလဲ ပြောစမ်း”

“ဟာ မဟုတ်ပါဘူး”

ဆယ်နေ့ပုံစံက ရှက်ရွံ့စွာ ဖုံးကွယ်ခြင်းမဟုတ်ဘဲ ရှုံ့မဲ့ စိတ်ပျက်သွားတာမျိုး။

“မဟုတ်ဘူးလို့ မပြောနဲ့လေ၊ တစ်ညလုံး ရက်စက်တာတွေ၊ ချစ်တာတွေချည်းပဲ ပြောနေတာ”

“ဟင်...”

ဆယ်နေ ဆတ်ခနဲဖြစ်သွား၏။ သိုးညှဉ်းညှဉ်း မှုန်ကုပ်ကုပ်နေသည့် မျက်နှာက ချက်ချင်းကြီး လှုပ်ရှားပြောင်းလဲသွားသည်။

“ကျွန်တော် အဲဒီစကားတွေ တကယ်ပြောခဲ့သလား”

“ဟုတ်တယ်”

ဒေါ်နီတာက မျက်လုံးထောင့်ကပ်ကြည့်ကာ ဆယ်နေ့ မျက်နှာကို အကဲခတ်၏။ ‘မမ’လို့ခေါ် ခေါ်ပြီး ပြောနေတာတွေကို သိလျက်နှင့် တမင်တကာ လိုးလွဲအစ်ကြည့်လိုက်ခြင်း ဖြစ်သည်။





ဘယ်ရည်းစားကြောင့်မှမဟုတ်သော စုဆောင်းတည်ရှိနေခဲ့သည့် ရင်ထဲက သယံဇာတတွေမှန်း သိသည်။ ဒါပေမယ့် တမင် ရင်ဖွင့်ချင်တာလား၊ မူးလို့ပြောတာလား သိချင်လို့။

“ပြောလေ ဘယ်သူက ရက်စက်လိုက်လို့လဲ”

“ဘယ်သူမှ မဟုတ်ပါဘူး”

ဒေါ်နီတာက ဆယ်နေ့ရှေ့မှာ သံပရာရည်ညှစ်ထည့်ပြီးသည့်ကော်ဖီခွက်ကန်လေး ချပေးလိုက်ပြီး သူ့မပါ ဝင်ထိုင်လိုက်၏။

“တစ်နှစ်ထဲမှာ နှစ်မင်္ဂလာမပြုရဘူးဆိုတော့ ပြောလို့ရပြီ”

“ဘာလဲ”

“သားမှာ ချစ်သူမရှိဘူးမဟုတ်လား”

“ရှိတာပေါ့”

“ဟင် ဒါနဲ့များ သူမဟုတ်သလိုလိုနဲ့ ကဲ ပြော ဘယ်သူလဲ၊ ကျောင်းပြီးပြီဆိုတော့ လက်ထပ်ဖို့ပဲရှိတော့တယ်၊ ကင်းကလဲ ပြောထားတယ်လေ၊ လက်ထပ်ဖို့ရည်ရွယ်ထားတာရှိရင် ပြောတဲ့”

ဆယ်နေ့မျက်နှာ မှုန်ကုပ်ကုပ်ပြန်ဖြစ်သွားလျက် ကော်ဖီကို တစ်ဝက်ကျအောင် သောက်ပစ်လိုက်၏။

“အဲဒီလိုမရှိပါဘူး၊ ဘာလဲ မမက ကျွန်တော့်ကို မိန်းမ ပေးစားမလို့လားလား”

“ပြောသံတော့ မကြားပါဘူး။ ဒါပေမယ့် မင်းကိုမပြောပေမယ့် သူက လက်ထပ်တော့မှာလေ”

“ဘာ”

“အဲဒါကြောင့် မာမီပြောတာပေါ့။ သားမှာ လက်ထပ်ဖို့ စိတ်ကူးမရှိသေးဘူးဆိုရင် သမီးက လက်ထပ်ရုံပဲပေါ့။ တစ်နှစ်တည်း နှစ်မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တော့ဘူး"

ဆယ်နေက ကိုင်ထားသည့် ကော်ဖီပန်းကန်ကို ပြန်ချ၍ မျက်နှာအော
လာသည်။

"မမက ဘယ်သူနဲ့လဲ၊ ဘယ်သူနဲ့မှငြိတာ မကြားဘူးဘဲနဲ့"

"ဘယ်ကြားမလဲ၊ သူက မြန်မာနိုင်ငံမှာနေတာ ဘာကြာသေးတာ မှတ်လို့၊ နိုင်ငံခြားမှာ တွေ့လာတာလေ၊ ဒါပေမယ့် မြန်မာပါပဲ၊ စီးပွားတူ လုပ်ငန်းတူတွေပေါ့"

ဆယ်နေက နှုတ်ခမ်းနှစ်လွှာကို ခပ်ဖိဖိပိတ်၍ ပြုံးလိုက်၏။

"ဒီလိုတော့ ဘယ်ရမလဲ၊ ကျွန်တော်က အရင်လက်ထပ်မှာ"

"ဟောတော့"

"ဟုတ်ပ၊ယ်၊ မမက အရင်လက်ထပ်လိုက်ရင် ကျွန်တော် တစ်နှစ် ထပ်စောင့်နေရမှာလေ"

ဒေါ်နီတာက ဆယ်နေ့ကို ထူးဆန်းစွာကြည့်သည်။ ဆယ်နေ့မျက်နှာ က စောစောကလို အရက်သမားရုပ် ပေါက်မနေတော့ဘဲ ကြည်လင်ရွှင်မျ လျက်။

"နေပါဦး၊ ဒါနဲ့ စောစောက မရှိပါဘူးဆို"

"ခု ရှိသွားပြီ"

ပြောပြီး ကော်ဖီကို အကုန်မော့၍ ထရပ်လိုက်သည်။

"လုပ်ပြန်ပြီ၊ ဒါက ဘယ်ကိုလဲ"

"ရည်းစားရှာရေး"





## အခန်း (၁၆)

ဖိတ်စာစာရင်းတွေ သူကိုယ်တိုင် လိုက်ကမ်းပေးရတာတွေလည်းရှိသည်။ မပေးရတာတွေကိုလည်း ရှိတာပါပဲ။ ဒါပေမယ့် စာရင်းပေါ်က နာမည်တွေကို သူ အကုန်ဖတ်ခဲ့ရသည်။

ဒီနာမည်တွေထဲမှာ သူနှင့်ပတ်သက်ခဲ့ဖူးသည့် မိန်းကလေး မိဘတွေကော၊ မပတ်သက်ရသေးဘဲ ငြိလုငြိတွယ်ခင် မိန်းကလေးတချို့၏ မိဘတွေကော ပါနေလိမ့်မည်ဟု မထင်ခဲ့မိပေ။

ထို့ပြင် အလွန်လှပသော၊ သူကိုယ်တိုင် မြင်တွေ့နေခဲ့ရသော၊ တခြား မိန်းကလေးတွေလည်းပါသည်။ လာကြသမျှ မိသားစုတွေဟာ ကိုယ့်သမီးတွေ ကိုယ်စီ ခေါ်လာလိုက်ကြတာ၊ တမင်းတကာ ချိန်းထားသည့်နှယ်။

မွေးနေ့ပွဲက မွေးနေ့ပွဲနှင့်မတူတော့ဘဲ မင်္ဂလာဧည့်ခံပွဲကြီးနှင့် တူနေ၏။ နေ တိုက်ရှေ့ မျက်နှာစာအပြည့်ခင်းကျင်းထားသော စားပွဲတွေက အများကြီး။ ပြင်ဆင်ထားသည့် ခမ်းနားမှုက အကြီးအကျယ်။တဖွဲဖွဲရောက်လာကြသူတွေကို မြင်နေရင်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်လာ၏။

"ဆယ်နေ"

"ဟင်"

www.burmeseclassic.com



ဝင်လာသည်နှင့် ချမ်းသာက တစ်ခြံလုံးကို ဝေ့ကြည့်ပြီး အနားကပ်ခေါ်၏။

"မင်းမမ ဘယ်မှာလဲ"

"ဆင်းမလာသေးဘူးထင်တယ်"

"ပြင်ထားတာ မွေးနေ့ပွဲလား၊ မင်္ဂလာဧည့်ခံပွဲလားကွ၊ လန်နေတာပဲ"

ဆယ်နေ မျက်နှာပျက်သွားသည်။ သူ ဘာမှ မဖြေဖြစ်ပါ။

ချမ်းသာနှင့်သီဂီတို့အုပ်စုကို အတူတူပဲ နေရာချပေးခဲ့ပြီး အထဲကို ပြန်ဝင်လာခဲ့၏။ ဂျော်နီက တွဲတေးသားဖြစ်သည်။ ပြန်သွားပြီးကတည်းက ပေါ်မလာတော့သဖြင့် ဒီပွဲမှာ ချမ်းသာတစ်ယောက်ပဲ လာနိုင်သည်။

သီဂီတို့နှင့်လည်း ရင်းနှီးကြတာမို့ ထိုင်မကြာသည်နှင့် အဖွဲ့ကျသွားကြ၏။ ဆယ်နေ အထဲဝင်လာပြီး ရှာမိသည်က လေးလေးတို့ဖြစ်၏။

ဦးစိုးခ ဟိုတယ်ဝန်ထမ်းတွေ အလုပ်ရှုပ်နေသည့်နေရာမှာ လက်နှစ်ဖက်နောက်ပစ်လျက် စီမံခန့်ခွဲနေ၏။

"လေးလေး"

သူ ခေါ်လိုက်တော့ လှည့်ကြည့်သည်။ အထူးတလည် ပြောချင်နေသည့်မျက်နှာကို အကဲခတ်မိပြီး သူ ခေါ်စရာမလိုဘဲ ခပ်လှမ်းလှမ်း လူရှင်းတဲ့နေရာထိ ပါလာ၏။

"ဘာလဲကွ"

"ဒီပွဲက ဘာလဲ"

"မွေးနေ့လေ၊ ဘာလာဖြစ်နေတာလဲ"

မမရဲ့ သုံးဆယ့်တစ်နှစ်ပြည့်မွေးနေ့ဆိုတာ သူသိသည်။ တခြား မွေးနေ့ပွဲတွေလို ကန့်လန့်ကာစပေါ်မှ ရွှေရောင်စာလုံးတွေနဲ့ လွှင့်ထား မထားပေမယ့် သူ သိနေတာပဲ။ ဒါပေမယ့်...





"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးခံစားမိလို့"

"ဘာလဲ"

ဆယ်နေက သူ ဝတ်ထားသည့် အဖြူရောင်အနောက်တိုင်း ဝတ်စုံကို ငုံ့ချက်ငုံ့ကြည့်ပြီး ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လုံးထည့်ကာ...

"မမက မွေးနေ့ပွဲမှာ မင်္ဂလာကိစ္စတွေ ဘာတွေများ ကြေညာလိုက်ဖို့ ပြင်ထားသလား၊ လေးလေးတို့ကိုတော့ မမက တိုင်ပင်မှာပါ"

ဦးစိုးခက ဆယ်နေ့ကို ဘာတွေလာဖြစ်နေတာလဲဆိုသည့် မျက်လုံးနှင့် ကြည့်သည်။ ပြီးတော့ သက်ပြင်းချ၍ ဧည့်ခံပွဲဆီ လှမ်းကြည့်၏။

"သူ တိုင်ပင်တာက ဒီလိုကိစ္စတွေမဟုတ်ဘူးကွ၊ မင်းပြောသလို ငါ ဘာင် ခုမှ တွေးမိတယ်၊ ဖြစ်တော့ဖြစ်နိုင်တယ်၊ ဒါပေမယ့် မဟုတ် လောက်ဘူးထင်တယ်"

"မဟုတ်လောက်တာ ဘာဖြစ်လို့လဲ"

"သူ လက်ထပ်မယ့်သူက ဒီမှာမှမရှိတာ၊ သူ့တစ်ယောက်တည်း တော့ မကြေညာလောက်ဘူးလို့ ထင်တာပဲ"

"သူ့ချစ်သူကို လေးလေးတို့ သိလား"

"ချစ်သူ မဟုတ်ပါဘူး သူငယ်ချင်းပါ၊ ဒါပေမယ့် 'ဂျဲဆိုဦး' က ကင်းကို ကြိုက်နေတယ်ဆိုတာတော့ တို့တွေသိတယ်၊ ကင်းက ဘာမှမပိုခဲ့ပါဘူး၊ သူမ လက်ထပ်ဖို့ထိ ဆုံးဖြတ်လိုက်တော့ ဘာဖြစ်လို့လဲ မသိဘူးလေ"

"ဒါဆိုရင် ဒါ တကယ်ပေါ့"

"ဟင် ဘာလဲ"

"မမ လက်ထပ်မယ်ဆိုတာ"

"ဟုတ်တယ် တကယ်"

ဆယ်နေ မျက်မှောင်ကြုတ်လျက် ဧည့်ခံပွဲဘက်ကို လှမ်းအကြည့်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံတွေ ဖြိုးဖြိုးဖြောက်ဖြောက် ထွက်ပေါ်လာခဲ့သည်။

ကင်းရယ်၊ သူမ၏သူငယ်ချင်းဆိုသည့် အမေရိကန်ကပြား အမျိုးသမီး 'ဂျော်ဒန်နာ'ရယ်။ ဂျော်ဒန်နာက ဘောင်းဘီရှည် ခြေသလုံးလောက်ကို ကျယ်ကျယ်ကပ်ကပ်နှင့် အပေါ်က တင်ပါးထိ ပွပွဖားဖားချထားသည့် ဂါဝန်လက်ပြတ်လေးကို အနီရောင်ဆင်တူဝတ်ထား၏။

ကင်းက အဖြူရောင်။

ထဘီရင်လျားထားသလို ဝတ်ထားသော ကိုယ်ကျပ်ပျော့ပျောင်းခြေဖမိုးပေါ်မှာ အိတွဲပုံကျနေ၏။ အဖြူရောင်ပဝါပါးလေးတစ်ထည်ကို ကုတ်အင်္ကျီဝတ်သလို ထပ်ဝတ်ထားသည်။

ပြီးတော့ လည်တိုင်မှာ ပဝါပါးလေးနှင့် ရစ်သိုင်းထား၏။အလွန်ရှိုင်းသည်ထင်ရသော ဝတ်ရုံလွှာဟာ သူမကိုယ်ပေါ်ရောက်တော့ သူ့နေရာနှင့်သူ ကာကွယ်ထားပြီးသားဖြစ်ပြီး ကြည့်ကောင်းသွားတတ်၏။

ဆံပင်တွေကို ဘယ်လိုဖျောက်ကွယ် ထုံးဖွဲ့ထားသည်မသိ။ နဖူးမှအပြောင်သိမ်းထားကာ နောက်ဘက်ဘေးနားမှာ ဆံထုံးပုံမို့မို့ပြားပြားလေးပဲ ပေါ်သည်။ ထိုပေါ်မှာ စိန်နှင့်မဟူရာရောသော ပန်းတွဲတစ်တွဲ ကပ်ပန်ထား၏။ ကိုယ်ပေါ်မှာတော့ ဘာလက်ဝတ်ရတနာမှ ဆင်မထားခဲ့ပေ။

သူမသည် ဘယ်လိုပုံစံ၊ ဘယ်ဒီဇိုင်းမျိုး ထွင်ထားမှန်းမသိဘဲ လည်တိုင်မှာပတ်၍ ရှေ့နောက်ကျနေသော ပဝါဖြူနှစ်စနှင့် လမ်းလျှောက်ပုံကမဟာဆန်နေသည်။ ခပ်ရိုင်းရိုင်းဝတ်ထားပြီး ယဉ်နေသည့် သူမမျက်နှာက နုးညံ့မှုလည်း မရှိ ဒါပေမယ့် ညှို့နိုင်စွမ်းသည့်မျက်ဝန်းတို့က တလက်လက်တောက်နေသည်။ နှုတ်ခမ်းသားတို့သည် တင်းတင်းစေ့ပိတ်မထားပေမယ့် ပြုံးရယ်နေ တာမဟုတ်ပါ။ မပြုံးဘဲ ချိုနေသည့် ရီဝေသောဖမ်းစားမှုဟာ မျက်ဝန်းများ နှင့် အပြိုင်ပင်။





ဆယ်နေက ဘေးကနေဖြတ်ဝင်လိုက်တော့ ကင်းနှင့် ထောင့်မှန်ပုံ ်နှာချင်းဆိုင် ဖြစ်သွားသည်။ သူ့ကိုကြည့်၍ မသိမသာလေးပြုံးလိုက် ည့်နှုတ်ခမ်းအစုံမှာ ဆယ်နေ မှင်တက်မိသွားခဲ့၏။ သူ ဘယ်လိုမှ မယုံ မမ သူ့ကို ဒီလို ပြုံးမပြခဲ့ဖူးပေ။

လှလွန်းလို့ ငေးငိုင်သွားတာမဟုတ်၊ ဝမ်းသာလုံးဆို့သွားတာလည်း တ်ဘဲ မယုံနိုင်ခြင်းက ရင်ထဲကို ပဟေဠိများစွာ ဖြစ်စေခဲ့၏။

လက်ခုပ်သံတို့သည် တညီတညာတည်း ထတီးလိုက်တာ မဟုတ် ်လည်း တော်တော်ကျယ်သည်။ လက်ဆွဲ နှုတ်ဆက်ကြသူတွေက ည်လိုက်လှဲလှဲ။

လက်ဆောင်ပေးခြင်းသည်းခံပါဟု ဖိတ်စာမှာပါပေမယ့် လာကြသူ မှာ လက်ဆောင်ပါသည်။ လက်ခံပေးမည့်စားပွဲ သပ်သပ်ရှိမနေသော ာင့် ကိုယ့်ရှေ့မှာပဲချထားပြီး စားသောက်နေကြတာဖြစ်သည်။

မွေးနေ့သည် ပထမပိုင်းမှာ အစီအစဉ်သပ်သပ်နှင့် ကျွေးမွေးတာ ဖြစ် နောက်ပိုင်းမှာ တစ်မျိုးကျွေးဦးမှာဖြစ်သည်။

ကင်းက မွေးနေ့ကိတ်ကြီးရှိနေသည့်စားပွဲထိပ်မှာ ရပ်လိုက်တော့ သာက သူ့ခါးကို နောက်ကနေ တို့သည်။

"သွားလေကွာ၊ မိသားစုဝင်ဆိုတာ သွားရတယ်"

သူ သွားရကောင်းမလား၊ မကောင်းလား စဉ်းစားနေတုန်း ငေ့ကြည့် လာသည့် ကင်း၏မျက်ဝန်းတို့ ဆုံလိုက်မိသည်။

ကင်း လိုက်ရှာသည့်နောက်ကို လိုက်ကြည့်ကြသည့် ပရိသတ်က သူ့ကို တွေ့သွားကြ၏။

"ဟဲ ကဲ မွေးနေ့ကိတ် လှီးမယ်လေ၊ ကင်း ဘယ်သူ့ကို ရှာနေတာလဲ ခါ"



www.burmeseclassic.com

www.burmeseclassic.com



အသံတစ်သံ ထွက်လာပုံက လူတွေ အထူးစိတ်ဝင်စားအောင် ပြော ပေးလိုက်သလို ရှိလေသည်။ ကင်းက သွားလေးတွေပေါ်အောင် ရယ်၏ ပြီးတော့ သူ့ကိုပဲ လှမ်းကြည့်သည်။

ဆယ်နေ ထိုနေရာသို့ ခြေလှမ်းတွေ ဦးတည်သွားခဲ့သည်။ မသွားဘဲ နေခဲ့တာက မသွားရဲလို့ မဟုတ်ပါ။ ဒါ မိသားစုဝင်တွေ တန်းစီနေရာယူရ မည့်နေရာဆိုရင် သူက မိသားစုဝင်လား။

မမ ဘယ်လိုသဘောထားမှန်း သူ မသိ။ ဘေးမှာ သွားနေပေးမိကာမှ နှင်မလွှတ်ဘူးလို့ မပြောနိုင်။ ထို့ကြောင့် ခပ်လှမ်းလှမ်းကနေပဲ လှမ်းကြည့် နေခဲ့ခြင်းဖြစ်သည်။

"သားရေ လာလေကွာ"

ဦးစိုးခက သူ့လက်ကို လှမ်းဆွဲခေါ်၏။ ကင်းက အလယ်မှာဖြစ်ပြီး သူ၏ညာဘက်မှာ ဆယ်နေ၊ ဘယ်ဘက်မှာ ဦးစိုးခနှင့် ဒေါ်နီတာ။

စားပွဲ၏ပတ်လည်မှာ စုရုံးရောက်လာကြသည့် ပရိသတ်ကလည်း အပြည့်။

"ဝေး မမ"

ဆယ်နေက ကင်းလက်ထဲက မီးခြစ်လေးကိုယူ၍ ကိတ်ပေါ်မှာစိုက် ထားသည့် ဖယောင်းတိုင်လေးတွေမှာ မီးထွန်းသည်။

မီးတိုင်လေးတွေစုံတော့ ကိုယ်ကို ပြန်မတ်လိုက်လျှင် မျက်နှာပူမှုယ် ရှိသေးသည့် ပတ်သက်ခဲ့ဖူးသော မျက်ဝန်းကလေးတစ်စုံနှင့် မျက်နှာချင်းဆိုင်

ယှွန်းသီရိ...

သူ ခပ်ယဲ့ယဲ့ပြုံးပြကာ ဘေးကို မျက်နှာလွှဲလိုက်တော့ မင်းမင်းမြတ်။

သူမတို့နှစ်ယောက်စလုံးသည် ဘေးမှာ မိဘတွေ၊ အုပ်ထိန်းသူတွေ စုံစုံလင်လင် ခြံရံလျက်ရှိပြီး ကင်းကိုယ်တိုင် ဖိတ်ကြားထားသူတွေ ဖြစ်သည်။





ပိုးအနောက်ဘက်မှာ ရှိကြပါသေးသည်။ ဆယ်နေနှင့် ခင်မင်သော၊ ရင်းသားစွာ ပတ်သက်ခဲ့သော မိန်းကလေး တော်တော်များများ ဒီပွဲမှာ ရောက်နေကြသည်။

သူ ပြုံးပြတာလည်းမဟုတ်၊ တမင်တကာ တည်တင်းလိုက်တာ လည်းမဟုတ်ဘဲ ကိုင်ထားသည့်မီးခြစ်ကို အသာလေး ပြန်ချသည်။

အနားမှာ ဝိုင်းနေကြသူတွေက အဖြူရောင်ဝတ်စုံဆင်တူနှင့် သူနှင့် ကင်းကို တစ်ပြန်တစ်လှည့်စီ ကြည့်ကြသည်။ ပြုံးနေကြသော်လည်း မျက်ဝန်းများက ရှာဖွေကြ၏။

ဒီပွဲ၏ လျှို့ဝှက်ချက်ကို သူ့လိုပဲ သိချင်နေကြသည့် မျက်နှာတွေပဲ ဖြစ်သည်။ ဒီပွဲမှာ ဘယ်လိုအစီအစဉ်တွေရှိပါသည်ဟု ကြေညာထားတာ မဟုတ်ဘဲ အားလုံး၏အသိစိတ်ထဲမှာ စိတ်ဝင်စားဖြစ်နေကြသည်။ ဘာတွေ ထူးခြားနေလို့လဲ။

ကင်းမျက်နှာလေးက ပြုံးနေသည်။ မွေးနေ့သီချင်းသံလေး ပျံ့လွင့် လာသည်နှင့် 'ဟက်ပီဘတ်သ်ဒေးဒူးယူ'ဟု သံပြိုင်ဆိုကြကာ လက်ခုပ်သံ တွေနှင့် မြိုင်ဆိုင်စွာ ထွက်ပေါ်လာ၏။

စားပွဲမှာ ထိုင်နေကြသူတွေလည်း ထရပ်ပြီး လက်ခုပ်တီးပေးကြ သည်။ ဘယ်လိုအရှိန်အဝါ၊ ပကာသနတွေဖုံးလွှမ်းပြီး ဒီလိုထူးခြားစွာ စည် ကားနေခဲ့ပါသနည်း။

ကိတ်မုန့်ကို မျက်နှာလေးငုံ့ကာ လှလှပပလေး လှီးထုတ်လိုက်ပြီး ပန်းကန်ထဲထည့်သည်။ ပြီးတော့ ပန်းကန်လှလှလေးကို လက်ဝါးထက် တင်ကာ ကင်း၏ကိုယ်လေး ပြန်မတ်လာ၏။ ရယ်နေသည့်မျက်လုံး တွေက သူတို့ဆီမှာပဲစုပြုံကာ ဆူညံခြင်းတွေ အနည်းငယ်လျော့ကျသွား ၏။ ကင်း၏မျက်နှာလေး သူ့ဘက်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံဖျော့ဖျော့လေးတင်ထားသည့်မျက်ဝန်းနှင့် မျက်တောင်
က သူ့အတွေး၊ သူ့လှုပ်ရှားမှုအားလုံးကို နုတ်ယူ ချုပ်ကိုင်သွားခဲ့

ရွှရွှကလေး စေ့ပိတ်ထားသော နှုတ်ခမ်းလွှာများမှ ပြုံးရယ်
သည့် အသံတိတ် ညို့ယူနေခဲ့လျက်...

“ဟလော”

ကိတ်မုန့်ကို ဇွန်းကလေးနှင့်ဖဲ့ယူပြီး တိုးတိတ်သောအသံ
သူ့နှုတ်ခမ်းတို့ကို ဖွင့်ခိုင်း၏။ လွတ်လပ်ပေါ့ပါးစွာ ပြုံးရယ်နေတတ်
ဆယ်နေ့မျက်ခုံးအစုံက မသိမသာတွန့်ကုပ်လျက် ပြုံးရယ်ခြင်းကင်း
သည်။

အိပ်မက်မက်နေသည်နှင့်တူသော လူတွေနှင့် ရန်ကင်း၏ လှုပ်
အားလုံးကို သူ မယုံနိုင်၊ ဒါပေမယ့် အိပ်မက် မဟုတ်ဘူးဆိုတာ
သေချာနေ၏။

လက်ခုပ်သံတွေ ဝေါခနဲထွက်လာကြ၏။ ကင်းက သွားဖြေ
ပေါ် အောင်ရယ်နေသည်။ ပြီးတော့ ဦးစိုးခတို့ဘက်ကိုလှည့်၍
ကိုယ်တိုင် ခွဲ့ကျွေးသည်။

သူမကိုတော့ ဘယ်သူ့ကိုမှ ခွဲ့ကျွေးမခိုင်းခဲ့ဘဲ မန်းကန်လေးကို
လိုက်၏။

“ဒေါ်ရန်ကင်း အသက်ရာကျော်ရှည်ပါစေဗျာ”

“ဒီထက်များစွာ လှပါစေ၊ ချမ်းသာပါစေ”

“ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်”

“ဖြောင်း...ဖြောင်း...ဖြောင်း”

ဂိုင်းကျုပ်နေသည့်သူတွေ နောက်နည်းနည်းပြန်ဆုတ်ကာ
တော့ဘဲ ဝိုင်းက ပိုကျယ်သွားသည်။ ကင်းနှင့် မလှမ်းမကမ်းမှာ





ကြသေးသော တချို့က ကင်းကိုနမ်းကြသည်။

စားသောက်ပွဲတွေကြားထဲ ကင်း ခင်နှုတ်ဆက်တော့ ဆယ်နေလည်း ဘေးမှာပါသွားခဲ့၏။ တမင်တကာကြီး ကပ်လိုက်သွားတာတော့ မဟုတ်ပေ။

နှုတ်ဆက်ကြသူတွေက ကင်းကိုနှုတ်ဆက်ပြီး သူ့လက်ကို ပါဆွဲကြသည်။ ကင်းကိုမေးသည့်မေးခွန်းတွေ သူ့ကိုလည်း မေး၏။

ထိုအခါ ကင်း ဖြေပြောနေတာတွေကို နားထောင်မိ၊ အလိုက်သင့် ခေါင်းညိတ်မိရင်း သူလည်း ကင်းရဲ့ဘေးမှာပဲ ဖြစ်နေခဲ့သည်။

“ကင်းရဲ့ ဖိတ်စာလေးက အရမ်းလှတာပဲ၊ မမက မြင်လိုက်တော့ ကင်း လက်ထပ်ဖိတ်စာ ပို့လိုက်တယ်မှတ်တာ”

မှတ်မှတ်ရရပါပဲ၊ ပြောလာသည့်အမျိုးသမီးက သူနှင့် အလွန်ခင်သော သူငယ်ချင်းမက ချစ်သူမကျ အနေအထားလေးဖြင့် ကြာရှည်စွာ တွဲခဲ့ဖူးသော သူငယ်ချင်းမလေး နှင်းသက်ဝေ၏မိခင် ဒေါ်မေနှင်းနု ဖြစ်သည်။

ဒေါ်မေနှင်းနုသည် ဟိုတုန်းကဆို နှင်းကိုလိုက်ပို့ရင်း ခဏခဏ ဝင်ထွက်ဖြစ်တဲ့အထိ သူ့ကို အိမ်မှာ ရင်းနှီးခွင့်ပေးခဲ့သည်။ ဖော်ရွေသည်။

ကင်း ပြန်ရောက်လာပြီးနောက်ပိုင်းမှာတော့ မျက်နှာက သိသာစွာ ပြောင်းလဲသွားခဲ့သည်။ နှင်းနှင့်သူကတော့ သူငယ်ချင်းလိုလို၊ ချစ်သူတွေလည်းမဟုတ်ဘဲ ခုချိန်ထိ ခင်မင်နေဆဲပါ။

“ရန်ကင်း ဘယ်လိုလဲကွ လက်ထပ်ဖို့ မစဉ်းစားဘူးလား၊ တို့က မင်္ဂလာစကား ကြားရမယ်မှတ်နေတာ၊ ဒီမွေးနေ့မှာ ထူးထူးခြားခြား အစီအစဉ်တစ်ခုခုတော့ ကြားကိုကြားရမှာပဲလို့လေ၊ ဘယ်လိုလဲ လက်ထပ်တော့မယ်လို့ကြားတယ် ဟုတ်လား”

“ဟုတ်တယ် မေ”



www.burmeseclassic.com

www.burmeseclassic.com



ကင်းလိုပဲ သိပ်မပြင်ဆင်ရဘဲ လှနေသည့် မေဆိုသူ တစ်ယောက်က ပခုံးကိုဖက်၍ မေး၏။ မကျယ်ပေမယ့် အနားကလူတွေ ကြားပါသည်။

ကင်းက ပြုံး၍ ခေါင်းညိတ်၏။

"ဟုတ်တယ်ဆို ဘယ်သူလဲ ပြောကွာ"

ကင်းမျက်ဝန်းတွေ ဆယ်နေ့ထံ ရောက်လာသည်။ ပြီးတော့ ရှက်စနိုးနှင့် မျက်လွှာချ၏။ မေးလိုက်သည့် မေ့မျက်ဝန်းတွေကလည်း ဆယ်နေ့ဆီပဲ ရောက်လာ၏။

ထို့နောက် မျက်ဝန်းများစွာ...

ဆယ်နေက ကင်းမျက်ဝန်းတွေကို နားမလည်စွာ ကြည့်နေဆဲ ကျော်ဒန်နှာ၏ ယိမ်းထိုးသွားသည့်ကိုယ်က သူ့ကိုယ်နှင့်တိုက်ကာ ကင်း ပခုံးလေးနှင့်သူ့ပခုံး ပစ်တိုက်သွားလေသည်။ ကင်း၏ကိုယ်လေး ဘေးကို ယိုင်ကျသွား၏။

လဲသွားမှာစိုးသောကြောင့် ကင်းလက်မောင်းလေးကို သူ ပြန်ဆွဲထား လိုက်ရ၏။ စိတ်က ထောင်းခနဲတိုကာ ပြန်ကြည့်လိုက်တော့ ကျော်ဒန်နှာ က 'ဆောရီး'ဟုပြောပြီး ပြုံးပြ၏။ ကင်း ညွှဲသည်မို့ ခွင့်လွှတ်လိုက်ရသော် မယ့် လူတွေရှေ့မှာ ကင်းနှင့်ဆယ်နေ ဆွဲလားကိုင်လားတွေ ဖြစ်ကုန် သည်။

မေက ပြုံးလိုက်ပြီး ခေါင်းညိတ်၏။

"ရပြီ ကင်း၊ ယူ မကြေညာလဲ တို့ နားလည်ပြီ"

"ဘာလဲ မေ၊ ဘာမှလဲ မပြောရသေးဘဲနဲ့"

"ရပြီလို့ဆိုမှ"

ကင်းမျက်နှာလေး ရှက်စနိုးဟန်တွေ ပြည့်သိပ်နေ၏။ အားလုံးက ပြုံးလျက် ဆယ်နေနှင့်ကင်းကို ကြည့်ကြသည်။ နားလည်သွားကြသည့်





မျက်နှာတွေထဲမှာ မင်းမင်းမြတ်နှင့် ယွန်းသီရိတို့ကတော့ ကြေကွဲစွာ ငုံ့ကျလျက်...

"ကင်း မင်း လက်ထပ်တော့မှာဆို"

"ညီမရေ ဘယ်တော့စားရမှာလဲ"

"အဟွန်း မကြာတော့ပါဘူး"

ကင်းက ဒီစကားကိုပဲ ဒိုင်ခံပြော၏။

"သူက လူချောလေးပဲ၊ ကင်းမွေးထားတဲ့ချာတိတ်လား"

"အင်း..တိုယ့်ကောင်လေးပေါ့၊ ဆယ်နေကဲ့ တဲ့"

"တကယ်မိတယ်၊ နာမည်ကော လူကောပဲ"

"ပေါး ရန့်ကင်း"

နောက်မှ တိုးဝင်လာပြီး နှုတ်ဆက်သည့် စုတွဲတစ်တွဲက ဆယ်နေကဲ နှင့်ကင်းကို ခပ်ရိုင်းရိုင်းကြည့်၍...

"လက်ထပ်တော့မယ်ဆို၊ သူနဲ့လား"

တည့်တည့်ကြီးမေးချလိုက်၏။ ကင်းက မျက်ခုံးလေးပင့် ရယ်ကာ...

"လုပ်တော့မယ်၊ အဲလိုကြီးမေးစရာလား၊ မုန့်မကျွေးဘဲ နေမှာနော်"

ဆယ်ကျော်သက် မြီးကောင်ပေါက်မလေးနဲ့ သလို ကင်းအသံလေးက နွဲ့ချိုနေ၏။

"သိဘူးလေကွာ၊ ဒီပွဲမှာ မင်း ကြေညာမှာပဲလို့ တို့က ကြားတာ"

"ဟုတ်တယ်၊ ဗိတ်စာရတော့ မင်္ဂလာပွဲနဲ့ တွဲလုပ်မှာလိုလို တို့ ကြား တာပဲ"

နောက်လူတွေ ဝင်ပြောလာကြတော့ မင်္ဂလာကိစ္စက ကျယ်ကျယ် ပြန့်ပြန့် ဖြစ်လာ၏။ ကင်းသည် ကြေညာတယ်လည်းမဟုတ်၊ မဟုတ်ဘူး ဆိုလည်း မပြော။ ထိုအခါ ထင်မြင်ချက်အမျိုးမျိုးထဲမှာ ကင်း၏ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ကင်းနှင့်အဖြူရောင်ဆင်တူဝတ်ထားခဲ့သော ဆယ်နေကဲ့
ဘာလိုလိုတွေ ဖြစ်ကုန်၏။

ရယ်နေသောမျက်နှာတွေကို ဆယ်နေ ငေးကြည့်ရင်း ရင်ထဲမှာ တ
တစ်ရာက ခုန်နေ၏။ ဒီအဖြစ်မျိုးရောက်အောင် တမင်တကာ တ
ဖန်တီးတာလား။ ဒါ ဘာအဓိပ္ပာယ်လဲ။ သူ မသိပေမယ့် နားလည်
သည်။ ဒါဟာ မရိုးသားမှုပဲ ဖြစ်၏။ ဘာဆိုသည့် အတိအကျကို
မဖော်နိုင်ခဲ့ဘဲ ဒီတိုင်း ပြီးဆုံးခဲ့သည်။ မွေးနေ့ပွဲအဆုံးမှာ ကျန်ခဲ့သည်
ဆယ်နေကဲသည် ရန့်ကင်း ဆိုသော မိန်းမ၏ ပစ်မှတ်ထဲက သားကော
တစ်ကောင်။

"ကင်းတို့က လျှို့တယ်ကွာ"

"တကယ်လိုက်တယ် သိလား၊ တို့ညီမက ဆယ့်ခြောက်နှစ်
လေးနဲ့မလဲနိုင်အောင် လှတာ၊ လုံးဝ မရင့်ရော်ဘူး"

"ကင်း မင်း သိပ်တော်တာပဲ"

စသဖြင့် ပြောသွားကြသော စကားများကြောင့် ဆယ်နေကဲ
စစ်တုရင်ခုံပေါ်မှ အရုပ်တစ်ရုပ်လို။ လှိုင်း၏ သယ်ဆောင်မှုဖြင့် ကမ်း
တင်ကျန်ခဲ့သော အမှိုက်သရိုက်များလို ယောကျ်ားတစ်ယောက်၏ ဂု
သိက္ခာ၊ မာန အားလုံးဟာ...

အချစ်နဲ့မာနက တခြားစီပဲ မမ၊ အဲဒါတော့ သိဖို့လိုလိမ့်မယ်။





## အခန်း (၁၇)

လင်မယားနှစ်ယောက်ပေါင်း စဉ်းစားတာတောင် အဖြေက မရေ
ရာပါ။ ဦးစိုးခ သက်ပြင်းချတိုင်း မဝနိုင်ဖြစ်နေသည်။ ဒေါ်နီတာကတော့
သက်ပြင်းပင်မချနိုင်။ တစ်ဖက်ကလည်း ယောကျ်ားနှင့် ဆွေမျိုးစပ်မှ
တော်ရသည့် တူမပေမယ့် ကိုယ့်စောင့်ရှောက်မှုပေါ်မှာပဲ ကြီးလာခဲ့သည့်
မိန်းကလေး။

တစ်ဖက်ကျတော့ သွေးသားမတော်စပ်ပါ။ ဒါပေမယ့် ကိုယ့်သွေး
သားလေးလိုပဲ ချစ်ခဲ့ရသည်၊ ကိုယ့်ကိုလည်း ခင်နေသည်။

ခုတော့ ဘာတွေဖြစ်ကုန်မှန်းမသိ။

"ကင်းက တကယ်ပဲ အဲဒီလိုဖြစ်ချင်လို့လား ကိုစိုး"

"မဖြစ်နိုင်တာဟာ၊ ဆယ်နေ့ကို ကင်း ဘယ်လိုဆက်ဆံနေတာ မင်း
မမြင်ဘူးလား"

"အို... ညှိခံပွဲမှာတော့ ပြုံးလို့ရွှင်လို့ပါ"

"ခက်တော့တာပဲ ဒီမိန်းမ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးခ ခေါင်းတစ်ချက်ပွတ်ပြီး ဒေါ်နီတာရှေ့မှာ ဝင်ထိုင်သည်။

"မင်းက မိန်းကလေးချင်းတောင် အကဲမခတ်တတ်သေးဘူးလား၊ ဒါ နားမလည်တာလဲ အဲဒါပဲ၊ ဆယ်နေ့ကို သူ ကလဲ့စားချေဖို့ စီမံကိန်းနဲ့ အနိုင် ကျင့်ချင်တာပဲရှိတာ၊ ဘယ်လိုနည်းနဲ့ အနိုင်ကျင့်မယ်၊ ကလဲ့စားချေမယ် ဆိုတာ မသိပေမယ့် လက်ထပ်ဖို့ရည်ရွယ်ထားတာ လုံးဝ မဖြစ်နိုင်ဘူး အဲဒါ သေချာတယ်"

ဒေါ်နီတာ ဆွယ်တာထိုးနေရင်း လက်ကိုရပ်ပစ်လိုက်ပြီး ဦးစိုးခကို ကြည့်သည်။

"ပြောရင်းနဲ့ ဂျာအေးကို သူ့အမေရိုက်သလိုဖြစ်နေပြီ၊ သူ ကလဲ့စား ချေပုံက ဘာလဲ၊ ဆယ်နေနဲ့ သူ့ကို လက်ထပ်ကြမယ်လို့ လူတွေ ထင် ကုန်တော့ ဘယ်လိုဂုဏ်သရေတွေ တိုးပွားလာမှာမို့လို့လဲ"

"ဒါပေမယ့် ဆယ်နေ့ကို လူတွေ အထင်သေးသွားကြတာတော့ သေချာတယ်လေ"

ဒေါ်နီတာ ဘာမှမပြောနိုင်တော့ပေ၊ သိုးမွေးထိုးနေရင်း စိတ်ကမပါ တော့ဘဲ လုံးဝ ချထားလိုက်ရတော့သည်။ ဦးစိုးခက ဆက်ပြောနေ၏

"မွေးစားသားလို့ လူတွေသိခဲ့ပြီးမှ လက်ထပ်မယ်လို့ သတင်းဖြစ်လာ တော့ သူကတော့ အသက်ငယ်ငယ် ကောင်လေးတစ်ယောက်နဲ့ ယူတယ် လို့ သတင်းထွက်လာတာပဲရှိတယ်၊ နောက်ပြီး အချိန်တန်တော့ ဒီလိုပဲ ဖြစ်လာတာပဲဆိုတဲ့ အပြောမျိုးတွေ ရှိချင်ရှိမယ်၊ ဆယ်နေကတော့သွားပြီ"

"ဘာသွားတာလဲ"

"ယောကျ်ားတစ်ယောက်က မိုခိုလို့ရတဲ့ အမေလောက် မိန်းမတစ် ယောက်ကို ငွေမက်ပြီး ယူလိုက်တယ်ဆိုရင် ဘာဖြစ်သွားမလဲ"

ဒေါ်နီတာ မဖြေနိုင်သေး။





"လောလောဆယ်မှာပဲ ဆယ်နေ ဘယ်ဘဝရောက်နေသလဲသိလား"

"ဒါဆို ကင်းက..."

ဦးစိုးခ မသက်မသာ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ကောက်ချက်ချလို့ရတာ ဒါပဲရှိတယ်။ ညှော်ခံပွဲမှာ သူများ တွေ မေးကြတာကို သူ ဝန်မခံပေမယ့် ခေါင်းမခါခဲ့ဘူး၊ အခြေအနေက ဒီလိုပဲဖြစ်သွားပြီ။ ပြီးတော့ ညှော်ခံပွဲမှာ ဆယ်နေ့သူငယ်ချင်းတွေ အများ ကြီးပဲ၊ ငါ့အထင်ပြောရရင် ဆယ်နေ့ရဲ့ ရည်းစားတွေလဲ ပါမယ်ထင်တယ်"

"ဟုတ်တယ်၊ မင်းမင်းမြတ်ဆိုတဲ့ ဆေးကျောင်းသူလေးကို ကျွန်မ သိတယ်"

"မဟုတ်ဘူး အများကြီးရှိသေးတယ်၊ ဆယ်နေ့ကို သူတို့တွေ အံ့ဩ တဲ့မျက်လုံးတွေနဲ့ ကြည့်နေကြတာ ငါမြင်တယ်။ လူကြီးတွေ ဝိုင်းဝန်း င်ဆက်ပြီး ရယ်နေကြတဲ့အချိန်မှာ သူတို့ချင်း မျက်လုံးချင်း စကား ပြောနေကြတယ်။ ဆယ်နေလဲ သေချာမသိပေမယ့် ရိပ်မိနေပုံပဲ"

"ဒါပေမယ့် ကင်းကို သားက စိတ်ဝင်စားနေခဲ့တာပဲ"

"ဝင်စားတာက တစ်မျိုးလေ၊ ခုလိုအခြေအနေမျိုးကြီးက ကောင်းမှ ကောင်းတာ၊ ဘယ်ယောကျ်ားမှ အဆင်သင့် လက်လှူမစားချင်ဘူး၊ ချင်တဲ့ကောင်ဆိုရင်လဲ ခုနက ငါ ပြောတဲ့ယောကျ်ားမျိုးပဲ၊ ဆယ်နေက ကောင်မျိုးဖြစ်သွားခဲ့တာ"

ဒေါ်နီတာ ငိုချတော့မတတ်ဖြစ်သွားခဲ့သည်။ တကယ်တော့ ဒီလုပ်ရပ် များနှင့်နှပ်နှပ်စဉ်း၍ ခုတ်သတ်ပစ်ရာထက်ပင် ရက်စက်ပါသေးသည်။ ကင်းမှာ ဤသို့သောနည်းလမ်းတွေ မျိုးသိပ်ကြံစည်ထားခဲ့တာကို နည်းနည်းလေးမှ မရိပ်မိခဲ့ပါ။

"ဒီကောင်လေးကို လုံးဝ အပိုးကျိုးနေအောင် နှိမ်ထားပါ၊ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့မာနဘယ်နေရာမှာမှ မထားရဲအောင် ဖိနှိပ်ထားပါ။ အဲဒါ ကျွန်မရဲ့ရန်သူပဲ”

ရန်သူကို ကျွေးမွေးစောင့်ရှောက်ထားခဲ့တာ မှန်သည်။ သူမတို့ပင် အစက နားမလည်နိုင်အောင်ဖြစ်ခဲ့ကြ၏။ ခုတော့ ဒီလိုတွေ ရှိနေခဲ့မှန်း သိပါပြီ။ ဒါဟာ ခုမှမဟုတ်ပေ။ သူမနှင့်ကင်း အပြင်ကို သွားလာမိတိုင်း၊ သိတဲ့လူတွေ နှုတ်ဆက်ကြတိုင်း...

“ဘယ်တုန်းက ပြန်ရောက်တာလဲ”

“အင်း နည်းနည်းတော့ကြာပြီ၊ ကောင်လေးက ကျောင်းပြီးတော့မှာလေ၊ စိတ်မချလို့”

သူမက ဘာလိုလိုပြောတော့ ထွက်လာသည့်မေးခွန်းတွေက တစ်သီတစ်တန်းကြီးပင်။

“ဘယ်ကောင်လေးလဲ”

“ဩော်...အဲဒီကောင်လေးချောချောက ကင်းရဲ့မွေးစားသားလား”

“သားမဟုတ်ပါဘူး။ ကိုယ်မွေးတာမှမဟုတ်တာ၊ ကျွန်မက ဥယျာဉ်မှူး”

ကင်းက မေးခွန်းဖြေပုံကျတော့ ဟိုလိုလို ဒီလိုလို။

“ဟော့ ဥယျာဉ်မှူးဆိုရင်တော့ ပန်းမခူးရဘူးနော်”

ရင်းနှီးတဲ့တချို့က စကြတော့ သူမက ပြန်ပြောသေးသည်။

“ကျွန်မက ပန်းပျိုးတဲ့ ဥယျာဉ်မှူးမှမဟုတ်တာ”

“ဟုတ်ပုံနော်၊ ကောင်လေးက ပန်းမှမဟုတ်တဲ့၊ ချောချောသန့်သန့်လေး”

ဘယ်လိုပြောပြော ကင်းက ပြုံးနေခဲ့၏။ ဒေါ်နီတာ သတိထားမိခဲ့တာတော့ ကြာပါပြီ။ ဒါပေမယ့် အိမ်မှာကျတော့ ဆယ်နေ့ကို သူမရှေ့မှာ အကြောင်းမဲ့ ဖြတ်လျှောက်တာပင် မကြိုက်ပါလား။

“မာမီတာ”





“ဟင်”

လင်မယားနှစ်ယောက်စလုံးအကြည့်တွေက ဝင်လာသည့် ဆယ်နေ့မျက်နှာထက်မှာ စုပြုံသွား၏။ ဆယ်နေ့သည် တရားလွန်အိပ်ထားသဖြင့် ဝင်းအစ်အစ်ဖြစ်နေသောမျက်နှာနှင့် ပွတတ တို့နှံ့နှံ့ရှော့ပင်ကို ဝတ်ထားသည်။

အပေါ်ပိုင်းမှာ အင်္ကျီမပါဘဲ အဝါရောင်မွေးတဘက်နှင့် ဖရိုဖရဲ။

“ရေချိုးမှာမဟုတ်လား သားရဲ့၊ သွားချိုးလေ”

ဒေါ်နီတာက မျက်နှာကို ခပ်ပြုံးပြုံးပြင်၍ ထွက်သွားဖို့ တိုက်တွန်းလိုက်သည်။

ဆယ်နေက ဂရုမစိုက်ပါ။ ဦးစိုးခဘေးမှာ ကပ်ထိုင်လိုက်၏။

“မာမီတာတို့ ဘာအကြောင်းပြောနေကြတာလဲ၊ ဆက်ပြော”

“ဟင်...”

ဒေါ်နီတာက ဦးစိုးခကို ဖျတ်ခနဲကြည့်သည်။ ဆယ်နေက ဒေါ်နီတာကို စိုက်ကြည့်လျက်...

“ပြောပါ ကျွန်တော် ဘာကောင်ဖြစ်သွားတာလဲ၊ ဘာတွေ ဆက်ဖြစ်စရာတို့ ရှိသေးလဲ”

“သားရယ်”

“မမက ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက်ပြုံးနေတာလဲ”

ဆက်တိုက်မေးသွားသမျှ အဖြေကမပါ။ ဆယ်နေက ဘာမှဖြစ်သွားသလို မဲ့လိုက်၏။

“မေးကြည့်တာပါ။ ကျွန်တော့်ဘဝ၊ ကျွန်တော့်အကြောင်းနဲ့ ပတ်သက်ပြီး မမလက်ထဲမှာ တစ်စုံတစ်ရာရှိနေမယ်ဆိုတာ ကျွန်တော်သိတယ်၊ ဒါကို လေးလေးတို့သိလဲ မမက မပြောတာမဟုတ်ဘဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိခွင့်ရမှာမဟုတ်ဘူး။ အဲဒါလဲသိတယ်၊ ဒါပေမယ့် လူတစ်ယောက်ကို သတ်ဝစ်တာထက်ဆိုးတဲ့နည်းနဲ့ ဒီလောက်လုပ်ရက်တာတော့...”

“မင်း ဘယ်လိုတုံ့ပြန်ချင်သလဲ”

“ကင်း”

ဒေါ်နီတာ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ ကင်း ပြန်ရောက်လာကတည်းက တစ်ခါမှ ခုလို လေးလေးနက်နက် မျက်နှာမဆုံခဲ့ဖူးပေ။

ဒါဟာ ကောင်းသောအလားအလာ မဟုတ်သောကြောင့် ရုတ်တရက် လန့်သွားခဲ့ခြင်းဖြစ်သည်။ ကင်းက အစိမ်းရောင်ရင့်ရင့် ပိုးပျော့ဂါဝန်ကပ်ကပ်လေးပေါ်မှာ အဝါရောင် ဝစ်ကုတ်လေး ထပ်ဝတ်ထားကာ ဆံပင်တွေကို ဖြန့်ချထား၏။

မျက်နှာပေါ်မှာ မိတ်ကပ်ဘာမှမလိမ်းဘဲ ပေဒါရောင်ဖျော့ဖျော့ နှုတ်ခမ်းနီကို ဆိုးထား၏။ လမ်းလျှောက်လိုက်တိုင်းမှာ ဝတ်စုံက လက်ခနဲ့ခနဲ့ ခါနေကာ ရေစိုထားသည့်ကိုယ်လုံးလို ထင်နေသည်။

ဆယ်နေကာ နေရာမှ ခပ်ဖြည်းဖြည်းထရပ်၏။ လက်နှစ်ဖက်က ပန်းပေါ်မှာမြှုထားသည့်တဘက်စောင်အနားစ နှစ်ဖက်ကိုဆုပ်ခွဲထားသည်။

ကင်းသည် ဆယ်နေ့ဘေးနားကျမှ ရပ်လိုက်ကာ...

“ယူတော့ မင်းနဲ့တို့ကို လက်ထပ်တော့မယ်လို့ ထင်ကုန်ကြအောင် တို့က ဖန်တီး ခဲ့က်တာလို့ မင်း ထင်လား”

ဆယ်နေကာ မဖြေ။ သို့သော် ကြောက်ရွံ့စွာ မျိုသိပ် ခေါင်းငုံ့နေတာ မဟုတ်မှန်း သိသာစေသောမျက်ဝန်းများက ကင်းကို စူးစူးရဲရဲ ပြန်ကြည့်နေ၏။

ကင်းကလည်း သားစားကြူးသည့် ကျားသစ်ပျို့မ တစ်ကောင်လို စိုက်ကြည့်ကာ ဆယ်နေနှင့်ပိုနီးအောင် ဆို့ဖာကြားထဲ ဝင်ရပ်၏။





“ဖြေလေ မကြောက်တတ်ဘဲနဲ့ ဘာဖြစ်လို့ ပါးစပ်ပိတ်နေတာလဲ”

ဆယ်နေကာ အံတစ်ချက်ကြိတ်၍...

“မမပဲပြောပါ အားပါးတရ ပိုဖြစ်တာပေါ့”

“သြော်... သြော်”

ကင်းက ခါးတစ်ဖက်ထောက်၍ရယ်သည်။

“ဟား ဟား ဟား ဒီလိုလား၊ မင်း မဆိုးဘူး ဆယ်နေကဲ၊ မွေးရကျိုးနပ်တယ်”

“ကျွေးရကျိုးနပ်တာပါ။ မမက ကျွန်တော့်အမေမှ မဟုတ်တာ”

“သား...”

ဒေါ်နီတာ ဆတ်ခနဲ ထရပ်လိုက်မိ၏။ ဒါပေမယ့် ကင်းကော၊ ဆယ်နေကော သူမကို တစ်ချက်မှ စောင်းငဲ့မကြည့်ပေ။ ဦးစိုးခက အသာထရပ်ကာ ဒေါ်နီတာကို လက်တို့ ခေါ် ထုတ်သွား၏။ ရှိနေတော့လည်း သနားက လူကြီးသူကြီး ဝင်ရှင်းပေးရမယ့်ကိစ္စ မဟုတ်။

“ဟုတ်တယ် မင်းကို တို့မွေးခဲ့တာမဟုတ်ဘူး။ ဒါပေမယ့် ကျွေးခဲ့တာ စေတနာရှိလို့ မဟုတ်ဘူးနော်၊ ထင်ယောင်ထင်မှားတွေဖြစ်ပြီး ကျေးဇူးတင်မနေနဲ့”

ဆယ်နေကာ နှုတ်ခမ်းကို မဲ့ရွဲ့ပစ်ပြီး တစ်ဖက်လှည့်၏။

“မင်းရဲ့မိဘတွေဆီက တို့ ရဖို့တွေရှိတယ်၊ အဲဒါက ငွေ မဟုတ်ဘူး။ အတွက်သွေးကြွေး၊ အဲဒါကို ပြန်ရဖို့နည်းလမ်းက တစ်နည်းပဲရှိလို့ ကို ခေါ်ကျွေးထားခဲ့တာ။ မင်းနဲ့ တို့ကြားမှာ ကျေးဇူးဆိုတာ မရှိဘူး၊ စားအမွေခံဆိုတာလဲ စေတနာရှိလို့ပေးမှာမဟုတ်ဘူး၊ တို့အတွက် ကြွေး ပြန်ရဖို့၊ တို့ရဲ့ လိုအပ်သမျှ ပြည့်ဝဖို့၊ အဲဒီတစ်ခုကလွဲရင် ဘာမှ မကြီးလို့ဘဲ။ တကယ်တော့ တန်ဖိုးဆိုတာ ရတနာ မဟုတ်ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့လိုအင်ဆန္ဒကသာ တန်ဖိုး၊ မင်းဆီက တို့လိုချင်တာ ယူပြီးရင် အ
အမွေတွေနဲ့ မင်းကို ရှက်လွှင့်ခိုင်းတော့မှာ"

ဆယ်နေက လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ထားသည့်စောင်ကို ဆွဲလျ
နှင့် လက်ပိုက်လိုက်သည်။ တစ်ခွန်းမှ ဝင်မပြောဘဲ ကင်းကို ကြည့်နေခဲ့

"ဒီတော့ မင်းနဲ့တို့ သားအမိတော်ဖို့လဲ မလိုဘူး၊ ကျေးဇူးတွေနဲ့ ရ
နေစရာလဲမလိုဘူး၊ မင်းက တို့ကို သိမ်ရက်စက်တယ်လို့ပြောလိုက်
တို့ ကြားတယ်၊ အဲဒီလိုရက်စက်ချင်လို့ မင်းကို စေတနာမရှိစွာ ကျေး
ခဲ့တဲ့အကြောင်း တဖွဖွ ပြောခဲ့တာပေါ့၊ နားမလည်ဘူးလား"

မျက်နှာ သေချာကြည့်ပြီး မျက်ခုံးပင့်မေးသည်။ ဆယ်နေက နှုတ်
မသိမသာတွန့်ပစ်လိုက်ပြီးမှ ခေါင်းညိတ်ကာ...

"နားလည်ပါတယ်"

"အေး နားလည်သွားပြီဆိုရင် ခံနိုင်ရည်ရှိဖို့ ကြိုးစား"

"လူတစ်ယောက်ဟာ 'မင်းနောက်မှာကျား'ဆိုရင်တောင်မှ
လွတ်ရာကိုပြေးဖို့ထက် အဲဒီကျားကိုတော့ ပြန်လှည့်ကြည့်လိုက်ဦးမှာ
ကျွန်တော် ပေးဆပ်ရမှာက ကျွန်တော့် အသက်ပဲဖြစ်နေနေ ဘာဖြစ်
ပေးဆပ်ရတာလဲဆိုတာ အကြောင်းရင်းတော့ ရှိမှာပေါ့၊ အဲဒါကို သိ
တယ်"

"မပြောနိုင်ဘူး။ ဒါကို မင်း လွယ်လွယ်နဲ့ သိခွင့်မရဘူး ဆယ်နေ
မင်းရဲ့ဘဝ စုတ်ပြတ်သတ်ပြီး အကောင်းတိုင်း ဘာမှမကျန်တော့
တစ်နေ့မှာ ပြောမယ်၊ အဲဒီနေ့မှာ မင်းဟာ စိန်ရွှေရတနာတွေ၊ ခြေရံ
ပင်းတွေ ရှိချင်ရှိနေလိမ့်မယ်၊ ဒါပေမယ့်..."

"ရပြီ မမ၊ ကျွန်တော် သိသွားပြီ"

ကောင်းတယ်ဆိုသည့် အပြုံးနှင့် ကင်းက မျက်ခုံးနှစ်ဖက်ပင့်သ





"ကျွန်တော် ရှင်သန်ဘဝမှာ ပိုင်းလုံးဆိုတဲ့လူ့ယုတ်မာဘဝနဲ့ မြောင်း
ထဲရောက်သွားတဲ့တစ်နေ့ပေါ့"

"အဟွန်း"

ကင်းက နှုတ်ခမ်းစေ့လျက်နှင့် မျက်နှာလွှဲပစ်သည်။ မှတ်မှတ်ရရ
ဖြစ်သွားလောက်အောင် မြင်ဖူးလိုက်သည့် မမမျက်နှာပေါ်က ရက်စက်
သောက်ကျစ်မှုကို ဆယ်နေ မမေ့အောင် ထပ်၍မှတ်ထားလိုက်၏။
နာကြည်းလိုက်ဖို့တော့ မဟုတ်ပါ။

"တကယ်လို့ မမပြောသလောက် ကျွန်တော် အဖြစ်မဆိုးခဲ့ဘူးဆိုရင်
ဘယ်လိုလုပ်မလဲ"

"ဖြစ်နိုင်လို့လား၊ ဟွန်း...ဒီနေ့ကစပြီး မင်း လှုပ်ရှားကြည့်လိုက်ပါ၊
င်းရဲ့အဆင့်အတန်းကို မင်း သိလာလိမ့်မယ်၊ မင်းရဲ့ထင်ပေါ်ကျော်ကြား
င်းကို တို့ ဘာဖြစ်လို့ ဒီတိုင်း လွှတ်လပ်ခွင့်ပေးခဲ့သလဲ၊ ရည်းစားတွေ
နေခဲ့တာကို တို့တစ်ယောက်တည်း ကြိတ်ပြုံးနေခဲ့တာ ဘာဖြစ်လို့လဲ"

ကင်းက စကားရပ်ပြီး ဆယ်နေ့ကိုကြည့်သည်။ စိုက်ကြည့်နေရင်းက
စ်ခွန်းချင်း ဆက်ပြော၏။

"မင်း ရည်းစားများနေတဲ့ယောက်ျားဖြစ်မှန်း သိရမှ တို့ ဒီအကြံကိုရခဲ့
သလေ၊ ကျေးဇူးတောင်တင်ရဦးမယ်၊ လူ တစ်ယောက်ရဲ့ဘဝအညွှန့်ချိုး
ဒီလောက်လွယ်ကူမှန်း တို့ သိခဲ့တာ နောက်ကျသွားတယ်၊ အခုရက်
သို့ မင်းဘဝကိုမင်း လိမ်ညာလှည့်ဖြားမှုတွေနဲ့ ဆက်ရှင်သန်နိုင်သေး
ယ် ဆိုရင်တော့ လုပ်ကြည့်ပေါ့၊ ဒါ မင်းသမိုင်း မင်း..."

"ဟွန်း မမနဲ့လဲ သက်ဆိုင်ပါသေးတယ်"

"ဘာကွ"

"ကျွန်တော် ဘယ်သူ့ကိုမှ မလိမ်ခဲ့ဘူး၊ နောက်လဲ လိမ်ဖို့မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မမပြောသလို အညွန့်ကျိုးသွားပြီဆိုရင်လဲ အဲဒီဘဝနဲ့ပဲ ကျွန်တော် တင့်တယ်မြင့်မြတ်တဲ့ မိန်းမတစ်ယောက်ကို ရှာယူပြမယ်"

ကင်းက အသံမထွက်ဘဲ မျက်နှာမော့၍ရယ်သည်။

လှပသည့်သွားတန်းလေးတွေကို စိုက်ကြည့်ရင်း မမလိုပဲ သူ ရ နိုင်အောင် ကြိုးစားဖို့ ဆုံးဖြတ်မိ၏။ ဒါလည်း ကလဲ့စားချေဖို့တွေ မ ပါဘူး။

"မမ ကြည့်နေပါ၊ ကျွန်တော် ဘယ်လိုမှ မဝင်ဆံ့တော့ဘူးလို့ ထင်ထားတဲ့ အဆင့်အတန်းထဲက တစ်ယောက် ကျွန်တော် ရအောင်ယူ မယ်၊ အဲ ယူပြမှာနော်၊ ချစ်တာ၊ မေတ္တာ၊ သစ္စာတွေ လုံးဝမပါဘူး"

ကင်း မျက်နှာတည်သွားသည်။ ဆယ်နေ့စကားတွေကို နားထော ရင်း ငြိမ်သက်နေခဲ့၏။

"တစ်ခုတော့ ကျွန်တော် တောင်းဆိုပါရစေ"

ဆယ်နေက စကားမပြောသောနှုတ်ခမ်းတွေကို စူးစိုက်ကြည့်၍

"မမ တွန်းချတာကို ကျွန်တော်က ပြန်တက်နိုင်ခဲ့ပြီဆိုရင် သေမိန် တာ နှစ်ခါမချရဘူး"

ကင်းမျက်နှာ တင်းခနဲဖြစ်သွားသည်။

"ကျွန်တော့်မိဘတွေနဲ့ မမ ဘယ်လိုကြွေးတုံ့တင်ရှိခဲ့ကြတယ်ဆို မမ ပြောပြပါ"

မျက်ဝန်းနှစ်စုံသည့် အမေးအဖြေတွေ လွန်ဆွဲလျက် ကြာရှည် ငြိတွယ်နေခဲ့ကြပြီး...

"မမ ပြောပါ"

ကင်းက မလှုပ်မယှက်နှင့် တည်တင်းစွာ ရှိနေဆဲ။

"ကျွန်တော့်ဘက်က မမရှေ့မှာ တကယ်ဖြစ်အောင် လုပ်ပြနိုင်





ဘစ်နေ့မှာ ပြောပြပါ့မယ်လို့ မမ ကတိပေးတယ်ဆိုရင် အားလုံး ဖြစ်လာ ဆေရမယ်"

ကင်းက အထင်မြင်သေးသော မျက်နှာတစ်ချက် မဲ့သွားလျက် ဆတ် နဲ ခေါင်းညိတ်သည်။

"မင်း လုပ်ကြည့်လေ၊ တို့က မင်းထက် ပိုရှင်းအောင် ပြောပြမယ်၊ င်းရဲ့မိန်းကလေးကို မင်းပြောသလို တကယ် ကြိုးစားနိုင်ခဲ့တာမှန်ရင် ဒို့ရှေ့ကိုခေါ် လာခဲ့၊ တို့က ခေါ် လာခဲ့တော့လို့ ခွင့်ပေးလိုက်တာနဲ့ မင်း ဒီချင်တာ သိရပြီလို့ မှတ်"

"ဟုတ်ကဲ့ မမ"

"မလိုဘူး၊ မင်း နာခံတာမှမဟုတ်တာ၊ ဟုတ်ကဲ့ဆိုတာ နားခါးတယ်"

"ကျွန်တော်ကတော့ နာခံလိုက်တာပါ၊ ကျွန်တော် ဘာတွေပဲတောင်း ဆိုနေပါစေ၊ ဘယ်လိုဆန္ဒတွေပဲရှိရှိ မဖြေချင်ဘူးဆိုရင် ဖွင့်မမေးဘူး၊ နေပါဦးဆိုရင် နေမယ်၊ အခု မမက ဖြေပေးမယ်ဆိုလို့ ဝမ်းသာတာ၊ ဖြေမယ်ဆိုတဲ့အချိန်ထိ ကျွန်တော်က ကြိုးစားပမ်းစား လှုပ်ရှားရင်း စောင့်ရဦးမှာ မမသဘောအတိုင်းပဲ မဟုတ်ဘူးလား၊ ဟုတ်ကဲ့မမ ဆိုတာ ကျွန်တော့်အတွက် အဓိပ္ပာယ်တွေ အများကြီးရှိပါတယ်"

"ဘာပဲဖြစ်ဖြစ် ပြိုင်ဆိုင်ကြပြီဆိုရင် ဒါ တိုက်ပွဲပဲ၊ မလိုအပ်ဘဲ မပြောနဲ့"

"ဟုတ်ကဲ့ မမ"

ကင်း မျက်နှာလေး ရဲခနဲဖြစ်သွားသည်။

နားထားလိုက်ဦး ရန့်ကင်း၊ သုံးမရတဲ့ဒေါသတွေကို...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ငိုင်ခနဲ တွေခနဲ ဖြစ်သွားတတ်တာတွေ ပျောက်သွားသည်။ ဟိုတုန်းကထက်ပိုပြီး လမ်းများလာသည်။ အချိန်မရွေး ရှင်းသန့်ရွှေမွတ်နေတတ်သည့် မျက်နှာမှာ ကျေနပ်အားရနေသလိုလို၊ ဝမ်းမြောက်ပျော်ရွှင်နေတာလိုလို။

"ဆယ်နေကဲ"

"ခင်ဗျာ"

"ကားထုတ်ထားလိုက်"

"ဟုတ်ကဲ့ မမ"

ကင်းက ဘယ်သွားမလို့လဲ မမေး၊ ဆယ်နေကလည်း ကျွန်တော် ဘယ်သွားမလို့ဆိုတာမျိုး မပြော။ မန်ကျည်းရောင် ဘောင်းဘီရှည်ပွပွနှင့် အုတ်ခဲကျိုးရောင် စပို့ရှပ်လက်ရှည်ကို တံတောင်ဆစ်နားထိ ခေါက်တင်ထားသည်။

ထုံးစံအတိုင်း ဆယ်နေ့နဖူးမှာ အနက်ရောင်နဖူးစည်းနှင့် ဖြစ်ကာ လက်ချောင်းတွေကိုချန်၍ ပတ်ထားသည့် သားရေလက်ပတ်က လ





အောက်ဝတ်ထိပါ၏။ အနက်နှင့်အဖြူကျားပါသည့် ဝေါကင်းရှူးနှင့် တစ်ကိုယ်လုံးမှာ လိုက်ဖက်တာကော၊ မလိုက်ဖက်တာတွေကော ရောထွေးနေပေမယ့် ကြည့်လို့ကောင်းသည်။

ရုပ်ရှင်မင်းသားလိုလို၊ နိုင်ငံခြားအဆိုတော်လိုလို တမင်တကာတွေ ဝတ်လာတာမှန်း သိသာတာတောင် တစ်ချက်ငေးကြည့်ပြီးဖျတ်ခနဲပြန်လွှဲဖို့ ခက်လောက်အောင်ဘဲ ဆွဲဆောင်နိုင်၏။ ဒီလောက်ပြင်ဆင်ပြီး ကားသော့ဖြုတ်ယူနေသည့် ဆယ်နေ့ကို တစ်နေရာသွားဖို့ ထွက်လာတာမှန်း ကင်း မသိဘဲနေမလား။

ကိုယ်လည်း တမင်တကာ ခိုင်းချင်လို့ စောင့်ဖမ်းလိုက်တာတော့ ဟုတ်ပါ။

ကြို့တင်ကြံစည်ထားတာမဟုတ်ဘဲ မြင်လိုက်လို့ ခိုင်းလိုက်ခြင်းပဲ ဖြစ်သည်။

ဆယ်နေက ကင်း ဆင်းလာတာကို ဖျတ်ခနဲလှမ်းကြည့်ပြီး ချက်ချင်း ငြိမ်သွားညိတ်သည်။ ကိုင်ထားပြီးသည့်သော့ကို ပြန်ချိတ်ကာ ဘေးက ငါးရုပ် လေးပါသည့် သော့တွဲကို ဖြုတ်လိုက်၏။ ကားစီးကြတာက သူက တစ်စီး၊ ကင်းက ကားတစ်စီး။

ကင်းကလည်း သူမ ဘယ်သွားသွား သူမ စီးနေကျကားနှင့်ပဲဖြစ်ဖြစ် ခိုင်းသည့်ကိစ္စမှလွဲ၍ ဘာအကြောင်းနှင့်ပဲဖြစ်ဖြစ် ဒီကားကို ဆယ်နေ မသုံးရ။

အနက်ရောင်မာစီးဒီးကားလေးကိုထုတ်ပြီး ကားပေါ်ကနေ ထိုင်စောင့်နေလိုက်၏။ ကင်းသည် အပြာရောင်ဇာပေါ်မှာ အဖြူရိုပ်တွေ ပတ်ခြုံထားသည့် ဝတ်စုံလေးနှင့် တိမ်တွေစီးပြီး ဆင်းလာသလို အဖြူရောင် လက်ကိုင်အိတ်လေးကို ချိတ်၍ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပါးရိုးနှစ်ဖက်မှာ အမြဲတမ်း ကျဆင်းကျနေတတ်သည့် ဆံပင်တွေ ဒီနေ့ကျတော့ အပြာရောင် ဘီးကုတ်လှလှလေးနှင့် နဖူးကနေ အပြောင် သိမ်းတင်ထားသည်။

ဆယ်နေက မျက်နှာကို ရှေ့သို့ နေသားတကျပြန်ပို့ကာ နောက် ကြည့်မှန်ကို သာသာလေး လှမ်းရွှေ့ချလိုက်သည်။ နောက်မှ ကင်း ဝင် ထိုင်လိုက်တော့ မှန်ထဲမှာ ကင်းမျက်နှာလေး ပေါ်လာတာက ကွက်တိ

ဒါပေမယ့် ဆယ်နေက နောက်ကို ကိုယ်တစောင်းလှည့်လိုက်ပြီး

"မမ ဘယ်သွားမှာလဲ"

"ထောင်ထွက် သွားကြိုမလို့"

"ဟင်..."

ဆယ်နေ မျက်မှောင်ကြုတ်သွားကာ ချက်ချင်း နာခံဖို့မေ့သွား၏

ခပ်တည်တည် မျက်နှာလွှဲနေသည့်ကင်းက နဖူးဆံစပ်လေးများ သယ်စပ် ပါးရိုးနားထိ ရိပ်ရိပ်လေး ဆင်းကျနေသော ဆံယဉ်စလေးတွေ စူးစိုက်ကြည့်မိရင်း ထောင်ထွက်ကြိုရမည့် မပေါဦးအတွက် စိတ်ကူးစရာ တွေဖြစ်သွားသည်။

ပြီးမှ ရှေ့ပြန်လှည့်ပြီး ကားမောင်းထွက်လာခဲ့၏။ ကင်းက လက် မောင်းဖြူဖြူလေးကိုပင့်၍ နာရီကြည့်လိုက်ကာ...

"သူထွက်လာရင် ကားဆိုက်ပြီးသား ဖြစ်နေစေချင်တာ၊ ထော ဆယ့်ငါးမိနစ်အတွင်း ရောက်အောင်မောင်း"

မှန်ထဲကနေ သူ လှမ်းကြည့်မိ၏။ ကင်းက မျက်နှာလွှဲထားတာ မဟုတ်ဘဲ သူ့ကိုလည်း ကြည့်မနေပေ။

ရှေ့ကိုကြည့်ရင်း တင်းနေသည့်မျက်နှာက ကြောက်စရာကောင်း သည်။





မွေးနေ့ပွဲတုန်းက အနိုင်ယူလိုက်ပြီဟူသော ပီတိများဖြင့် ပြုံးနေ သည့်မျက်နှာလေး ဘယ်မှာလဲ။ သူ့ပါးစပ်ထဲကို ကိတ်မုန့် ကိုယ်တိုင် ခွံ့ကျွေးခဲ့သည့် ပြုံးနေသော နှုတ်ခမ်းလှလှလေးက အိပ်မက်ထဲမှာလား၊ ပုံပြင်ထဲမှာလား။

ဆယ်နေ အံကြိတ်ပြုံးနှင့် နှုတ်ခမ်းက လွန့်ခနဲဖြစ်သွားသည်။

မရယ်နိုင်သူကို အရွှံးလို့ သတ်မှတ်ရမှာလား၊ ဒါဆို မမ ရှုံးပြီထင် တယ်။ ရင်ထဲမှာ စကားတွေဖြစ်ရင်း မှန်ထဲကို လှမ်းကြည့်လိုက်စဉ် ကင်း မျက်နှာ တင်းခနဲဖြစ်သွားတာကို မြင်လိုက်ရ၏။

ပြီးတော့ နှုတ်ခမ်းသားလေးတစ်ဖက်ကို ဖိကိုက်ထားလိုက်တာတွေ့ သည်။

မမ ဘာတွေစဉ်းစားပြီး နာကြည်းနေမှန်းမသိပါ။ သို့သော် ထောင် ထွက်တစ်ယောက်ကို သွားကြိုမည့်ကိစ္စနှင့် ပတ်သက်နေနိုင်တာကို တွေးလိုက်မိ၏။

ကားက လမ်းကြောပိတ်နေတာတွေကို ကွေ့ရှောင် ပတ်မောင်းနေ ရသဖြင့် အချိန်ကလည်း ပိုကြာသွားသည်။

ထောင်ဘူးဝကို မရောက်လိုက်ဘဲနှင့်...

"ရပ်...ရပ်လိုက်တော့"

ရပ်လိုက်တော့ဟု အမိန့်ပေးချိန်တွင် ဆယ်နေ့မြင်ကွင်းထဲသို့ မုတ် ဆိတ်ကျင်စွယ်ထိုးထိုးထောင်ထောင်နှင့် အသက်ငါးဆယ်ခန့် လူကြီး တစ်ယောက်က ခပ်နွဲ့နွဲ့ ဝင်လာ၏။

စုတ်ပြတ်ပြတ်၊ သိုးညှင်းညှင်းနှင့် အရောင်မရှိတော့သည့် တိုက်ပုံ ရင်ကွဲကို ဝတ်ထားသည်။

ခေါင်းငုံ့လျှောက်လာနေရာမှ ကင်း ကားပေါ်ကနေ ဆင်းလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်လုလု အနေအထားမို့ မျက်နှာမော့လာ၏။

"ဦးလေးမော်"

ကင်း အသံပေးလိုက်သည်နှင့် လူကြီး ခြေလှမ်းတုံ့သွားသည်။

ကင်းကို ဖေဝေဝါးကြည့်၍...

"ကင်းလေး"

"ဟုတ်တယ် ကင်းလေ၊ ဦးလေးမော် မှတ်မိသားပဲ"

ကင်းက ထိုလူကြီးလျှောက်လာသည့် ပလက်ဖောင်းပေါ် တက်ရပ်လိုက်ပြီး ပြုံးပြသည်။ ဦးလေးမော်ဆိုသည့်လူကြီးက နှုတ်ခမ်းမဖွင့်ဘဲ ပြုံး၏။ ပြီးတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"ပြောင်းလဲသွားလိုက်တာ"

ဟု ခပ်တိုးတိုးပြောသည်။

"ဦးလေးမော် နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်၊ မေသူတို့ညီအစ်မကော"

ကင်းက နှစ်ခြိုက်စွာပြုံးရင်း ရှေ့တိုးသွားသည်။

"ကောင်းတယ်၊ မေသူက တပ်ကြပ်တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်လေ။ နွေသူက အခု ကျောင်းပြီးသွားပြီ၊ ကွန်ပျူတာသင်တန်းတစ်ခုမှာ ဆရာမတောင်ဖြစ်နေပြီ။ အမိုးနဲ့အဆင်ပြေနေကြတယ်လေ၊ အမိုးကလဲ ခြံမျက်နှာစာဖွင့်ပြီး စတိုးဆိုင်ကြီးဖွင့်ထားတာ အဆင်ပြေတာပဲ"

"ကောင်းပါတယ်ကွယ်"

ဦးမော်က ခေါင်းညိတ်လို့မပြီးနိုင်။

"လာ ဦးလေးမော်၊ ဦးလေးမော်ကို လာကြိုတာ၊ ဒီနေ့ ဦးလေးမော်





လွတ်လာတာကို သူတို့ မသိလို့ပါ၊ သိရင် ဝမ်းသာကြမှာပဲ"

ကင်းက ပြန်လှည့်လာပြီး ရှေ့ခန်းတံခါးဖွင့်ပေး၏။ ဦးမော်က ပလက်ဖောင်းပေါ်ကနေ ဆင်းမလာဘဲ ခေါင်းခါသည်။

"ပြင်ပလေးကိုရှုရတာ အရသာရှိလွန်းလို့ပါ သမီးရယ်၊ ဦးလေးမော် ဒီတိုင်းပဲ ပြန်ပါ့မယ်"

"ဟာ မဟုတ်တာ ဦးလေးမောင်ကလဲ"

ကင်းက ဆွဲခေါ်တော့မတတ်ဖြစ်နေသဖြင့် ဦးမော်က ကားနားထိ ဆင်းလာကာ...

"တကယ်ပါ ဦးလေးမော်က အိမ်ကို တိတ်တိတ်လေးပြန်သွားပြီး သူတို့ ဘယ်လိုအေးချမ်းနေသလဲဆိုတာကို ချောင်းကြည့်ဦးမှာ၊ နှစ်တွေအများကြီး ခွဲနေရပေမယ့် ချက်ချင်းကြီး ပွေ့ဖက်အလွမ်းသယ်ရတာဟာ တစိမ့်စိမ့် ခံစားနေကြည့်ပြီး ပီတိဖြစ်ရတာလောက် ကြည်နူးဖို့မကောင်းဘူး သမီး စိတ်ဖြောင့်ဖြောင့်ပြန်ပါ၊ နောက်ရက်ကျမှ ဦးလေးမော်တို့ အေးအေးဆေးဆေး ပြန်ဆုံကြတာပေါ့"

"ဦးလေးမော် ကင်းတို့ကို တစ်ခုခုများ အလိုမကျလို့လားဟင်"

အမြဲတမ်း မာထန်ပြတ်သားနေခဲ့သော ကင်း၏နှုတ်ဖျားမှ ဝမ်းနည်းကြေကွဲသံလေးက ဆယ်နေ့ကို စိတ်ဝင်စားစေခဲ့၏။

"မဟုတ်တာ သမီးရယ်၊ သမီးတို့ တာဝန်ကျေခဲ့တာ လွန်တောင်လွန်နေပါသေးတယ်၊ တကယ်လို့ ဦးလေးမော်ကိုယ်တိုင် ရုန်းကန်ရှာဖွေကျွေးခဲ့ရင်တောင် သူတို့လေးတွေ ခုလို လူတစ်လုံးသူတစ်လုံး ဖြစ်လာနိုင်ဖို့ မလွယ်ဘူး၊ ကျေးဇူးတင်လွန်းလို့ အားနာနေတာပါ"

ကင်း မျက်နှာလေးမသာမယာနှင့် လက်လျှော့ခဲ့ရသည်။ တကယ်ဆို ကင်းဘဝအတွက် အနစ်နာခံသွားခဲ့တဲ့သူက ဦးလေးမော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးမော်လွင်သည် ကင်း ငယ်ငယ်လေးကတည်းက ဖေဖေ့ ဒရိုင်ဘာ ဖြစ်သည်။

ဦးမော်လွင်ကနေ ဦးမော်ဖြစ်ကာ ဒရိုင်ဘာလည်းလုပ်၊ ကင်းကိုလည်း ထိန်းကျောင်းခဲ့ဖူး၏။

ဦးစိုးခတို့ဇနီးမောင်နှံ အိမ်ကိုမရောက်ခင်အချိန်ထိ ကင်း၏သည်း ညည်းကို ခံနိုင်ဆုံးလူက ဦးမော်ပဲဖြစ်၏။

ဖေဖေက ခေါ်တော့ ကိုမော်၊ ကင်းကခေါ်တော့ ဦးလေးမော်၊ တစ်ခါ တစ်ခါ ဘာဘလို့လည်း ခေါ်ခဲ့ဖူး၏။

တစ်ကြော့ပြန်ထပ်ဟပ်လာမြဲဖြစ်သည့် အတိတ်၏ကြေးမုံပြင်ကို ကင်း မတွေးလိုတော့ပါ။

လွှမ်းမောကြေကွဲရိပ်တွေထင်နေသည့် ကင်းမျက်နှာလေးက ဖျတ် ခနဲ အရောင်ပြောင်းသွားပြီး ဆယ်နေ့ကဲ့ထံ ရောက်လာ၏။

အလွန်အမင်း မုန်းတီးနာကြည်းသော မျက်ဝန်းများ ဖြစ်လေသည်။

သူ့ကြောင့်...





## အခန်း (၁၉)

ကင်း အလုပ်ထဲလည်းမသွားဘဲ တစ်နေကုန် အခန်းအောင်းနေခဲ့ သည်။ ညနေဘက်ကျမှ ရေချိုးခန်းထဲဝင်သည်။ အဖြူရောင်လက်ရှည် သွယ်တာနှင့် မီးခိုးရောင်ထဘီရှိုးရှိုးကိုပဲဝတ်ကာ အပြင်ထွက်လာခဲ့၏။

"ကင်းရေ ထမင်းမစားဘူးလား"

ဟင်...၊ လယ်လယ့်အသံလေးကြားတော့ ကင်း လိုက်ရှာမိ၏။ သူမ ကြိမ်းမောင်းထားလို့ လယ်လယ့်ကို မမြင်မကြားရအောင် ဒေါ်လေးနီတာ ဘယ်လိုလုပ်ထားခဲ့သလဲ မသိ၊ ဒီအသံလေးပျောက်နေတာ ကြာပါပြီ။

"ကင်းရေ ထမင်းမစားရင် ကော်ဖီနဲ့မုန့် စားမလား၊ အချိုရည် သောက်မလား၊ ပူတင်းစားမလား၊ ဘာလုပ်ပေးရမလဲ"

ကြည့်စမ်း မေးသွားလိုက်တာ၊ ကင်း ပြုံးလိုက်မိသည်။ ကြည့်တော့ လယ်လယ်က တိုင်ကပ်နာရီကြီးအထက်မှာ ဖြစ်၏။

"ဟဲ့ ဟဲ့ အမယ်လေး အသံကြားပါတယ်မှတ်တာ၊ ဆင်းခဲ့စမ်း၊ ဆင်း ခဲ့စမ်း လယ်လယ်"

ဒေါ်နီတာ ပျာယီပျာယာ မြေးထွက်လာ၏။

အောက်ကနေမော့ပြီး ခုန်ချလိုက်ဖို့ လက်ယပ်ခေါ်သည်။ လယ် လယ်က ခေါင်းလေးစောင်း၍ ငုံ့ကြည့်နေကာ...



www.burmeseclassic.com

www.burmeseclassic.com



"နီတာ နင်နဲ့ငါ မခေါ်ဘူး၊ ငါ့ခေါင်းကို နင်ထုတယ်"

ကြီးကြီးကျယ်ကျယ်တွေ ပြန်ပြောနေတာ လူတစ်ယောက်လိုပဲ ဖြစ်၏။

"ဖြစ်ရလေ ဖိုးလယ်ရယ်၊ ဆင်းခဲ့စမ်းပါ၊ ကျုပ်ကပဲ တောင်းပန်ပါတယ်၊ ရှိခိုးပါတယ်၊ နောက်လဲ မထုတော့ပါဘူး၊ နာရီပြုတ်ကျဦးမယ် ဆင်းခဲ့ပါ"

နှစ်ဖက်ဖြစ်နေကြပုံကို ကျောခိုင်းခဲ့ရင်း ကင်းနှုတ်ခမ်းမှာ အပြုံးတွေ ခိုတွဲနေခဲ့၏။ လယ်လယ့်ကို ကင်း ချစ်ပါသည်။ စကားတွေပြောပြီး အဖော်လုပ်ထားချင်သည်။ ဟိုအရင်ကိစ္စမျိုးသာ မရှိခဲ့လျှင်...

"ဟင်..."

ဆိုဖာမှာ ထိုင်မလို့ပြင်ပြီးကာမှ စားပွဲတစ်ဖက် ဆိုဖာကြားထဲမှာ ကတ္တူပြားအဖြူလေးကို မြင်လိုက်သဖြင့် သေချာကြည့်မိ၏။

ပြီးတော့ မထိုင်ဖြစ်သေးဘဲ ထိုပစ္စည်းလေးကို သွားကောက်လိုက်မိသည်။

လက်ထဲမှာပါလာတော့ ကတ္တူပြားကလေးမဟုတ်ဘဲ ဓာတ်ပုံဖြစ်နေ၏။ ပုံကိုကြည့်၍ ကင်း၏ခန္ဓာကိုယ်က ဆိုဖာထက်သို့ နောက်ပြန်ကာ တအိအိ ထိုင်ကျသွားသည်။

"တောက်"

ဓာတ်ပုံကိုကိုင်ထားသောလက်က မငြိမ်မသက်ဖြစ်လာပြီး တက်ခေါက်သံထွက်၏။ လှောင်အိမ်ထဲက သာလိကာလေးကို ဖြုံး၍ ငေးကြည့်နေသည့်မျက်နှာကလေးချည်ပဲ အပြည့်ရိုက်ယူထားသည့်ပုံဟာ သူမပဲ ဖြစ်သည်။

ပခုံးလောက်အထိပဲ ယူထားသောကြောင့် လှောင်အိမ် ကလေး





တစ်ခြမ်းနှင့် သူမမျက်နှာတစောင်းက ထင်းနေ၏။

ဘယ်တုန်းက ဘယ်နေရာမှာ ရိုက်ယူထားတာမှန်း ကင်း မှတ်မိသည်။ ဘယ်သူ့လက်ချက်ဆိုတာကိုလည်း သိလိုက်၏။

ထိုစဉ် တံခါးဝသို့ ပြေးတက်လာသည့် အရိပ်တစ်ရိပ်ကြောင့် ဖျတ်ခနဲ လှမ်းကြည့်လိုက်မိလျှင်...

"မမ"

ဆယ်နေ့မျက်ဝန်းတွေက ဓာတ်ပုံနှင့်သူမကိုမြင်တာနှင့် ကယောင်ချောက်ချားဖြစ်သွား၏။ သို့သော် ခဏလေးပဲဖြစ်ကာ ရှေ့ကို ဆက်လျှောက်လာပြီး...

"ကျွန်တော် ဓာတ်ပုံ ကျကျန်ခဲ့လို့"

ဝန်ခံခြင်းနှင့်အတူ ပြန်ပေးပါလို့ မတောင်းရဲဘဲ ကင်းရှေ့မှာ ခြေစုံရပ်သည်။ ကင်းက ဓာတ်ပုံကိုကိုင်၍ ထရပ်လိုက်ပြီး...

"သူခိုးကျင့်သူခိုးကြံတွေ မင်းကို ဘယ်သူသင်ပေးထားလဲ"

"ဘယ်သူမှ မသင်ပါဘူး၊ ကျွန်တော့်အခန်းထဲကနေ ကျွန်တော့်ခြံထဲကိုပဲ ရိုက်တာပါ"

"ဒါ ခြံထဲကိုရိုက်တဲ့ပုံလား"

ကင်းက ဓာတ်ပုံကိုထောင်ပြတော့ သိပြီးသားပေမယ့် ဆယ်နေ့က မျက်လုံးလှန်ကြည့်သည်။ ပြီးမှ ခေါင်းညိတ်၍...

"ဟုတ်ပါတယ် မမ၊ ခြံထဲကိုပဲ ချိန်ကြည့်နေတာပါ၊ ပန်းတွေကိုရိုက်မလို့ဟာ ပန်းတွေထက်လှတဲ့မြင်ကွင်းကိုတွေ့လို့ ရိုက်ယူခဲ့တာပါ"

ကင်း မျက်နှာလေးပျက်သွားသည်။ ဒီစကားမျိုး ကြားဖူးခဲ့သည်မို့ မှုက်မှောင်ကြုတ် စဉ်းစားလိုက်သည်နှင့် လယ်လယ့်အသံလေး နားထဲမှာ ပြန်ကြားလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမက ပန်းကလေးတွေထက်လှတယ်"

"မမကို သိပ်ချစ်တယ်"ဆိုတာတွေ...၊

ဒါကိုမေးတော့ 'မွေးရန့်'ဆိုသည့် မမဆိုသူကို ရည်ရွယ်ပါသည်ဟု သူပဲပြောခဲ့၏။ ကင်းမျက်ဝန်းမှာ ဖြစ်ပျက်နေတာတွေကို အကြည့်တစ်ချက်ခံလိုက်တာနှင့် ဆယ်နေကလည်း သိသည်။

"မမကိုမပြောဘဲ သိမ်းထားခဲ့တာ ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ဒါပေမယ့် ဓာတ်ပုံက အရမ်းလှတော့ စိတ်ကူးတစ်မျိုးဖြစ်ပြီး ဆက်သိမ်းထားခဲ့တာပါ။ အခု မဂ္ဂဇင်းအဖုံးမှာထည့်ဖို့ သူငယ်ချင်းက တောင်းလို့ မမကို ခွင့်တောင်းမယ့်စိတ်ကူးနဲ့ ပြန်လာခဲ့တာ"

"ဒါပဲလား"

"ဓာတ်ပုံ ပါမလာတာပဲသိတာ၊ အခန်းထဲမှာ ကျန်ခဲ့တယ်မှတ်လို့ ဝင်ယူပြီး မမဆီမှာ ခွင့်တောင်းဖို့ တကယ်ပါ။ မမရှေ့မှာ ကျနေခဲ့လို့ ကျွန်တော် ဖြေရှင်းရခက်သွားတာ၊ အားလုံး ရိုးရိုးလေးပါပဲ၊ ဘာမှ ကောက်ကွေ့မှုမပါဘူး"

"တော်ပြီ"

ကင်းက ဓာတ်ပုံကိုင်ပြထားသည့်လက်ကို တွဲလောင်း ပြန်ချလိုက်ပြီး...

"ပုခက်ထဲက ကလေးကို မင်း သွားပြော ဆယ်နေကဲ၊ မင်းရဲ့ မလိမ့်တစ်ပတ်တွေ နောက်ထပ် ဘယ်တော့မှ မသုံးနဲ့တော့၊ ရှုံ့ဖို့ကောင်းတယ်"

ပြော၍ ကင်းက ဓာတ်ပုံကို တစ်ချက်ပြန်ကြည့်ကာ...

"နောက်ထပ် ဓာတ်ပုံတွေ ရှိသေးရင်လဲ ချက်ချင်းသွားယူခဲ့၊ လုံးဝ ခွင့်မပြုဘူး"

"ဟာ... မမ မလုပ်ပါနဲ့"





"ဖယ်စမ်း"

ကင်းက ဓာတ်ပုံကို ဆုတ်ဖြဲပစ်ဖို့ ကိုင်လိုက်သည်။ ဆယ်နေ ထိတ်တ်ပျာပျာဝင်ဆွဲ၏။ ဓာတ်ပုံ၏အစွန်းနှစ်ဖက်မှာ ကိုင်ထားသော ကင်း လက်ကလေးနှစ်ဖက်ကို ဆယ်နေက ဖိဆုပ်ထားလိုက်၏။

"ဖယ်စမ်း၊ လွှတ်လိုက်စမ်း"

"မလုပ်ပါနဲ့ မမရယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ဘာပုံမှ မရှိဘူး၊ ဒီတစ်ပုံပဲရှိလို့ပါ၊ မဖြဲလိုက်ပါနဲ့"

ကင်းက ဓာတ်ပုံကို လွှတ်လည်းမချ၊ ဆယ်နေ လုဖို့ကြိုးစားနေတာလည်း အပါမခံဘဲ ဖိဆုပ်ခြေမွပစ်ဖို့ ကြိုးစား၏။

ဆယ်နေက ကင်းလက်နှစ်ဖက်ကို ဖြေချဖို့ကြိုးစားရင်း ဒယိမ်းယိုင်တွေဖြစ်သွားသည်။ နောက်ဆုံးတွင် ဆိုဖာပေါ် ကို နောက်ပြန်လဲကျကာ ကင်းတစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲမှာပုံလျက်သားလေးပါလာ၏။

ဟန်ချက်တွေပျက်ကုန်သဖြင့် ဓာတ်ပုံက နှစ်ယောက်စလုံးထံမှာ မရှိတော့ပေ။ ဒေါသတွေကော၊ ရှက်စိတ်တွေမွှန်ကာ ကင်း ပြန်ထရပ်ဖို့ ကြိုးစားတော့ ဆယ်နေက ပွေ့ဖက်ထားသည့် လက်တို့ကို မလွှတ်။

ရင်ဘတ်ချင်းထပ်လျက် မျက်နှာနှစ်ခု၏အကွာအဝေးက သက်ပြင်းခဲ့သည့်အနေအထားနှင့်...

"မမ"

အသံမထွက်ဘဲ ဆယ်နေ့နှုတ်ခမ်းတွေ လှုပ်ခတ်သွားသည်။ ရုတ်တ် ကင်း သတိလစ်မေ့မြောသွားသူလို ဆယ်နေ့မျက်ဝန်းတွေမှာ ကြိုတွယ်ကာ စက္ကန့်တွေ ဘယ်လောက်ထိ မောင်းနှင်သွားသည် သေး။

"ဖယ် လွှတ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကင်း ကမူးရှူးထိုး အတင်းရုန်း၏။ ဆယ်နေက ပွေ့ဖက်ထားခြင်း
လျှော့၍ ရုန်းကန်နေသည့် ကင်းနှင့်အတူ ထရပ်လိုက်သည်။

"မမ ကျွန်တော့်ကို ရိုက်မလို့လား"

လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားရင်းမေးသည်။ ကင်းက မရုန်းတော့
ဘဲ သူ့ကိုမော့ကြည့်၍ တက်ခေါက်၏။

"ရိုက်လိုက်ပါ မမ"

လက်တွေကို လွှတ်ပေးလိုက်သည်။ သူ့လက်နှစ်ဖက် စုံချရပ်
ကင်းရှေ့မှာ မျက်လွှာချပေးခဲ့၏။

ကင်း အသံတိတ် လက်သီးနှစ်ဖက်ဆုပ်ရင်း စူးစူးရဲရဲ ကြည့်သည်
ထို့နောက် ချာခနဲ လှည့်ပြေးသွားသည်။

ဝေ့ဝဲလွင့်ပျံသွားသည့် ဆံနွယ်ရှည်အဖျားတို့က သူ့ရင်ဘတ်ကို
ခတ်သွား၏။ မွှေးပျံ့ပျံ့ဆွတ်ဖျန်းသွားသော ကိုယ်သင်းနံ့တစ်ချက်
ငေးမောသွားမိသည်။ ကင်း၏ပုံရိပ်လေး မြင်ကွင်းထဲကနေ ပျောက်ကွယ်
သွားသောအခါ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်မိသည်။

ထိုအခါ မြင်လွှာရုံ၏နောက်ကွယ်က ရင်ခုန်သံတွေကို နားထဲ
ကျယ်လောင်စွာ ကြားလာရ၏။

ရင်ဘတ်ထဲမှာ အမှန်တရားရှိသည်။ အမှန်အတိုင်း ဝန်ခံနေခဲ့၏
အရှိကို အရှိအတိုင်းထားလိုက်၊ မညာနဲ့တဲ့...

ஒ ஒ ஒ





အခန်း (၂၀)

"သုံးသိန်း"

"ဟုတ်တယ်၊ တစ်ခါမှ မတောင်းခဲ့ဖူးတော့ တစ်ခါတလေပဲဆိုပြီး
ဒေါ်လေး ပေးလိုက်တာ၊ သမီးကလဲ မရှိတော့..."

"ရတယ် ပေးလိုက်ပါ"

ကင်း ခေါင်းညိတ်လိုက်တော့မှ ဒေါ်နီတာ သက်ပြင်းချနိုင်ခဲ့သည်။
ကင်း မရှိတုန်းကတည်းက စီးပွားရေး၊ လူမှုရေး အားလုံးကို ဦးစိုးခပဲ
ဆိုင်တွယ်ခဲ့တာပါ။ ဦးစိုးခ၊ ဒေါ်နီတာတို့က စီးပွားရေးအားလုံး၏ ပိုင်ရှင်
သူဌေးတွေ။

ခုကျတော့ ရန်ကင်းက ပိုင်ရှင်၊ ဒါကလည်း ဦးစိုးခကိုယ်တိုင် ကြည်ဖြူ
စွာနှပ်စွာ နေရာဖယ်ပေးပြီး လုပ်ငန်းတွေကိုလည်း ကူညီပြသပေးခဲ့
သည်မို့ ကင်းအတွက် ဘာမှ အခက်အခဲ၊ အနှောင့်အယှက်မရှိခဲ့ခြင်း ဖြစ်
သည်။

ထို့ကြောင့် ငွေရေးကြေးရေး တော်ရုံ ဘာကိစ္စဖြစ်ဖြစ် အရင်တုန်းက
လိုပဲ ဦးစိုးခ စီမံခွင့်ရှိသည်။ ထုတ်ယူသုံးစွဲခွင့် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင် ပြန်ရောက်လာပြီမို့ ဝတ္ထုရားမပျက် ခွင့်တောင်းရပေမယ့် ကင်း ကလည်း မကြည်ဖြူခဲ့တာ မရှိ။

"သူက ဘာလုပ်ဖို့လို့ ပြောမသွားဘူးလား"

မှန်ရှေ့မှာ ခေါင်းဖြီးရင်းမေးတော့ ဒေါ်နီတာက လျှော်ဖို့ အဝတ်ေ ဆွဲချယူနေရာမှ ပြန်လှည့်ကြည့်ကာ...

"မပြောဘူး သမီးရဲ့၊ မျက်နှာကတော့ စပ်ဖြဲဖြဲနဲ့ပဲ၊ ကျောင်းတက်နေ တုန်းကတောင် ဒီလိုမတောင်းဖူးဘူး။ ဒေါ်လေး အထင်တော့ ရည်းစား ရှော်ပင်ထွက်မလို့နဲ့တူတယ်၊ ထူးတော့ထူးခြားသားပဲ၊ အရင်ဆို လ ဆောင်ဘူးတွေဘာတွေ မြင်လို့မေးလိုက်ရင် သူ့သူငယ်ချင်းတွေအတွ ချည်းပဲ၊ မိန်းကလေးတွေကို ပိုးကြေးပန်းကြေးပေးပြီး လိုက်စရာလာ မာမီတာရဲ့ ဘာညာနဲ့"

ပြောနေရင်း ပြုံးလည်းပြုံးကာ ဒေါ်နီတာက အလုပ်တွေ ဆက်လု နေသည်။ ကင်းက မှန်ထဲမှာပေါ်နေသည့် ကိုယ့်မျက်နှာကို ကြည့်ရင လှစ်ခနဲပြုံး၏။

ဟိုတုန်းက ပိုးကြေးပန်းကြေးပေးဖို့ မလိုပေမယ့် ခု လိုပြီပေါ့။ ဒေါ် တာ မသိပေမယ့် သူမ သိသည်၊ ဆယ်နေ့ ခြေလှမ်းစနေပါပြီ။

လုပ်လိုက်စမ်းပါ ဆယ်နေ့၊ မင်းကလည်း ဆယ်နေ့ကဲပဲ၊ ငါကလည် ရန်ကင်း။ မှန်ရှေ့ကနေ ထရပ်လိုက်ပြီး ကိုယ့်ကိုယ်ကို ကျေနပ်အော ထပ်ကြည့်၏။

လိမ္မော်ရောင်ဝတ်စုံနှင့် မိတ်ကပ်ရောင် ဂျူက်ကက်လေးက ကိုယ် ပေါ်မှာ ကျကျနနရှိနေ၏။ ပြီးတော့ ဖြန့်ဝဲနေသည့် ဆံပင်တွေ မထူမပါးနှင့် သူမ၏အရုပ်၊ ကိုယ်လုံးနှင့်ဆို လှတိုင်း ချီးမွမ်းခဲ့ကြ 'ဆံပင်တွေ သိပ်လှတာပဲ' တဲ့။





သို့သော် ကင်း ဗီရိုရှေ့ကို ပြန်လျှောက်သွားခဲ့သည်။

သိပ်မကြာလိုက်ဘဲ ကိုယ်ပေါ်မှာ ချက်ချင်း အရောင်ပြောင်းသွား၏။ အပြာရောင်ရင့်ရင့်ပါတိတ်ဝတ်စုံနှင့် ဆံပင်တွေကို နဖူးကနေ ပိကပ် နေအောင် သိမ်းလှန်ဖြီးကာ နောက်ခပ်မြင့်မြင့် စုစည်းပစ်လိုက်သည်။

ရင်ညွန့်လောက်ထိရှည်သော ပုလဲပုတီးကို တစ်ကုံးတည်း ဆွဲသည်။ ဆက်ကိုင်အိတ်ကို ရှားရင့်ရောင်ကို တမင်ရွေးလိုက်ပြီး မှန်တစ်ခါ ပြန် ကြည့်သည်။

မှန်ထဲမှာ စောစောနှင့်မတူတော့သည့် ဒေါ်ရန်ကင်းဟု ခေါ်ဆို ထိုက်သော အမျိုးသမီးတစ်ယောက်အသွင် ကျကျနန ဖြစ်သွားမှ အပြင် ထွက်ခဲ့၏။

"ဟော..."

ဒေါ်နီတာ လက်ညှိုးထိုးလိုက်ပြီးမှ ဘာမှလည်းမပြောဘဲ ဒီတိုင်းကျန် နေခဲ့သည်။ အခန်းထဲမှာ အားလုံးပြင်ဆင်ပြီး ထိုင်နေသည့်ကင်းကို ထွက် လာတော့ တစ်မျိုးမြင်လိုက်ရသဖြင့် တအံ့တသြဖြစ်သွား၏။

ဘာမှမမေးလိုက်နိုင်မီမှာ ကင်းက ကားမောင်းထွက်သွားပြီဖြစ် သည်။ အခုတစ်လော ကင်း တော်တော်ထူးခြားနေတာကို သတိထားမိ သည်။ ထို့ပြင် ဆယ်နေ့လည်း ဒီလိုပဲဖြစ်နေ၏။ ကျောင်းပိတ်ခါစမှာ အန်အတိုင်းပဲ ရှိနေခဲ့ပြီး ဒီရက်ပိုင်းတွေမှာ အပြင်ချည်းပဲထွက်နေသည်။

ထွက်လိုက်တိုင်း မုန့်ဖိုးတောင်းနေတာလည်း မနည်းတော့ပေ။ ဆယ်နေ့ ထွက်သွားပြီး သိပ်မကြာခင် ကင်းလည်း အပြင် ထွက်သွားတတ် သည်။ ဒေါ်နီတာ စဉ်းစားနေမိရင်း ဦးစိုးခ တာဝန်ပေးထားခဲ့သည့် အလုပ်တွေလုပ်ဖို့ကိုပင် မေ့နေခဲ့၏။ ကွန်ပျူတာရှေ့မှာ ငုတ်တုတ်ထိုင်ရင်း ဘာမှမလုပ်ဖြစ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ကင်းကတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ကားကို ပလာဇာရှေ့မှာ ရပ်ပစ်လိုက်သည်။

မျက်ဝန်းတို့က ခဲပုပ်ရောင် ပရာဒိုတစ်စီးဆီ စူးခနဲရောက်သွားပြီး ကား ပေါ်ကဆင်းလိုက်သည်။

မင်း ကံကောင်းပါစေ ဆယ်နေကဲ။

ဒါပေမယ့် ခုချိန်ထိ တို့က မင်းထက် ကံကောင်းနေသေးတယ်၊ စိတ်တော့မကောင်းဘူး။





BURMESE CLASSIC .com

အခန်း (၂၁)

"တို့က ဘယ်နှစ်ယောက်မြောက်လဲ"

"ဇီးရိုးပဲရှိသေးတယ်"

"ဘယ်လို"

စားစရာတွေကို ရှေ့မှာထားပြီး စားချင်တာမဟုတ်ဘဲ ဟိုဘက်တိုး ဒီဘက်ယှက်၊ ဒီဘက်ယှလိုက်နှင့် ဆယ်နေက ရယ်လိုက်ကာ…

"ဟုတ်တယ် ခိုင်၊ တို့ ဘယ်သူ့ကိုမှ လက်ထပ်ဖို့ထိ မစဉ်းစားခဲ့ဘူး"

"မဟုတ်သေးပါဘူးကွာ၊ ဇီးရိုး ဆိုတာကြီးက…"

"ခိုင်ကလဲ လက်ထပ်မယ်လို့မှ မပြောသေးတာ၊ ဘာမှ မဟုတ်ကြသေးဘူးလေ၊ တကယ်တို့မှာ စီနီယာမဲ့တုန်းပဲ၊ ဇီးရိုး ဆိုတာ အဲဒါ"

ခိုင် ဆိုတာက သဇင်ခိုင်ဟု အမည်တွင်သော ရတနာကုန်သည်ကြီး ...ညွန့်လှိုင်၏ တစ်ဦးတည်းသောသမီးလေး ဖြစ်သည်။

လောလောဆယ် ကျောင်းပြီး၍ အလုပ်လက်မဲ့ပေမယ့် မိဘလုပ်ငန်း ...ဲမှာ ပါဝင်ဆောင်ရွက်နေပြီဖြစ်၏။ ဆံပင် ပခုံးလောက်လေးကို ဖြောင့် ...သဖြင့် ကိုယ်လုံးသွယ်သွယ်လေးနှင့် လိုက်ဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြူမညို၊ မနိမ့်မမြင့်လေးမှာ ဝတ်စားဆင်ယင်မှုတွေနှင့် လိုက်ဖ
နေသဖြင့် တော်တော်လှသည်ဟု ပြောရလောက်အောင် လှပါသည်။

ခိုင်က ဆယ်နေ သူမကို စူးစိုက်ကြည့်နေခြင်းအား ဂရုမစိုက်
ပြန်၍ပြုံးပြကာ...

"ဆက်ပြောလေ ဘာကြည့်နေတာလဲ"

"လှလို့"

ခိုင် ပြုံးလိုက်ပြန်သည်။ ကျေနပ်သောရက်ပြုံးလေး ဖြစ်၏။ သူ
ရင်ထဲတွင် ဆယ်နေထည့်ပေးလိုက်သည့် အကြည့်တစ်ချက်ထဲက သ
ဓာတတွေကို မက်မောသွားခဲ့၏။ ကြားခဲ့ရသော သတင်းစကားတွေအ
ဤယောကျ်ားသည် မချစ်ထိုက်သောယောကျ်ား။

သို့သော်...

"ခိုင်"

"ဟင် ဘာလဲ"

"တို့ကို အဖြေမပေးသေးဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"သူများတွေလို ခံစားရမှာ ကြောက်လို့"

ဆယ်နေ မပွင့်တပွင့်ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ကြောက်နေရင်တော့ စိတ်ဆင်းရဲခံပြီး စဉ်းစားမနေပါနဲ့ ဘာဖြစ်
လဲဆိုတော့ တို့ဘဝက ဒီတိုင်းပဲ..."

"မာနတွေပြတာလား"

"ပြစရာမှမရှိတာကွာ၊ ပြစရာလဲမရှိဘူး၊ တို့ဘက်က ဘာမှလဲ ရှင်း
နိုင်ဘူး။ အဲဒါ အမှန်ပဲ ခိုင်၊ မင်းမေးသလို မေးခဲ့ဖူးတာတွေ တို့ကြုံခဲ့တယ်





ဘယ်သူ့ကိုမှ ကိုယ် မဖြေနိုင်ခဲ့ဘူး"

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းတဲ့ ဆယ်နေ၊ ကိုယ်က မှန်နေတယ်ဆိုပြီး နေရာတကာ မာနကြီးကြီးနဲ့ နေလိုက်လို့မရဘူး၊ ပြောမှသိကြတာတွေရှိတယ်၊ ဖြေရှင်းလိုက်မှ ပြေလည်သွားရတာတွေလဲရှိတယ်၊ အခု ဆယ်နေ မဖြေခဲ့တာတွေအတွက် ဘယ်လိုအခြေအနေတွေ ဖြစ်ကုန်လဲသိလား"

"တို့ ဂရုမစိုက်ဘူး"

ဆယ်နေ့မျက်ဝန်းတွေက စူးလက်နေသည်။ နှုတ်ခမ်းလွှာတို့ကို ဖိပိတ်ထားတတ်သည့် မျက်နှာထက်မှာ မာန်မာနများနှင့် တင်းမာနေသယောင်ရှိ၏။ သူသည် ခိုင့်ကို စိုက်ကြည့်နေကာ...

"ရှင်းနေတော့ ဘာထူးမှာလဲ ခိုင်၊ မမက တို့ကျေးဇူးရှင်၊ အမေ ဟုတ်တာ် မဟုတ်ဟုတ် တို့ဘက်က အမေလို သဘောထားနိုင်သလို မရိုးသားစိတ်နဲ့ ချစ်နေခွင့်လဲရှိတယ်၊ လူတိုင်း ဒီလိုပဲ တွက်ကြမှာပေါ့။ သွေးသားဓတော်စပ်တဲ့ ယောကျ်ားနဲ့မိန်းမ အတူတူနေကြတဲ့အဖြစ်မှာ အမျိုးမျိုးပြောနေကြမှာပဲ၊ တို့လဲ ဒီတိုင်းပဲ အတူတူနေသွားရဦးမှာဆိုတော့ ပြောဖို့တွေ ရှိသေးတယ်လေ၊ ဘယ်လိုရှင်းမလဲ"

"မနေနဲ့ပေါ့ ဆယ်နေရယ်၊ ဆယ်နေ ကျောင်းပြီးပြီပဲ"

"ကျောင်းပြီးတာက တမလွန်ရောက်သွားတာမှမဟုတ်တာ၊ တို့ကိုမေက အမွေစားအမွေခံထားခဲ့တာ၊ တို့ ပိုင်ဆိုင်မယ့်လုပ်ငန်းတွေ အများကြီးပဲ၊ ဒါတွေကိုပစ်ပြီး တခြားမှ အလုပ်ရှာရမှာလား၊ တို့ အဲဒီလိုခွဲထွက်သွားတော့ကော တို့ခံစားချက်ကို ဘာမှမသိတဲ့ မမက ဘာဖြစ်လို့လဲမေးရင် ဘယ်လိုဖြေမလဲ၊ အပြစ်မရှိတဲ့လူကို မစော်ကားချင်ဘူး"

'မရိုးသားစိတ်နဲ့ ချစ်နေခွင့်လည်းရှိတယ်'ဆိုသော စကားလုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



မကျေမနပ်ဖြစ်သွားသည့် ခိုင်က မျက်နှာလေးညိုးလျက်...

"အပြစ်မရှိတဲ့လူလို့ မပြောနဲ့ ဆယ်နေ၊ ဒီကိစ္စမှာ ဆယ်နေ့ ဘက်က မဟုတ်နိုင်ဘူးဆိုတာကို တို့ အစကတည်းက သိနေခဲ့တာ ဘာဖြစ်လို့လဲ သိလား၊ ဒေါ်ရန့်ကင်းဆိုတဲ့မိန်းမရဲ့ အမူအရာတွေက သိပ်ပိုနေလို့၊ သူ့ ပုံစံက တကယ်ဖြစ်ချင်နေသလိုလို၊ ဒီသဘောဖြစ်အောင် တမင်လုပ်ယူနေ သလိုလိုနဲ့ ဘာမှန်းမသိဘူး၊ ဒါပေမယ့် ဆယ်နေကတော့ အလကား ကောင် ဖြစ်သွားခဲ့တာ အမှန်ပဲ"

ခိုင်က သူမရှေ့က အအေးဖန်ခွက်ကို ဘေးကို ရွှေ့ဝစ်လိုက်ပြီးမှ...

"ဆယ်နေ တို့ကို ပရိုပိုစ်လုပ်မလာခင်ကတည်းက တို့က ဆယ်နေ့ကို သတိထားမိနေတာ၊ ညှော်ခံပွဲတွေမှာ သူနဲ့ ဆယ်နေ ပါပါလာတယ်"

"ဟုတ်တယ်"

ဆယ်နေက ခေါင်းညိတ်သည်။ ခိုင့်ကို သူလည်း ပြုံးပြ၊ ရယ်ပြနှင့် ခေါ်ဖူးပြောဖူးခဲ့သည်ပဲ။ ပိုပြီး သတိထားမိနေတာက သူ့ကိုပဲ စိုးကြည့်နေ တတ်သည့် ခိုင့်မျက်ဝန်းလေးတွေနှင့် သူ မကြာခဏ ခလုတ်တိုက်ခဲ့မိခြင်း ကြောင့်ဖြစ်၏။

နောက်များမှာ သွားလာရင်း ခဏခဏ ဆုံဖြစ်သည်။ မရင်းနှီးပေ မယ့် ခင်မင်သလိုဖြစ်နေခဲ့၏။ ခုကျမှသာ...

"ဆယ်နေ ပါလာတိုင်း သူက ဘာလိုလိုပြောတာလေ၊ သူက အရမ်း လှတော့ ရှေ့သွားနောက်လိုက်က ညီနေတာကိုး၊ လူတွေက စကြနောက် ကြရင် သူက ခေါင်းညိတ်သွားတာ၊ ဟုတ်သလိုလို လုပ်သွားတာတွေ အများကြီးပဲ"

ဒါတွေ သူလည်း သတိထားမိနေခဲ့ပါသည်။ ဒါပေမယ့် မမနှင့်ပတ် သက်သမျှ သူ စိတ်ဆိုးလို့ မရခဲ့။





"ဆယ်နေ"

"ဟင်"

"လုပ်ငန်းတွေ ရှိနေပြီးသားဆိုရင်လဲ ရသင့်တာ တောင်းယူပြီး ခွဲ ထွက်ပစ်လိုက်ပါလား၊ သူ တကယ်ရိုးသားတာမှန်ရင် ပေးမှာပဲ၊ ဒါမှ မဟုတ်ရင်တော့..."

"မတောင်းချင်ဘူး၊ သူက မိန်းမတစ်ယောက်တည်းရှာနေတာ၊ ယောကျ်ားတန်မယ့်နဲ့ နှစ်ပေါင်းများစွာ တို့ ဒီတိုင်း မှီခိုနေခဲ့ပြီးမှ နောက် ဆပ် တောင်းဖို့ဆိုတာ သိပ်အကျည်းတန်လွန်းတယ်လို့ ထင်တယ်။ ဘယ်သူ ဘာပြောပြော မမကို တို့ ကူရမှာပဲ၊ ဒီဘက်အပိုင်းမှာ တို့တာဝန် လို့ ယူဆထားပြီးသား၊ လူတွေ ဘာပြောပြော ဂရုမစိုက်တတ်မှဖြစ်မှာ"

ခိုင်က အလျှော့မပေးချင်သည့် နှုတ်ခမ်းလေးတွေကို ဖိကိုက်ပြီး ခဏ ငြိမ်သွား၏။ ပြီးမှ...

"လူတွေ ဆိုတဲ့အထဲမှာ ခိုင်ကော ပါလား"

ဟု စစ်မေးသည့်လေသံဖြင့် တစ်လုံးချင်းမေးသည်။ ဆယ်နေက ခေါင်းညိတ်လိုက်ပြီး...

"ပါဖို့ မပါဖို့က ခိုင့်သဘောပါ၊ တို့ကတော့ တို့လို ဂရု မစိုက်တတ် တဲ့လက်တွဲဖော်တစ်ယောက်ယောက် ရှိလာမှာပဲလို့ ယုံကြည်ထားခဲ့တာ၊ နိုင် မဟုတ်သေးဘူးဆိုရင်လဲ အားနာစရာမလိုပါဘူး ရတယ်"

"ဟွန်း"

ခိုင်က မေးဆတ်ပြီး မျက်စောင်းတစ်ချက်ပစ်ထည့်၏။ စိတ်ဆိုးတာ မဟုတ်ဘဲ ဒေါသဖြစ်ပြလိုက်ခြင်းဖြစ်သည်။

"ရှင်ပဲ မာနကြီးပါ၊ ကောင်းပါတယ်"

"ကဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နေက အသံမထွက်ဘဲ ပခုံးလှုပ်အောင်ရယ်သည်။

"မရယ်နဲ့ မြန်မြန်စား၊ ဝယ်စရာတွေ ရှိသေးတယ်"

ပြောပုံက ဆောင့်ဆောင့်အောင့်အောင့်လေးဖြစ်၏။ ဆယ်နေက နှာခေါင်းတစ်ချက်တွန့်ပြလိုက်ကာ…

"ကြွေမှာလား၊ ဝေမှာလား"

"ကြွေမှာ၊ ရှင့်ရင်ခွင်ထဲကို ဘုတ်ခနဲကိုခုန်ချမှာပါ၊ ရှင် ပင်ပင်ပန်းပန်း လိုက်ကောက်နေရမှာစိုးလို့"

"ဟား… အဲဒီလောက် အလိုက်သိတာလား၊ ဂွတ်ဒ် တယ်ကွာ"

စားသောက်စရာတွေလည်း ဘာမှမကုန်ဘဲ ပိုက်ဆံရှင်းပြီး ဆိုင်ထဲက ထွက်ခဲ့ကြသည်။

"ကိုင်မယ်နော်"

"ဘာ"

"ဒီလက်ကလေးလေ"

ဆယ်နေက ခိုင့်လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်ပြီး ထော… သည်။

ခိုင်က ရှက်ကိုးရှက်ကန်းလေးပြုံး၍ မျက်စောင်းထိုးပြန်သည်။

"ဆယ်နေနော် ပြောင်စပ်စပ်နဲ့ လွှတ်"

"ရင်ခွင်ထဲထိ ခုန်ချမယ်ဆိုတော့ ဒီလောက်တော့ ရှိသင့်တာ… မလွှတ်နိုင်ဘူး"

ပြော၍ ပခုံးချင်းတိုက်ပစ်လိုက်သည်။ ခိုင့်ကိုယ်လေး ယိုင်သွားသည်…

"ဆယ်နေကကွာ ဘာမှန်းမသိဘူး၊ သူများတွေ တိုက်ကုန်တော့မယ်…"

ခိုင်က တံတောင်နှင့်တွတ်ပြီး နှုတ်ခမ်းလေးစူသွားသည်။ ထို… နှစ်ယောက်၏ရှေ့မှာ ဝိတ်ရပ်လိုက်သည့် အရိပ်တစ်ရိပ်ကြောင့် ခြေလှမ်း…





…တွေ ရပ်တန့်ကုန်ကြ၏။

ဒေါ်ရန့်ကင်း…။

ခိုင့်မျက်နှာလေး တည်သွားသည်။ ကင်းကတော့ ပြုံးသည်၊ မဲ့သည် …ဟုတ်ဘဲ ခိုင့်ကို အလွန်ငယ်ရွယ်သည့် ကလေးတစ်ယောက်ကို စီးမိုး …ကြည့်သလို မျက်ဝန်းထောင့်ကပ်၍ တစ်ချက်ပဲ ငေ့ကြည့်သည်။

ဆယ်နေက ကင်းကိုမြင်သည်နှင့် ခိုင့်လက်ကလေးကို လွှတ်၍ တည့် …တည့်ပြန်ရပ်သည်။ အနေအထားသည် အစ်မ မသိအောင် ရည်းစားနှင့် …နိုးတွေ့တုန်း သူခိုးမိသွားသော မောင်ငယ်တစ်ယောက်နှင့်တူနေကာ…

"ဆယ်နေ"

"ဟုတ်ကဲ့ မမ"

"တို့နဲ့လိုက်ခဲ့"

"ဟုတ်ကဲ့"

ခိုင့်မျက်နှာလေး နီရဲသွားသည်။ သို့သော်…

"ခိုင် စိတ်မဆိုးနဲ့နော်၊ ဝယ်စရာရှိတာ ဝယ်ထား၊ အချိန်ရှိသေးရင် …ို့ ပြန်လာခေါ်မယ်"

ပခုံးလေးကိုဖက်၍ တင်းခနဲတစ်ချက်ဖက်ကာ ပါးလေးတစ်ဖက်ကို …ခနဲ လေမှုတ်လိုက်သည်။ ထိုအခါ ထားရစ်ခဲ့ပေမယ့် ခိုင် စိတ်ဆိုးဖို့ …ခဲ့တာဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ပလာဇာရှိသမ္မအထပ်တွေမှာ ရှိသမ္မဆိုင်တွေ အကုန်ဝင်ခဲ့ပြီးပြီ
ကင်း ဘာတစ်ခုမှ မဝယ်ပေ။ ကိုင်ကြည့်ပြန်ချလက်ပိုက်ကြည့်ပြ
တော့ထားခဲ့နှင့်လွယ်ထားသည့်စလင်းဘတ်ကို ယောင်လို့တောင်မကိုင်
ဆယ်နေကတော့ ကင်းနောက်ကနေ တကောက်ကောက်လို
လျက် တစ်ခွန်းတစ်စမှမမေးဘဲ ပါးစပ်ပိတ်ထားခဲ့သည်။
သွားချင်သလိုသွား။ ခြေထောက်တွေတိုသွားလည်း လိုက်နေမေ
ဆုံးဖြတ်ပြီးသား။ ဒီထဲမှာမှာပဲ ခြေချင်းထပ်အောင်သွားနေသဖြင့် ခိုင်နှ
နောက်ထပ်နှစ်ခါ ထိပ်တိုက်ဆုံခဲ့သည်။
မျက်နှာလည်းပူသည်။ ခိုင့်ကို သနားလည်းသနားမိ၏။ အချိန်ရလျှ
ပြန်လာခေါ်မည်ဟု သူ ပြောထားဖြင့် ခိုင် ဒီထဲမှာ အချိန်ဖြုန်းနေမှန်းလည်
နားလည်သည်။ နောက်တော့ ခိုင် ပြန်သွားရှာပါသည်။
ဒုတိယထပ်ကနေ စက်လှေကားနှင့်ဆင်းသွားသော ခိုင့်ကို သူ လှမ်
မြင်လိုက်တော့ စိတ်မကောင်း။ ကင်းကလည်း ခိုင်နှင့် မရှေးမနှောင်းထေ
မှာပဲ စက်လှေကားဆီ သွားလေသည်။
ခြေလှမ်းတွေက လေးကန်နေသလိုထင်ရကာ မျက်နှာလေးမှာ





ဒြိန်းမြန်းဖြစ်နေသည်။ ဖြစ်ပြီပေါ့၊ ဒီလောက် လျှောက်ပတ်နေတာ။ ဒီ ခြေထောက်တွေက ဘာမှ်လို့လဲ။ ကင်း တွေးလိုက်မိပြီး လည်ပင်းတစ်ချက် ခွတ်၍ ပြုံးလိုက်မိသည်။ ထိုစဉ် စက်လှေကားဆုံးတော့မှ ကင်းက ကျေးဘဲ ယိုင်ခနဲဖြစ်သွားသည်။

ဆယ်နေက ကင်းပခုံးကိုဖက်ကာ ဆွဲယူပစ်လိုက်သဖြင့် စက်ညပ် ခံသွားခြင်းဖြစ်သည်။

"မမ"

"ရတယ် ဖယ်၊ ဖိနပ်ပြတ်သွားတာ"

ကင်းက သူ့ကိုတွန်း၍ ဖိနပ်ပြတ်ကို ငုံ့ကြည့်၏။ မျက်လုံးတွေ ပြာခနဲ ဖြစ်သွားသည်။ သတိထားနေသည့်ကြားမှ ဆယ်နေ့ဘက်ကိုပဲ ယိုင်ကျ သွားလေသည်။

"မမ ဘာဖြစ်လို့လဲ"

"ဟင်..."

ကင်း သတိပြန်ထားသည်။ ဘေးမှာ လူတွေ ရှုပ်ယှက်ခတ် နေသဖြင့် ငုံ့ပျက်ပန်းပျက် အဖြစ်မခံနိုင်ပေ။

"နည်းနည်းမူးသွားလို့ ဖယ်"

ဒီတစ်ခါ ဆယ်နေက ကင်းလက်မောင်းလေးကို မလွှတ်ဘဲ ဆုပ်ကိုင် ထားကာ...

"ကျွန်တော်တွဲပေးမယ်၊ မမ ကားထဲမှာ ပြန်စောင့်လေ"

ဖိနပ်ပြတ်ကို သူပဲငုံ့ကောက်တော့ ကင်းက နောက်တစ်ဖက်ကို ချွတ်၍...

"ပေး ပေး"

"ရပါတယ်၊ ကျွန်တော့်ကိုပဲ ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နေက တစ်ရှန်လုံးဆွဲယူပြီး ကင်းကို ကားထဲအရောက် ဒေါသချာ ပို့ပေး၏။

"မမ ခဏလေးနော်"

ဆယ်နေထွက်သွားမှန်း သိလိုက်သည်နှင့် ကင်း မျက်နှာလေးကို ကျုရှင်ပေါ် မှောက်လှန်ထားလိုက်မိသည်။ လေအေးစက် ဖွင့်ပေးသွားသဖြင့် လည်ပင်းနှင့်မျက်နှာမှာ ချွေးစို့နေတာက သိသာစွာ စိမ့်အေးသွား၏။

တော်တော်ကြီးကြာလာမှ မျက်လုံးတွေကိုဖွင့်လိုက်တော့ ဘေးမှာ လက်ပိုက်၍ သူမမျက်နှာကို စူးစိုက်ကြည့်နေသည့် ဆယ်နေ့မျက်နှာကို မြင်လိုက်ရကာ...

"ဟင် မင်း..."

အလွန်သွေးအေးတတ်သော ကင်းမျက်နှာလေး ရဲခနဲဖြစ်သွားသည်။ ဆယ်နေက သူခိုးလူမိသွားသည့် ပျာပျာသလဲပုံစံမျိုး ဖြစ်မသွားဘဲ...

"ကျွန်တော် ပြန်ဝင်လာတာ မမ မသိဘူး။ ကားစက်နှိုးလိုက်ရင် မမ နိုးသွားမှာစိုးလို့ပါ"

ကင်း ဘာမှမပြောသာတော့ဘဲ မျက်နှာကို တင်းပစ်၍ တစ်ဖက် လှည့်သည်။

"ဒီမှာ မမအတွက် ဖိနပ်"

ပြောပြီး သူကိုယ်တိုင် စီးပေးတော့မလို ငုံ့လိုက်သဖြင့် ကင်းက ခြေထောက်နှစ်ဖက်ကို ကမန်းကတန်း ရုပ်ပစ်၍...

"ဘာလုပ်တာလဲ၊ ချထားလိုက်"

"စီးလိုက်ပါ မမရဲ့၊ ဘာဖြစ်လို့လဲ၊ ကားထဲမှာပေမယ့် မမနဲ့ကျွန်တော် ကို မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေကြတဲ့သူတွေ ရှိချင်ရှိဦးမှာ၊ ဘာလို့ လိုထင်စရာတွေ ပိုဖြစ်ကုန်တာပေါ့"





ကင်းက ဖျတ်ခနဲလှည့်ကြည့်သည်။ ဆံပင်တွေအားလုံး စုသိမ်းထား ဖြင့် နားသယ်စပ်မှနေ၍ ပါးမြို့င်းမွှေးရာလေးတွေလို စိမ်းညို့ညို့ ဆင်း နေသော မွေးညင်းနုလေးများက နီးနီးလေးကြည့်လေလှလေ။

ဆယ်နေက မျက်နှာမလွှဲ၊ မျက်ဝန်းတွေကိုမရွှေ့ဘဲ စူးစိုက်ကြည့် သည်။

"မင်းက တို့ခြေလှမ်းကို သိနေတယ်လို့ ကြေညာလိုက်တာလား"

"တစ်ကိုယ်လုံးပြနေတဲ့ဟာ ခြေရာကောက်နေဖို့လိုသေးလား မမ"

"ဟုတ်တယ်၊ မင်းလဲ တို့ကို မာယာတွေသုံးမနေနဲ့လေ၊ ပြောင်ပေါ့ကွ ကျေနပ်ရင် မကျေနပ်ဘူး၊ မလိုက်ချင်နေခဲ့၊ မခနဲ့ နဲ့"

ဆယ်နေက ပြုံးလိုက်ပြီး ကိုင်ထားဆဲရှိသည့် အဖြူရောင် ဒေါက်မြင့် င်လေးကို ပိုက်ဖက်ထားလိုက်သည်။

"မလိုက်ချင်လို့နေခဲ့ရင် မမနဲ့ ကျွန်တော့်ရဲ့စည်းဝိုင်းထဲကနေ ကျွန်တော် နုတ်ထွက်သလို ဖြစ်သွားမှာပေါ့၊ ပြိုင်ကြပြီဆိုရင် တိုက်ပွဲပဲလို့ မမ ပြောခဲ့တယ်လေ၊ တိုက်ပွဲဆိုတော့ ကျွန်တော်ကလဲ အရှုံးမခံနိုင်ဘူး"

စူးရဲပြင်းထန်သည့်မျက်ဝန်းတို့က ဘယ်ဘက်ကမှ လွှဲဖယ်မသွားဘဲ တိုက်ဆုံစည်းနေခဲ့ကြ၏။ ပထမဆုံး ဆယ်နေက ကိုယ်ကိုလျှော၍ င်မှာ ပခုံးစောင်းနှင့်မှီချကာ...

"တစ်ခုတော့ မျက်စိလည်သွားတယ်၊ ကျွန်တော့်ကို မမကိုယ်တိုင် ထားခွင့်ပေးခဲ့တာနော်"

မေးလိုက်တာပေမယ့် ကင်းက မဖြေပါ။

ဆယ်နေနှင့်သူမ၏အနေအထားက အုပ်ထိန်းသူနှင့် နားခံနေကျ သ်လေးတစ်ယောက်လို မဟုတ်တော့ဘဲ တကယ့်ရန်သူတွေလို င်အဆိုင် တင်းမာနေခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



“တစ်ယောက်အရေးထဲကို တစ်ယောက်က ဝင်ရောက် စွက်ဖက် နှောင့်ယှက်လို့ရတယ်ဆိုတာ မပါခဲ့ဘူးမဟုတ်လား”

ထပ်မေးတော့ ကင်းက မဲ့လိုက်၏။

“ဘယ်သူက နှောင့်ယှက်လို့လဲ၊ မင်းကို တို့က ဘယ်မှာပဲ ခေါ် ခေါ် ခိုင်းခိုင်း စွက်ဖက်တာ၊ နှောင့်ယှက်တာဖြစ်ဖို့ မရှိပါဘူး၊ မင်းက ငါ့သားမဲ

“ဒါပေမယ့် သို့လော သို့လော ထင်နေကြတာတွေကို ရှင်းလင်းနိုင်မှ ကျွန်တော်က ချစ်သူတစ်ယောက် ရမှာလေ၊ ကျွန်တော့်ရပိုင်ခွင့်အတွက် ကြိုးစားဖို့ မမပဲ ခွင့်ပြုခဲ့တာ မဟုတ်ဘူးလား၊ အားလုံးက မမနဲ့ကျွန်တော် ငြိနေကြပြီလို့ ထင်နေကြတာ”

“ဒါတော့ မင်းအရည်အချင်းနဲ့မင်းပဲ၊ အမှန်အတိုင်း ကြိုးစားမှာလို့ ကြေညာသွားခဲ့ပြီးတော့ ဘာလဲ သွေးကြောင်နေပြီလား”

“အဟွန်း”

ဆယ်နေက သွားတွေပေါ် အောင်ရယ်သည်။ ဆံပင်ကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး ရှေ့ကိုပြန်ကြည့်၏။

“ကျွန်တော် သွေးကြောင်နေသလား၊ ဘာလားဆိုတာ မမ မကြာခင် သိရမှာပါ”

“အေး အသိပေးဖို့ရှိလာပြီဆိုမှ ပြော၊ မင်းကို တို့က လက်သီးပုန်းထိုး ရည်ရွယ်တာ ဘာမှမရှိခဲ့ဘူး ဆယ်နေကဲ၊ မင်း အဲဒီလိုဘဝရောက်အောင် တမင်လုပ်ပါတယ်လို့ ပြောခဲ့သားပဲ၊ နောက်လဲ လုပ်နေဦးမှာပဲ၊ ထယ် ကြောင်းတစ်ခုတည်းပေါ် မှာပေမယ့် ရည်ရွယ်ချက်က ကွဲပါတယ်၊ တို့ ဖြစ်စေချင်တာက မင်းဘဝ မြောင်းထဲရောက်သွားဖို့ မိန်းမ မရဖို့ မဟုတ်ဘူး၊ ရည်းစားမထားနိုင်အောင်လဲ မပါဘူး၊ ရှင်းတယ်နော်”

“ရှင်းပါတယ်”





“ဒါပေမယ့် ဒါ တိုက်ပွဲဆိုတာကို မင်း လက်ခံသွားပြီဆိုရင် ကြိုက်တဲ့ လက်နက်ကို မင်း သုံးလို့ရတယ်၊ အခွင့်အရေးဆိုတာ လူတိုင်းမှာရှိတာပဲ၊ နိုင်အောင်ကိုနိုင်ဖို့ ဘယ်နည်းနဲ့ဖြစ်ဖြစ် မတရားတာမရှိဘူး၊ အထူးသဖြင့် မင်းက တို့လက်ထဲမှာ...”

ဆယ်နေက အပြုံးမပျက်ဘဲ ပြန်လှည့်ကြည့်သည်။

“ကျွန်တော်က ယောကျ်ားလေးပါ၊ မြောင်းထဲရောက်သွားလဲ နေလို့ ရတယ်၊ ကျွန်တော့်ကြောင့် မမမှာ ထိခိုက်ခဲ့ရင်သာ ကာကွယ်စရာ လက်နက်မရှိဘဲဖြစ်နေပါ့မယ်”

“တို့ မကာကွယ်နိုင်တဲ့လက်နက် မင်းမှာ ဘယ်တော့မှမရှိဘူး ဆယ် နေရဲ၊ မင်းဘဝကို တို့ ကြိုက်သလို ဖန်တီးနိုင်တယ်၊ မင်းမှာ ဖန်တီးခွင့် မရှိဘူး ဘာဖြစ်လို့လဲဆိုတော့ မင်းက အလကားယောကျ်ားတစ်ယောက် မွေးလာကတည်းက ဒီနေ့ထိ မင်းက ဘာမှမဟုတ်တဲ့ယောကျ်ား”

“ဟား ဟား ဟား”

ဆယ်နေက မျက်နှာမော့ရယ်သည်။ မခိုးမခန့်ရယ်ချလိုက်တာဟာ ဘ်ဝစ်ဖို့ကောင်းပေမယ့် မေးဖျားနှစ်ခွလေး သိသာစွာ ချိုင့်ခွက်လျက် င့်လိုလို ပါးတစ်ဖက်မှာ အရာထင်သွားပုံက မျက်နှာကို နုငယ်ချော သွားစေ၏။ ရယ်သံက မကျယ်ဘဲ ခက်ညက်ညက်၊ ကင်းက စူးစိုက် ကြည့်နေခဲ့၏။

“ကောင်းတယ်၊ ရင်ထဲမှာ များများစုဆောင်းမိလေ ကောင်းလေပဲ၊ ပြောပါ၊ နောက်ထပ် ဘာရှိသေးလဲ၊ ယောကျ်ားအမျိုးအစား ဘယ် တ်များများရှိသလဲ၊ ကျွန်တော်က အောက်ဆုံးတန်းမှာဆိုရင်တောင် ာင်းစားဆိုတဲ့ ယောကျ်ားတွေကို သိချင်လို့ပါ”

ကင်းက တစ်ခွန်းမှမပြောပါ။ အလွန်ခံရခက်နေသည့် မျက်ဝန်းများ ကြည့်ရင်း နှုတ်ခမ်းတွေကို ပိတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နေက အရယ်ရပ်သော်လည်း ရယ်မြူးရိပ်တို့ လက်ကျန် တင်ကျန်ဆဲ ျကဝန်းများနှင့် ခပ်ရိရိကြည့်သည်။

"ကျွန်တော်ကတော့ မိန်းမတွေအကြောင်းကို သိဖို့မကြိုးစားဘူး ကျွန်တော်နဲ့လဲမဆိုင်ဘူး။ လူတစ်ယောက် လိုအပ်ချက်တွေ အများကြီး ရှိနိုင်ပေမယ့် အများကြီးကို တစ်ပြိုင်တည်း မရနိုင်ဘူးဆိုတာ နားလည်တယ် အဲဒါကြောင့် ကျွန်တော့် လိုအပ်ချက်ကိုလဲ တစ်ခုပဲထားခဲ့တာ"

စကားရပ်ပစ်ပြီး ဆယ်နေက ရင်ခွင်ထဲက ဖိနပ်လေးကို နှစ်ယောက်၏အလယ်မှာ ချထားလိုက်သည်။ လက်က လှုပ်ရှားနေသော်လည်း မျက်ဝန်းတို့က ကင်းမျက်နှာလေးဆီမှာပဲ ရှိကာ…

"ကျွန်တော် သိချင်တာက မိန်းမတစ်ယောက်အကြောင်း"

ကင်း မျက်နှာကို တင်းပစ်လိုက်သည်။ ဆယ်နေက မသိသလိုပဲနေ၏။

"အဲဒီမိန်းမဟာ ကျွန်တော်သက်ဆိုင်ချင်နေတဲ့မိန်းမ"

ကင်းမျက်နှာမှာ ရှိန်းခနဲဖြစ်သွားသည်။ မျက်နှာလွှဲပစ်လိုက်မိခြင်း ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားခဲ့၏။

ဆယ်နေ့စကားတွေဟာ ရင်ဘတ်ထဲ တစ်နေရာသို့ တိုက်ရိုက်ထိုး သွားခဲ့သည်။

ဒဏ်ရာ ရှာမတွေ့…။





အခန်း (၂၃)

စကားသံတွေ စူးခနဲဝင်လာတော့ ယောက်ျားသံကို နားထဲမှာ ရိုင်းနေသဖြင့် ဘယ်သူမှန်းမသိသောအတွေးမှာ ဝင်လာသည်။ ထိုစိတ်ကြောင့် ကိုယ်ရှိန်သတ်ဖို့ သတိရလိုက်တော့ ခြေလှမ်းတွေက လွန်ကျွံသွားခဲ့ပြီ ဖြစ်သည်။

"ဆယ်နေကဲ"

နောက်ပြန်လှည့်ဖို့ ခြေလှမ်းက နောက်ကျသွားသည်။

"ဒီကို ခဏလာဦး"

ကင်း ခေါ်တော့ သူ့ကိုယ်က အထဲပြန်ဝင်မလို့ တစောင်းဖြစ်၏။

ခေါ်တာကို ချက်ချင်းပြန်မလှည့်ဘဲ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်တွေထဲ ထည့်လိုက်သည်။ မဲ့ပစ်ချင်သည့် နှုတ်ခမ်းတို့ကို ပြေပြစ်သတ်အောင် ဆုံးမပြီးမှ ရှေ့ပြန်လှည့်၏။

မျက်လုံးထဲကို တန်းခနဲဝင်လာသူက သပ်ရပ်ခန့်ညားသောအနောက်တိုင်းဝတ်စုံနှင့် လူတစ်ယောက်။

ဆံပင်တွေကို နားရွက်အထက်ထိ စိမ်းမှောင်နေအောင် တိုတိုထား



www.burmeseclassic.com

www.burmeseclassic.com



ကာ အပေါ်ပိုင်းမှာ ဆံပင်ရှည်တွေက အကောင်းစားဂျယ်ရောင်နှင့် မော
လက်နေ၏။ မျက်ခုံးထက် မျက်ခုံးရိုးက ပိုကြီးနေသည်။

နှာတံလည်းပေါ်သည်၊ နှုတ်ခမ်းအစုံက ပါးပါးပိပိဖြစ်၏။ အသာ
လတ်လတ်နှင့် ထိုသူသည် တစ်ခုချင်းမှာ အဆင်မပြေသလိုရှိသော်လည်း
အားလုံးခြုံကြည့်တော့ ကြည့်ကောင်းနေသည်ပင်။

သူ့ကိုလည်း ထိုသူက အပြုံးအရယ်မဲ့သည့်မျက်နှာနှင့် စူးစိုက်အ
ခတ်နေခဲ့၏။ နီးနီးလေးရောက်တော့မှ ကင်းဘက်ကို ပြန်လှည့်သွားသည်

"ဆယ်နေကဲ ဆိုတာလေ"

ဒါ မိတ်ဆက်ပေးတာလား၊ ဆယ်နေ့နှုတ်ခမ်း တင်းခနဲစေ့သွားသည်
ထိုသူက ဆယ်နေ့မျက်နှာကို နောက်တစ်ခါ အသိအမှတ်ပြုရုံလေး ပြန်
ကြည့်၏။

ဆယ်နေ့မျက်ဝန်းတွေကိုမြင်လိုက်တော့ မျက်ခုံးနှစ်ဖက်ကို မော
မာခြင်းတွေ ထည့်သိပ်ပြီး စုကုတ်တွန့်ချသည်။ ကင်းက ဘယ်သူ့ကို
ဂရုစိုက်မနေဘဲနှင့်...

"သူက 'မောင်'တဲ့၊ တို့နဲ့ မကြာခင် လက်ထပ်တော့မယ့်သူ၊ မှတ်ထား"

မှတ်ထားတဲ့လား။ ဆယ်နေ၏ မှင်နီရောဗရပွနှင့် မဲ့ပြုံး ဆိုသော
စာမျက်နှာကို ဒီတိုင်းပဲ ဖြန့်ခင်းပေးလိုက်၏။

ပုံစံက မိတ်ဆက်ပေးတာနှင့်မတူ၊ အိမ်မှာမွေးထားသည့်ခွေးကလေး
ကြောင်ကလေးတစ်ကောင်ကို ခေါ်ပြသလိုမျိုး။

ဒါမှမဟုတ် သခင်ကိုမှတ်မိအောင်ကြည့်ထားလို့ ခေါ်ပြတာမျိုးလား

ဘယ်ဘက်ကကြည့်ကြည့် အဖြစ်ဆိုးတာက သူပဲဖြစ်နေသည်
ထို့ကြောင့် သူ့ဘက်က ပြေပြစ်စွာ ခင်းကျင်းနေဖို့မလိုဟုတွက်လိုက်သည်

မောင်က သူနှင့်ကင်းကို တစ်လှည့်စီကြည့်ပြီး ပြုံးလိုက်၏။





"ရပ်ကတော့ တကယ်ကဲမယ့်ပုံပဲ ဟွန်း..."

"ရပ်ကလို့ပြောမယ့်အစား မျက်နှာကလို့ ပြောပါလား ကိုမောင်၊
မာစကားက အဓိပ္ပာယ်ချင်းတူပေမယ့် သက်ရောက်မှုကွာတာတွေ
အများကြီးပဲ၊ ကုတ်အင်္ကျီနဲ့လည်စည်း တပ်လိုက်တာနဲ့ မြန်မာ့ယဉ်ကျေးမှု
တွေကို ကိုမောင် မေ့နေပြီထင်တယ်"

"ဘယ်လို"

မောင် ဖျတ်ခနဲလှည့်လာသည်။ သူ ဘယ်လိုမှ ထင်မှတ်ထားပုံ မပေါ်
ရုတ်တရက် ဖွေးခနဲဖြစ်သွားသည်မျက်နှာကို ကင်းဘက်သို့ မျက်လုံး
လိုက်ပြီးမှ ပြုပြင်ဖို့ ကြိုးစား၏။

မရမက ဖန်တီးလိုက်ရသော အပြုံးတုက မပီပြင်ဘဲ...

"အသွားနဲ့အပြန်ပါကွ၊ လည်စည်းတပ်ထားပေမယ့် တို့က မြန်မာစစ်
ပဲ၊ မြန်မာနိုင်ငံမှာ ကျန်ခဲ့တဲ့ ချစ်သူတစ်ယောက်တည်းကိုတောင် မမေ့
ခဲ့တဲ့ဟာ၊ ကိုယ် ကြီးပြင်းခဲ့တဲ့ ဇာတိချက်ကြွေ အမိနိုင်ငံတော်ကို မေ့ပါ့
ဟား"

မင်းရိုင်းလို့ ငါရိုင်းတာဆိုတာကို မောင်က အပြုံးနှင့် ကျကျနန ပစ်ခွင်း
သွား၏။

ဆယ်နေက နှုတ်ခမ်းဖွင့်ရယ်လိုက်သည်။ ဆယ်နေကဲ ဆိုတဲ့ သက်
ခင်တစ်လျှောက်မှာ ငေးခနဲ၊ ငိုင်ခနဲ ကျန်ခဲ့တာမျိုး ဘယ်တုန်းကမှမရှိ။

"အသွားအပြန်ဆိုတာလဲ မှုမှုတတပေါ့ ကိုမောင်ရ၊ မျက်လုံးထဲက
တို အသံထွက်မဖတ်ရဘူး"

မောင့်မျက်နှာ မည်းကျသွားသည်။ သူ ဟန်ဆောင်ဖို့လည်း မထိန်း
လိုက်နိုင်။ အံကြိတ်လိုက်သည့် မေးရိုးနှစ်ဖက်မှာ ကားတက်သွားခြင်း
သိသာစွာ။



www.burmeseclassic.com

www.burmeseclassic.com



"လေးနဲ့ချိန်လိုက်တာပေမယ့် ပစ်လိုက်တာက ပန်းရိုးလေးနဲ့ဆို
မြားနဲ့ပစ်တဲ့လူက ဘယ်တရားမလဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်က အိမ်
ဆိုတော့ ညွှဲသည်ကို ပျူငှာစွာ ကြိုဆိုရမှာပါ။ ကိုမောင်က မမရဲ့ ခင်
လောင်းဆိုတော့ ပိုပြီး သည်းခံသင့်တဲ့လူ မဟုတ်လား၊ မမ..."

ဆယ်နေက တစ်လုံးမှဝင်မပြောဘဲ စိုက်ကြည့်နေသည့် ကင်းဘ
ကို လှည့်ခေါ်ကာ...

"မမ ဘာခိုင်းချင်လို့လဲ"

"ဘာမှမခိုင်းဘူး၊ မင်း သွားတော့"

"ဟုတ်ကဲ့ မမ"

ဆယ်နေ ချက်ချင်းထရပ်သည်။ မောင့်မျက်နှာကို တစ်ချက်ကြည့်
မှ ရှေ့ဆက်ထွက်ခဲ့၏။ မောင်သည် မျက်လွှာချနေရင်း လှုပ်ခတ်နေသ
မေးဖျားက အံတကြိတ်ကြိတ်ဖြစ်နေမှန်း သိသာကာ...

"ဒီကောင်လေးကို ကင်း ဘယ်လိုထိန်းနေသလဲ"

ကင်းက ဆယ်နေရှိနေစဉ်က တည်တင်းထားသည့် မျက်နှာ
အနည်းငယ်လျှော့ချပြီး စားပွဲနှင့်ပြည့်လုနီးပါးရှိနေသည့် လက်ဆော
ထုပ်တွေကို အဓိပ္ပာယ်မဲ့ ကြည့်နေ၏။

"ပြီးတော့ ဒီလောက်ရိုင်းတဲ့ကောင်လေးက ကင်းကို ရိုသေနေ
မဖြူစင်ဘူး၊ တမင်လုပ်ပြနေသလိုပဲ"

ပြောရင်း မောင်က ငြိမ်နေသည့်ကင်းကို မျက်လွှာပင့်ကြည့်လို
ပြီး...

"ကြည့်လဲလုပ်ပါ ကင်းရယ်၊ ကိုယ်ဖော်တဲ့ဆေး ကိုယ်မနိုင်ဘဲဖြစ်
ပါဦးမယ်၊ သူ့ဖအကြောင်း တစ်ခါ ဘဝပျက်ခဲ့ပြီးပြီ၊ ဒီတစ်ခါ သူ့သ
ကြောင့်..."





"တော်တော့ မောင်၊ နင် ငါ့ကို အတိတ်ကအကြောင်းတွေ တူးဆွပြီး
ဘာလဲ စိုးရိမ်သလိုလိုနဲ့ မမေ့အောင် သတိပေးနေတာလား"

"မဟုတ်ပါဘူး ကင်းရယ်၊ အဲဒီအတိတ်က သတ္တဝါကို မေ့စေချင်လွန်း
လို့ နင့်ကို ငါ ဘယ်လောက်ထိ အားပေးခဲ့သလဲ၊ ဖြားယောင်းခဲ့ရသလဲ၊
နာကြည်းလို့ပဲဖြစ်ဖြစ်၊ လွမ်းနေတာပဲဖြစ်ဖြစ် ခံစားနေရတဲ့လူက အရှုံးပဲ
ဟ"

"ဘာဖြစ်လို့ ရှုံးရမှာလဲ၊ စမွေးကတည်းက ငါ့အကျိုးအတွက် ငါ မွေးခဲ့
တာ၊ အခုလဲ ငါ့စိတ်ချမ်းသာဖို့အတွက် သူ့ဘဝဟာ ငါ့အတွက် ကြိုးဆွဲရုပ်
တစ်ရုပ်ပဲ"

မောင်က ဘာမှမပြောဘဲ နားထောင်နေသည်။ ပြောလို့မရမှန်း
လည်း သိပြီးသား။ ကင်းနှင့်သူ သူငယ်ချင်းတွေ ဆိုပေမယ့် ငယ်သူငယ်
ချင်းတွေတော့ မဟုတ်ကြပါ။

ဒါပေမယ့် သူငယ်ချင်းတွေက အတွဲဖြစ်ကုန်တော့ မောင်ကလည်း
ကိုယ့်သူငယ်ချင်းနဲ့လိုက်ရင်း ကင်းကလည်း တစ်ဖက်က ပါလာတဲ့အဖော်။

မောင်နဲ့ကင်း ခင်သွားကြသည်။ စခင်ကြပြီဆိုကတည်းက မောင့်ကိုဆို
တင်းက နိုင်ပါသည်။ အမြဲတမ်းလည်း သည်းခံခဲ့ရသူက မောင်ပဲဖြစ်သည်။

ဒါတောင် ဟိုတုန်းကဆိုရင် ကင်း ဒီလောက်ထိ အတ္တလွန် အယူအဆ
တွေ သိပ်မရှိခဲ့သေး။

နှစ်ယောက်စလုံး ဆယ်တန်းအောင်ခဲ့ပြီး နိုင်ငံခြားမှာ အတူတူ ဘွဲ့ယူ
ဖြစ်ခဲ့ကြ၏။ သူ့ဘက်က ကင်းကို စမြင်ကထည်းက ချစ်ခဲ့သည်။ တစ်နေ့
နေ့ ဖွင့်ပြောမည်၊ လက်ထပ်မည်ဟု ရည်ရွယ်ထားခဲ့ဖူးသည်။

ကင်းကတော့ သူ ရှယ်ရှူးနေ့ဆဲမှာပဲ ချစ်သူတွေ့သွားသည်။ ပြီးတော့
သူ့နား ပြန်ရောက်လာသည်။ ပြီးတော့ တစ်ခါ ထွက်သွားခဲ့ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ထိ သူဟာ သူမအတွက် မဟုတ်နိုင်သေးဘဲ ဖြစ်နေခဲ့၏။

လူလေးက အသက်ငယ်ငယ်နှင့် ထားလိုက်သည့်ရည်ရွယ် ချက်တွေက ဘဝတွေနှင့်ချီသည်။ အဆုံးအစမဲ့သည့် အဆိပ်များနှင့် ပြင်းထန်၏။

သူ့အမြင်မှာတော့ ကင်း လုပ်နေသမျှ လက်တွေ့နှင့် မအပ်စပ်နိုင်တာတွေပဲဖြစ်သည်။ မဖြစ်နိုင်တာတွေပဲ ရွေးလုပ်နေသည်ဟုထင်၏။

ဒီထဲမှာ သူကော ပါခဲ့သလား။

လက်ထပ်ဖို့ထိ ကင်းက သူ့ကို အခွင့်အရေးတွေ ပေးနေခဲ့တာ တကယ်ဖြစ်နိုင်လို့လား။ လိုချင်တာကအချစ်၊ ကင်းကတော့ သူ့ကို ချစ်တယ်လို့ မပြောခဲ့သေးပေ။

သူ လက်ထပ်တော့မည်ဆိုတော့ မာမီတို့က ဝမ်းသာနေကြသည်။ 'ဒီအရွယ်ရှိနေပြီ လက်ထပ်သင့်ပြီပေါ့ သားရဲ့၊ သားရဲ့မိန်းကလေးကို ခေါ်လာစမ်းပါ'ပြောတော့ ကင်းကို ခေါ်သွားရုံပဲ ဖြစ်သော်လည်း...

"ငါ့ရဲ့ရည်ရွယ်ချက်တွေ အခု အားလုံးဖြစ်နေပြီ မောင်၊ ဆယ်နေကဲဆိုတဲ့ကောင်လေး လူတောမတိုးတော့ဘူး၊ အချစ်ရယ်၊ အိမ်ထောင်ရေးရယ်၊ သူ့ဘဝရယ်၊ ဘယ်တော့မှ သုံးနှားညီဖို့ မလွယ်တော့ဘူး"

သူ တွေးနေဟုန်း ကင်းရဲ့စကားသံတွေက နားထဲ ပြန်ရောက်လာသည်။ ဆံပင်တွေ ဖြန့်ချထားလျက် မိုးပြာရောင်ဝတ်စုံလေးနှင့် ဖွေးဖွေးအိအိကလေး ထိုင်နေသော ကင်းတစ်ကိုယ်လုံးကို အပြန်ပြန်အခါခါ ဘယ်လိုကြည့်ကြည့် ငြီးငွေ့သွားဖွယ် မရှိပေ။

ကင်းကို မောင်က ငေးကြည့်နေရင်း...

"ဘဝက သုံးနှားညီဖို့မလိုဘူး ကင်း၊ အချစ်နဲ့ အိမ်ထောင်ရေးက လူ့ဘဝပဲ၊ ယောကျ်ားမိန်းမတိုင်းဟာ အိမ်ထောင်ပြုကြဖို့ လူဖြစ်လာတာ မဟုတ်ပေမယ့် အိမ်ထောင်ပြုလိုက်တဲ့အချိန်ဟာ ဘဝကို စလိုက်တာပဲ၊





သူ့မှာ အချစ်ရှိနေရင် အိမ်ထောင်ပြုနိုင်တဲ့တစ်နေ့မှာ အဓိပ္ပာယ်တွေ ဖြစ်လာမှာပေါ့၊ အဲဒီအခါကျမှ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတွေ နောက်ထပ် တွဲပါလာမှာ၊ နင်ပြောလိုက်တာက စောနေသေးတယ်"

"ဘာ... နင် ဘာကိုဆိုလိုတာလဲ"

ကင်း ပြန်မေးတော့ မောင်က ပြုံးလိုက်ကာ...

"သူ့မျက်နှာက နင်ပြောသလို ကျရှုံးနေရတဲ့ ခံစားချက်မျိုးတွေ ငါ ရှာမတွေ့ဘူး၊ ဆယ်နေကဲဆိုတဲ့ နာမည်ကို နင်က နင့်အဓိပ္ပာယ်နဲ့နင် ပေးခဲ့ပေမယ့် သိပ်ကို လွှမ်းမိုးနိုင်တဲ့ နာမည်၊ ဒီကောင်လေးကို နင် လွယ်လွယ်ကူကူ လွှမ်းမိုးနိုင်မယ်လို့ ငါ မထင်ဘူး"

"ဘာလဲ တွေ့တွေ့ချင်း နင့်ကို အနိုင်နဲ့ပိုင်းသွားလို့ အထင်ကြီးသွားတာလား မောင်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမသားတွေထက် ပိုပြီး ခွင့်လွှတ်သည်းခံတတ်ရတယ်ဟ၊ နင်က သည်းခံနိုင်မှုနည်းတော့ ခံရတာပေါ့၊ ပေါက်ကွဲလွယ်တဲ့သူ ရှုံးတာ မဆန်းဘူး"

မောင့်မျက်နှာ တင်းသွားသည်။ အထူးသဖြင့် ကိုယ်ချစ်နေသည့် မိန်းကလေးက ဝေဖန်ပစ်လိုက်တာကို သည်းမခံနိုင်အောင်ဖြစ်သွား၏။

သို့သော် နောက်ထပ် သည်းမခံနိုင်ခြင်း ထပ်မဖြစ်ရအောင် နှုတ်ခမ်းတို့ကို အံကြိတ်၍ စေ့ပိတ်ထားလိုက်ရ၏။ တကယ်ဆို ကင်း ဒီလိုတော့ နှိမ့်ချပြောဆိုဖို့ မသင့်ပါ။

"ငါတို့ သူ နိုင်သွားတာမဟုတ်ဘူး ကင်း။ ကပ်ဖဲ့ပြောပြီး အနိုင်နဲ့ပိုင်းသွားတာ၊ အဲဒါ အရှုံးမပေးတတ်တဲ့ဉာဉ်ပဲ။ ဒီလိုလူမျိုးဟာ မနိုင်လို့ အောက်ကနေ ပိပြားသေသွားရင်တောင် အသက်မထွက်မချင်း ပါးစပ်က အော်ရင်း သေမယ့်လူမျိုး။ ပတ်ဝန်းကျင်မှာ အခုကောလဟာလတွေ အများကြီးဖြစ်နေတာ သူ့ကိုပဲ ထိခိုက်နေတယ်ထင်သလား၊ နင်ကော ဘာဖြစ်နေပြီလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေနေ ဂရုမစိုက်ဘူး၊ အချိန်တန်ရင် ကင်း ဘယ်လိုမိန်းမလဲဆိုတာ သိသွားကြလိမ့်မယ်"

"အခု အချိန်တန်နေပြီလေ၊ တို့နှစ်ယောက် လက်ထပ်တော့မှာ မဟုတ်ဘူးလား၊ ဒီကောင်လေးကို စေတနာပါလွန်းလို့ စောင့်ရှောက်ထားတာမဟုတ်ဘူးဆိုရင်လဲ သူ ရသင့်တာ ပေးလိုက်ပြီး ခါထုတ်လိုက်ပါတော့ ကင်းရာ၊ ယောက်ျားလေးတစ်ယောက်ပဲ ခေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ဘာမှဖြစ်ဖို့မရှိဘူး"

"ဖြစ်သွားမှာစိုးလို့ ငါက စောင့်ရှောက်နေတာ မဟုတ်ဘူး၊ ဒါ ငါ့စီးပွားငါ့အိမ်ရာလဲ မဟုတ်ဘူး၊ သူ့ကို မွေးမြူဖို့ သီးသန့် ရှိခဲ့တဲ့ခြံမြေ၊ ဒါ သူ့နေရာ၊ ငါ သွားချင်တဲ့အချိန် သွားရုံပဲ၊ အားလုံး ပြီးနေပြီဆိုပေမယ့် သူနဲ့ငါ့ရဲ့ အနိုင်အရှုံးက မပေါ်သေးဘူး"

"အဲဒါပဲပေါ့၊ နင် တစ်ဖက်သတ် ဖိနှိပ်ထားနိုင်တာမှ မဟုတ်ဘဲ၊ အခု သူက နင့်ရဲ့ပြိုင်ဘက်ဖြစ်နေပြီမဟုတ်လား၊ ယောက်ျားနဲ့မိန်းမ စွန့်စားကြတာချင်းတူတူ ဘယ်သူက ပိုစွန့်ရဲမလဲ"

ကင်းက မဲ့သည်။

"မင့်တတ်တဲ့ယောက်ျားတွေရှိလို့ပေါ့ မောင်ရယ်၊ ယောက်ျားတွေ ချုံးပွဲချငိုတတ်ရင် အချိုးတူပေးဆပ်ခြင်းတွေ ရှိနေတာကို နင် မြင်ရမှာပါ"

"အေးလေ မမြင်ရတာကို ထားလိုက်ပြီး မြင်နေရတာကိုပဲ ငါတို့ကြည့်ရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် တို့ လက်မထပ်ခင် ဒီကိစ္စတွေကို ရှင်းလိုက်ကြတာ ပိုကောင်းပါတယ် ကင်းရယ်၊ မောင့်ဘက်ကလဲ စဉ်းစားကြည့်ဦး"

မောင်က တစ်ခါတလေ သူ့ကိုယ်သူ မောင်လို့ ထည့်ပြောတတ်၏။ ချစ်သူတွေလိုမဟုတ်ဘဲ နာမည်ကိုက 'မောင်'ပဲမို့ ဘာလိုလိုနဲ့ပဲ ကင်းနားထောင်နေခဲ့၏။





"မာမီတို့က အန်ကယ်တို့ မွေးစားလိုက်တဲ့ မွေးစားသားလို့ပဲ သိတာ၊ ဘာမှပိုမသိဘူး၊ တို့လဲ ဘာမှပြောမထားဘူး၊ တို့ နိုင်ငံခြားက ပြန်ရောက်စက တို့မာမီက ပြောတယ် 'မွေးစားသားဆိုတဲ့ ဟိုကောင်လေးနဲ့ သားရဲ့သူငယ်ချင်းကို လူတွေတော်တော်ပြောနေကြတယ်'တဲ့"

"ဪ… နင်က ခုထိ ငါနဲ့လက်ထပ်မှာကို မပြောရဲသေးဘူးပေါ့ဟုတ်လား"

"ပြောပြီးပြီ လက်ထပ်တော့မယ်ဆိုတော့ 'ခေါ်လာခဲ့ပါ'လို့ ပြောတာနဲ့ 'တခြားသူမဟုတ်ပါဘူး၊ ကင်းနဲ့ပဲ'လို့ ငါ ပြောလိုက်တယ်"

ကင်းက 'ဆက်ပြော'ဆိုသည့် အပြုံးစနှင့် လက်ကလေးကိုပိုက်လိုက်ပြီး ကြည့်သည်။ ကင်းမျက်နှာပေါ်ကအပြုံးကို ကြည့်၍ မောင် စနိုးစနောင့်ဖြစ်သွားသော်လည်း ဆက်ပြော၏။

"နင့်ကို မာမီတို့က အစကတည်းက ချစ်ခဲ့ကြတာပဲဥစ္စာ ဘာမှပြောဖို့မရှိဘူး၊ အခု ဒီသတင်းတွေ ထွက်နေတာကိုတော့ မဟုတ်မှန်း အားလုံးသိသွားစေချင်တာပေါ့။ ငါ မခံနိုင်တာလဲ အဲဒါပဲ၊ နင် ဒီကောင်လေးကို ရန်သူလိုသဘောထားတာ ငါသိတယ်၊ နင့်အဖေက ဒီလိုလုပ်ပစ်ခဲ့လို့ ဒီအခြေအနေထိ ရောက်ခဲ့တာဆိုတာလဲ မာမီတို့ကော၊ ငါတို့ကော သိတာပဲ၊ အခုလုပ်ဖို့က တစ်ခုပဲရှိတယ်၊ သူ့ကို ထားခဲ့ရုံပဲဆိုရင်လဲ ထားခဲ့လိုက်တော့ကွာ၊ အရင်အိမ်ကြီးမှာပဲ ကင်း ပြန်နေပါ၊ တို့နှစ်ယောက် အမြန်ဆုံး လက်ထပ်ချင်တယ်"

ကင်းမျက်နှာလေး တည်သွားသည်။ လက်ထပ်ဖို့ကို သူမ ဘာဖြစ်လို့ ခေါင်းညိတ်ခဲ့မိတာလဲ။ အဖြေက ထိတိကျကျ ထွက်မလာသော်လည်း ဒီလိုတွေးမိတိုင်း ရဲတင်းစွာရှသော ဆယ်နေ့မျက်လုံးတွေကို မြင်ယောင်ခဲ့သည်။ မဟုတ်သလိုလို၊ ဟုတ်သလိုလိုနှင့် ဝက်ဝုတ္တိတွေသုံးကာ ပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်ခဲ့သော ဘာလိုလိုစကားတွေကို မကျေနပ်။ထို့ကြောင့် ကိုယ့်လုပ်ရပ်တွေအပေါ်မှာ သင်းက သာယာနေတာလားဆိုသောစိတ်က ဝင်လာ၏။ ဒါကြောင့်ပဲ လက်ထပ်လိုက်ဖို့ကို ဆုံးဖြတ်မိတာဖြစ်သည်။

ထိုလုပ်ရပ်ဖြင့် သိစေလိုခြင်းဖြစ်သည်။ သို့သော် ဆယ်နေနှင့်သူမ၏ အနိုင်အရှုံးက မပီပြင်သေး။

သူ၏ ဗီလိန်ဆန်ဆန် ရန်းကန်သွားရမည့်ဘဝကို လက်ပိုက်ကြည့်ချင်သေးသည်။

'အဲဒါပဲ၊ ငါလိုချင်တာ မင်းရဲ့ အဲဒီဘဝမျိုးပဲ'လို့ အားရပါးရပြောပြီးမှ တစ်သက်လုံး မျိုသိပ်ခဲ့သည့် အကြောင်းတွေကို ပြောပြလိုက်မည်။

ထိုအခါ သူ့အဖေ ဘယ်လိုလူစားလဲဆိုတာ သိလိမ့်မည်။ သူ ဘယ်လိုဘဝက လာခဲ့သလဲဆိုတာ သိသွားမည်။ ကိုယ်က ဘာဖြစ်သွားနိုင်သလဲ။

တစ်ယောက်တည်း ကျေနပ်စွာပြုံးနေမိရာမှ ကင်းနှုတ်ခမ်းလေး တွန့်မဲ့သွားသည်။ အရာရာတိုင်းမှာ သနားစရာရှိတယ် ဆယ်နေကဲ၊ မင်းနဲ့ ပတ်သက်တဲ့သနားစရာက 'တစ်'ဆိုတဲ့ ဘဝအစ စာမျက်နှာပဲ။

ပြန်လှန်ကြည့်လိုက်တော့ 'တစ်'ကနေ...





## အခန်း (၂၄)

'လွယ်လွယ်ကူကူ အသစ်ဖွင့်တဲ့ ဒီမားကက်လေးထဲပဲ ဝင်ကြည့်ရအောင်'ဆိုပြီး ဒေါ်နီတာက ဦးဆောင်ဝင်သည်။ ဆယ်နေက နောက်က ပါလာ၏။

'အံ့မယ် တော်တော်စုံသားနော်' ဒေါ်နီတာက လှည့်ပတ်ကြည့်ရင်း ဘာမှမဝယ်သေးဘဲ လှည့်ပြောသည်။ ဆယ်နေက ကားသော့ကိုဘောင်းဘီအိတ်ထဲထည့်လိုက်ပြီး ခေါင်းညိတ်၏။

"ဒီဘက်မှာ အသားငါးတွေလေ၊ မာမီတာက ဘယ်ကိုလဲ"

"အင်းပါ၊ မာမီ ကြည့်ချင်သေးလို့"

ဒေါ်နီတာက အစအဆုံး လျှောက်ပတ်ကြည့်ဖို့ စိတ်ကူးနှင့် 'လေဒီမားကက်'ထဲမှာ စိတ်တိုင်းကျသွားနေ၏။

"ဆယ်နေကဲပါလား"

နောက်မှာ မိန်းကလေးသံ ကြားလိုက်သဖြင့် ဒေါ်နီတာ ပြန်လှည့်ကြည့်လိုက်မိသည်။ ရှားရင့်ရောင်ကိုယ်ကျပ်ပေါ်မှာ ဖြိုးဖြိုးဖြက်ဖြက်ရောင်တွေ စာလုံးဖော်ထားသော တစ်ဆက်တည်းဂါဝန်နှင့် ဖြူဖြူသွယ်သွယ် မိန်းကလေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း ကိုယ့်ကို လှည့်ကြည့်လိုက်သဖြင့် ဒေါ်နီတာ ပြုံးပြမလို့ပါ။ သို့သော်...

"ဒီတစ်ခါတွဲတာတော့ တကယ့်အမေထင်တယ်နော်၊ အဟွန်း"

ဆယ်နေ့မျက်နှာ ရဲခနဲဖြစ်သွားသည်။ ကြည့်စမ်း၊ ဒေါ်နီတာ ဒေါသမထိန်းနိုင်ဖြစ်ကာ ချက်ချင်း နောက်ပြန်လှည့်လာ၏။

"ဟော့..."

ဒါပဲပြောရသေးသည်၊ ဆယ်နေက ဒေါ်နီတာလက်မောင်းကို လှမ်းကိုင်ထားလိုက်ကာ...

"ကြည့်တတ်ရင် မြင်ပါတယ်"

ဆယ်နေက အပြုံးမပျက်မျက်နှာနှင့် ပြန်ပြောပြီး မင်းမင်းမြတ်ကို ခပ်ရဲရဲကြည့်၏။

"ဒါပေမယ့် မျက်လုံးဆိုတာ ကြည့်ဖို့ပဲ မင်းမင်း၊ မြင်တိုင်း မပြောရဘူးကွ၊ ဒီလိုပြောတတ်တဲ့လူတွေချည်းပဲဆိုရင်တော့ မင်းလဲ တွဲသွားတွဲလာ သတိထားဖို့ လိုလိမ့်မယ်"

မင်းမင်းမြတ် ဆတ်ခနဲဖြစ်သွားကာ သူမနှင့်ပါလာသည့် အဖော်မိန်းကလေး၏လက်ကို လက်သီးဆုပ်သလို ဖျစ်ညှစ်ဆုပ်ပစ်လိုက်တာ မြင်လိုက်ရသည်။

"ဘာမှမလိုဘူး သိလား၊ မင်းမင်းတို့ကို ဘယ်လိုလူမျိုးမှ လက်ညှိုးမထိုးရဲဘူး၊ လုံးဝ သန့်စင်ပြီးသား၊ ရှင်သာ အရှက်မရှိ အကြံကြီးကြံနေတဲ့လူ"

"တို့ ဘာဖြစ်ဖြစ်ပါ၊ မင်းနဲ့ မင်းအစ်ကိုတွေ တွဲသွားတွဲလာ များလွန်းလို့ ပြောပြတာ၊ မဆင်မခြင် ဝေဖန်တဲ့သူ ပါးစပ်ထဲမှာ..."

"ရှင်... ရှင် တော်နော်"





"ကဲပါဟာ လာပါ၊ ဘေးမှာ လူတွေအများကြီးပဲ၊ သတိထားမိကုန်မယ်"

မင်းမင်းမြတ် အသားဆတ်ဆတ်တုန်နေသည်။ ကိုယ့်ကို ထိတော့ တတ်သားပါလား။ မီးတောက်မတတ်မျက်ဝန်းနှစ်စုံ ပြင်းထန်စွာ ွယ်ရင်း မင်းမင်းမြတ် ပါသွား၏။ သူမ၏ တက်ခေါက်သံက နားထဲမှာ ယ်လောင်စွာ ပဲ့တင်ထပ်ကျန်ခဲ့သည်။

ဆယ်နေ့မျက်နှာက တစ်စတစ်စနှင့် အဝတ်နီတစ်စလို နီရဲတက် ာ၏။

"သားလေးရယ်"

ဒေါ်နီတာ ဒေါသဖြစ်ခွင့်မရလိုက်ဘဲနှင့် ရင်ထဲမှာ မချိတရိ ခံစား က်ရသည်။ ဒီလိုတွေဖြစ်အောင် လုပ်နေတာ ကာင်းရယ်ပါ။ တကယ်ဆို လေးမှာ ဘာအပြစ်ရှိလို့လဲ။ ပြီးတော့ ဘယ်သူ့အပေါ်မှာမှ ဂရုမစိုက် တ်ခဲ့ဘဲ သူမ အတွက်ဆို ပျဝပ်ရှိကျိုးရှာခဲ့သည်။

အပြန်မှာ မပြန်ဖြစ်ကြသေးဘဲ မားကက်ထဲက စားသောက်ဆိုင်လေး ထိုင်ဖြစ်ကြ၏။

"သား တစ်ခုခုမှာလေ"

"မစားတော့ဘူး၊ မာမီတာ ကြံရည်သောက်မလို့ဆို"

"အေး၊ သားကော အအေးတစ်ခုခုသောက်ပါ"

ဆယ်နေက ခေါင်းခါ၏။ မျက်နှာက အနီရောင် ဖျော့ကျသွားသော် ည်း နဂိုအတိုင်းမဖြစ်သေးပါ။ မျက်ရမှာင်ကြုတ်လျက် တင်းတင်းစေ့ သည့် နှုတ်ခမ်းတို့က ခက်ထန်နေဆဲ။

"ဆယ်နေ"

လာပြန်ပြီ တစ်ယောက်။ ဒေါ်နီတာ ထိတ်ခနဲဖြစ်သွားကာ လှမ်းကြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့်စားပွဲဆီကို ကြည့်လိုက်မိ၏။ မိန်းကလေးလေးယောက်စ
ဒီဘက်ကို ကြည့်နေကြ၏။ ခေါ် လိုက်တာ ဘယ်သူမှန်းမသိပါ။ ဆယ်
ကလည်း ဘေးကို ငဲ့ကြည့် လိုက်၏။

ထိုထဲမှာ အဖြူရောင်ထင်းထင်းကလေးဝတ်ထားသည့် ဆံတိုမ
က နဖူးကဆံပင်တွေကို သပ်တင်လိုက်ပြီး သူမ ခေါ် တာမှန်း သိသာ
သလားမသိပါ။

ဟိုဘက်အစွန်ကနေ ကိုယ်လေးရှေ့ကိုင်းပြီး ရယ်ပြကာ...

"တစ်ယောက်တည်းလား"

လို့ မေးရင်း ဒေါ် နီတာကို ဝေ့ခနဲကြည့်၏။

"အဟွန်း... ယူ ခြေ...ဘ်သွေ့နေပြီထင်တယ်၊ မယုံနိုင်စရာပဲနော်"

"လက်တွေ့ပဲဥစ္စာ ယုံလိုက်တော့"

တစ်ယောက်က ဝင်ပြောပြီး သူမတို့ဘာသာ ခိုးခိုးခစ်ခစ် ရယ်ကြ
ပြီးတော့ ပိုက်ဆံရှင်းပြီး...

"တို့ပြန်ပြီ ဘိုင်"

ခပ်လှမ်းလှမ်းကနေ နှုတ်ဆက်သွားသည်။ ဆယ်နေ ဘာတစ်ခွ
မပြောဘဲ ဒီတိုင်း ငုတ်တုတ်မေ့နေခဲ့သည်။

ဘေးကနေ ဒေါ် နီတာ ယူကျုံးမရ ဖြစ်နေခဲ့ရသည်။ ခေါ် လာခဲ့
မှားပြီဟု တွေးမိရင်း ဘာကနေစပြီး နှစ်သိမ့်ရမှန်းမသိ။

ဟိုတုန်းကဆို မိန်းကလေးတော်တော်များများက ကိုယ့်သား
ဘေးမှာ ဝိုင်းဝိုင်းလည်။ ဒီလိုတွေ ပြောင်းလဲသွားခဲ့ခြင်းဟာ မွေး
ကျင်းပပြီးသည့်နောက်နေ့များမှာ သိသာဆိုးရွားစွာ ဖြစ်လာခဲ့၏။ လူ
တစ်ယောက်အတွက် ဘဝ အညွန့်ကျိုးရခြင်းသာ။

"မာမီတာ"





"ဟင် ပြောလေ သား"

ဒေါ် နီတာ ပျာပျာသလဲ ထူးလိုက်ရသော်လည်း မဖြေနိုင်သည့်
မေးခွန်းတွေများ မေးလာမလားဟု တွေး၍ ရင်ထိတ်သွားမိသေးသည်။

"ကျွန်တော့်ကို အမွေစားအမွေခံ မွေးခဲ့တယ်ဆိုတာ မမလား၊
ဦးစိုးနေလား"

"ဟင်..."

ဒီမေးခွန်းကိုတော့ မေးလိမ့်မည်မထင်ခဲ့ပေ။ ဒေါ် ရန်ကင်း၏ မွေးစား
သားဆိုသည့်အဖြစ်နှင့် ရှိလာခဲ့သည့်ဟာ ဘာတွေ ထပ်မေးဖို့ရှိလဲ။

ဒီလိုမေးလာရင် ဒီလိုဖြေလိုက်ပါဆိုသော ညွှန်ကြားချက်ထဲမှာ
'မွေးစားမိဘက ဦးစိုးနေလား'ဆိုသည့် မေးခွန်းကို ဖြေဖို့မပါပေ။

ရုတ်တရက် ဒေါ် နီတာ မဖြေနိုင်ဘဲဖြစ်သွား၏။

"ဖြေပါ မာမီတာ၊ အဲဒါ ကျွန်တော် သိခွင့်မရှိဘူးလား။ ကျွန်တော့်ကို
ဘဝ ဒီအခြေအနေထိ တင့်တင့်တယ်တယ် ပြုစုကျွေးမွေးခဲ့တဲ့ မာမီတာ
တို့တကော ဘယ်သူ့ခွင့်ပြုချက်တွေနဲ့လဲ"

"သားရယ်"

"ဒါတွေအားလုံး မမနဲ့မဆိုင်ဘူးလို့ ကျွန်တော်ထင်တယ်၊ အဲ... မဆိုင်
...ဆိုတာက စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတွေကိုပြောတာမဟုတ်ဘူး။ ကျွန်တော့်
...ပေါ်မှာ ထားပေးခဲ့တဲ့ စေတနာတွေကိုပြောတာ"

ဒေါ် နီတာ မျက်နှာအရင်လွှဲသည်။ မျက်လုံးထဲမှာ မားကက်ထဲ
...လာနေကြသူတွေ၊ ထွက်သွားကြတဲ့သူတွေ အများကြီးပါပဲ၊ ဒါပေမယ့်
...မမြင်။

ဦးစိုးနေ၏ မချိတရိ ဝေဒနာခံစားရင်း ပြောဆိုမှာကြားသည့် စကား
...ကို ကြားယောင်လာ၏။ ပြီးတော့ နောက်ဆုံး ကျောခိုင်းခဲ့ပုံတွေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အီးမေးလ်တွေရောက်လာခဲ့သမျှ ကင်း၏ ညွှန်ကြားချက်တွေ ကွဲပြားမှုတွေလည်းရှိသည်။ တစ်ထပ်တည်းကျနေတာတွေလည်း ပါ၏။ ဘာပဲဖြစ်ဖြစ် ဆယ်နေ မသိသင့်သောဖြစ်ရပ်တွေသာဖြစ်သည် ဒါတွေကို ကာယကံရှင်တွေသာ ရှင်းနိုင်လိမ့်မယ်။ ဘေးလူပြောပြဖို့က ဘယ်လိုမှမဖြစ်နိုင်။ သို့သော် ဒီလိုမေးလာတိုင်း ရှောင်ဖယ်ငြင်းဆန် ခဲ့တာလည်း များခဲ့ပြီဖြစ်ရာ...

"သားရယ် ဒါတွေက..."

ဒေါ်နီတာ စကားစလိုက်သည်နှင့် လက်ကိုင်ဖုန်းမြည်သံလေး ထွက်ပေါ်လာ၏။ ဆယ်နေက ဘောင်းဘီအိတ်ထဲက ဖုန်းထုတ်ယူလိုက်ပြီး ကြည့်သည်။ ပြီးမှ နားထောင်ကာ...

"မမ"

"ခိုင်းစရာရှိတယ်၊ ခုပြန်လာခဲ့"

"ဟုတ်ကဲ့ မမ"

ဒေါ်နီတာ ဆယ်နေ့မျက်နှာလေးကို သနားကြင်နာစွာ ငေးကြည့်သည်။ ခုနက နီရဲသန်မှုန်နေသည့် မျက်နှာမှာ မြတ်နိုးလေးစားမှုတွေ ချက်ချင်းပြောင်းလဲပါရောလား။

ကြောက်ရွံ့ရိုသေနေတာလား၊ ကြင်နာမြတ်နိုးချင်တာလား၊ ကိုယ့်ကိုယ်ကိုမှ သိရဲ့လား ကလေးရယ်။

'ဟုတ်ကဲ့ မမ' ဆိုတဲ့ နာခံခြင်းတွေကို မင်း နားလည်ရဲ့လား...





## အခန်း (၂၅)

ဦးမော်ဟုခေါ်သောလူကြီးဟာ မမနှင့် ဘယ်လိုရင်းနှီး တော်စပ်သလဲတော့မသိပါ။ သူ သိတာကတော့ ထောင်ထွက်ကြီးတစ်ယောက်ဆိုတာပဲဖြစ်၏။ ဒီလူကြီး အသည်းသန် ဖြစ်နေသည်ဟုကြားရသဖြင့် မမ အလျင်စလိုသွားကြည့်တော့ သူ ကားမောင်းပို့ရသည်။

အကြမ်းဖျင်းအားဖြင့် ဦးမော်သည် ဟိုတုန်းက မမတို့ထံမှာ အမှုထမ်းခဲ့ဖူးသည့် သစ္စာရှိလူယုံဟု သိခဲ့ရပြီး နေတာကျတော့ နှစ်ထပ်တိုက်မြင့်ကြီးနှင့်ဖြစ်သည်။ ခြံကို မျက်နှာစာဖွင့်ထားပြီး စတိုးဆိုင်ကြီးအပြည့် ဆုပ်ထား၏။ ဆိုင်ကြီးက နေရာကောင်းသလို ရောင်းလည်းရောင်းကောင်းနေ၏။ ရှိသမျှ အရောင်းစာရေးမလေးတွေမှာ ဝယ်သူများနှင့် ဖြစ်ကာ ထိုင်နေရသည့်သူ မရှိပေ။

"လာလေ"

မမက ခေါ်သွားသဖြင့် ဆယ်နေ အပေါ်ထပ်ထိ ပါသွားသည်။ မိသားစုဟုထင်ရသူမှန်သမျှ အားလုံးမှာ သန့်ပြန့် ချောမွေ့နေကြသော်လည်း ဦးမော်ဆိုသည့်လူကြီးက ဟိုတစ်ခါ မြင်လိုက်ရသည့်ပုံစံထက် နည်းနည်းပဲသာသည်။



www.burmeseclassic.com

မျက်နှာပေါ်က မုတ်ဆိတ်ကျင်စွယ်တွေကလည်း ဒီအတိုင်း ခပ်ချောင်ချောင်မျက်နှာကြီးကလည်း သိပ်မပြောင်းလဲသေးပေ။ ထို့ပြင် ဝေဒနာခံစားနေရသည့်ပုံစံမို့ ပို၍ သိုးညှဉ်းညှဉ်း ဖြစ်နေသေးသည်။

"ဦးလေးမော် ဆေးရုံတက်လိုက်ပါ၊ ကျောက်ကပ်ရောဂါက ဆေးမြီးတိုနဲ့ပျောက်သွားနိုင်တဲ့ရောဂါ မဟုတ်ဘူး၊ ဒီလိုမနေပါနဲ့"

ကင်း ရောက်သွားပြီး ပြောမှ အိမ်သားတွေအားလုံး ဝိုင်းတောင်းပန်ကြ၏။

"ပြောပါဦး မမရယ်၊ နွေသူပြောတာ ဘယ်လိုမှမရဘူး၊ မမိမေသူလဲ စောစောကမှ ပြန်သွားတာ၊ စဖြစ်ကတည်းက ဆေးရုံတက်ဖို့ပြောနေတာ မရဘူး၊ နွေသူတို့ကို ဒီလိုမြင်ချင်လို့ပြန်လာတာ၊ အခု ကျေနပ်ပြီကွဲ၊ ထပ်ပြီး ဘယ်မှမသွားချင်တော့ဘူးတဲ့ သိလား"

အားလုံး ခပ်လှမ်းလှမ်းကနေပြီး ဆယ်နေ တိတ်ဆိတ်စွာ ကြည့်နေခဲ့သည်။

"တစ်ယူသန်တာမဟုတ်ပါဘူး သမီးရယ်၊ ဦးလေး နေလဲ နေဖျော်ခဲ့တယ်၊ သေလဲသေပျော်ပါပြီ၊ ကိုယ့်အိမ်ရာဆိုတဲ့ အရိပ်ထဲမှာ အေးအေးချမ်းချမ်းပဲ ခေါင်းချသွားချင်တယ်"

လူကြီးပြောတော့ ကင်းမျက်ဝန်းမှာ မျက်ရည်တွေ လည်နေတာကို ဆယ်နေ ထူးဆန်းစွာ မြင်လိုက်ရ၏။

ဦးမော်ဆိုသူဟာ ထောင်ထဲမှာ ကြာရှည်စွာနေခဲ့ရပြီး မိမိ အိမ်ရာ၏ အရိပ်မှာပဲ ခေါင်းချချင်နေတာကို သူ နားလည်သော်လည်း ကင်း ငိုတာကိုတော့ နားမလည်နိုင်။

နောက်တော့ အထူးကုတွေကိုပင့်ပြီး အိမ်မှာ ကုရတော့မလိုလို ကင်းက စီစဉ်တော့မှ ဦးမောင်က ဆေးရုံတက်ဖို့ကို သဘောတူခဲ့သည်။





ဦးလေးက သေပျော်ပါပြီ၊ ဒါပေမယ့် သမီးတို့တွေ စိတ် ဆင်းရဲမှာစိုးလို့ဟု မျက်နှာမသာမယာနှင့် ပြောသေးသည်။

ထိုအခါ ဦးမောင်ကို ဆေးရုံတင်ပေးဖို့ ဘာညာကိစ္စတွေ အားလုံး ယ်နေပဲ ဦးဆောင်လှုပ်ရှားပေးခဲ့ရသည်။ ဆေးရုံမှာ သေချာပြီးစီးမှ ော်က သူ့ကို တွဲထူတင်ချပေးသည့် ဆယ်နေ့ကို မျက်လုံးစူးစူးများနှင့် ိုက်ကြည့်လာခဲ့ပြီး...

"လူလေးက ကောင်းကောင်းလား"

"ဗျာ"

"သူက ဆယ်နေကဲပါ ဦးလေးမော်၊ ကင်း ပေးထားတာ"

ဦးမော်၏မျက်ဝန်းတွေက ဝင်ဖြေလိုက်သည့် ကင်းနှင့် ဆယ်နေ့ က်နှာတွေပေါ်မှာ နှစ်ခေါက်မျှ ခေါက်တုံ့ခေါက် ပြန်ဖြစ်သွားသည်။ ပြီးမှ င်းညိတ်လိုက်၏။

"ဆယ်နေကဲလို့ ပြောင်းလိုက်တာလား"

ဟု တစ်ကိုယ်တည်း ပြောသလိုမျိုး ခပ်တိုးတိုးဆိုလိုက်သည်။ ထို ားဟာ ပြန်လာခဲ့ကြတဲ့အထိ ဆယ်နေ့နားထဲမှာ ပါလာခဲ့သည်။

ဒါပေမယ့် ဘာမှမမေးဖြစ်ခဲ့ပါ။ ကောင်းကောင်းဆိုသည့် နာမည်ဟာ ဘဝဖြစ်နိုင်ပြီး ဆယ်နေကဲဆိုတာလည်း သူပဲ ဖြစ်နေသည်။

ဘဝဟာ စလာကတည်းက သူများလက်ခုပ်ထဲမှာ ဖြစ်နေခဲ့လေမှ က်ထပ် ဘာတွေဖြစ်လာလာ ဘာမှထူးခြားဖို့ မရှိတော့ပေ။

လူငယ်ပီပီ ရှဲချင်တာတွေ၊ စိတ်ခေါ် ချင်တာတွေ အားလုံးဟာ စိတ် ထဲမှာပဲဖြစ်ကာ တကယ်ရင်ဆိုင်နေခဲ့ရသော ခါးသီးမှုတွေဟာ အလွန် င်း အကျည်းတန်နေခဲ့သည်။

ရင်ဆိုင်ချင်သည်၊ ကျော်လွှားချင်သည်၊ ဒါပေမယ့် သူ့မှာ အင်အားမဲ့

www.burmeseclassic.com



နေခဲ့၏။ ထိုအင်အားဟာ သူ့ကိုယ်သူ ဘယ်လိုတဝနင့်လာသော၊ ဘယ်
မှန်းမသိခဲ့ရသည့်အဖြစ်ကြောင့်သာ...။

အိမ်ပြန်ရောက်လာတော့ ခေါင်းတွေကိုက်သည်ဟုပြောကာ အခ
ထဲဝင်သွားသည့်ကင်းသည် ညနေစောင်းမှာ ဆရာဝန်ပင့်ခဲ့ရ၏။

"မမ ဘာဖြစ်တာလဲ မာမီတာ"

"ခရီးပန်းတာထင်တယ်၊ မော်ဘီနဲ့ဒီထိခရီးကနည်းတာမှမဟုတ်တ

ဒေါ်နီတာ ပျာယာခတ်နေသည်။ ဦးစိုးခက စင်ကာပူကို ခရီးထွ
နေသဖြင့် တိုင်ပင်ဖော်မရှိ။ ဒီကြားထဲမှာ ကင်းက အနားကိုခေါ်က

"ဒေါ်လေးနီ မော်ဘီကိုသွားလိုက်ပါဦး။ ဦးလေးမော်ကို လိုအပ်
မရှိအောင် စီစဉ်ပေးခဲ့ပါ။ ဟိုမှာ မိန်းကလေးတစ်ယောက်ပဲရှိတာ၊ အလု
သမားတွေနဲ့မို့လို့"

"ဆယ်နေကိုခိုင်းမယ် သမီးရယ်၊ ဒေါ်လေးလဲ သမီးကို စိတ်မချ

"ကျွန်မက ဘာမှမဖြစ်ဘူး၊ ဦးလေးမော်ကို ပြည့်စုံစေချင်တ
ဆယ်နေ့ကိုလဲ မခိုင်းချင်ဘူး၊ သူ့ကို ကျွန်မပြောပြတာမဟုတ်ဘဲ သူ့
တစ်စွန်းတစ်စကိုမှ မသိစေချင်ဘူး။ အဲဒါကြောင့် ဦးလေးမော်နဲ့
မတွေ့တာဘဲကောင်းတယ်"

ခက်ပါသည်။ ကင်းကလွှတ်တော့လည်း ဒေါ်နီတာ မတတ်နိုင်

"သား မင်းမမကို ဂရုစိုက်လိုက်ဦးနော်၊ မာမီတာ မော်ဘီ သွား
ညနေ ပြန်ရောက်မှာပါ၊ လူမမာကို စိတ်ဆင်းရဲအောင် ခံပြောခံဆို မ
ရဘူး ကြားလား"

'ဟုတ်ကဲ့ မမ' ဆိုပြီးတော့ ပြောချင်တာဆို ဂရုမစိုက်စွာ ပြော
သည့် ဆယ်နေ့ကို ဒေါ်နီတာ သိပ်တော့စိတ်မချချင်။ ဘဝနှင့်ပတ်သ
သော မကျေလည်သည့် အခုအခံတွေ ဆယ်နေ့ရင်ထဲမှာရှိနေတာ





သိသည်။ ကင်းကလည်း သူ့ဘက်ကသူတော့ မှန်နေခဲ့သူ။

ဆေး ဘယ်လိုတိုက်ဖို့တွေ၊ လိုအပ်လျှင် ဆရာဝန်ခေါ်ဖို့တွေ မပြီးမစီး
မှာကြားနေပြီးမှ ဒေါ်နီတာ ထွက်သွားခဲ့၏။

နှစ်ရက်ဆက်တိုက် အဖျားမပြတ်ခဲ့သော ကင်းမှာလည်း စိတ်က
လှဲမနေချင်တာသည့်တိုင် လူက နုံးချွေနေ၍ မထချင်။

အိမ်မှာ အလုပ်သမားလူပို ခေါ်မထားခဲ့သော လိုအပ်ချက်က ဒီလို
အချိန်မှာ ပိုသိလာခဲ့၏။ အနားမှာ လူမမာစာတွေ မျိုးစုံအောင် ထားပေး
သွားသော ဒေါ်နီတာကတော့ တာဝန်ကျေပါသည်။

ဒါပေမယ့် ရှိနေတာတွေကို ကင်း မစားချင်။ ရှောက်သီးသုပ်စပ်စပ်
လေးနှင့် ဟင်းခါးပူပူ သောက်ချင်သည်။ တစ်နေကုန် ဒါပဲစားချင်နေကာ
လူမမာစာတွေကိုကြည့်၍ စိတ်ကုန်နေမိ၏။

ဈေးသည်များ လာမလားဟု မျှော်မိသေးသည်။ ဈေးသည်က မလာ
ခဲ့ပေ။ တစ်နေကုန်လုပြီ၊ ဒေါ်နီတာ ပြန်မရောက်ခဲ့ပါ။

ကင်း ပြတင်းနားမှာ ခပ်နွဲ့နွဲ့လေး မှီရပ်လျက် ဒေါ်နီတာ့ကို မျှော်မိ၏။

"မမ"

ပွင့်နေသည့်တံခါးဝမှ ဆယ်နေက ဂစ်တာတစ်လက်ဆွဲလျက် ရပ်နေ
ကာ...

"မမ ဆေးသောက်ပြီးပြီလားဟင်၊ ဘာစားပြီးပြီလဲ"

မေးနေရင်း အခန်းထဲဝင်လာသည်။ စားပွဲပေါ်က စားစရာတွေကို
လိုက်ကြည့်ပြီး ကင်း ဘာမှမစားထားတာကို သိလိုက်သည့်ပုံနှင့်...

"မမ ဘာမှမစားဘူးလား၊ တစ်နေကုန် မမရာ"

"မစားချင်လို့ မစားတာပေါ့၊ မင်းကို ခဏခဏ မလာနဲ့လို့ တို့ပြော
ထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ဂါဝန်ပွပွလေးပေါ်မှာ အဖြူရောင်ဆွယ်တာ လက်ရှည်လေး ထပ်ဝတ်ထားသည့် ကင်းမျက်နှာလေး နီနေတာကို ဆယ်နေက ကြည့်သည်။

အဖျားရှိနေသေးတာက သိသာနေရာ..

"မမနဲ့ကျွန်တော် နှစ်ယောက်တည်းရှိတာ မမရယ်၊ မာမီတာလဲ သေချာမှာသွားတာပဲ၊ မမ ဆေးမသောက်ရသေးဘူးမဟုတ်လား၊ တစ်ခုခု စားမှ ဖြစ်မှာပေါ့၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မလိုဘူး သွားတော့"

ဆယ်နေက ထွက်မသွားဘဲ တစ်ခုခုကို စဉ်းစားသလိုနေကာ..

"မမ အပြင်က တစ်ခုခု စားချင်နေလို့လား၊ လူမမာ စားလို့ရတာဆိုရင် ကျွန်တော် ဝယ်ပေးမယ်လေ"

"နေပါစေ"

ကင်း သူ့ကိုကျောခိုင်းပြီးနေလိုက်သည်။ အပြင်မှာ လေတစိမ့်စိမ့် ဖြူးနေခြင်းက ပြတင်းဝမှာရပ်နေသည့် သူမကို ဆွတ်ဖျန်းနေခဲ့၏။

အဖျားမပြတ်သေးတော့ ကျောထဲမှာ စိမ့်တက်လာသည်။ ဗိုက်ထဲမှာ အစာမရှိသောကြောင့် ဒူးတွေက ချောင်နေ၏။

တကယ်က တစ်ခုခုစားလိုက်ပြီး ဆေးသောက်၍ အိပ်ရာထဲ ဝင်လိုက်တာနှင့် ကောင်းကောင်းအိပ်ပျော်သွားမှာ ဖြစ်သည်။

သို့သော် ဆာလောင်နေးခွေနေတာကြီးကြောင့် ဘယ်လိုမှ အိပ်လို့မရ ခေါင်းတွေ အုံခဲလေးလံနေသည်က ဆေးမသောက်တော့ မပျောက်နိုင်။ ဆရာဝန်လာပြီး ဆေးတွေပေးခဲ့တာလည်း မည်သို့မျှ အရာမထင်နိုင်တော့ပေ။

ဝေဒနာနှင့်ဗိုက်ဆာတာနှင့်ပေါင်းကာ ဒေါသက အလကားရတိုင်း





ဒိုမ့်ထွက်နေ၏။ ကင်း ဖြစ်နေတာတွေကို ဆယ်နေ အားလုံး မသိပေမယ့် ဆေးမသောက်ရသေးသဖြင့် ရောဂါမပြတ်နိုင်တာကို သိနေသည်။

ပြီးတော့ လေတိုက်ကြီးထဲမှာ ရပ်နေတာကို သတိထားလိုက်မိကာ ဆူ့ကိုလျှောက်လာခဲ့၏။ ကင်းရဲ့ဘေးမှာ ဝင်ရပ်ကာ ဂစ်တာကို နံရံမှာ ထပ်ထားလိုက်သည်။ မှန်တံခါးနှစ်ချပ်ကို ဆွဲပိတ်လိုက်တော့ ကင်း ဒေါသ တွေ ပေါက်ကွဲလေသည်။

"ဒါ ဘာလုပ်တာလဲ ဆယ်နေကဲ"

"တံခါးတွေ ပိတ်တာလေ"

"ဘာ"

တံခါးပိတ်နေတာကိုမြင်သားပဲ၊ ဒါကို ရွဲ့ပြောသည်ဟု ယူဆကာ ဘင်းလက်တစ်ဖက်က ဒေါသတကြီးမြှောက်တက်သွားသည်။

"မဟုတ်ဘူး မမ၊ ခဏလေး"

ရိုက်ချပစ်လိုက်တာကို မျက်နှာမော့ရှောင်သည်။ ပြီးတော့ ကင်း ဆက်ကို ဆယ်နေက ဖမ်းဆုပ်ထားလိုက်ကာ..

"မမ ဘာဖြစ်လို့ ဒေါသတွေဖြစ်နေတာလဲ၊ လေတွေတိုက်နေလို့ ကျွန်တော် တံခါးပိတ်ပေးတာပါ။ စေတနာသန့်သန့်နဲ့ပါ မမရယ်"

"မလိုဘူး၊ မလိုဘူးလို့ မင်းကိုပြောနေတယ်မဟုတ်လား၊ သွား မင်း ထွက်သွား၊ လွှတ်စမ်း"

ကင်းက လက်ကိုဆောင့်ရုန်းသည်။ ပြီးတော့ ရွံ့ရှာသလိုပုံနှင့် လက် ဆောက်ဝတ်ကို ပွတ်သပ်ခါပစ်လိုက်ပြီး...

"မင်း တို့ကို ဘယ်လိုသဘောထားနေလဲ ဆယ်နေ"

"ကျွန်တော်..."

"မပြောနဲ့ မင်းကိုမေးနေတာမဟုတ်ဘူး မဖြေနဲ့ အစ်မလိုလို၊ အမေ



www.burmeseclassic.com

www.burmeseclassic.com



လိုလို ဆင်ပြေနုန့်ရှောင်စကားတွေနဲ့ မင်းရဲ့ မရိုးသားမှုတွေကို တို့ ရှုတယ် မင်းရဲ့စိတ်ကူးထဲမှာ တို့က ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်ကို သာယာနေတယ်လို့ ထင်နေသလား၊ သတင်းတွေလွှင့်ပြီး တကယ်ကြံစည် နေတယ်လို့ကော ထင်လား၊ ဒါမှမဟုတ်ရင် မင်းကိုယ်တိုင် စိတ်ထဲမှာ တကယ်လို့များ ငါ့ကို အမွေမပေးခဲ့ရင်ဆိုပြီး စည်းစိမ်ဥစ္စာတွေနဲ့လူကို တကယ်အပိုင်ကြံချင်နေတာလား”

“မမ…”

ဆယ်နေက ဘယ်လိုမှ သည်းမခံနိုင်တော့သလို မျက်မှောင်ကြုတ် လျက်နှင့် ကြိတ်ခေါ်သည်။

“မမရဲ့ ‘လား’မေးခွန်းတွေက များလှချေလား၊ မေးခွန်းတွေ မေးပြီး ရင် ကျွန်တော့်ကိုတော့ ဖြေခွင့်ပေးဦးမှပေါ့၊ ကျွန်တော် မမထက် အသက် ငယ်ပေမယ့် ယောကျ်ား”

ဆယ်နေက ပြောပြီး ရှေ့တစ်လှမ်းတိုးသည်။

“အသက်ကြီးကြီးငယ်ငယ် ယောကျ်ားတိုင်းမှာ မာနရှိတယ်”

“ဟုတ်လား”

ကင်းက မဲ့ပစ်ပြီး နံရံမှာ ပခုံးစောင်းလေးနှင့်မှီသည်။

ကင်း ပုံစံလေးပျက်သွားတာမြင်မှ ဆယ်နေက လေသံကို လျှော့ချ ပစ်ကာ…

“ကိုယ် မာနကြီးတတ်ရင် သူများရဲ့မာနကိုလဲ စာနာကြည့်သင့်ပါ တယ်၊ ယောကျ်ားတစ်ယောက်ရဲ့မာနကို မပုတ်ခတ်ပါနဲ့၊ အထူးသဖြင့် မမရဲ့အရိပ်အောက်မှာ ရှိနေပေမယ့် မမနဲ့ကျွန်တော် ဘာမှတော်စပ်ကြ တာမဟုတ်ဘူး”

“ဘာ”





“ပြောပြတာ”

ဆယ်နေ့မျက်လုံးတွေက စူးရဲနေသည်။ စကားသံက ရဲရင့်မှုတွေ အပြည့်။

“အပိုင်ကြံချင်တာပဲဖြစ်ဖြစ်၊ တကယ်လိုချင်တာပဲဖြစ်ဖြစ် ကျွန်တော့် ဘက်မှာ အခွင့်အရေးရှိတယ်၊ ပြီးတော့ မမကိုယ်တိုင်ပဲ ကျွန်တော့်ကို ဒီလိုကောင်ဖြစ်အောင် တွန်းပို့ထားခဲ့တာ”

“နည်းသေးတယ် ဆယ်နေ၊ မင်းဆီက ပြန်ယူသင့်တာ ဒီလောက် ကောဘူး၊ မင်းဘဝကို ဒီထက်ပိုပြီး တစ်စစီ ဖွဲ့ပစ်သင့်တာ၊ မင်းသာ ဒီအိမ် ပေါ်ကို ရောက်မလာခဲ့ဘူးဆိုရင်၊ တို့ရဲ့ဖေဖေ့ကြောင့်သာ မဟုတ်ခဲ့ရင်…”

“ယူပါ မမ၊ မမအတွက် ကျွန်တော့်ဘက်က အမြဲတမ်း ‘ဟုတ်ကဲ့’ပါ၊ ဘတ်ဝန်းကျင်မှာ ဘာကောင်ဖြစ်နေနေ၊ မမ ကျွန်တော့်ကို ဘယ်လောက် နှိမ်မုန်း၊ ဘယ်လိုပဲသဘောထားထား ငြိုငြင်ခဲ့တာမရှိဘူး၊ မခံနိုင်ဘူး ဆိုတာ ရင်ထဲမှာ မဖြစ်ဘူး၊ အားလုံးသော ‘ဟုတ်ကဲ့’တွေထဲမှာ မခံချိမ့်လို့ သာ ခေါင်းငုံ့နာခံခဲ့ရတာလဲမပါဘူး၊ ကျေနပ်တယ်၊ ကြည်ဖြူတယ်၊ ကျေနပ်နေရင် အားလုံးကို ထားလိုက်နိုင်တယ်” နာ

“မင်း…” လ

“ကြွေပြနေတာမဟုတ်ဘူး မမ၊ မမရဲ့မေးခွန်းတွေအားလုံးကို ဖြေ ခု ဆိုတာ၊ ကိုယ့်ထက်အသက်ကြီးတဲ့ မိန်းမတစ်ယောက်ကို ငယ်ရွယ် ယောကျ်ားက ချစ်ခွင့်မရှိတော့ဘူးလား၊ ပိုင်ဆိုင်ဖို့ ကြိုးစားတာနဲ့ ပိုင်းလုံး စ်သွားတတ်လား၊ ဘာဖြစ်ဖြစ် မမ အဲဒီလိုဖြစ်စေချင်တာ ဖြစ်သွားခဲ့ မဟုတ်လား၊ အဲဒါတွေက ကျွန်တော် တောင်းမို့လို့ ခံလိုက်ရတာမဟုတ် ဘူး မမ၊ မမ ကျေနပ်အောင် တမင်တကာ နေပေးခဲ့တာ၊ အဲဒါလဲ အရမ်း ချစ်စင်လွန်းလို့ ပေးဆပ်ခဲ့တယ်တော့ မထင်နဲ့၊ ကျွန်တော့်ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အနီရောင်ရင့်ရင့်ဖြစ်နေပြီ”

“ဆယ်နေကဲ”

ကင်း ကိုယ်ကိုမတ်လိုက်ကာ လက်သီးနှစ်ဖက်ဆုပ်သည်။

“နတ်သျှင်နောင်နဲ့မာတုကလျာတို့က ဆွေမျိုးတော်သေးတယ် မမ မမနဲ့ကျွန်တော်က ဘာမှတော်ကြတာမဟုတ်ဘူး”

“တောက် လူပါးဝလို့”

“ဟုတ်တယ် ထင်ပါ၊ မမ ရိုက်ချင်တယ်မဟုတ်လား ရိုက်ပါ၊ မမကို ကျွန်တော် ချစ်တယ်”

ကင်း ဘာလုပ်တော့မှာကို သိသည်။ သူ မျက်လုံးတွေ မှိတ်ထားလိုက်၏။

ကျယ်လောင်သော ထိခတ်သံနှင့်အတူ သူ့ပါးတစ်ဖက်မှာ ပူရှိန်းလောင်ကျိန်းစပ်သွား၏။ ကင်းလက်ဖဝါးမှာလည်း ဤသို့ပဲဖြစ်လေသည်။

ထို့ပြင် ရိုက်ပစ်လိုက်သောအရှိန်နှင့် လူက မိုက်ခနဲဖြစ်သွား၏။ ဘယ်မှထိန်းမတ်မရတော့ဘဲ ခွေကျသွားခဲ့လျက်...

“မမ”

“ဟင့်အင်း ဆယ်...”

ဆယ်နေ့ရင်ခွင်ထဲရောက်သွားတာကို ဒေါသတကြီး ရုန်းထွက်မိသော်လည်း လူက ပျော့ခွေလျက်ရှိ၏။ ဆယ်နေသည် ကင်းကို စိုးရိမ်တကြီး ပွေ့ယူကာ မြေ့ရာထက်မှာ တယုတယချပေးသည်။ နှုတ်ခမ်းသားလေးတွေ ပျော့ကျလျက် မျက်တောင်တွေ မှေးစင်းကျနေသော ကင်း၏နဖူးပြင်က ချွေးတို့ကို သူ့လက်ဝါးနှင့် တယုတယ သုတ်ပေးကာ...

“မမရယ် ကျွန်တော့်ကြောင့် မဖြစ်ပါနဲ့၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ စိတ်ကိုလျှော့လိုက်ပါနော်၊ မမ သဘောမကျတာ ဘာမှထပ်မပြောတော့





ဘူး ကတိပေးပါတယ်၊ အဲဒါ တကယ်ပါ ယုံပါ”

တတွတ်တွတ်ပြောရင်း နာကျင်သောကြောင့် ဖိဆုပ်ထားခဲ့သည့် ကင်းလက်ဖဝါးလေးကို ဆွဲဖြန့်ယူ၏။ သူ့ပါးကို ရိုက်ခဲ့သည့်လက်အား တယုတယထပ်ဆုပ်ပြီး တောင်းပန်သည်။ ကင်း ဘာဖြစ်သွားခဲ့မှန်းမသိပါ။ မာနကြောင့်လား၊ ဒေါသကြောင့်လား။

သူ ထပ်ဆုပ်ထားသည့်လက်ကိုပင် ရုန်းမထွက်နိုင်ဘဲ မျက်ဝန်းမှာ မျက်ရည်တွေဖြစ်လာ၏။ မှိတ်ထားသော်လည်း တဖျပ်ဖျပ်လှုပ်ခတ်နေသော မျက်တောင်များတို့မှ တစိမ့်စိမ့် ဆင်းကျလာသည့်မျက်ရည်တို့က ဆံနွယ်များကြားသို့ ဝင်၏။

‘မမကို ကျွန်တော်ချစ်တယ်’၊ ‘မမကို ကျွန်တော်ချစ်တယ်’

ဟင့်အင်း မပြောနဲ့၊ မချစ်ရဘူး၊ နင်က ဘာမို့လဲ။

ကင်း မျက်ရည်တွေ အားကောင်းစွာ ကျလာကြ၏။

ဆယ်နေပြောသောချစ်ခြင်းစကားဟာ သံရည်ပူစီးကြောင်းကြီးလို ကိုယ်မှာ ပတ်ခြုံစီးမျောနေခဲ့သည်။

ဒီစကား၊ ဒီအသံတွေကို ကင်း မကြားလိုပေ။ ကြောက်သည်၊ နာကြည်းသည်၊ ပြီးတော့ ရှုံ့မိ၏။ ရင်ထဲကအမုန်းတွေသည်သာ ကာလတန်ဖိုးအလိုက် တဖြည်းဖြည်း တိုးတက်မြင့်မားလာမည်ဆိုလျှင် ခုလောက်ဆို ဘယ်မျှထိ တန်ဖိုးကြီးနေလေမည်လဲ။

ရင်ထဲမှာ အချစ်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

...ငယ်သေးတဲ့အချစ်မို့ မလေးစားတာလား ပြောပါ...

...ကျွန်တော်သိပ်ချစ်တတ်တာ ကျွန်တော်သာအသိပါ...

...လိမ်ပြီးမပြောတတ်တာ ကလေးလေးဘ၀တည်းကပါ...

...မမနားလည် ငဲ့ညှာပါ...

ညဥ့်နက်နက်မှာ သီချင်းသံကို သဲ့သဲ့ကလေး ကြားလိုက်ရသည်။ အသံကချိုသည်၊ ဂစ်တာသံက အလိုက်မှန်၏။ သို့သော် ကင်းနားထဲမှာ တော့ မသာယာပါ။ နာရီကိုကြည့်တော့ ညဆယ်နာရီခွဲပြီဖြစ်၏။

ဒေါ်နီတာ ပြန်ရောက်မလာခဲ့ပေ။ ဖုန်းလည်းမဆက်၊ သတင်းမပေး ဟိုအတွက် ဒီအတွက် တွေးတောနေရင်း ဘယ်လိုမှမရတော့သည့် ဗိုက်က ဒုက္ခပေးလာ၏။

ထို့ကြောင့် ခ၀တ်ဘူးထဲမှာ အဆင်သင့်ရှိနေသည့် လက်ဖက်ရည် ပဲ ကြိတ်မှိတ်မျိုချရသည်။ ပါးရိုက်ပစ်လိုက်တာတောင် ဒီလက်ကို တွေးဆုပ်၍ ဥဖွ လုပ်ပေးခဲ့သည့်အဖြစ်။ လက်ကိုင်ထားပြီး တောင်း စကားတွေပဲ ပြောနေခဲ့သည်။ လိမ္မော်သီးကို အခွံခွာကာအမြှေးလေးတွေ





အောင်ဖယ်ပစ်ပြီး စားလိုက်ဖို့ နားငြီးအောင်ပြော၏။ မနက်ပိုင်းကလို ယ်လိုအော်ပစ်လို့မှ မရဘဲ ကင်းအနားမှာ တဝဲဝဲနှင့် ဆယ်နေ ရှိနေခဲ့၏။

ဘာဖြစ်လို့ ဒီလိုညမျိုး လာဖြစ်ရတာလဲ။

ဦးမော်ကိုစိတ်မချနိုင်ခြင်း၊ ဒေါ်နီတာ့ကိုသွားခိုင်းမိခြင်းနှင့် ကိုယ်တိုင် မှာ ဖြစ်နေရသည့်မှုတာန်းစီတွေး၍ မကျေနပ်နိုင်၊ တစ်အိမ်လုံးမှာ နှစ်ယောက် ည်ရှိနေခဲ့လို့ ဆယ်နေ ဒီအခွင့်အရေးတွေ ရသွားခဲ့တာကို ခံပြင်းလို့မဆုံး။

ဖအေက ယုတ်မာခဲ့သည်၊ သားဖြစ်သူက ဒီတိုင်းပဲ ခြေရာနင်းလာ၏။ ဖြစ်ချင်သည့်ကိုယ်ဟာ ဘာဖြစ်လို့ သားကောင်ဘ၀မျိုးကိုပဲ ရောက် က်နေခဲ့တာလဲ။

သီချင်းသံက နားထဲသို့ တိုးဝင်နေသမျှ လက်ဖက်ရည်ကို မျိုချနေ တောင် ဆေးခါးရည်တွေလို ဖြစ်လာခဲ့သည်။

...ဆုတောင်းကောင်းခဲ့တဲ့ မရဲ့အလှများထဲမှာ...

...ကျွန်တော် လဲလဲကျတာ ကျွန်တော်သာအသိပါ...

...ညတိုင်းပဲ မကို အိပ်ပျက်ခံပြီးလွမ်းတာ...

...ကျွန်တော့်ရဲ့အဖြစ်ကို သနားပါဗျာ...

...စားမရ အိပ်မရ အချိန်တွေထဲ...

သီချင်းသံကို နားခါးလှကာ မဆိုနဲ့လို့ သွားပြောပစ်လိုက်ချင်ပေမယ့် ာ မထချင်၊ မကြွချင်။ ပြီးတော့ သင်းနဲ့ နောက် ထပ်ပြောဆိုပတ်သက် ည်း စိတ်ကုန်သွားရကာ အိပ်ရာထဲ ပြန်လှဲ၍ အိပ်ပျော်ဖို့သာ ကြိုးစား ာသည်။

ဒီနေ့အဖြစ်အပျက်များနှင့် ဆုံးဖြတ်ချက်တို့အရ မောင်နဲ့ကင်း အမြန် သက်ထင်မှုဖြစ်မည်။ ထို့ကြောင့် မောင်ပြောခဲ့သလို ဆယ်နေ့ကို ဒီ ခွဲထုတ်ပစ်လိုက်ဖို့ ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နဲ့ပဲ ကျေနပ်အောင် ကိုယ့်ကိုယ်ကို နှစ်သိမ့်ရမည်။ စိတ်ထ ထားခဲ့သလောက် ဆယ်နေ့ကို ဒုက္ခပေးနိုင်ခဲ့သည်ဖြစ်စေ၊ မပေးနိုင်ခဲ ဘူးဖြစ်စေ နောက်ထပ် အတူမနေသင့်တော့တာက သေချာနေ၏။

ကင်းရင်ထဲမှာ မွန်းကျပ်လာခဲ့သည်။ တိုင်ပင်သည့်အကျင့် သိပ်မ ပေမယ့် ဒီညမှာ ပို၍ အထီးကျန်သလို ခံစားနေရသည်။

မိုးမြန်မြန်လင်းပါစေဟု ဆုတောင်း၍ မျက်လုံးတွေကို မှိတ်ထာ လိုက်သည်နှင့် သီချင်းသံက လွမ်းလို့ကောင်းဆဲ။

...စားမရ အိပ်မရ အချိန်တွေထဲ...

...သွေးအားနည်းလို့ ပိန်လာပြီ မရယ်...

...မ မချစ်လို့တော့ သေနိုင်တယ်.. အပိုတွေမဆိုဘူး ယုံလိုက်ကွယ်

..မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ်..ဟုတ်တယ်..

...မမှမချစ်ရင် ဘဝပျက်သွားနိုင်တယ်...

"တောက်"

ဒါတော့လွန်ပြီ၊ ကင်း အိပ်နေရာကနေ အားယူ၍ ကျူးထလိုက်မိ

လူတွေအားလုံးက သို့လော သို့လောတွေ ထင်နေကြတာမှန်သည် သူတို့ဟာသူတို့ ကွယ်ရာမှာ ဘာပြောပြော ဒီလိုကြီး သီချင်းဆိုပြီး ကိုယ ထဲမှာ ကြွေပြနေတာ ကင်း ဘာဖြစ်သွားမလဲ။

ကိုယ်နာကြည်းချက်နဲ့ကိုယ် သရုပ်ဆောင်ခဲ့ဖူးပေမယ့် ဒီသီချင်း နားရှက်လာခဲ့၏။ ကင်း သွားပြောပစ်လိုက်ဖို့ တံခါးဆွဲဖွင့်လိုက်သည် တံခါးဝရှေ့မှာ ရောက်နေပြီဖြစ်သည့် ဆယ်နေက တအံ့တသြ...

"မမ...မမ ဘာလုပ်မလို့လဲ၊ နေမကောင်းဘဲနဲ့"

"မင်းရဲ့ပါးစပ်ကို ပိတ်မလို့"

"ကျွန်တော်... ကျွန်တော် သီချင်းဆိုလို့လားဟင်"





"ဟုတ်တယ်၊ ဒီသီချင်းမျိုး နောက် ဘယ်တော့မှမဆိုပါနဲ့"

ကင်း နောက်ကိုပြန်လှည့်ဝင်ဖို့ ခြေလှမ်းပြင်လိုက်တော့ ဆယ်နေက ခံနဲ့ဝင်ရပ်ပြီး ရှေ့ကနေ ပိတ်ထားလိုက်၏။

"ကျွန်တော် မမကို အပိုင်ကြံနေတယ်လို့ အားလုံးထင်နေကြတာပဲ ဟုတ်လား။ ဒီသီချင်းဆိုတာကို မမ ဘာဖြစ်လို့ တားတာလဲ၊ ဘယ်သူ ပြောပြော ကျွန်တော်က တကယ်ခံစားပြီးဆိုတာ၊ မမကိုလဲ ဖွင့်ပြောခဲ့ မိလို့"

"တိတ်စမ်း၊ မဆိုနဲ့ဆို မဆိုနဲ့၊ မင်းကိုလဲ ငါ ဒီမှာ မထားတော့ဘူး၊ ဖြစ်စေချင်တာတွေကော၊ ဖြစ်လာတာတွေ၊ မလာတာတွေ အားလုံး လိုက်တော့မယ်၊ အဲဒီတော့ မင်းခံစားနေတာတွေကိုလဲ ငါ ခွင့်မပြုနိုင် ရှင်းရဲ့လား"

ဆယ်နေ့မျက်နှာက မီးရောင်ကို တစောင်းကျနေပေမယ့် မျက်နှာ ခြင်လုံး တင်းခနဲဖြစ်သွားတာကို မြင်နေရ၏။

"ရှင်းပါတယ်၊ ဒါပေမယ့် ကျွန်တော် သဘောမတူဘူး မမ"

"ဘာပြောတယ်"

"ခံစားတာက ကိုယ့်ရင်ဘတ်နဲ့ကိုယ်ပါ၊ မမ ဒီလောက်ထိ ကျွန်တော့် မှာ ပြတ်သားဖို့ ပြင်ဆင်နေပြီဆိုရင် ကျွန်တော့်ရင်ဘတ်ထဲမှာ ဂရု တာတွေရှိတယ်ဆိုတာလဲ သိဖို့လိုတယ်၊ ပြောပြီးပြီနော်၊ ကျွန်တော် နိုင်လို့ အရှုံးပေးတာတော့မဟုတ်ဘူး။ ကျေနပ်လို့ လိုက်လျောတာ ူးကနေ တစ်ဖဝါးမှမခွာဘူး၊ အဲဒီသန္နိဋ္ဌာန်.."

"မင်းက ဘာမို့လို့ ဒီစကားပြောတာလဲ၊ သွား ခုပဲ မင်း သွားတော့ ငါ မမြင်ချင်ဘူး၊ သွားပါ.. သွားပါတော့"

ဆယ်နေ့ရင်ဘတ်ကို အတင်းဆောင့်တွန်းလိုက်မိသည်။ သူ ယိုင်သွား

www.burmeseclassic.com



တော့ ကင်း၏ကိုယ်လေးလည်းပါသွားခဲ့သည်။ ဆယ်နေသည် ယိမ်းယိုင်သွားခဲ့သော ကင်း၏တစ်ကိုယ်လုံး ပွေ့ဖက်ပစ်လိုက်ကာ...

"ကျွန်တော့်ကို လူရမ်းကားဆိုတဲ့ဘွဲ့ နောက်ထပ် ပေးလိုက်ပါ"

"အို... လွှတ်၊ မင်း..."

ကင်း ကိုယ့်ဒေါသနှင့်ကိုယ် ဘယ်လိုမှ ပြန်လည် ရုန်းထွက်လို့ တော့ဘဲ ဆယ်နေ့ရင်ခွင်ထဲမှာ ကမ္ဘာပျက်သွားခဲ့၏။

'လူရမ်းကား'လို့ ခေါ်တွင်စေခဲ့သော ဆယ်နေသည် အရွဲ့တိုက် အနမ်းများဖြင့် ကြာရှည်စွာ နှိပ်စက်ခဲ့၏။

လူသုတ်မှာ သွား။ ကင်း အရှုံးမပေးနိုင်ဘဲ လဲပြိုခဲ့ရရင်း...

"အား..."

အသံက တိုးတိုးလေးရယ်မဟုတ်၊ ဖျတ်ခနဲနိုးသွားချိန်မှာ ကိုယ့် ကို သတိတရကြားလိုက်ရသည်။

"မမ..."

"ဆယ်နေ့ကဲ မင်း..."

ကင်း ရင်တွေ တဒိန်းဒိန်းခုန်နေဆဲ၊ ဒါ အိပ်မက်လား။ မသိပါ။ မျက် တွေဖွင့်လိုက်တော့ အိပ်ရာဘေးမှာ ရေခွက်ကိုင်လျက်သားနှင့် သူ စိုးမိုးကြည့်နေသော ဆယ်နေက အံ့ဩမှာန်နှင့်...

"မမ နေကောင်းလားဟင်၊ အိပ်မက်တွေ မက်နေလို့လား"

"မင်း... မင်း ဒီနားမှာ ဘာလာလုပ်နေတာလဲ"

မေးရင်း ကင်း ငုတ်တုတ်ထထိုင်မိသည်။

"ခုပဲဝင်လာတာပါ။ ခြံထဲမှာ ဂစ်တာတီးနေတာလေ"

ပြောရင်း ဆယ်နေက စားပွဲပေါ်က လက်ဖက်ရည်တစ်ဝက် နီး ပန်းကန်ကို လှမ်းကြည့်၍...





"မမ လက်ဖက်ရည်သောက်ထားမှန်းသိလို့ ဆေးတိုက်ဖို့ ရေထည့် တာ"

ကင်း မယုံနိုင်။ ဒါပေမယ့် စွပ်စွဲဖို့ကာ ခက်နေသည်။ ချွေးနေဆဲ နှုတ်ခမ်း တို့ကို ရှက်ရွံ့ချောက်ချားစွာ ဖိပိတ်လိုက်မိရင်း ချွေးတွေပြန်လာ၏။ ဂစ်တာသံကို မကျေနပ်စိတ်နှင့် သူမ အိပ်ပျော်သွားခဲ့သည်။ အိပ်မက် မှာ ကင်းကို သူ...

"မမ လူးလွန့်နေတာကို နိုးတယ်ထင်ပြီး ကျွန်တော်က ဆေးယူလိုက် ထအော်လိုက်မှ အိပ်မက်မက်နေတာမှန်း သိတယ်။ ရော့ မမ ဆေး သောက်ရင်း ရေသောက်လိုက်နော်၊ ရင်တုန်ပြေသွားတာပေါ့"

ကင်းရင်ထဲမှာ ကလီကာလီဖြစ်နေသည်။ အိပ်မက် မက်နေတာမှန်း ပါ၏။ ဒါပေမယ့် မယုံနိုင်၊ သူ့ကို ဘယ်လိုပဲစိုက်ကြည့် အကဲခတ်သော် ည်း ဆယ်နေ့မျက်နှာမှာ မလုံလဲသော၊ အပြစ်ကျူးလွန်ခဲ့သော အမူ ရာ ဘာဆိုဘာမှမမြင်။

ကင်း ပြူးကြောင်ကြောင်လေးကြည့်နေတာကို မျက်မှောင်ကြုတ် လျက် စိုးရိမ်သွားပုံရှိကာ...

"မမ လန့်နေသလား။ ရော့ပါ ရေသောက်လိုက်ပါ"

"ထားခဲ့လိုက်တော့၊ မင်းသွား"

"သွားမှာပါ၊ သုံးနာရီထိုးတော့မယ်လေ၊ မမ အဖျားသိပ်မကျသေး၊ ဆေး သောက်ရသေးတာ၊ တခါခွက်တော့ သောက်လိုက်ပါ မမရယ် နော်"

ဟင်... ကင်း အဖျားမကျတာကို သူ ဘယ်လိုသိသလဲ။

ကင်းမျက်နှာ ရဲခနဲနီကာ ဝံ့ကျက် နှုတ်ခမ်းလေးတွေ စေ့သွား၏။ ဒါကို ဘယ်လိုမှ မမျိုသိပ်နိုင်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"တို့ အဖျားမကျသေးတာ မင်းက ဘယ်လိုလုပ်သိသလဲ"

စူးစိုက်ကြည့်၍ တရားခံစစ်စစ်လိုက်သည်။ ဆယ်နေက 'ဒါ မေး လား' ဆိုသောအကြည့်များနှင့် စူးစိုက်ကာ...

"နဖူးကိုစမ်းကြည့်တာပေါ့ မမရယ်၊ လူမမာနားကို လာကြည့် လက်ဖြစ်ဖြစ်၊ နဖူးဖြစ်ဖြစ် တစ်ချက်တော့ ထိကိုင်ကြည့်ရတာပေါ့။ မ ခွင့်မတောင်းမိတာက မမ အိပ်နေတယ်ထင်လို့ပါ။ ပြီးတော့ အိမ် ကျွန်တော်ပဲရှိတာ၊ မမကို ဘယ်သူကြည့်မယ့်လူရှိလို့လဲ"

"မလိုဘူး ဆယ်နေကဲ၊ မင်းတစ်ယောက်ပဲရှိပေမယ့် မင်းက တို့ လားတဲ့သူ၊ မျက်စိအောက်မှာ မမြင်ရလေ ကောင်းလေပဲ၊ ပြီး ဒီအခန်းထဲမှာ မင်း ရှိမနေသင့်ဘူး၊ သွားတော့"

ဆယ်နေ မျက်နှာပျက်သွားသည်။ မျက်ခုံးနှစ်ဖက်ကို ဖုံးကျနေသ အလယ်ခွဲဆံပင်တွေကို ခါထုတ်ပစ်လိုက်ပြီး လက်ထဲကဆေးနှင့် ရေ ကို သာသာအလေးပြန်ချ၏။

"ကျွန်တော် သွားပါမယ်၊ မမ ဆေးသောက်လိုက်ပါ။ ညတုန် ဆယ့်တစ်နာရီထိုးတော့ မာမီတာ့ဆီက ဖုန်းလာတယ်"

"ဟင် ပြောစမ်း ဘာတဲ့လဲ"

"ဒီည ဟိုမှာပဲ အိပ်ရတော့မယ်အကြောင်း ပြောတယ်၊ ဦးမော် တော်တော်ဖြစ်နေလို့တဲ့၊ ဒါပေမယ့် အားလုံး မာမီတာပဲ စီစဉ်ပေးလို့ မယ်၊ မမကို စိတ်မပူဖို့ ပြောပေးပါတဲ့"

ကင်းမျက်နှာလေး ချက်ချင်းညှိုးကျသွား၏။ မျက်မှောက် ဖြစ် နေသည့်သောကများကနေ ဦးမော်ဆီ ပြေးကူးသွားခဲ့ပြန်သည်။

ထောင်ထဲမှာ နှစ်ပေါင်းများစွာ ကြုံကြုံခံခဲ့ပြီး တိုက်ကြီးပေါ်မှာ ဗဲမှ ပေါ်ကျမှ အားလုံးကို အရှုံးပေးသွားတော့မည်လား။





တကယ်ဆို ဦးမော်နှင့်သူမတို့မိသားစု၏ ကြေကွဲဖွယ် အဖြစ်အပျက် တွေဟာ...

ကင်းမျက်နှာ ဆတ်ခနဲမော့လာသည်။

"ဆယ်နေကဲ"

"ပြောပါ မမ"

ထရပ်လိုက်ပြီးမှ ဆယ်နေက မသွားသေးဘဲ ပြန်ငုံ့ကြည့်သည်။

"မင်း... မင်းဘက်က မတတ်နိုင်တော့ဘူးလို့ ဝန်ခံမလား၊ မင်းဘဝအ ကြောင်းကို တို့ အခု ပြောပြမယ်"

မီးရောင်အောက်မှာ ပါးမို့လေးတွေ ရဲတွတ်နေသည့် ကင်းနှာလေးကို ကြည့်ရင်း မချင့်မရဲမဲ့ရယ်၍...

"မပြောပါနဲ့ မမ၊ မမဆီက ကြင်နာခြင်းကိုရဖို့ ခုချိန်ထိ ကျွန်တော် တတ်နိုင်သေးတာတစ်ခုကလွဲရင် ကျန်တာ ဘာမှမရှိဘူး၊ မမ နေကောင်း တဲ့နေ့ မမဆီကိုခေါ် လာမှာပါ"

ဒါပဲပြောပြီး ဆယ်နေ လှည့်ထွက်သွားသည်။ တံခါးဝ အတွင်းဘက် မှာ ထောင်ထားသည့် ဂစ်တာကိုကောက်ယူကာ တံခါးပိတ်ပေးခဲ့ဖို့ တစ်ဖက်နဲ့ လှမ်းကိုင်ရင်း နောက်ပြန်လှည့် ကြည့်သည်။

"အားလုံး အထင်သေးရှုံ့ရှာသွားကြတဲ့ ဆယ်နေကဲ ဖြစ်ချင်ဖြစ်မယ်၊ နိုးသွားကြလောက်အောင် ကျွန်တော် မကျရှုံးသေးဘူး၊ ရွယ်တူ ချော မောလှလှ၊ ပညာတတ်၊ ဥစ္စာပေါ့ဆိုတာတွေလဲ ကျွန်တော့်အတွက် ရှိနေ သားတယ်၊ ဒါပေမယ့် လောကကို ဖန်ဆင်းနိုင်တဲ့အရာဟာ စည်းစိမ်ဥစ္စာ မဟုတ်ဘူးဆိုတာတော့ အားလုံးကို သိစေချင်တယ်၊ ကျွန်တော်ကတော့ အတိုပဲ သိစေချင်တာပါ၊ အဲဒါကြောင့် ရယူခြင်းနဲ့စွန့်လွှတ်ခြင်းကို တစ်ပြိုင် ည်းလုပ်မယ်၊ ကျွန်တော်လိုချင်တာ သူတို့ဆီက အလှအပ၊ စည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာတွေမဟုတ်ဘူး၊ မှုန်းနေတဲ့ မိန်းမတစ်ယောက်ဆီက အရုံစိ”

ဆယ်နေ ကျောခိုင်းလိုက်သည်။ နှုတ်ခမ်းတို့မှာ ညှို့သည့် အပြုံး တစ်ရပ်က ခိုတွဲပါလာ၏။

စေ့ပိတ်ပေးလိုက်ပြီးသည့် တံခါးကို ပြန်ကြည့်၍ ဆံပင်တွေကို သပ်ရှ ရင်းရယ်သည်။

မေးလည်းမမေးရဲဘဲ တုန်လှုပ်ချောက်ချားစွာ ငေးကြည့်နေခဲ့သော သံသယမျက်ဝန်းလှလှလေးတွေကို မြင်ယောင်မိ၏။ ပြီးတော့ ရှက်ရွံ့စွာ ဖိပိတ်ထားလိုက်သည့် နီရဲသောနှုတ်ခမ်းလွှာလေး။

ဆယ်နေ့ရင်ထဲမှာ ရင်ခုန်သံတစ်ချက် ဒိန်းခနဲပစ်ဆောင့်၏။

တစ်ကိုယ်လုံးမှာ ပူရှိန်းနွေးသွေးသွားခဲ့၏။

ချစ်တယ် မရယ်…။

တစ်ခါတစ်ခါကျတော့ လူကောင်းသူကောင်းဖြစ်နေရတာ ငြီးငွေ့ လို့ပါ။ ခဏလေးပဲ ဆိုးကြည့်ခဲ့ရသည်။ ခဏဏ ဆိုးချင်နေအောင် ရင်ခုန် သံတွေက နှောက်ထပ် ဖြားယောင်းနေသည်။

တစ်ကိုယ်လုံး လှိုက်ခါကျန်ရစ်သည့် နှလုံးသားထဲမှာ အမှတ်တရ…

ချိုတယ် မမရယ်…၊

အိပ်ပျော်နေတဲ့ မမရဲ့နှုတ်ခမ်းလေးမှာ ကျွန်တော်…၊

ထိတ်လန့်ချောက်ချားနေတဲ့ နှုတ်ခမ်းလေးကို နောက်ထပ်တစ်ခါ ကျွန်တော်…၊

အကြိမ်ကြိမ် ရမ်းကားခွင့်ပြုဖို့…





## အခန်း (၂၇)

ဦးမော် ဆုံးသွားပြီ။

သတင်းစကားကို ကြားလိုက်ရခြင်းဟာ သွေးသားတော်စပ်ကြသူ တွေတောင်မှ မျက်ရည်မလွယ်တဲ့သူတွေဆိုရင် မငိုကြတာတွေရှိသည်။ ဦးမော်နှင့်ကင်းနှင့်လည်း ဘာမှမတော်စပ်ကြပါ။ ဒါပေမယ့် ဒီသတင်း ကြားသည်နှင့် ကင်းမျက်ဝန်းမှာ မျက်ရည်တွေ ဝေတက်လာသည်။

ဒေါ်နီတာ ခရီးလည်းပမ်း၊ စိတ်မကောင်းလည်းဖြစ်ကာ ဆွဲခြင်းကို နားလိုက်ပြီး ဆိုဖာထက်မှာ စိတ်လွတ်ကိုယ်လွတ် ထိုင်ချပစ်လိုက်၏။

“ဆေးဝါး သမားတော်တွေလဲ အစုံပဲ သမီးရယ်၊ ကံဖြတ်တော့လဲ ဘာမှမတတ်နိုင်ကြဘူးလေ၊ ကိုယ်လဲ ဂရုမစိုက်ခဲ့တာမှမဟုတ်ဘဲ၊ စိတ် ဆိုဖြေပါကွယ်၊ သမီးရဲ့ဦးလေးလဲ ပြန်ရောက်လာတော့မှာပါ။ ကျန်ခဲ့တဲ့ ကလေးတွေအတွက် သူ စီမံပေးပါလိမ့်မယ်”

ကင်း ဆိုဖာထက်မှာ တောင့်တောင့်လေးထိုင်လျက် မျက်ဝန်းတွေ ရှုရှရာကို ငေးနေ၏။

တရစပ်ရစ် ပြည့်တက်လာသည့်မျက်ရည်တွေက ပြုံဆင်းကျနိုင်သည် အထိ မဖြစ်ခဲ့ဘဲ ပုတ်ခတ်ပစ်လိုက်သောမျက်တောင်များတို့၏ ရိုက်ပုတ်မှု တို့ အရှုံးပေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းမျက်နှာလေးက ဒေါ်နီတာ့ဘက်ကို စောင်းငဲ့လာသည်။ ဒါပေမယ့် မျက်ဝန်းတို့က ဒီဘက်မရောက်လိုက်မီမှာ ပြန်ရုပ်သိမ်းသွားခဲ့ပြီ။

"ကျွန်မ တွေးနေတာက သပ်သပ်ပါ၊ လူသေတယ်ဆိုတာ ပိုစရာမှ မဟုတ်တာ ဒေါ်လေးနို့ သေတဲ့သူက ဒီဘဝက သောက၊ သုခ အားလုံးကို ဘာမှမသိတော့ဘူး၊ ကျန်ခဲ့တဲ့သူတွေမှာသာ မသေမချင်း ပြောင်းလဲ ရင်ဆိုင်သွားရမှာတွေကို မမြင်မစမ်းနဲ့"

"သမီး...သမီး နေကောင်းရဲ့လားဟင်၊ အရမ်းကိုချောင်ကျသွားတာပဲကွယ်၊ ဆရာဝန် လာ●လား၊ ဘာတွေ စိတ်ဆင်းရဲနေတာလဲ သမီးရယ်"

ဒေါ်နီတာ့ကိုယ်ကြီးတောင့်မတ်လာပြန်ကာ ကင်း လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်သည်။ ဒါဟာ အပိုအလက်ာတွေ ရွတ်ပြနေတာမဟုတ်မှန်း ကင်း သိသည်။

ဒီကိုရောက်လာပြီဆိုကတည်းက ဦးလေးနဲ့ပတ်သက်မှ တော်စပ်ရသည်ဆိုပေမယ့် ဒေါ်နီတာက ကင်းကိုချစ်သည်။ သူမကိုယ်တိုင်လည်း သားသမီးမရှိခဲ့တော့ ကိုယ့်ရင်သွေးလေးလိုပဲ ဂရုတစိုက် ရှိခဲ့တာဟာ မျက်နှာညှိုးမခံနိုင်အောင်ပင်၊ မိဘလိုလည်း အုပ်ထိန်းသည်၊ အထိန်းတော်ကြီး တစ်ယောက်လိုလည်း စောင့်ရှောက်ပြုစု၏။

"လောလောဆယ် သမီးရဲ့ ကျန်းမာရေးထက် ဘာမှအရေးမကြီးဘူး ဟိုကိုရောက်ကတည်းက လူနာက အခြေအနေမဟန်ဘူးဆိုတာ သိ● ရတာ၊ အိမ်ပြန်ဖို့မဖြစ်တော့ဘူး ဆိုဘာလဲ သိလိုက်တယ်။ သမီး စိတ်● မှာစိုးလို့ လူနာအခြေအနေကို အကုန်ဒီစဉ်မပြောဘဲ ဒေါ်လေး ချန်ထား လိုက်တာ၊ ဟိုမှာနေတုန်းလဲ သမီးကိုပဲ ဒေါ်လေးက စိတ်ပူတာ၊ အိမ်မှာ လူမမာကိုပြုစုတတ်တဲ့လူက မကျန်ခဲ့ဘူးလေ၊ ဆပယ်နေ့ကိုလဲ စိတ်မချ ဘူး။ သူ့ကြောင့် သမီး ဒေါသဖြစ်ရ၊ ရင်တုန်ရတွေ ဖြစ်ကုန်မှာစိုးတာ"





ကင်း မျက်နှာလေးတည်လိုက်ပြီး ဒေါ်နီတာ့ကို တည့်တည့်ကြည့်၏။

"ကျွန်မ သူ့ကိစ္စကို ရှင်းပစ်လိုက်တော့မယ် ဒေါ်လေးနီ"

"ဟင်..."

ရုတ်တရက်ကြီးမို့ ဒေါ်နီတာ ဟင်ခနဲဖြစ်သွား၏။

"ဘာလဲ သမီးရယ် ဟင်၊ ဘာတွေရှင်းမှာလဲ"

"သူ့ကို ပေးစရာရှိတာ ပေးလိုက်မယ်၊ နောက်ထပ် ဦးစိုးနေနဲ့ကျွန်မ ဦးစိုးခ၊ ဒေါ်နီတာနဲ့ကော ဘာမှပတ်သက်စရာမလိုတော့ဘူး၊ ကျွန်မမျက်နှာကို ဘယ်တော့မှမလာရဘူး၊ သတင်းစာထဲမှာထည့်မယ်၊ သူနဲ့ 'မနေတယ်' ဆိုတာ 'မိသားစု ဘာမှမပတ်သက်တော့ပါလို့" လိုက်လေး

"သမီးရယ် အဲဒီလိုတော့..." လို့မရဘူး"

ကင်း ဖျတ်ခနဲလှည့်ကြည့်တော့ ဒေါ်နီတာ ဆက်မပြော" မှတ် သွားသည်။ မသိ

'ပဒ္မာမြား' ဂေဟာဆိုတာက ဒီတိုက်၊ ဒီခြံ မဟုတ်ပါ။ ဦးစိုးနေ သေပြီးကတည်းက လုံးဝ ပိတ်ထားပစ်ခဲ့သည့် ဟိုတုန်းက ကင်းတို့မိသားစု နေထိုင်သောတိုက်ကြီးဖြစ်သည်။

ရန်ကုန်တစ်မြို့တည်းမှာရှိနေပြီး ကင်းက မြန်မာပြည်ကို ပြန်ရောက်လာတာတောင် ထိုခြံရှေ့ကို ဖြတ်မလျှောက်ဘဲနေခဲ့သည်။

ထိုခြံကြီးထဲမှာ ရင်နာကြေကွဲစရာတွေ ရှိခဲ့တာမဟုတ်ပါ။ ဒါပေမယ့် မေမေနှင့်ကင်း နောက်ဆုံးခွဲခွာခဲ့ရသည့် ဒီခြံကြီးကို ကင်း မမြင်ချင်၊ အတိတ်၏ခါးသည်းမှုအားလုံးဟာ ဒီခြံ ကြီးနှင့်မဆိုင်ပေမယ့် ဒီထဲမှာပဲ အဆုံးသတ်ခဲ့တာဖြစ်သည်။

အလွန်သာယာလှပခဲ့သော ပြီးပြည့်စုံနေသည့် ကင်းရဲ့ ဘဝ တစ်လျှောက်လုံးဟာ 'ပဒ္မာမြား' ခြံကြီးထဲမှာဖြစ်ကာ ထိုခြံထဲမှာ ကင်းမွှတ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သမျှ ကာလတွေအားလုံးက အနီရောင်ရင့်နေခဲ့၏။

ထို့ကြောင့် သူမ၏ဘဝအပိုင်းနှစ်ခုကို ဆောက်စပ်ချင်ခဲ့ ခြင်းပင်ဖြစ်၏။

"ကျွန်မ 'ပတ္တမြားဂေဟာ'ကို ပြန်နေမယ်၊ နိုင်ငံခြားမှာ ထူထောင်ထားခဲ့တဲ့ ဖက်စပ်လုပ်ငန်းတွေနဲ့ ဒီကအလုပ်တွေကို ချိတ်ပြီး စီးပွားရေးထဲမှာ ဘဝကိုနှစ်မယ်"

"မောင်နဲ့လက်ထပ်ဖို့ကကော"

ကင်း မျက်ခုံးလေးနှစ်ဖက် တွန့်ခနဲဖြစ်သွားပြီး မျက်လွှာချသည်။

ပဲကွာယက်ထပ်တာကသပ်သပ် ဘဝက သပ်သပ်ပါ၊ ကျွန်မဘဝကို

ဒေါ်ဟာယ်"

ကို လှမ်းဆုလာလို့ ရင်ထဲမှာ ပြောမိ၏။ အိမ်ထောင်ပြုခြင်းရဲ့သဘောကို မှန်း ကင်း ဥည်တာလား။ တစ်ယူသန်တာလား ဒေါ်နီဟာ မသက်မသာ

ဒီကို၏။

သာလက်ထပ်ခြင်းရဲ့နောက်မှာ ကိုယ့်ဘဝကို ကိုယ့်စိတ်ကြိုက် ဆုံးဖြတ်နိုင်မရှိတော့တာအပြင် ရင်သွေးဆိုတဲ့ သားသမီးရတနာတွေ ရှိလာဖြစ်တော့ ကိုယ့်ဘဝက သူတို့အတွက် လုံးလုံးဖြစ်ခဲ့ရတာတွေ…

"ဆယ်နေကဲကို အမွေလွှဲဖို့အတွက်ရှေ့နေကိစ္စ ဒေါ်လေးနီ စီစဉ်ပေးပါ"

"ဟုတ်ပါပြီ၊ ဒါတွေက အစ်ကိုနေ စီစဉ်ထားခဲ့တာတွေလဲ ရှိတာပဲ ဒေါ်လေးနီ တစ်ခုပြောပါရစေကွယ်၊ ခုချိန်မှာ အားလုံးက သူ့အတိုင်းနဲ့သပြီးနေပြီလို့ ဒေါ်လေးထင်တယ်၊ အဲဒီတော့…"

"သူ့အတိုင်းနဲ့သူဆိုတာ ဘာလဲ ဒေါ်လေး၊ ဖေဖေ စီစဉ်ခဲ့တာကို ကင်းက ပယ်ချတယ်လို့ ပြောချင်တာလား"

"မဟုတ်ပါဘူး သမီးရယ်၊ အစ်ကိုနေကလဲ သမီးကိုချစ်လို့ပဲ ဆယ်နေကို စောင့်ရှောက်ခဲ့တာပါ၊ သမီးရဲ့အပြစ်တွေ ပေ့ါလျော့ပါစေဆိုပြီး၊ နောက်





တစ်ခုက လူတစ်ယောက်ရဲ့ဘဝတစ်ခုကို စာနာစိတ်သက်သက်ပဲ မဟုတ်လား။ ဆယ်နေ့ကိုမှ ချစ်လို့ဆိုတာမျိုးမဟုတ်ဘူး၊ ဒါကို ဒေါ်လေးတို့သိပါတယ်၊ အခုပြောချင်တာက သမီးပုံစံချလိုက်သလို သူလဲ အလူးအလှိမ့်ဖြစ်သွားပြီ၊ သမီးလဲ လက်ထပ်တော့မယ်၊ သူ့ကို သူ့အတိုင်းပဲ ထားခဲ့လိုက်ဖို့ပါ၊ သတင်းစာထဲ ဘာထဲကနေ အကျယ်တဝင့်…"

"အကျယ်တဝင့်က ဖြစ်ကိုဖြစ်ရမှာ၊ မဖြစ်လို့မရဘူး၊ သူ့ကို ဒီလိုလူဖြစ်အောင်လုပ်ခဲ့တာ ကျွန်မလဲပါနေတဲ့အတွက် သူနဲ့ကျွန်မက လုံးဝ ဖတ်သက်မှုမရှိတော့တာ မကြေညာလို့မရဘူး၊ မောင်လဲ ဒီတိုင်းပဲဖြစ်စေချင်နေတယ်၊ သူ့ကို ဂရုမစိုက်ပေမယ့် ကျွန်မထင်ရာလုပ်နေခဲ့သမျှ ခွင့်လွှတ်လိုက်လေပြီး စိတ်ရှည်ပေးခဲ့တဲ့ အနစ်နာခံမှုတွေကို ဥပေက္ခာထားလို့မရဘူး"

"ဒါဆို ကျွန်တော် အနစ်နာခံခဲ့တာတွေကျတော့ရော" ဟုတ်

"ဟင်…" မသိ

"သား…"

ဆယ်နေက အဝါရောင်စပို့ရှပ်နှင့် မဝတ်စဖူးရှားရင့်ရောင် ချည်ချော့ကွက်စိပ်ပုဆိုးကို ဝတ်ထား၏။ မြင်နေကျလို ရှပ်ယှက်ခတ်နေတတ်သည့် နဖူးစည်းတွေ၊ လက်ပတ်တွေမပါဘဲ သန့်စင်ချောမွေ့နေသည်။

လှေကားဆင်းနှင့် ညှိခန်းက နံရံအကွယ်တစ်ခုခြားထားသဖြင့် ခပ်ဖြည်းဖြည်းလျှောက်ထွက်လာပြီး ကင်းရဲ့နောက်မှာ ရပ်လိုက်သည်။

"ကျွန်တော် ချောင်းနားထောင်တာမဟုတ်ပါဘူး။ စကားပြောနေကြတာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ ရပ်နေလိုက်ရင်း ကြားလို့ပါ"

ကင်းက နောက်လှည့်မကြည့်ဘဲ မဲ့ပစ်လိုက်သည်။

"ဘယ်လိုနည်းနဲ့ပဲကြားကြား ဂရုစိုက်ဖို့မလိုပါဘူး၊ မင်း မကြားအောင်



www.burmeseclassic.com

www.burmeseclassic.com



တိတ်တိတ်ကျိတ်ပြောနေကြတာမှမဟုတ်တာ။ ဒီမှာ ဆယ်နေကဲ မင်းနဲ့ တို့ရဲ့ပတ်သက်မှုမှာ ကြေးဆိုတဲ့ ပေးစရာ၊ ယူစရာ ဒီနှစ်မျိုးပဲ ရယူတာတွေ ပေးဆပ်တာတွေ ဘာမှမရှိဘူး။ အနစ်နာခံဆိုတဲ့စကား မင်းနဲ့ တန်လို့လား"

"အနစ်နာခံချင်တဲ့လူက ထိုက်တန်ချင်လို့မှမဟုတ်ဘဲ မမ၊ 'ငါပဲ အနစ်နာခံတော့မယ်လို့' ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီးနေလိုက်တာ ရှိမယ်၊ ကိုယ် နစ်နာနေမှန်းသိလိုက်ပေမယ့် ရှိပါစေတော့လို့ သဘောထားပြီး လူမသိသူမသိ ကျိုးသွားရတာ ဖြစ်ချင်ဖြစ်မယ်၊ ဘယ်သူ အသိအမှတ်ပြုပြု မပြုပြု ကျွန်တော်ကတော့ အနစ်နာခံတယ်လို့ သတ်မှတ်တယ်"

ဆယ်နေက ရဲရဲတင်းတင်းပြောပြီး ဒေါ်နီတာ့ရှေ့မှာ ပြောင်းရပ်သည်။ ၁င်းမျက်နှာလေးကို ရှေ့တည့်တည့်ကနေ စူးစိုက်ကြည့်၏။

မှန်"မမ ဒီကိုရောက်လာခဲ့ပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့ ပစ္စုပ္ပန်အားလုံး မရဲ့စိတ်နဲ့ကျွန်တော်ရဲ့ ကိုယ်ပါ။ ဆယ်နေကဲ ဆိုတဲ့ကောင် ဘယ်လို သန့် ဘယ်လိုနေထိုင်ခဲ့သလဲဆိုတာ မမ တစ်ချက်လောက် နားစွင့်ကြည့် ပ။ အားလုံး ရှင်းသွားမှာ"

ဆက်ပြောစမ်းဆိုသည့်မျက်ဝန်းက စူးစိုက်လာသည်။ ဘာမှမပြော ဘဲ ပြီးဆုံးအောင်နားထောင်နေမည့်ဆုံးဖြတ်ချက်တို့နှင့် ကင်းက နှုတ်ခမ်း ကို တင်းတင်းစေ့ထား၏။

ထိုမျက်နှာလေးကို ဆယ်နေက ပြန်ကြည့်ရင်း...

"မမက နားကြည်းချက်တွေ၊ ရည်ရွယ်ချက်တွေနဲ့ပေမယ့် ကျွန်တော် က ကိုယ့်ကိုယ်ကိုတောင် ဘာကောင်မှန်းမသိတဲ့ကောင်၊ ဒါပေမယ့် ကျွန်တော့်ဘဝကို အဆိပ်ကျွေးခဲ့တာကော၊ နောက်ထပ် မသေမချင်း သတ်ဖို့ရည်ရွယ်ထားတာတွေကော ဘာမှကောင်းဖို့မရှိတာ သိသိနဲ့ မမ





ကြီးခွဲတဲ့အတိုင်း ကျွန်တော် ကနေခဲ့တာ"

မဲ့လိုက်တာ မမြင်ရပေမယ့် အေးခနဲဖြစ်သွားသည့် ကင်းမျက်ဝန်းထဲက ရက်စက်ခြင်းက အရောက်လက်သွား၏။ သေမိန့်ချပြီးသည့် တရားခံ တစ်ယောက်ကို ဘာဖြစ်ချင်သလဲမေးပြီး အခွင့်အရေးပေးထားလိုက်တာမျိုး။

"ဒါတွေဟာ ကိုယ့်ကိုကျွေးမွေးခဲ့တဲ့ ကျေးဇူးရှင်ဆိုတဲ့ စိတ်နဲ့ သူတော် ကောင်းတရား လက်ကိုင်ထားပြီး ငြိမ်နေပေးခဲ့တာမဟုတ်ဘူး။ ကျွန်တော် အဲဒီလောက် မလိမ္မာဘူး"

"သား... သား တော်ပါတော့"

ဒေါ်နီတာ ထရပ်လိုက်ကာ ဆယ်နေ့လက်မောင်းကို ဆုပ်ကိုင်၍ မော့ကြည့်ရင်း တားဆီးလေသည်။

ဆယ်နေ့မျက်နှာဟာ နီမြန်းနေသည်။ ဘယ်လိုမှတားရမှာ မဟုတ် ဘူးဆိုတာ သိလိုက်ကာ ဒေါ်နီတာ ဘယ်ဘက်က ဝင်ထိန်းရမှန်းမသိ ဖြစ်သွား၏။

"မမ...မမကို ကျွန်တော် စမြင်လိုက်တဲ့အချိန်က စပြီး ချစ်ခဲ့တာ"

"သား... အို... မပြောရဘူး"

ဒေါ်နီတာ အသက်ရှူရပ်မတတ်ဖြစ်သွားရသည်။ ချက်ချင်းပဲ တွေး လိုက်မိသည်က ဆယ်နေ့ကို ချက်ချင်းကြီး ခွဲထုတ်ပစ်တော့ဖို့ ကင်း ဘာဖြစ်လို့ ဆုံးဖြတ်လိုက်တာလဲဆိုတာပင်။

လှည့်ကြည့်လိုက်တော့ တဆတ်ဆတ်တုန်နေသည့် နှုတ်ခမ်းသားတို့ကို ခိုက်လျက် စူးစူးရဲရဲဖြစ်လာသော ကင်း မျက်ဝန်းတို့က ကြောက်စရာ။

"သမီးရယ် ဒေါ်လေး တောင်းပန်ပါတယ်၊ ပြေပြေလည်လည် ပြော ကြပါ။ သား ဆယ်နေ မင်း စကားပြောတာ ဆင်ခြင်၊ မိုက်မရိုင်းနဲ့"

"မှန်တာပြောတာပါ။ မမက ကျွန်တော့်ကို အသေမုန်းနေတဲ့အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခွဲခွဲလမ်းလမ်းကြီးဖြစ်ခဲ့တာ၊ မမ ဘာပြောပြော၊ ဘာလုပ်လုပ် ကျွန်တော့်ဘဝကို ဖြစ်တဲ့အတိုင်း နေပေးခဲ့တာ၊ ဒါတွေအားလုံးဟာ မမ ကြိုက်သလိုစီရင်ပြီးရင် ဒီကိုင်းလေးထားလိုက်ရုံနဲ့ ကျွန်တော်ထ ကျေနပ်ဦးမှာပါ။ အခု မမက ကျွန်တော့်ကို တိုင်းသိပြည်သိ ဖြုတ်တော့မယ် ဦးမယ် ဟုတ်လား"

"အေး ဟုတ်တယ်"

ကင်းက ထိုင်နေရာမှ တဖြည်းဖြည်း ထရပ်သည်။ စကားသံတို့က လှိုက်ခါနေ၏။

"အစက စီစဉ်လုပ်ကိုင်စရာတွေပြီးမှ မင်းကို မောင်းထုတ်ဖို့ပဲ၊ ဒါပေမယ့် အခု မင်းရဲ့မိုက်ရိုင်းမှုကို ထပ်မြင်ရကြားရတာ ရှုံ့လို့သည်းမခံနိုင်ဘူး မင်း အခုထွက်သွားလိုက် ဆယ်နေကဲ၊ မင်းရဲ့ရပိုင်ခွင့်အားလုံး ဒီတစ်ပတ်အတွင်း ရရစေမယ်"

"ကျွန်တော် မသွားနိုင်ဘူး"

"ဘာပြောတယ်"

"ကျွန်တော့်ဘဝကို မမ ပြောပြပါ၊ မမနဲ့ကျွန်တော် ပြောထားကြတဲ့ စကား ရှိသလို ကျွန်တော့်ချစ်သူကို အခုပဲ သွားခေါ်ခဲ့မယ်၊ ပိုင်းလုံးဘဝ ရောက်ခဲ့ရတဲ့ ကျွန်တော့်အဖြစ်၊ ကျွန်တော့်အကြောင်း ဘာတစ်ခုမှ ဖုံးလွှမ်းဖို့ ကြိုးစားထားတာမရှိဘူးဆိုတာ မမ ကြိုက်သလိုမေး၊ သူ့မိဘ ပညာအဆင့်အတန်း မမ ကြိုက်သလိုစုံစမ်း၊ ကျွန်တော့်ဘဝအကြောင်း ကျွန်တော် သိချင်တယ်"

ပင့်သက်တစ်ရှိုက်မျှ နားသွားပြီး ဆယ်နေက ချာခနဲလှည့်၏။

"နေဦး"

ကင်းအသံကြားလိုက်တော့ ဆယ်နေက နောက်ပြန်မကြည့်တဲ့ ရပ်နေ





လိုက်၏။

"သူများသားသမီးကို မင်း အသုံးချစရာမလိုဘူး၊ ဒီလိုပဲ လူလိမ်၊ လူကောက်ကိုမှ ရူးရူးမိုက်မိုက်ချစ်ပြီး ကိုးကွယ်လိုကြတဲ့ မိန်းမငယ်လေးတွေရှိနေကြတာ ဘာမှမဆန်းဘူး၊ လူလိမ်ကမှ ဖြားယောင်းနိုင်တာလေ၊ မင်းက လူကောင်းမှမဟုတ်တာ"

ကျောပေးရပ်နေသည့် ဆယ်နေ့ကိုယ်က မတ်ခနဲဖြစ်သွားသည်။ အံကြိတ်ထားပေမယ့် လက်သီးမဆုပ်မိအောင် ထိန်းလို့မရ။

"မင်းရပ်ရည်နဲ့ ဒီလိုဖြစ်အောင်လုပ်နိုင်တာ အထင်ကြီးစရာလဲမရှိဘူး၊ အဲဒီတော့ မင်းဘက်က ပြီးပြီလို့ထားလိုက်၊ ဒီဘက်ကို ပြန်လှည့်ခဲ့ပါ၊ မင်းသိချင်တဲ့ ရှုစရာတွေကို လာ နားထောင်"

တဆစ်ဆစ်နာကျင်ခြင်းဆိုတာကို လက်တွေ့ခံစားဖူးမှသိသည်။ ဆယ်နေရာကလို့ လက်ထောက်မပြနိုင်ပေမယ့် ခံရခက်လှသည်။ တစ်ကိုယ်လုံးမှာရှိသမျှ သွေးကြောတွေ ဖြိုးဖြိုးဖျစ်ဖျစ်မြည်၍ ကုန်းကြွမှုန်းထလာသလို မာနကြောင့် သွေးတို့လည်း ပွက်ပွက်ဆူလာခဲ့၏။

ကျောဘက်ကနေ ရိုက်ပုတ်စော်ကားသွားခဲ့သော ကင်း၏စကားအားလုံးတွေကို သူ မချေပနိုင်၊ ပိုင်းလုံးဆိုတဲ့ကောင် ဖြစ်သွားဖို့၊ လူလိမ်ဆိုတဲ့ဂုဏ်ပုဒ်တစ်ခုတပ်ဖို့...။

သူမပဲ တွန်းပို့ကြဲဆောင်ခဲ့တာမဟုတ်ဘူးလား...၊

ရန်ကင်းဆိုသော မိန်းမတစ်ယောက် သူ့ဘဝထဲ ဝင်ရောက်လာကတည်းက သူက လူယုတ်မာတစ်ယောက်ရဲ့သား၊ ပြီးတော့ ပိုင်းလုံး...၊

ခုကျတော့ လူလိမ် တဲ့။

"မင်းအဖေက ထင်ကျော်ဖော လေ၊ လူယုတ်မာက သူပဲ"

ထင်ကျော်ဖော၊ တစ်စွန်းတစ်စတောင်မှ သိခွင့်မရခဲ့သော သူ့ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖေ့နာမည်ကို သိခွင့်ရခဲ့တာတောင် လူယုတ်မာ ဆိုသည့် ဘွဲ့ထူးနှင့်

နောက်ထပ်ကြားနေရသည့်အကြောင်းတွေဟာ သူ သိချင်သော သူ့ဘဝနောက်ကြောင်းများပဲဖြစ်သော်လည်း ကြားလို့မကောင်း၊ ပြန်လည်တမ်းတချင်ဖွယ်မရှိ။

ဒါပေမယ့် မပြောပါနဲ့တော့လို့လည်း မတားနိုင်ခဲ့ပေ။

အတိတ်တစ်ချိန်မှာ ထင်ကျော်ဇောရယ်၊ ရန့်ကင်းရယ်၊ ပြီးတော့ ဦးဆိုးနေရယ်၊ ဦးမော်လွင်ရယ်၊ အားလုံး နောင်ဖွဲ့ပတ်သက်ခဲ့သမျှ သူ မပါခဲ့ပေ။

“မင်းနာမည်က ကောင်းဆက်ကောင်း”

သူ နောက်ပြန်မလှည့်ဘဲနေတော့ ကင်းက ရှေ့ကို တိုးလျှောက်လာသည်။ သူ့ပခုံးဘေးမှာပဲရပ်ကာ မျက်နှာကို ငုံ့ကြည့်၏။ သူ ပြန်မကြည့်ပေမယ့် ကင်း ဘယ်လိုမျက်လုံးတွေနှင့်ကြည့်လိုက်တာကို သိနေ၏။

“ကောင်းဆက်ကောင်းဆိုတဲ့ မင်းကို နောက် ဆက်မကောင်းနိုင်အောင် ‘ဆယ်နေကဲ’လို့ တို့ ပေးခဲ့တာ”

သိပြီးသားကို ထပ်ပြောပြီး ကင်းက ဟွန့်ခနဲမဲ့၏။

“အဲဒီအချိန်မှာ မင်းကို တို့ မသိဘူး၊ မြင်လဲမမြင်ဖူးခဲ့ဘူး၊ ထင်ကျော်ဇောမှာ လေးနှစ်သားအရွယ် သားတစ်ယောက် ရှိနေမှန်း တို့ သိလိုက်ရတဲ့အချိန်ကျတော့...”

ဆယ်နေ နားထဲမှာ ဗုံးအလုံးပေါင်းများစွာ စုပြုံပေါက်ကွဲ သွားလေသည်။

ဦးထင်ကျော်ဇောနှင့် ရန့်ကင်းသည်...





## အခန်း (၂၈)

“ဘာပဲဖြစ်ဖြစ် ကိုယ် ရထိုက်တာကို မင်း ယူသင့်တာပေါ့ကွ”

ချမ်းသာက အပြစ်တင်သည်။ စီးကရက်ကို မီးညှိလျက်သားအကိုင်းသက်ကြားမှာ ညှပ်ထားကာ သောက်လည်းမသောက်ဖြစ်။ ခါတိုင်းဆို ညရစ်နာရီကျော်တာနှင့် ပိတ်ထားပြီဖြစ်သည့်ကာရာအိုကေခန်းမလေးက ညဉ့်နက်သန်းခေါင်ထိ မီးလင်းနေတာလည်း ကြာပါပြီ။

‘ချမ်းသာ’ဟု စာတန်းရဲရဲသေးသေးလေးနှင့် စားသောက်ခန်းလေးနောက်နားစာထားကာ တစ်ဖက်မှာ မှန်တစ်ဝက် ကာထားသော တိုက်ခန်းညီလေးက ချမ်းသာ ပိုင်လေသည်။

ကျောင်းပြီးလို့ ရန်ကုန်မှာပဲ စီးပွားရေးဇောကချလုပ်တော့မည် ဆိုတော့ ချမ်းသာ၏မိခင်က ဘာလုပ်ချင်တာလဲ မေးသည်၊ ချမ်းသာက ဆိုနေတီးနေချင်တာမို့ ကာရာအိုကေခန်းမ ဖွင့်ရင်ဖွင့်မည်ဆိုတော့ စားသောက်ဆိုင်နှင့်တွဲပြီး သပ်သပ်ရပ်ရပ်လေးလုပ်ပေး၏။

လူစည်ကားသောနေရာမှာ သုံးထပ်လွှာ၏မြေညီထပ် နေရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးမို့ သိပ်မကျယ်ပေမယ့် အဆင်ပြေသည်။ စားသောက်ဆိုင်က သိပ်စုံစုံ လင်လင် ခမ်းခမ်းနားနား မဟုတ်ပါ။ စားပွဲသုံးဝိုင်းပဲရှိသည်၊ အပူအအေး အစုံထားသည်။ နောက်ဆုံး လက်ဖက်သုပ်၊ ဂျင်းသုပ် စသော အဆာပြေ စားသောက်ဖွယ်လေးတွေ ထားပေး၏။ ကြော်လှော်ချက်ပြုတ်စာတွေ မရှိပါ။ ဒါပေမယ့် ချမ်းသာမှာ လူ အမြဲစည်ကား၏။

"တော်ပြီပေါ့ကွာ၊ ငါ နိုင်သလောက်ပေါ့ မဟုတ်ဘူးလား၊ သူများတွေ ကျောင်းပြီးတာနဲ့ အလုပ်လက်မဲ့ဖြစ်သလို ငါ မဖြစ်ဘူး ဟဲ ဟဲ"

ချမ်းသာက ကြွားသေးသည်။ တကယ်က သူ့အမေက အမြော် အမြင်ရှိတဲ့သူပါ။ ချမ်းသာအတွင် ကျောင်းမပြီးခင်ကတည်းက အဆင်သင့် ဖြစ်စေခဲ့သည်။

လုပ်ငန်းကြီးကြီးကျယ်ကျယ် ထူထောင်ဖို့မကြိုးစားဘဲ ပထမ ခြေလှမ်းမှာပဲ သူ ဝါသနာပါတာလေးကို မျိုးစေ့ချ၍ စီးပွားရေးမျက်စိ ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

အစကဆို ချမ်းသာက ကာရာအိုကေခန်းထဲမှာပဲ နေတဲ့သူ ဖြစ်သည်။ ခုကျတော့ စားသောက်ခန်းမှာလည်း သူ ဝင်သည်၊ သူငယ်ချင်းတွေလာ လျှင် သူလည်း ရောထိုင်၏။

ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ပဲ သူ့ဆိုင်မှာ အားပေးမယ့်သူ မပြတ်၊ ခုတော့ သူ့ကိုကူဖို့ ဆယ်နေ ရောက်လာခဲ့ပါသည်။

"ငါ မင်းနဲ့ကူမယ်ကွာ၊ ငါ့ကို တစ်ခုခုအလုပ်ပေး၊ လောလောဆယ်ပါ"

"မင်းကလဲ..."

သူငယ်ချင်းရင်းမို့ ဆယ်နေက လေလွင့်လာပေမယ့် သူ့မှာ 'အလုပ် ပေး'ဆိုတဲ့စကားကို မကြားရက်နိုင်ပါ။ သူ မခိုင်းလည်း ဆယ်နေက တကယ်ဝင်ကူသည်။





သူ့မှာ အဖော်လည်းရ၊ လူလည်းသက်သာ၊ ကောင်းတော့ ကောင်း ပေမယ့် ဆယ်နေ့အဖြစ်ကိုသိသောကြောင့် စိတ်မချမ်းသာပေ။

"မင်း ထွက်လာတာ မှားတယ် ဆယ်နေ"

ရောက်လာစက သူ ဤသို့ပြောမိသည်။

"လူတွေအမြင်မှာ မင်းက အပိုင်ကြံမယ်၊ မင်းရဲ့မမက လက်မခံဘဲ ကန်ထုတ်ပစ်လိုက်ပြီး အခု လက်ထပ်တော့မယ် ဒါပဲ။ အမွေတွေ မင်း မယူဘဲထွက်လာတာ ဘယ်သူ သိမှာလဲကွ၊ အမွေတွေကို မမက်ဘူး၊ ကျွန်တော် မမကိုပဲ ချစ်တာပါလို့ ဘယ်သူ့ကို သွားပြောလို့ရလဲ"

"ဘယ်သူ့ကိုမှ သွားပြောဖို့မလိုဘူး၊ မမသိဖို့ပဲလိုတာ၊ ငါ့ကိုမုန်းပြီး ဖျက်စီးစေချင်တာက မမပဲ၊ ပြီးတော့... ပြီးတော့ ငါ့ရဲ့အဖေ..."

ချမ်းသာ မသိသေးသောအကြောင်းတွေကို သူ ပြောပြချင်သည်။ ဒါပေမယ့် ပြောလို့မထွက်ခဲ့ပေ။ ထို့ကြောင့်...

"ငါ့ရဲ့အဖေမှာ တကယ်အပြစ်ရှိခဲ့တာ ငါ သိပြီးတဲ့နောက်မှာ မမ ကျေးသမျှ မွေးသမျှ မျိုချရှင်သန်နေခဲ့ရတာတွေကိုတောင် ရှက်မိတယ်"

သူ ဒီလောက်ပဲ ရင်ဖွင့်မိသည်။ ချမ်းသာကလည်း 'မင်းအဖေက ဘာတွေလုပ်ခဲ့လဲ'မမေးပါ။

သူလည်း ဘယ်တော့မှ ပြောမိမှာမဟုတ်ပေ။

သူ ဒီကိုရောက်နေခဲ့တာ နှစ်လနီးပါးရှိသွားပါပြီ။ ကိုယ့်ကိုယ်ကို လည်း ချမ်းသာရဲ့အလုပ်သမားတစ်ယောက်လို့ သတ်မှတ်ပြီး နေနိုင် အောင် ကြိုးစားခဲ့သည်။

ဆယ်နေကဲဆိုတဲ့ဘဝကို မေ့လိုက်ချင်သည်။ မေ့ဖို့လည်း ဆုံးဖြတ် ထား၏။ ဒါပေမယ့်...

"မမကို ငါ ဘယ်လိုမှ မေ့လို့မရဘူး"

အတွေးတို့အဆုံးမှာ စိတ်က ပန္နပွန်ကို ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာက သူ့လက်ကြားထဲက စီးကရက်ကို ဆွဲယူပြီး သောက်၍...

"မင်းကို အမွေကိစ္စ ပြောနေတာ မမက ပါလာပြန်ပြီ"

ဆယ်နေက တင်းခနဲလှည့်ကြည့်၏။ ပြီးတော့ ဘာမှမပြောဘဲ ပြန်လှည့်သွားပြီး ခေါင်းခါသည်။ သူ ဒီရောက်ပြီး ငါးရက်ပဲကြာသည်၊ အမွေလွှဲပေးရန် ပြန်ခေါ်ခဲ့၏။

ဆယ်နေကဲ

ဆယ်ရက်အတွင်း ပြန်လာပါ

သတ်မှတ်ရက်ကျော်ခဲ့လျှင် ခံစားခွင့်အားလုံးကို

ပြန်လည်ရုပ်သိမ်းမည်။

ဦးဝင်းဖေB.A(Law),LL.B

တရားရုံးချုပ်ရှေ့နေ

သတင်းစာထဲမှာ သုံးရက်ဆက်ထည့်ပြီး ကြော်ငြာသည်။ ချမ်းသာကတော့ အားမလိုအားမရ တိုက်တွန်းနေခဲ့တာ ခုချိန်ထိပါ။

"မင်းကွာ ဘာပဲဖြစ်ဖြစ် စီစဉ်ခဲ့တဲ့လူကြီးတွေက မင်း ရသင့်တယ်ထင်လို့ မျှမျှတတ ပေးခဲ့တာပေါ့၊ ဒီလိုစီစဉ်ခဲ့တာရှိလို့ ဒီလိုပေးတာ မင်းယူသင့်တယ်၊ ဘာဖြစ်လဲ သူကတော့ မင်း မယူလေ ကြိုက်လေပေါ့။ အချိန်တန်ရင် သူ့အိမ်ထောင်နဲ့သူ့ အသိုက်အမြုံနဲ့ ရသမျှပိုက်ပြီး ငြိမ့်နေပြီ သိလား၊ မင်းမှာသာ အရှုံးမျိုးသောဖြစ်နိုင်ခြေတွေနဲ့ အလုပ်အကိုင်မရှိ ကလေကချေဖြစ်ရမှာ"

မပြောရက်ပေမယ့် ရင်နာလွန်းလို့ ပြောခဲ့သည်။ ဘယ်လိုပြောပြော ဆယ်နေက မစိုက်ပေ။ သူ့ပါးစပ်ကထွက်လာတိုင်း 'မမကိုချစ်တယ်' ဆိုတာ တစ်ခုတည်း။

ခုလည်း စကားစလိုက်တာနှင့် ချစ်တာတွေပဲ သူ့ခေါင်းထဲ ရောက်လာသလားမသိ။ ဆယ်နေလိုလူတစ်ယောက်၏ရင်ထဲကို ဒီလောက်ထိ





ခိုင်စိုးချုပ်ကိုင်သွားနိုင်သည့် ရန်ကင်း ဆိုသော မိန်းမကိုလည်း ချမ်းသာ အံ့သြသည်။ ဒီလောက်ထိ အသည်းမာသလား၊ ပြီးတော့ ဆယ်နေဟာ မိန်းကလေးတိုင်း ခေါင်းမခါနိုင်လောက်တဲ့ရုပ်မျိုးရှိသည်။

စိတ်ဓာတ်၊ ပုံစံ၊ နေထိုင်ပုံ အားလုံးက ဆွဲဆောင်နိုင် သည်။ ချောကြ လှကြတာချင်းတူလျှင် သူမက ဆယ်နှစ်ကျော်လောက် အသက်ပိုကြီးတဲ့သူ၊ ဘယ်သူက သာမလဲ။

'မင်း ဖွင့်ပြောလိုက်သေးလား' လို့မေးတော့လည်း ဆယ်နေက ခေါင်းညိတ်သည်။ ဆိုးရွားတာက ချစ်တယ်ပြောလို့ ရိုက်ခံရသည့်အဖြစ်။

ချမ်းသာ စိတ်ဆင်းရဲခြင်းများကို တန်းစီတွေးမိရင်း ကိုယ့်သူငယ်ချင်းအတွက်ပဲ ရင်ထုမနာဖြစ်မိသည်။

"ဆယ်နေရာ ရင်ဘတ်ထုရင် နာမနာတော့မသိဘူး၊ ငါတော့ မင်းအစား မထုဘဲနဲ့ နာနေတာ၊ ဘယ်လိုပြောရမှန်းကို မသိတော့ဘူး"

ကိုယ့်ရင်ဘတ်ကို ပုတ်ပြရင်း ပြောမိသည်။ ဘာပဲဖြစ်ဖြစ် ကာယကံရှင်က သူ၊ သူကမှ မလှုပ်မယှက်နေနိုင်တာကို ဘယ်သူ ဘာတတ်နိုင်မှာလဲ။

ကံကြမ္မာကို မမြင်ရပေမယ့် ဆယ်နေ အရည်ပျော်ကျတော့မယ့် အဖြစ်ကိုတော့ ချမ်းသာ မြင်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

...အရှည်တွေပျော့်ကုန်ပြီ၊ ဦးနှောက်အပိုင်းအစတွေ၊ နှလုံးသား ဒဏ်ရာတွေ...

...အသည်းကဒဏ်ရာတွေ၊ ရည်ရွယ်တာတွေလဲ...

...အချစ်ရဲ့စိတ်ကူးလေးများ သဲထဲအရှည်ပျော့် ပျောက်ရှသွားကြ တယ်...

...အရှည်တွေပျော့်ကုန်ပြီ၊ ကိုယ့်ရဲ့စိတ်ဓာတ်တွေ...

...မေရယ် ဖေးမကူညီကွယ်...

အဖော်မပါ တစ်ယောက်တည်းပါ။

ဆယ်နှောင်ထဲမှာ နေဆယ်စင်းထက် ပိုကဲနေပြီထင်သည်။ ညဘက် ဆိုင်ပိတ်တိုင်း ပြောမိကြသည်က သူ့အကြောင်း၊ ဒါပေမယ့် အမွေတွေ အကြောင်းပဲ ချမ်းသာ စကားစလာတတ်တာကို သူ မကြားချင်တော့ပေ။

ပြောချင်နေသည်က ဒါတွေမဟုတ်ပါ။ မမကို သူ ချစ်သည်။ အားလုံး ကို မေ့လို့ရနိုင်ပြီး မမကို မေ့လို့မရ၊ ရည်းစားတွေ ထားဖူးခဲ့ပေမယ့် မချစ် တတ်ခဲ့ပါဘူး မမရယ်။





ရင်ထဲမှာပဲ ကြွေနေသည်။ ပျော့်ကျကုန်ပါပြီ။ မမ လက်ထပ်ဖို့ ဖိတ်စာ တွေဝေနေပြီဆိုသည့်သတင်းကို ကြားလိုက်ရပြီးမှ သူ ဒီအုတ်ခုံပေါ်မှာ ဂစ်တာထွက်ထွက်တီးနေမိတာ နှစ်ရက်ရှိပြီ။

စိတ်တွေညစ်နေတာကို ဖျော့်ပစ်ချင်လို့ အရက်တွေလည်း သောက်မိ၏။ ဒါပေမယ့် စိတ်ကမပျော့်ဘဲ အသည်းက ပျော့်ကျဖို့ သေချာနေ၏။

...အရှည်တွေပျော့်ကုန်ပြီ၊ ဦးနှောက်အပိုင်းအစတွေ၊ နှလုံးသား ဒဏ်ရာတွေ...

...အသည်းကဒဏ်ရာတွေ၊ ရည်ရွယ်တာတွေလဲ...

...အချစ်ရဲ့စိတ်ကူးလေးများ သဲထဲအရှည်ပျော့် ပျောက် ရှသွားကြတယ်...

...အရှည်တွေပျော့်ကုန်ပြီ၊ ကိုယ့်ရဲ့စိတ်ဓာတ်တွေ...

...မေရယ် ဖေးမကူညီကွယ်...

ချမ်းသာကတော့ပြောသည်။ မင်း မကြာဘူးတဲ့။

ဘာလဲလို့မေးတော့ 'သေမှာ' လို့ပြန်ဖြေသည်။ အချစ်နာရယ်၊ အလွမ်း နာရယ်၊ ပြီးတော့ လွမ်းဖျားလွမ်းနာရယ်၊ နာလေးမျိုးနဲ့ အသေစောမှာပဲတဲ့။

ဂစ်တာတီးခြင်းကို ရပ်ပစ်လိုက်ကာ အပြာရောင်ရုပ်ကြွင်းစုလေးကို ပျောက်မပျက် ထမ်းပိုးရင်း မှောင်မိုက်နေသည့် ကောင်းကင်ကြီးကို မော့ကြည့်မိသည်။ ညကောင်းကင်ကြီးရဲ့အလှက ကြယ်ကလေးတွေ ဆိုရင် ကျွန်တော့်ရဲ့ညဟာ ဘာလဲ မမ။

ယောကျ်ားတန်မယ့် မျက်ရည်ဝေ့ချင်၏။ ဆယ်နေကဲ ဆိုသည့် သူ့ဘဝနောက်ကြောင်းဟာ ဒီမျှထိ အကျည်းတန်ခဲ့ သလား။ မိန်းကလေး သော်တော်များများ သူ့ခြေရင်းမှ ကြွေဆင်းနေကြစဉ်မှာ သူကပန်းဆုံရင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ မိန်းမတစ်ယောက်၏အမုန်းဒဏ်သင့်ကာ အချစ်ကို ဆုံးရှုံးရခြင်းဖြင့် မရှုနိုင်မကယ်နိုင် ကျရှုံးရလိမ့်မည်ဟု အိပ်မက်ထဲမှာတောင် မမက်ခဲ့ဖူးပေ။

"မင်းကို ငါ သိပ်မုန်းတယ်၊ မင်းကိုမြင်ရတိုင်း ငါ့ဘဝမှာ အတိတ် ဆိုတာ မရှိဘူး။ အားလုံး ပစ္စုပ္ပန်ပဲ ဆယ်နေကဲ၊ ဖြစ်ခဲ့သမျှဟာ မနေ့ကနဲ့ ဒီနေ့ပဲ၊ ကျန်ခဲ့ပြီဆိုတာ မရှိဘူး၊ ကြာခဲ့ပြီဆိုတာလဲ မရှိဘူး။ ထင်ကျော်ဇော ဆိုတဲ့လူယုတ်မာတစ်ယောက်ကို မမေ့နိုင်သမျှ သူ့ရဲ့သွေး မင်းကို ငါ ဘယ်တော့မှ ခွင့်လွှတ်မေ့ထားလိုက်လို့ ရမှာမဟုတ်ဘူး၊ အဲဒီတော့ မင်း—"

တော်ပါပြီ တော်ပါတော့၊ ကောင်းကင်ကို မော့ကြည့်ရင်း မျက်ရည်တွေ ဝေ့တက်လာတော့ အံကြိတ်မိသည်။ အတိတ်မရှိတဲ့မိန်းမကိုမှ သူက ချစ်မိခဲ့သည်။ သူမဘဝအတွက် အတိတ်မဲ့ခဲ့လောက်အောင် သွေးဆူတတ်တဲ့ ဖို့ ဖန်တီးရက်စက်ခဲ့သူက ကိုယ့်အဖေ၊ ဒါပေမယ့် အဖေလည်း သေခဲ့ရတာပဲ မဟုတ်လား။

မချစ်တက်တဲ့လူတွေ ချစ်တတ်လာရင် ရှုံးကြတာပဲ မမရယ်၊ မမ ကိုယ်တိုင် ရှုံးသွပ်ခဲ့ဖူးတာပဲ မဟုတ်လား။ ရန့်ကင်းဆိုသော မိန်းကလေး ဟာ ထိုစဉ်ကာလမှာ ကိုးတန်းကျောင်း သူလေးပဲ ရှိသေးသည်တဲ့။

"အမိုက်မ၊ ခွေးလိုမိုက်တဲ့သမီး လာစမ်း"

"အား"

လက်ဝါးအားက ပြင်းသည်။ ရိုက်ချက်တစ်ချက်နောက်မှာ ကင်း လွင့်ပါသွားသလားထင်ရ၏။ စက္ကန့်ပေါင်းများစွာ သတိလစ်သွားကာ အာရုံတွေ ပြန်လည်စုစည်းမိတော့ သူမသည် ဆိုဖာတွေကြားထဲမှာ ခွေညပ်ကျနေပြီး ဖေဖေ့ကို ဦးမော်က ရှိခိုးမတတ် တောင်းပန်နေသံတွေ

"စိတ်ကိုထိန်းပါ ဆရာရယ်၊ ကလေးက မိုက်တဲ့အရွယ်လေးပါ တကယ်ယုတ်မာတာက ဟိုကောင်"





"ဟော့ မိန်းကလေးက အနေအထိုင်တတ်ရင် ဒီလိုဖြစ်ဖို့မရှိဘူး၊ ကိုယ်ပိုင်ကားကို ထည့်လဲစီးနိုင်ပြီး အစောင့်အရှောက် အခြွေအရံနဲ့နေနေတာ၊ ဘယ်သူမှ အမွှစော်ကားလို့မရဘူး။ သင်း မိုက်လုံးကြီးတာ၊ အလိုလိုက်တာကို အခွင့်အရေးယူတာ၊ ရန့်ကင်း ထစမ်း"

"ဆရာ"

"အစ်ကိုကြီး တော်ပါတော့"

ကင်းနားကို တလွှားလွှားဝင်သွားတော့ ဦးမော် အသေအလဲ ဝင်ဆွဲသည်။ ဦးစိုးခတို့လင်မယားလည်း ပြေးထွက်လာကြ၏။

ထိုအခါ ကင်းဆီကို မရောက်တော့သည့် ဒေါသများက ဦးစိုးခတို့ထံသို့ ပြန်လည်သွားကာ...

"သွား မင်းတို့ သွားကြ၊ ဒီက ကောင်မလေးကို ငါ ယုံယုံ ကြည်ကြည်နဲ့ မင်းတို့နဲ့ထားခဲ့တာ၊ မဟုတ်ကဟုတ်ကတွေကို အလိုလိုက်၊ တားသင့်တာကိုမတား၊ ငါ့ကို ပြန်ပြောတာ၊ တိုင်ပင်တာ ဘာရှိလဲ"

"ကျွန်တော်တို့က..."

"ဟော့ တော်"

ဦးစိုးနေ အသားဆတ်ဆတ်တုန်၏။ တော်ရုံနှင့် မဆူတတ်၊ မပြောတတ်သည့်လူက ပေါက်ကွဲပြီဆိုတော့ နားမခံသာ။ ဦးစိုးနေသည် ကင်းကို ဆိုးသမီးလေးမို့ အထူးအလိုလိုက်ခဲ့သည်။ ဦးစိုးခတို့လင်မယားကို ခဲ့တုန်းကတောင် ဦးစိုးခနာမည်က ဦးစိုးခ မဟုတ်ပါ။

ဦးမျိုးဝေ ဖြစ်သည်။ ဒါကို ဦးစိုးခဟု လူသိခံပြီး ညီအစ်ကို ဝမ်းကွဲတာကို ညီအစ်ကိုအရင်းလိုလိုဖြစ်အောင်လုပ်၏။

'ကလေးကလဲ ပိုခင်တာပေါ့၊ ငါ အပြင်မှာ ကျူးကုန်းရှာဖွေနေတဲ့အခါ ညီလေးနဲ့လွှဲထားခဲ့တယ်ဆိုတောလဲ လူ ရှိသေးတယ်' ထိုကဲ့သို့ အောက်သိမ်းကအစ စီစဉ်ခဲ့တာ အားလုံးဟာ ဒီသမီးအတွက်ချည်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ပြန်ကြည့်ကြည့် အိမ်မှာ အုပ်ချုပ်တာကော၊ သမီးလေး အပေါ်မှာ စောင့်ရှောက်တာကော ဦးစိုးခတို့ လင်မယားက ဘာမှ ပြော စရာမရှိ။ထို့ကြောင့် သူ ကျေနပ်ခဲ့သည်။ သမီးအတွက် မိခင်လိုပဲ အုပ်ထိန်း ပြုစုမယ့်သူ ရပြီဆိုပြီး အားရခဲ့သည်။ ဒေါ်နီတာကိုလည်း ကိုယ့်ညီမလို အခွင့်အရေး အပြည့်အဝ ပေးထားခဲ့၏။

တကယ်တမ်းဖြစ်လာတော့ ချစ်တိုင်းမကောင်းပါလား၊ အလိုလိုက် ခြင်းဆိုတာမှာ ဘယ်လိုဆိုကျိုးတွေ ဖြစ်လာတတ်သလဲဆိုတာ သိရသည့် အချိန်တွင် သမီးလေးက မနူးမနပ်၊ ငယ်ငယ်ရွယ်ရွယ်နှင့် ရည်းစားထား တတ်နေပြီ။ အိမ်မှာ ကားတွေအများကြီးနှင့် ဒရိုင်ဘာ အဆင်သင့်၊ ဒီ ဘက်က သူငယ်ချင်းဆီ၊ ဟိုဘက်ခြံက သူငယ်ချင်းအိမ် စသော တွေ့ကြောင်းပြချက်များဖြင့် ခဏခဏထွက်တာ ကားမပါ။

မီစီဒီ၊ ဒိုင်ဟိုဒ် ဘယ်လိုခွေပဲဖြစ်ဖြစ် ကြိုက်တာဝယ်ကြည့်လို့ရသည် ဂိမ်းဆော့မယ်ဆို အိမ်မှာ မှောက်မှောက်လှန်လှန် ကြိုက်သလိုဆော့လို့ရ သည်။ ဒါကို အခွေငှားဖို့ကိစ္စတွေနှင့် ခဏခဏ အပြင်ထွက်သည်။

ဂိမ်းဆော့နေလို့ဆိုပြီး သွားလာရင်းကြာတာကိုလည်း အမှတ်တ နေမိသည်တဲ့။ မိန်းကလေးတစ်ယောက်ကို အုပ်ချုပ်တဲ့သူက သွားချင်ရာ သွားခွင့်ပြုထားပြီး အိမ်ထဲကနေ ထိုင်စောင့်၊ လည်ပင်းရှည်နေတာ လောက်နဲ့ ပြီးရောတဲ့လား။

ဒါတွေကို သူမဘာသာ ဖွင့်ဟဝန်ခံပြီး ဒေါ်နီတာက ပြောသေးသည် "သမီးလေးကို ကျွန်မက ကလေးလေးလို့ပဲ မြင်နေမိတာ၊ ကျွန် အပြစ်ပါ ကိုနေ"တဲ့။

အပြစ်တွေ ဝန်ခံတော့ ဘာလုပ်ရမှာလဲ။ ဦးစိုးနေ သဘောထားကြ သည်၊ အလုပ်သမားတွေအပေါ် ညှာတာသည်ဆိုတာ သူ့နေရာနှင့်သူ ခွင့်လွှတ်သင့်တဲ့ကိစ္စဆိုလျှင် ဘယ်လောက်ထိ ဆုံးရှုံးနစ်နာဖို့ဖြစ်သွားပါ





သူ ခွင့်လွှတ်သည်။ ခွင့်မလွှတ်ထိုက်ဘူးဟု ယူဆလျှင်တော့ 'ဒီအပြစ်လေး များ'ဟု ဘယ်သူဘာပြောပြော သူ ခွင့်မလွှတ်ခဲ့ပေ။

ထို့ကြောင့် ဦးစိုးနေဟာ လူတွေ 'ဟာခနဲ' 'ဟင်ခနဲ' ဖြစ်ကုန်လောက် အောင် ညှာတာသလို ရက်စက်နိုင်တာတွေလည်းရှိသည်။ မိတ်ဆွေ အသိုင်းအဝိုင်း၊ အလုပ်သမား အားလုံး ချစ်ခင်လေးစားခံရဆုံးလူလည်း ဖြစ်လေသည်။ ဒီကိစ္စမှာ ခွင့်မလွှတ်သင့်ဟု ယူဆလိုက်သည်နှင့် ဦးစိုးခ တို့လင်မယား ကို အနားကပ်ခွင့် မပေးတော့ပေ။

"အေး မင်းတို့က ငါ့သမီးကို တမင်တကာ ဖျက်ဆီးကြတာ မဟုတ် ဘူး အဲဒါ ငါသိတယ်၊ ဒါပေမယ့် ပျက်စီးရတာမှာ မင်းတို့အပြစ်လဲပါတဲ့ အတွက် ဒီကိစ္စမှာ ဘာမှဝင်မရှုပ်ကြနဲ့၊ ငါ့သမီးကို ငါ ဘာပြောနေနေ ဘယ်လိုအပြစ်ပေးပေး တစ်လုံးတစ်ပါဒမှ ဝင်မပါနဲ့၊ နောက်ဆုံး အိမ်မှာ ဆက်နေချင်ရင် ငါ့ရှေ့ လုံးဝ ဖြတ်မလျှောက်ကြနဲ့ ဒါပဲ"

အပြတ်ကြေညာသည်။ ဖြစ်လာပြီဆိုတော့ ဦးစိုးခနှင့် ဒေါ်နီတာတို့မှာ ရိုင်ဘာ ဦးမော်လောက်ပင် ပြောရေးဆိုခွင့် မရှိတော့ဘဲဖြစ်ခဲ့ကြရ၏။

ဦးစိုးခ ခေါင်းတခါခါဖြစ်နေခဲ့ကာ ဒေါ်နီတာမှာ ကိုယ့်အပြစ်ကိုလည်း သိသည်၊ ကင်းကိုလည်း သနားရင်းဖြင့် ကွယ်ရာမှာ ငိုလို့မဆုံး။

"အိမ်ထဲမှာ ဘယ်သူတွေရှိသလဲ မိနီ"

"မ...မရှိကြဘူး ကိုနေ၊ နှစ်ယောက်လုံး ခိုင်းထားလို့ အပြင်ရောက် နေတယ်"

ရုတ်တရက် ဒေါသတွေပေါက်ကွဲပြီးမှ ဦးစိုးနေက လှည့်မေးကာ...

"အေး နောက်နေ့ကစပြီး အိမ်မှာ အိမ်ဖော် တစ်ယောက်မှမထားနဲ့ အားလုံး ဖြုတ်ပစ်၊ ဒီပြဿနာနဲ့ပတ်သက်ပြီး အိမ်မှာ ဒီလိုပဲ ခဏခဏ ဖြစ်နေရမှာ၊ အတွင်းစကား အပြင်ကို အရောက်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးနေက ဒေါသဖြစ်နေသည့်ကြားက ဒါကိုလည်း သတိမလစ်ပေ။ အိမ်ဖော်တွေကို အလုပ်ဖြုတ်ပစ်ခဲ့၏။ ဒေါ်နီတာနှင့် ကင်း စကား မပြောရ။ အိမ်ဖော်တွေအစား ကင်းအလုပ်လုပ်ရမည်။ သတ်မှတ်ချက်တွေအများကြီးထဲမှာ ဒရိုင်ဘာမပါဘဲ မထွက်ရဟု အမိန့်ထုတ်ကာ ကင်း သွားလာသမျှ ပတ်ဝန်းကျင်မှာ အရိပ်တွေ ရှိစေခဲ့သည်။

"တောက် ဘယ်ကကောင်မှန်းမသိ၊ ဘာကောင်မှန်းမသိ၊ ထွီ"

ဦးစိုးနေ တက်တခေါက်ခေါက်နှင့် နေ့စဉ် ညတိုင်း အလုပ်ပျက်၊ အအိပ်ပျက် ဖြစ်လာခဲ့၏။ ဒေါ်နီတာ ကင်း အလုပ်လုပ်နေခဲ့တာကို မကြည့်ရက်ပါ။ လူလစ်တာ နှင့် ဝင်ကူသည်။ ကင်း ဆံပင်လေးတွေကို တယုတယ သပ်တင်ပေးရင်း မျက်ရည်ကျသည်။

"အဲဒီကောင်လေးက ဘယ်ကလဲ သမီးရယ်၊ ဖြတ်လိုက်ပါကွယ်နော်"

"ဟင့်အင်း"

ကင်းကကျတော့ သူမ သနားရသလောက် အသည်းမနုခဲ့ပေ။ ကုတ်ကုတ်လေးနေပြီး ကျိတ်ကြံ၏။ မျက်ရည်ကျနေတတ်တာမရှိဘဲ အံကြိတ်မျိုသိပ်ခဲ့သည်။ နောက်ဆုံး ကင်း ဘယ်လိုကောင်လေးနဲ့ ချစ်ကြိုက်နေမှန်းတောင် ဒေါ်နီတာ မသိခဲ့ရသည့်အဖြစ်။

ကင်းကလည်း ရင်မဖွင့်၊ ဘယ်သူကမှလည်း မပြော။ ဦးစိုးနေ ဒီလောက်ထိ ဒေါသထွက်နေပုံဟာ ထိုကောင်လေး တော်တော်အဖြစ်ဆိုးနေလို့ပဲဆိုတာတော့ ခန့်မှန်းမိ၏။

ဦးစိုးနေဟာ ဂုဏ်ပကာသနကို ဒီလောက်ကြီးထိ ရူးသွပ်တပ်မက်တဲ့သူမဟုတ်။ နောက်ကျမှ ဦးစိုးခက သူ သိလာသမျှကို ပြောပြသည်။

"ဟိုဘက်လမ်းထိပ်က ခွေးအငှားဆိုင်ကကောင်တဲ့"

"ဟင် ဘလူးစကိုင်း ဆိုတဲ့ အငှားဆိုင်လား"

"ဟုတ်တယ်"





"အဲဒီဆိုင် ကျွန်မ ရောက်ဖူးပါတယ်၊ လူငယ်လူရွယ် မရှိဘူးမဟုတ်လား"

"အေးကွာ ကိုနေ ဒေါသဖြစ်နေတာ အဲဒါပဲ၊ ဆိုင်ရှင်တောင် မဟုတ်ဘူးတဲ့၊ အဲဒီမှာ လာလာထိုင်တာ၊ ကျော်ဇော ဆိုလား၊ ထင်ကျော်ဇော ဆိုလား။ ဘယ်ကဆိုတာကို ဆိုင်ရှင်တွေလဲမသိဘူးတဲ့၊ ခွေးလှူအပ်၊ လာငှားနဲ့ ခင်ပြီး ဒီလိုပဲ နေနေတာတဲ့၊ အသက်က နှစ်ဆယ်ကျော် အစိတ်လောက်ရှိမယ်၊ လူသန့်သန့်ပဲ"

"ဖြစ်ရလေ"

"ဒီမှာ ပြဿနာတွေတက်လို့ ဆိုင်ရှင်က မေးတာတောင် သူ့ကိုယ်သူ ဘယ်ကဆိုတာ ရေရေရာရာမပြောဘူးတဲ့"

"ခွေးငှားတော့ လိပ်စာဘာညာ ပေးထားတာမရှိဘူးလား"

"မရှိလို့ဖြစ်မှာပေါ့၊ ကိုနေက အဲဒါကိုရှုတာ၊ ဆင်းရဲတာ ချမ်းသာတာ ပြဿနာမရှိဘူး။ ဘယ်လိုနေတယ်၊ ဘာလုပ်တယ် ဆိုတာ မြင်ရသိရရင် တော်သေးတယ်၊ အခုက မရှိသေးတာ ပေါ်တင်ကြီးကွ၊ ပြီးတော့ တို့ကလေးက ကိုးတန်းဖြေထားရုံလေးရှိသေးတာ၊ အသက်ချင်းကလဲ ဘယ်လောက်ကွာမလဲ စဉ်းစားကြည့်"

"ဒုက္ခပါပဲ"

သတင်းမေးမိရင်းလည်း ဒေါ်နီတာ မျက်ရည်ကျမိ၏။ အမှတ်တမဲ့ထားမိခဲ့တာ ကိုယ့်အဖြစ်ပေမယ့် သမီးလေးလိုချစ်ခဲ့တဲ့ ကလေး။ကင်းထဲမှာ ဘယ်လိုအတားအဆီးပဲဖြစ်ဖြစ် မဖြစ်ဖြစ်အောင် ခုန်ကျော် ဖြတ်သန်းဖို့ မျိုသိပ်ကြံစည်နေတယ်ဆိုတာ ဒေါ်နီတာ ရိပ်မိနေသည်။

ဘာမေးမေး မပြောတာကိုက ရင်လေးဖွယ်ရာပါ။

ကင်းကတော့ ဖိနှိပ်တားဆီးကြလေ ရွတ်တိုးဖို့ ကြိုးစားလေ။ ဖခင်ကလည်း မိခင်လိုတော့ အနီးကပ်မနေနိုင်၊ ချော့တစ်လှည့်၊ ခြောက်လှည့် စည်းရုံးဖို့လည်း စိတ်မရှည်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သားအဖ၏ ဆက်ဆံရေးက အလွန်ချစ်ကြင်နာခြင်းကနေ တင်းမာ စိမ်းပြတ်ကုန်တဲ့အထိ 'ပတ္တမြားစံအိမ်'ကြီးက ခြောက်သွေ့တိတ်ဆိတ် လာခဲ့သည်။ ဖြစ်လိုက်လျှင် စီခနဲကြားရသည့်က ဦးစိုးနေ၏ ဒေါသများ ပဲဖြစ်ကာ တိတ်ကျသွားပြန်တော့ တစ်စပြင်ပမာ။

ကင်းသည် အစာမစားဘဲ ဆန္ဒပြနေတာမျိုး၊ အခန်းအောင်းပြီး စိတ်ကောက်ပြတာမျိုး ဘာဆိုဘာမှမလုပ်ခဲ့ပေ။ ရေငုံ နှုတ်ပိတ်နေကာ ဦးစိုးနေ ထားသလိုနေ၏။ ခိုင်းတာအကုန်လုပ်သည်။ မျက်ဝန်းမှာ မျက်ရည်ဆိုလို့ တစ်စက်မှမမြင်ရဘဲ တည်တင်းနေပုံက ငိုယိုအော်ပစ်နေ တာထက် ကြောက်စရာကောင်းမှန်း အားလုံး အတဲခတ်မိကြ၏။

ဦးစိုးနေကို အကြံဉာဏ်ပေးခွင့်ရှိနေသော ဦးမော်ကိုယ်တိုင် ဖြော ကြည့်ဖူးသည်။

"ကလေးကို နည်းနည်းပြန်ချော့ကြည့်လိုက်ပါ ဆရာရယ်၊ ဒီလိုတို မျိုးဟာ အကြမ်းဖက်လိုက်ရင် မဖြစ်သင့်တာတွေ ဖြစ်တတ်ပါတယ်၊ ပြတ် တောက်သွားလောက်အောင် တင်းနေတဲ့ကြိုးကို နည်းနည်းပြန်လျှော လိုက်ရင် ပြတ်တောက်မှု မရှိတော့ဘူးပေါ့၊ အချစ်ဆိုပ်တက်လာရင် ဘာ လို ခိုင်ခံတဲ့ အတားအဆီးအပိတ်အဆို့ဖြစ်ဖြစ် အလကားပါပဲ၊ မိဘ သားသမီး ပေမယ့်လဲ ဒီလိုပြဿနာမျိုးမှာ ဩဇာ၊ အာဏာနဲ့ ထိန်းချုပ် ခက်ပါတယ်"

ဦးစိုးနေ ဘယ်လိုပြောလို့မှမရပါ။

"လျှော့မပေးနိုင်ဘူး၊ ကျုပ်က သူ့မိဘ၊ ဟိုကောင်က ဖဲသမား၊ ကော ရာကောင်းကျိုးဖြစ်စေမယ့်သူကို သူ နားလည်ရမယ်၊ ဘာဆိပ်ပဲတက်နေ အဆိပ်လား၊ ဖြေဆေးလားဆိုတာ သူ သိကိုသိရမယ်၊ ဘာမဟုတ် ကောင်နဲ့ပြိုင်ပြီး သူ့ကို မိဘက ပက်ချွဲနပ်ချွဲချော့နေဖို့ လိုကိုမလိုဘူး"

ဘာပဲဖြစ်ဖြစ် ကင်းနှင့်အနီးဆုံးနေရသည့် ဦးမော်ကတော့ ကင်း





ချော့မော့ဖျောင်းဖျနေခဲ့သည်ပင်။ ဒါပေမယ့် ကင်းက နားမထောင်။

"ဦးလေးမော် ရှေ့နားမှာ ကင်းကို ခဏရပ်ပေးပါ"

"ဘာလုပ်မလို့လဲ ကလေးရယ်၊ ဟိုတစ်ခါလဲ ခဏလေး ဆိုပြီး သမီး အကြာကြီး စကားပြောနေတာ၊ ဒီကိစ္စ ဆရာသိရင် ဦးလေး ဘဝပျက်မှာ"

"ဦးလေးမော် ရပ်မပေးရင် ကင်း တံခါးဖွင့်ပြီး ခုန်ချပစ်လိုက်မှာ"

"ဟာ မလုပ်ရဘူး သမီး"

ဟန်ပြခြိမ်းခြောက်တာမဟုတ်မှန်း ဦးမော် သိသည်။ ထို့ကြောင့် နောက်ချင်းရပ်ပစ်လိုက်ရ၏။ ကင်းက ကျောလယ်လောက်ထိရှည်နေသည့် ဆံပင်တွေကို စိတ်ရှုပ်သလို နောက်ကိုလည်းပို့ပစ်၍ နားရွက်မှာညှပ်တာ ညှပ်သည်။ ကားပေါ်ကနေ ပြေးဆင်းသွားတာ လှစ်ခနဲပင်။ ဦးမော် ကားပေါ်က လိုက်ဆင်း၍ ကင်းနောက်ကို အပြေးတစ်ပိုင်း လိုက်ခဲ့ရ သည်။

ခဏစကားပြောမယ်ဆိုပြီး ခိုးရာတွေဘာတွေလိုက်ပြေးသွားမှာ စိုး ရိမ်ပါ။ အခြေအနေက မနေ့ကနဲ့ဒီနေ့ မတူ၊ တစ်နေ့ထက်တစ်နေ့ ဆရာ တင်းကျပ်ထိန်းချုပ်လာတာတွေက ပြင်းထန်လာသည်။ ကင်းတစ်ယောက် ဆင်ကန်းတောတိုးဆုံးဖြတ်မသွားဘူးလို့ မပြောနိုင်။ ထို့ကြောင့် ကားသော့ တယမ်းယမ်းနှင့် ဦးမော် ပြေးလိုက်နေရသည်။

လမ်းမကြီးပေါ်ကနေ ဖဲ့ဆင်းသွားကာ ကန့်စွန်းခင်း တစ်ဖက်နှင့် လူနေရပ်ကွက်တစ်ဖက်ရှိသော လမ်းကြောင်းထိပ်ဝ တစ်ခုမှာ ကွမ်းယာ ဆိုင်ရှိ၏။ ကင်းသည် ကွမ်းယာဆိုင်ကို လှမ်းမြင်ရကာမှ ပြေးနှုန်းကို လျှော့ချလိုက်သည်။ မရှေးမနှောင်းမှာပဲ ဆိုင်နောက်ကနေ လူရွယ် တစ် ယောက် ထွက်လာတာမြင်လိုက်ရ၏။ ဦးမော်လည်း မမြင်သာသည့်နေရာ မှာ ကိုယ်ကိုကွယ်၍ သေချာကြည့်လိုက်သည်။

လူရွယ်က ကင်းဆီကိုပဲ လျှောက်ထွက်လာပြီး လက်တစ်ဖက်ကိုဆွဲ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသားဖြူဖြူ အရပ်မြင့်မြင့်နှင့်အဝေးပုံစံကတော့ တော်တော် ကြည့်ကောင်းပါသည်။ ဆံပင်က လှိုင်းတွန့်ရေးရေးနှင့်၊ ပုံစံကြည့်ရသည် မှာ အသက်နှစ်ဆယ်ကျော် အစိတ်တောင် ကရဲ့လားဟုလည်း တွေး လိုက်မိသည်။ ဘာတွေဖြစ်နေနေ ကင်းကတော့ နောက်လှည့်မကြည့် တော့ဖို့ ဆုံးဖြတ်ခဲ့ပြီးသား။

"ကိုကို"

"ကင်းလေး"

ကိုကို့လက်ထဲကို ထည့်ပေးလိုက်မိသည့် ကင်းရဲ့ လက်ဖဝါးလေး ဟာ ထာဝရပေးအပ်လိုက်ခြင်းပါပဲ။

"သမီး..သမီးလေး"

ဦးမော် အပြေးအလွှားပါလာတာကို ပြန်လှည့်ကြည့်ပြီး ကိုကို့ထံမှ စုတ်သပ်သံတစ်ချက် ကြားလိုက်ရ၏။

"ဟိုလူကြီးပါလာပြီ ဘယ်လိုလုပ်ကြမလဲ ကင်းလေး"

"ရတယ်၊ ဦးလေးမော်က ကင်းကို အလိုလိုက်ပါတယ်၊ ကိုကို ဝင်မပါ နဲ့နော်"

ပြေးရင် လွတ်ပေမယ့် ကင်းက ဆက်မပြေးတော့ဘဲ ဦးမော် လိုက် လာတာကို ရင်ဆိုင်လိုက်၏။

"သမီးရယ် ဒီလို မိုက်မိုက်မဲမဲမလုပ်ပါနဲ့၊ ဦးလေးပြောတာကို နားလည်ပါ။ သမီးဖေဖေလဲ ဒီရက်ပိုင်းမှာ နေထိုင်မကောင်းဘူးဆိုတာ သမီး သိသားပဲ"

"ဟင့်အင်း၊ ကင်း ထွက်လာကတည်းက ဖေဖေခိုင်းတဲ့လမ်းကို သွားဖို့ မဟုတ်ဘူး၊ အပြီးထွက်လာခဲ့တာ၊ ဘယ်တော့မှ ပြန်မလိုက်ဘူး၊ ဦးလေး မော် ပြန်ပါ"

"မလုပ်ပါနဲ့ကွယ်၊ သမီးကို ဦးလေး အလိုလိုက်ပေးခဲ့တာတွေက သမီး





လိုလုပ်ခွင့်ရဖို့မဟုတ်ဘူး၊ လုပ်သွားမှာစိုးလို့ပါ၊ မမိုက်ပါနဲ့ကွယ်၊ ဆရာက သမီးလေးကို ယုံကြည့်ခဲ့တာ လူယုံသတ်လို့သေရတဲ့ နောင်တနဲ့ ဆရာ့ကို ဆယ်ပြီး စိတ်ဆင်းရဲ့စေရမယ်ဆိုရင် ဦးလေး ဘယ်လိုကောင်းတော့မှာလဲ"

"ဒုတ်"

"အင့်"

"ဟင် ကိုကို... ကိုကို ဘယ်လိုလုပ်လိုက်တာလဲ"

ဦးမော်ကို အလစ်ငိုက်မှာ ထင်ကျော်ဇောက တုတ်နှင့် ရိုက်ပစ်လိုက် ခြင်းဖြစ်သည်။လူသွားလူလာ ပြတ်နေသည့်နေရာမို့ ပြဿနာမရှိ သော်လည်း ကင်း မျက်လုံးလေးပြူးသွား၏။ ထင်ကျော်ဇောက တုတ်ကို ပစ်ချပြီး ကင်းပခုံးလေးကိုဖက်သည်။

"သတိမေ့သွားရုံပဲ ကင်းလေးရယ် မသေနိုင်ပါဘူး၊ သူ့ကို ဒီတိုင်းထား ခဲ့လို့ ဘယ်လိုလုပ်ဖြစ်မှာလဲ၊ သူကလဲ ကင်းကိုတားမှာပဲ၊ လွတ်အောင် ပြေးသွားတော့ကော ဒီအဖြစ်ကို သူ ဘယ်လိုပြန်ပြောမလဲ၊ ကိုကိုက သူ့ အတွက်ရိုက်လိုက်တာပါ၊ မပူနဲ့နော် လာ"

ဒါလည်းဟုက်သည်ပဲဟု ကင်း တွေးလိုက်မိ၏။ ကိုကို ခေါ်သည့် နောက်ကို လိုက်သွားခဲ့တာ ရင်ထဲမှာ ပူပင်သောက ဘာဆိုတာမှ ရှိမနေခဲ့ တာ အမှန်ပင်။

ထို့ပြင် ဒေါသတကြီးကြိမ်းမောင်း၍ သူမကိုလည်း ရိုက်နှက်ချုပ်ချယ် သော ဖေဖေ့မျက်နှာကို မြင်ယောင်ကာ 'ဖေဖေတော့ ကျန်ခဲ့ပြီ' ဆိုသည့် လွန်းထွက်နိုင်ခဲ့ခြင်းအတွက် ပီတိတွေတောင်ဖြစ်လိုက်သေး၏။

"ဟင် ကျော်ဇော"

မျက်လုံးမျက်ဆန်တွေပြူးလျက် ပြေလုပြေခင် ဘီးဆံပတ်က ပန်း ဆံ ရှုံ့ကျနေသည့် အမျိုးသမီးကြီးက တအံ့တသြ။

"ဟယ် ကိုကိုကျော်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူညှပ်ညှပ်၊ အရပ်မြင့်မြင့်နှင့် ပခုံးလောက်ဆံပင်တို့ အဖြောင့်ခွဲထားသော ကိုကိုနှင့် မတိမ်းမယိမ်းလောက်ပဲ ရှိနိုင်သော..

သူမကလည်း အပေါ်စီးကနေ ငုံ့မိုးကြည့်ကာ ကင်းတစ်ကိုယ်လုံးကို ထွင်းဖောက်မတတ်ပင်။ တံခါးနှစ်ချပ်မှာသာ ဖျဉ်ကာလျက် ခနိုမိုးထရံကာ အိမ်ကလေးက သပ်သပ်ရပ်ရပ်ပေမယ့် ဦးလေးမော်အတွက် ခြံဝမှာ ကင်းတို့ထားပေးသည့် သွပ်မိုးပျဉ်ထောင်အိမ်လောက်ပင် တောင့်တောင့်မတ်မတ် မရှိပေ။ သုံးထစ်သောလှေကား၏အထက်မှရပ်ကာ မိန်းမနှစ်ဦး၏ အံ့သြပြူးပြဲမှုတွေ မပြီးဆုံးမချင်း ကိုကိုနှင့်ကင်းက အောက်မှာ ရပ်နေကြရသည်။

"မင်း... မင်း.. သူ့ကို..."

"ကျွန်တော့်ကောင်မလေးလေ၊ ခိုးလာတာ"

"ဟင်..."

ကျွန်တော့်ကောင်မလေးဆိုတော့ ကင်း ကိုကိုကို ပြန်ကြည့်လိုက်မိသည်။ ချစ်သူလို့ မပြောလိုက်တာကို စိတ်ထဲမှာ အောင့်သက်သက် ဖြစ်သွားခဲ့၏။

"အမယ်လေး မိန်းမခိုးတာက ညမှုညတာမဟုတ်ဘဲနဲ့ နေ့လယ်ခင်းကြီး ကျော်ဇောရယ်"

အမျိုးသမီးကြီးက ဆံပင်တွေကို ဘီးနှင့်ပြန်သိမ်းပတ်ရင် အိမ်ထဲလှည့်ဝင်၏။

"ဒါ သူဌေးသမီးဆိုတာလား"

"ကိုကို့အဒေါ်လေ၊ ဟိုတစ်ယောက်က ညီမဝမ်းကွဲ"

'သူဌေးသမီးဆိုတာလား' ဟု မဲ့ရွဲ့သွားသည်မျက်နှာကို ကင်း မျောက်လို့မရပေ။ ကင်းက ငယ်ငယ်လေးကတည်းက ရွှေ ငွေရတနာ ဘာမှမနှစ်သက်ခဲ့တာဖြစ်သည်။





ကင်းလည်ပင်းမှာ ဖေဖေမွေးနေ့လက်ဆောင်ပေးထားသည့် ပတ္တမြားခလောက်လေးနှင့် ပလက်တီနမ်ကြိုးပါးပါးလေးတစ်ကုံးပဲ ရှိသည်။ နားမှာကော၊ လက်တွေမှာကော ဝတ်ထားတာက ဖန်စီတွေချည်းပဲဖြစ်၏။

ထို နှမဝမ်းကွဲဆိုသော သူမသည် ပလက်တီနမ်မှန်း၊ ဖန်စီမှန်းလည်း ခွဲခြားနိုင်ပုံမရဘဲ ကင်းလည်ပင်းက ပတ္တမြား၏တန်ဖိုး သိန်းထောင်ချီတန်တာကို သိဖို့ဆိုတာလည်း အဝေးကြီးပါပဲ။

ဖေဖေတို့ လိုက်ရှာမှာစိုးလို့ဆိုပြီး ကင်းကို အိမ်ပေါ်က အခန်းကျဉ်းကလေးထဲမှာပဲနေစေကာ ကိုကိုက အိမ်ရှေ့ထွက်လိုက်၊ ဝင်လာလိုက်။

ကင်းသည် ဒူးကျစကတ်ကျပ်ကျပ်လေးနှင့် အွန်စေအင်္ကျီဟုခေါ်သော လက်ရှည်လည်ဟိုက်ကျပ်ကျပ်မှာ လည်စည်းပဝါလေးကို သိုင်းပတ်ထား၏။ ပဝါက ရှည်ပေမယ့် ပါးပါးသေးသေးလေးမို့ အတော်ဟိုက်ချထားသည် ရင်ဘတ်ဖွေးဖွေးလေးကို လုံလောက်စွာ မကာကွယ်နိုင်။

ဟိုက်တာတွေ၊ ကျပ်တာတွေ ကင်း ဝတ်နေကျပါပဲ၊ ဒါပေမယ့် ဒီနေ့မှာတော့ ဒုက္ခတွေ့နေရ၏။ ထိုင်တော့လည်း ကျုံ့ကျုံ့လေး ဒါမှမဟုတ် ဒူးနှစ်ဖက်ကို ကြက်ခြေခတ်ယှက်ကာ ကိုယ့်ဒူးကိုယ်ပြန်ဖက်၍ ကုပ်ကုပ်လေးနေရသည်။ ကိုကို ဝင်လာတော့ ရူးရူးရဲရဲ စိုက်ကြည့်လွန်းသဖြင့် ဟိုက်ချထားသည့်အင်္ကျီရင်ဘတ်ကို ဖိကာကွယ်နေရတာ ဗိုက်များတောင် အောင့်လာခဲ့သည်။

"ကင်းလေးရယ် မင်း ကိုကို့နောက်ကိုတောင် လိုက်လာခဲ့ပြီးပြီ၊ ဘာဖြစ်လို့ ဒီလောက်ရှက်နေတာလဲ"

"အို...ကိုကို ဟင့်အင်း"

ထင်ကျော်ဇောက ကင်းကို ရင်ခွင်ထဲဆွဲသွင်းဖို့ကြိုးစား၏။ ကင်းက အတင်းပြန်ရုန်းသည်။

"ဘာဖြစ်တာလဲကွာ၊ မင်းက ကိုကို့မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ကိုကို၊ လက်မှတ်ထိုးကြပြီးမှ ကင်းနဲ့ကိုကို သက်ဆိုင်မှာ၊ မလုပ်ပါနဲ့ ကင်း မကြိုက်ဘူး"

"ကင်းရယ် မနူးမနပ် ချာတိတ်လေးမှတ်နေတာ၊ ဘယ်မှာဟုတ်လို့လဲ ဟား ဟား"

ပါးချိုင့်ရာတွေထင်လျက် ရယ်လိုက်တိုင်း ပိုချောနေတတ်သည့် ကိုကို့မျက်နှာကို ဒီတစ်ခါ ကင်း မော့မကြည့်အားတော့ပေ။

နေရတာက အိပ်ရာထဲမှာ၊ ပြီးတော့ အဆင်သင့်ထောင်ထားသည့် ခြင်ထောင်က နောက်မှာ အသည်းယားဖွယ်ရှိနေ၏။

"ကင်းလေးက ဘာလို့ကြောက်နေတာလဲ၊ ကင်းနဲ့ကိုကို အဆင့်အတန်းချင်း အရမ်းကွာနေတာကို ကိုကိုက အားငယ်ရမှာ၊ မင်းရဲ့ဖေဖေလာခေါ်သွားရင် ရင်ကွဲပက်လက် ကျန်ခဲ့ရမှာက ကိုကိုပါ"

"ဒါက သပ်သပ်ပါ ကိုကို၊ လက်မထပ်ရသေးဘဲနဲ့တော့ ကင်း ဒါကကို မှားယွင်းမခံနိုင်ဘူး၊ လွှတ်ပါ၊ ကင်းကို ဇွတ်တရွတ် အကြမ်းမဖက်ပါနဲ့"

"မရဘူးကွာ၊ ကိုကို့ဘက်က ပိုင်ထားမှဖြစ်မှာ၊ ကြည်ဖြူလိုက်ပါ ကလေးရယ်"

"အို... ဟင့်အင်း၊ ကိုကို ဖယ်နော်"

နေ့လယ်မကျ၊ ညနေမကျ၊ ပြီးတော့ ခိုးလာတာက ပူပူနွေးနွေးကြီး ရှိသေးသည်။ နောက်ကြောင်း၊ ရှေ့ကြောင်း ဘယ်လိုရှိမှန်းမသိဘဲ လက်ထပ်ဖို့ ဘာညာ ကိုကို မစီစဉ်ဘဲနှင့် ကင်း အကြောက်အကန် ရုန်းနေတော့ ဘယ်လိုမှ ကြိုးစားမရဘဲ ကိုကို့မျက်နှာက တင်းလာ၏။ ကွတ်ခနဲစုတ်သပ်ပြီး တစ်ဖက်လှည့်ထိုင်လိုက်သည်။

"အခိပ္ပာယ်မရှိဘူး ကင်းရာ၊ ကိုယ်က မိန်းမခိုးလာပြီး ဒီတိုင်း ထိုင်ကြည့်နေရုံပဲလား"

"ကိုကို့ကို ပုံအပ်ဖို့ ကင်း လိုက်လာတာပါ၊ အခုက ကိုကို စဉ်းစား





ကြည့်၊ ကင်းနဲ့ကိုကို ဘယ်ထိပြေးရမှာလဲ၊ ဘယ်လိုပုန်းရမှာလဲ၊ ဒီထဲမှာ လက်ထပ်ကြဖို့ ကိုကို ဘယ်လိုစီစဉ်မှာလဲ၊ ကင်းက ဘယ်မျက်နှာကို ကြည့်ရမှန်း မသိသေးဘူး"

"မင်း ကိုယ့်မျက်နှာကိုပဲ ကြည့်ရမှာလေ၊ ဘယ်မှာမှ သွားပုန်းဖို့မလိုဘူး ဒီမှာပဲနေမှာ၊ မင်းအဖေအကြောင်း မင်း မသိပေမယ့် ကိုယ်က သိပြီးသား၊ မင်းကိုတားတယ်၊ တားနေရင်း မင်း အဆိပ်သောက်သေလဲ အသေပြီးကြည့်နေမှာပဲ၊ ကိုယ်နဲ့ပေါင်းခွင့်ပေးမှာမဟုတ်ဘူး၊ အခု မင်း ဇွတ်ထွက်လာတော့ကော နောက်ကနေ ကျားစီးဖားစီး လိုက်လာမယ်ထင်နေလား၊ မှုနဲ့ လုံးဝလိုက်မှာမဟုတ်ဘူး၊ သတင်းစာထဲကနေ အမွေပြတ်ကြော်ငြာ ထိုးလာမှာကို စောင့်ဖတ်ဖို့သာ စဉ်းစား"

ကိုကို့ကို ကင်း တအံ့တသြ ကြည့်မိသည်။ ပြောသမျှ အားလုံးဖြစ်နိုင်တာ မှန်ပေမယ့် ဒါကြောင့် အံ့သြတာမဟုတ်ပေ။

ကင်းလေးနဲ့ကိုကိုနဲ့ပြော၍ ယုယကြင်နာတတ်လွန်းသည့် ကိုကိုသည် ဒီလိုမျိုးမျက်နှာကြီး နီရဲတင်းမာနေအောင် ဒေါသထွက်ခဲ့ဖူးတာမရှိ။

ပြီးတော့ မင်းတွေကိုယ်တွေနှင့် ကင်းနားထဲမှာ ရှက်သလိုလို၊ နားခါးသလိုလို။ သူမဟာ ပညာသင်နေတဲ့အရွယ်ပဲရှိသေးသည်။ ပထမဆုံး အချစ်နှင့် ထိတွေ့မိချိန်မှာ ယစ်မူးခဲ့မိ၍ စွန့်စားခဲ့တာမှန်သည်။

မင်းတွေ ဘာတွေနှင့် သုံးနှုန်းပြောဆိုတာ ခံရတော့ အချစ် နှင့်သူမက အဝေးကြီးရောက်သွားသလို ခံစားလိုက်ရ၏။

ပြီးတော့ ကိုကို့ပုံစံကို တအံ့တသြငေးရင်း နောက်ထပ် ဒီထက် ကြမ်းတမ်းရင့်သီးသောစကားလုံးတွေ၊ အမူအရာတွေ ထပ်ဖြစ်လာဦးမှာပဲ ဆိုတာကို တွေးမိလာသည်။

ထိုအခါ ဖျတ်ခနဲ နားထဲဝင်လာသည်က 'ဒီကောင် အလကားကောင်၊ နူးမနပ်မိန်းကလေးတွေကို ချော့မြှူချူစားမယ့်ကောင်'



www.burmeseclassic.com

ဟု ဖေဖေ ဒေါ်သတကြီး ပြောခဲ့တာတွေကို သတိရမိလိုက်သည်။ ဒါပေမယ့် မွေးလာကတည်းက ရဲရင့်တတ်ခဲ့သည့် ကင်းက နောင်တ ဘယ်တော့မှ ဆုပ်ကိုင်မထားခဲ့ပေ။

ကင်းနှားကနေ ဒေါ်သတကြီးထထွက်သွားပြီး မီးထွန်းချိန်ထိ ကိုကို ပြန်ဝင်မလာတော့ပေ။ မိုက်တွေလည်း ဆာနေပြီ၊ မလှဲရဲ၊ မထရဲနှင့် ကင်းတစ်ကိုယ်လုံးလည်း ညည်းစိစိကြီး ဖြစ်လာ၏။ ခုချိန်ထိ လက်ထပ်မှု ကို ဘာမှပြောသံမကြားပေ။

အိမ်ရှေ့မှာ ဟိုအမျိုးသမီးနှစ်ယောက် တက်လာလိုက်၊ စကားပြော လိုက်၊ ဆင်းသွားလိုက်နှင့် တစ်ညနေလုံးရှိနေပြီ၊ ကင်းကို စကား လာ မပြော။ ဘာစားမလဲ၊ ဒါလေးတော့စားထား၊ လောလောဆယ် ဖြစ်သလို ဘာညာ ဘာဖြစ်ဖြစ် လာပြောဖို့သင့်ပါသည်။

ဒါမှမဟုတ်လျှင် ညီမရေ ခြေဆန့်လက်ဆန့် လှဲနေပါလား၊ ရေချိုးချင် ရင် ဘယ်လို၊ ဒီမှာ ရေလဲဖို့ထဘီ ဘာညာ တစ်ခုခု ပြောဆိုပေးရန် ကျေနပ်သည်။ ခုတော့ အခန်းဝကပင် လာကြည့်ဖော်မရ။

ကိုယ့်ကို ခိုးလာပါသည်ဆိုသော ယောကျ်ားကတောင် စိတ်ဆိုးသွား သလိုလို၊ အလုပ်ရှုပ်နေသလိုလိုနှင့် တစ်ညနေလုံး ပြန်ဝင်မလာခဲ့သည့် အဖြစ်က ဆိုးလွန်းပါသည်။

ယောကျ်ားနောက်လိုက်ခဲ့ရသည့် ကင်းအဖြစ်က ဘာလဲ၊ ကိုကိုက ဒါလေးကိုပဲ စိတ်ဆိုးသတဲ့လား၊ ရင်နာခြင်းသေးသေးလေးကို နှလုံးသား မှာ စတင်ခံစားမိလာ၏။ ကိုကို့အမြင်မှာလည်း ကင်းက မနူးမနပ်ကောင်မ လေးပဲဆိုတာ သိလိုက်ရတော့ ပို၍ဆွေးသွားသည်။ ဟုတ်ပါသည်၊ ကင်း က မနူးမနပ်အရွယ်လေးပါပဲ၊ ဒါပေမယ့် ကင်းမှာ မာနရှိသည်။

အစကတော့ ဂိုက်ဆိုက်ကောင်းလို့ ကိုကို့ကို ချစ်ခဲ့တာပါ။ နောက်ပိုင်း ကျတော့ အခြေအနေမဟန်လျှင် ခိုးရာလိုက်တော့မည်ဟု ကင်းပြောသည်





အချိန်မှာ ကိုကိုက ဝန်ခံလာသည်။

'ကိုကိုက ဆင်းရဲတယ် ကင်းလေးရယ်၊ မင်းအဖေရဲ့ အခြေအနေနဲ့ အများကြီးကွာတယ်'တဲ့။ ကင်း မထင်ခဲ့ပါ။ ကိုကိုက ချောလွန်းလို့ကို မထင်ခဲ့ပါ။ ပြီးတော့ ရုပ်ရည်သန့်သည်၊ ဝတ်စားနေထိုင်ပုံက ဆင်းရဲနံ့ချာ ဘဲ့သူလို့ကို ထင်ဖွယ် မရှိပေ။ ဒါပေမယ့် ဆင်းရဲတော့လည်း ဘာဖြစ်လဲ။

ခိုးရာလိုက်ဖို့ ဆုံးဖြတ်ခဲ့တုန်းက စိတ်ထဲမှာ မာနတွေနှင့် လွန်းတင်ခဲ့ သည်။ ကိုကိုနှင့် ဟိုအဝေးကို ထွက်ပြေးမည်၊ ဘဝကို ထူထောင်ကြမည်၊ ကိုကိုနှင့်သာဆို ကင်း ဘယ်လိုပဲ ဆင်းရဲပါစေ သတ္တိတွေအပြည့်ထည့်ပြီးမှ ထွက်လာခဲ့တာဖြစ်၏။

ခုကျမှတော့ ကိုကိုက ဖေဖေနှင့် မလှမ်းမကမ်းသော ဒီအိမ်လေးမှာပဲ ကင်းကိုထားတော့မည်ဟုဆိုသည်။ ပြီးတော့ ခုချိန်ထိ လက်ထပ်စာချုပ် ဆိုတာ မမြင်ရသေးပေ။ ဝေးဝေးလံလံမှာ ကင်း ဘယ်လောက်ပဲ စုတ်ပြတ် ပါစေ တဲ့ဖြစ်ဖြစ်၊ ဇရပ်မိုးအောက်မှာပဲဖြစ်ဖြစ် ကိုကိုဟာ အလွန်ဆင်းရဲတဲ့ သူ ဆိုတာကို သိလိုက်ကတည်းက စိတ်ကို အဆုံးစွန်ထိ ချထားခဲ့ပြီးသား။

ခုလို ဖေဖေ့အနီးအနားမှာပဲနေကြပြီး ကင်း ရွေးချယ်ခဲ့တဲ့ယောကျ်ား ဘယ်လိုအဆင့်နှင့် ဘယ်လိုရုန်းကန်နေရတယ်ဆိုတာကို မျက်ဝါးထင်ထင် ပြရဖို့တွေ စိတ်ကူးထဲမှာပင် မပါခဲ့ပေ။

အရွယ်မဟုတ် မနူးမနပ်နှင့်အိမ်ထောင်ပြုပြီး ကင်းတို့ ဒီလိုဆင်းရဲ မွဲတေသွားတယ်၊ သူ့ယောကျ်ားက ဘယ်လို စသော လက်ညှိုးထိုးကြမှာ တွေကို ကင်းရင်ထဲကမာနက ဘယ်လိုမှ လက်မခံနိုင်။

ထို့ကြောင့် ကိုကို ကင်းကို မပေါင်းရလို့ စိတ်ဆိုးသည်ဆိုလည်း မတတ်နိုင်။ လက်မထပ်ရသေးဘဲ၊ ဒီအိမ်ဒီရာထဲမှာ အဝေးကိုမသွားကြဘဲ ကိုကို့ကို ကင်း ပုံမအပ်နိုင်ပါ။ ခုကတည်းကမှ ကင်းစိတ်ကြိုက် မလိုက် လျောနိုင်ဘူးဆိုရင် ရှေ့ဆက်ပြီး ကင်း ရဖို့ ဘာရှိတော့မှာလဲ။

www.burmeseclassic.com



အသက်သာငယ်ပေမယ့် ကင်းဦးနှောက်တွေက မြင့်နေသည်။ မာနက ခေါင်းကျိုးမသွား။ ညဘက်ကြီးတောင်မှ အိမ်မှာတစ်ယောက်မှ မရှိတော့ ကင်း နေရာမှ ထရပ်လိုက်သည်။ ဘြောင်းလည်းဘြောင်းနေပါပြီ။ အပြင်ကို ခြေသံဖွဖွလေးနှင့် ထွက်ကြည့်လိုက်မိ၏။ တစ်အိမ်လုံးမှာ မီးလုံးနှစ်လုံးပဲရှိသည်။ အိမ်ရှေ့မှာတစ်လုံး၊ မီးဖိုချောင်လို ဘေးတွဲဆောင်လေးထဲမှာ တစ်လုံး မြင်၏။ ကင်း ထိုင်နေခဲ့သည့် အိပ်ခန်းထဲမှာတော့ မီးမရှိပါ။ ကာရံထားတာက ထရံခပ်ကြဲကြဲမို့ မီးမရှိပေမယ့် အထဲကို မီးရောင်ဝင်ပြီး သိပ်မှောင်မနေလို့ဘဲထင်သည်။

ပြီးတော့ ညဘက် အိပ်ခါနီးမှ အခန်းထဲ ဝင်လှဲလိုက်ကြပုံရ၏။ ခေါင်းအုံးနှင့်စောင်တွေက ဖြစ်သလို အပုံလိုက်၊ ခြင်ထောင်က ချတာလည်း မဟုတ်၊ တင်တာလည်းမဟုတ်ဘဲ တိုးလိုးတန်းလန်း။

အပြင်မှာလည်း တစ်အိမ်လုံး သေသပ်မှုမရှိပါ။ ကင်း ထွက်လာတော့ လူတစ်ယောက်မှမရှိဘဲ ဘုရားစင်အောက်မှာ အိပ်ရာတစ်ခု၊ ဒီဘက်မှာ စားပွဲလေးတစ်လုံးနှင့် ကျွန်းကုလားထိုင်သုံးလုံး ရှိသည်။

စားပွဲပေါ်မှာ စားလက်စ ဒံပေါက်ဘူးတစ်ဘူးနှင့် ပြောင်စင်အောင် ကုန်ထားသော ဘူးခွံတစ်ခုက ပက်လက်အတိုင်း ရှိနေသည်။ အချဉ်ထုပ်တွေက ဒီတိုင်းရှိနေကာ အချိုရည်ဘူးနှစ်ဘူးကလည်း တုံးလုံးလိမ့်နေ၏။

ကင်း နေရာမှာရပ်ကာ ထိုင်ရမလား၊ ပြန်ဝင်ရမလား စဉ်းစားရင်း ငိုင်နေမိဆဲ နားထဲမှာ စကားသံတွေ ဝင်လာ၏။

ခေါင်းရင်းဘက်ကဖြစ်သည်။ ခေါင်းရင်းမှာ ကပ်လျက်အိမ် ရှိသေးတာလား။ ဒီတိုင်းပဲ စကားပြောနေကြတာလား ကင်း မသိ၊ ပို၍သဲကွဲစွာ ကြားရအောင် တိုးရပ်လိုက်မှ...

“သွေးမတော်သားမစပ်နဲ့ မင်းကို ငါတို့ ဒီလောက်ကူညီနေခဲ့တာပဲ ကျေးဇူးတင်ဦး ကျော်ဇေ၊ သူဌေးသမီး ခိုးလာတယ်ဆိုပြီး ကိုယ်ပေါ်မှာ





လဲ ဘာမှမပါ၊ အမွေရဖို့လဲမရှိ”

“ဩော်... ဒေါ်လေးကလဲ တစ်ဦးတည်းသောသမီးပဲဟာ ဘာဖြစ်လို့ အမွေရဖို့မရှိရမှာလဲ၊ ဘယ်လိုပဲကြေညာစာတမ်းနဲ့ ပြတ်နေနေ သူ့မှာ အမွေပေးဖို့ ဒီသမီးပဲရှိတာ”

ကိုကို့အသံကိုကြားလိုက်ရတော့ ကင်းမျက်ခုံးလေး တွန့်ကျသွားသည်။ ပြောတော့ အဒေါ်ဆိုပြီး ဘာမှမတော်ကြဘူးတဲ့၊ ဒါဆို ဘယ်လို ပတ်သက်မှုတွေနဲ့ တစ်အိမ်တည်း လာနေကြတာလဲ။

“အံမယ် လေသံက တော်တော်ပျော့သွားပါလား၊ အစကတော့ သူဌေးသမီးကို ချိုင်မိပြီးဆိုပြီး ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့၊ ဒီနေ့ မနက်ဖြန်ပဲ တိမ်ညွန့်ခူးစားတော့မလိုလို...”

“စားမှာပါ ခဏပဲစောင့်ကြည့်၊ လက်ဖက်ကောင်းစားချင်ရင်တော့ တောင်တက်နေ့းတာကို သည်းခံရမှာပေါ့၊ လောလောဆယ် ကျွန်တော်တို့ စားဖို့ နေဖို့လေး စီစဉ်ပေးပါဦး”

“ဒါပဲလေ ဒီအခန်းထဲမှာပဲနေကြပေါ့၊ ကျွေးတာကတော့ သုံးယောက်စာဖြစ်လာပြီဆိုတော့ ဆယ့်ငါးရက် သတ်မှတ်မယ်၊ မင်း ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တော့”

“ဒေါ်လေးကလဲ ရက်စက်တော့မှာလား”

“စက်ရမှာပဲ၊ မင်းနဲ့ပတ်သက်ပြီး ငါ ဘယ်နှစ်ယောက်တောင် တာဝန်ယူနေရဦးမှာလဲ၊ ဟွန်း... ရပ်ကွက်ထဲမှာ ဒေါ်လင်းလင်းဆိုပြီး နာမည်တစ်လုံးနဲ့နေလာတာ မင်းနဲ့ကျမှ လူပြောသူပြောတွေခံရ၊ ရှင်းရလင်းရနဲ့”

“ဒေါ်လေးကလဲ မဟုတ်တရုတ်တွေကို”

“ဘာဖြစ်ဖြစ် ငါကတော့ နားပိတ်မထားနိုင်ဘူးလေ၊ ဒီတစ်ခါတော့ နောက်ဆုံးပဲကွာ၊ မင်း သူဌေးသမီးရလို့ မချမ်းသာလဲ နေပါစေတော့၊ ငါ့ကို မခံချင်တော့တော၊ မြန်မြန်ခွဲနေဖို့ ကြိုးစား”



www.burmeseclassic.com

www.burmeseclassic.com



စကားအမိပ္ပာယ်တွေကို ကင်း ကုန်စင်အောင် နားမလည်ပါ။ ဒါပေမယ့် ကိုကိုဟာ ကင်းကို သူဌေးသမီးမို့လို့ မရအရ ယူခဲ့သည်ဆိုတာက တော့ မှန်နေပါပြီ။ ဒါဆို ကင်းကို ကိုကိုက မချစ်ခဲ့ဘူးလား၊ အခန်းလေးထဲ ပြန်ဆုတ်ဝင်ခဲ့ရင်း ကင်း တွေဝေလာခဲ့သည်။ သူဌေးသမီးမို့ ပစ္စည်းမက်ပြီး လိုချင် တယ်ဆိုတာကို ခွင့်လွှတ်နိုင်သည်၊ ကိုကို ဒီလောက်ထိဆင်းရဲတာ ချမ်းသာချင်မှာပေါ့။

ပြီးတော့ အလုပ်ကြမ်းနဲ့ ကြုံသလို၊ ကျသလို နေထိုင်ရှန်းကန်နိုင်တဲ့ ပုံပန်းသဏ္ဌာန်မျိုးလည်း ကိုကို့မှာ မရှိ။ နုနုနွဲ့နွဲ့နှင့် ကိုကိုက ချောသည်။

ချမ်းသာ...ကို အထင်ကြီးတာလည်းဟုတ်သည်၊ ဒါပေမယ့် ကင်း ကိုလည်း တကယ်ချစ်တာပါပဲလို့ ကိုကို ဝန်ခံလျှင် ကင်း ကျေနပ်လိုက် ပါတော့မည်။ ကိုကို့ကို ကင်း မခွဲနိုင်၊ လိုက်လည်းလိုက်လာခဲ့ပြီးပြီမို့ ဖြစ် သမျှအကြောင်း အကောင်းလို့ပဲ ဖြေလိုက်ဖို့ ဆုံးဖြတ်မိ၏။ရင်ထဲမှာ တင်လျက်ရှိနေတာက ထိုမိန်းမကြီးကို ကိုကို စကားပြောပုံက ချွဲချွဲပျစ်ပျစ်

'မင်းနဲ့ပတ်သက်ပြီး ငါ ဘယ်နှစ်ယောက် တာဝန်ယူရဦးမှာလဲ'တဲ့

အဲဒါ ဘာကိုပြောတာလဲ။

"အမယ်လေး"

"ဝုန်း"

တရွေ့ရွေ့တိုးဝင်ခဲ့ရင်း ကင်း ကြမ်းပေါက်ကျွံလေသည်။

ထင်ကျော်ဇော အပြေးအလွှားဝင်လာ၏။ သူ့နောက်မှာ ဒေါ်လင်း လင်းဆိုသည့် မိန်းမကြီး ပါလာသည်။ ကြမ်းပေါက်ကျွံတာကို ငုံ့ကြည့်ပြီး ပြန်လှည့်သွားကာ...

"ကြမ်းကလဲ ဆွေးသည်ဆောက်မှပဲကျိုးရတယ်လို့၊ ဖြစ်ရမယ် ဟွန်း ဒီမှာ ဓားမလေးယူဟေ့၊ အဲဒီအစွန်းထွက်နေတာတွေ အကုန်ခုတ်ချလိုက် မနက်ကျတော့မှ သစ်သားထိုးရမှာပဲ"

ရွှေသမင်စာပေ



အပြင်ပြန်ထွက်သွားရင်း လှမ်းအော်သွားသည်။ ကြမ်းပေါက်ကျွံနေ သည့် ကင်းခြေသလုံးလေးမှာ ပွန်းရာထင်ကာ သွေးစို့သွား၏။

"ဆောရီးကွာ၊ ကိုယ် အပြင်သွားနေမိတုန်း ဖြစ်ရတယ်"

ဒဏ်ရာကိုကြည့်၍ပြောလိုက်တော့ ကင်း ကိုကို့မျက်နှာကို စူးစိုက် ကြည့်၏။ ခြေထောက်မှာ တယုတယကိုင်နေသည့် လက်ကိုလည်း ဖယ်ချ လိုက်မိသည်။

'ကိုယ်တောင်မှ ချစ်လို့ တစ်ဘဝလုံးကို ယုံယုံကြည်ကြည် ပုံအပ်ဖို့ လိုက်လာခဲ့ပြီးပြီ၊ ကင်းနဲ့ကိုကိုကြားမှာ ဖုံးကွယ်လိမ်ညာနေစရာတွေ လို သလား၊ ခေါင်းရင်းမှာ ရှိနေလျက်နှင့် အပြင်ကိုသွားနေသည်ဟု ကိုကို ညာသည်။ တကယ်ဆို အနားမှာရှိနေတာကို မသိစေချင်ရင်တောင် ဘာမှ မပြောဘဲနေလို့ရသည်။

ကင်းက ဒါကို မရမက မေးမှာမို့လို့လား။ ယောက်ျားတစ်ယောက် ဟာ ဦးစီးဦးဆောင်နိုင်သည့် အရည်အချင်း ရှိရမည်၊ အိမ်ထောင်စု သို့ မဟုတ် ရပ်ကွက်၊ မြို့၊ ရွာ၊ တိုင်းပြည် အုပ်ချုပ်စိုးမိုးနိုင်ဖို့မှာ ကတိ၊ သစ္စာ၊ တည်ကြည်မှု ဒါတွေရှိရမည် မဟုတ်ဘူးလား။

ကင်း ကိုးကွယ်ခဲ့တဲ့ယောက်ျားဟာ လူက ပြာပုံထဲမှာ နေရပါစေ စိတ်ဓာတ်စာရိတ္တတော့ မြင့်မြတ်စေချင်သည်။ ဆင်းရဲတာ၊ ချမ်းသာတာ ဟာ လူတစ်ယောက်ရဲ့တစ်ဘဝလုံးစာ အနိမ့်အမြင့် သတ်မှတ်ထားလို့ ရတာမှမဟုတ်ဘဲ။

ကိုကို ဆင်းရဲပေမယ့် ရွှေပင်နားတော့ ရွှေကျေးပေါ့။ အစက ဆင်းရဲ ချင်ဆင်းရဲမည်၊ ချမ်းသာစွာ နေထိုင်စားသောက်သွားရမည့်လူမို့ သူဌေး သမီးနှင့်ညားပြီး ချမ်းသာသွားမည်၊ ဒါ သူ့ရဲ့ကံတရား။

လူဟာ အရည်အချင်းရှိနေဖို့ပဲ အဓိကကျပါသည်။ ထိုအရည်အချင်း ထဲမှာ လိမ်ညာတတ်နေဖို့ မပါပေ။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်ဖောက ဓားမတစ်ချောင်းနှင့်တူ ယူလာပြီး ပဲ့ကျ၍ အစွန်းထွက်ကျန်နေခဲ့သည့် သစ်စတွေကို ဓားနှင့်တော့ပြီး တူနှင့်ထုချပစ်၏။

အလုပ်လုပ်ရင်း သူ့ကိုငေးစိုက်ကြည့်၍ ငြိမ်သက်နေခဲ့သော ကင်းကိုလည်း ခဏခဏ မော့ကြည့်၏။ ပြီးသွားတော့ ဓားကို ထရံမှာထိုးစိုက်ထားလိုက်ပြီး ကင်းဘေးမှာ ပုဆိုးကပ်ဝင်ထိုင်၏။

"ကိုကို့ကိုကြည့်ပြီး တစ်ခုခု စဉ်းစားနေတာလား"

ကင်းက ခေါင်းခါလိုက်သည်။ ပြီးတော့ ခြေသလုံးက သွေးများများစို့ထွက်နေပြီဖြစ်သည့် ခြစ်ရာကို ငုံ့ကြည့်နေလိုက်သည်။

"သိပြီ ဒဏ်ရာက နာသွားလို့မဟုတ်လား၊ သူလဲ ပန်းခူးရင် ဆူးစူးသလိုပဲ၊ အာငွေ့ပေးလိုက်ရင် အပျောက်မြန်တယ်"

"အို… ကိုကို ဘာလုပ်တာလဲ"

ဒဏ်ရာကို ပါးစပ်နှင့်ငုံတော့မလိုလုပ်တော့ ကင်း ထိတ်ထိတ်ပျာပျာ တွန်းပစ်ရင်း နောက်ဆုတ်ထိုင်လိုက်သည်။

"ဘာဖြစ်တာလဲကွာ၊ ကင်းက ခက်တော့တာပဲ"

"ဘာဖြစ်ရမလဲ ကိုကို၊ ကိုကို ယောကျ်ားမဟုတ်ဘူးလား၊ ဘုန်းကံနိမ့်ကုန်မှာ မကြောက်ဘူးလား"

"ဘာဖြစ်လို့ကြောက်ရမှာလဲ၊ လင်နဲ့မယားဆိုတာ သာတူနာတူ နိမ့်တာမြင့်တာ ဘာမှမရှိဘူး၊ ကင်းလေးက ကလေးသာသာမို့လို့ပါ၊ နောက်ဆိုရင် နိုင်ငံခြားကားတွေ ကိုယ် ပြမယ်၊ အရှက်အကြောက်ဆိုတာ ရှိရုံမှာပေမယ့် သိပ်ရှက်လွန်း ကြောက်လွန်းရင် အိမ်ထောင်ရေးမှာ အဆင်မပြေ ဖြစ်လာတတ်တယ်၊ ပြီးတော့ ဆရာဝန်တွေကိုယ်တိုင် ပြောဖူးကြတဲ့ လင်မယား ပွင့်လင်းသင့်တဲ့အရာတွေ"

ကင်းမျက်နှာလေး နီမြန်းလာသည်။ ကိုကို့ကိုကြည့်ရင်း ပြောဖို့ စကားလုံး ရှာသွားခဲ့၏။





အနောက်နိုင်ငံတွေက အရှက်ကင်းမဲ့တာတွေပြပြီး ကင်းကို လိုက်လျောတတ်အောင် ကိုကို ကြိုးစားတော့မည်ထင်သည်။ ရင်ထဲမှာ ဘင်းတင်းကျပ်ကျပ်ကြီးဖြစ်သွားခဲ့၏။ ကြည့်နေရင်း ကိုကို့မျက်နှာက သိပ်ချောတော့သလို မြင်လာသည်။

"ကင်းလေ ဗိုက်ဆာနေပြီမဟုတ်လား၊ တစ်ခုခု သွားစားရအောင်"

ပြောတာက တခြား၊ လုပ်တော့ တစ်မျိုး။

ကင်းကို ဇွတ်ခနဲ ဆွဲဖက်လိုက်ပြီး ကင်း မငြင်းနိုင်အောင် ပိတ်ကြိုးစားလာသည်။

"ဟင့်အင်း လွှတ်၊ မရဘူးနော် ကိုကို ခုလွှတ်ပေး"

ရင်ခုန်သံတွေမြန်မလာဘဲ ကြောက်ရွံ့မလိုလားခြင်းတွေပဲ ရှိလာတာ ကင်း ရှန်းပုံက ရှက်ရွံ့စွာမဟုတ်တော့ပေ။

မဟားတရား အကျင့်ခံနေရသလို တွန်းကန်ထုရိုက်၍ ဘယ်လိုမှ အနမ်းမခံတော့။

"ကင်း မင်း…မင်း ဘာဖြစ်တာလဲ"

နှုတ်ခမ်းပေါက်သွားသဖြင့် သွေးကျလာတာကို လက်ခုံနှင့်ကပ်၍ ထင်ကျော်ဖော ဒေါ်သည်။ တွန်းပစ်လိုက်သဖြင့် ကင်းကိုယ်လုံးလေး ...တ်ခနဲ လန်ကျသွား၏။

ဆံပင်တွေ ဖရိုဖရဲရှုပ်ပွလျက်၊ နဂိုက ဟိုက်နေသည့်အင်္ကျီမှာ ပခုံး...ပက်ကနေ ကျွတ်ကျလုလုဖြစ်နေသောကြောင့် ကင်းပုံစံလေးက ...ပ်ပျက်ဆင်းပျက်။

သို့သော် ကင်း သွေးမကြောင်သေးပေ။

"ကိုကိုကတော့ ဒီလိုဖြစ်ဖို့ပဲ ဘာဖြစ်လို့ ကြိုးစားနေတာလဲ၊ ကင်း ...ိုက်လာတဲ့ကိစ္စတွေနောက်မှာ ဘာဖြစ်ခဲ့သလဲ၊ ဘာတွေဆက်လုပ်ကြ...လဲ ကိုကို ဘာမှမပြောဘူး၊ လက်ထပ်ဖို့ဆိုတာ ရောက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း စီစဉ်ရမှာ ကိုကို ဘာမှမလုပ်ဘူး"

ကင်းက အကျီဖရိုဖရဲကို ဟိုကပြန်ဆွဲ ဒီကပြန်ဆွဲနှင့် ဆံပင်တွေကို ဖိသပ်ချရင်း အရူးမလေးလို ပြန်အော်သည်။

"ပြီးတော့ ခုချိန်ထိ ကင်း ဘာမှမစားရသေးတာတောင် ကိုကို ဂရု လိုက်ခဲ့သလား"

ထားလို့ ကိုယ်ကော ဘာတွေစားသောက်နေတာ မင်းတွေ့လဲ၊ ဒီလိုပြော

"ရှရတဲ့နေ့မျိုးမှာ ထမင်းဆာလို့ ရန်ဖြစ်ကြတာ မင်း ကြားဖူးလား ကသိရှားတယ်"

စိတ်ထွက် ပြေးလွှားနေရရင် ကင်း ဘာမှမပြောဘူး၊ ပြေးလွှားနေရဖို့ကိုပဲ ဉလင့်ခဲ့သေးတာ၊ ကင်းကို ကိုကို ဒီထက်ဝေးလံတဲ့ တစ်နေရာထိ ခေါ် သွားသင့်တယ် သိလား"

"ဩော်...ဩော်"

"ကိုကို ဘာတွေလုပ်နေမှန်းမသိဘဲ ဒီထဲမှာ ငုတ်တုတ် တစ်နေကုန် တစ်ယောက်တည်း ဗိုက်ကဆာတာကို ဘယ်လိုဖြေရမလဲ"

"တစ်ယောက်တည်းမဖြစ်ရအောင် အနားကပ်တော့ မင်း ကြိုက်လို့ လား"

"ကင်းပြောတာ အဲဒါမျိုးမှာမဟုတ်တာ၊ တကယ်တမ်းကျတော့ ကင်းနဲ့ခိုးပြေးလာတဲ့ကိစ္စမှာ ကိုကို ဘာမှအလေးအနက်မရှိခဲ့တာ သိရဲ့ လား၊ ကင်း တရားဝင်လက်မှတ်လေးထိုးယူ လိုက်ဖို့တောင် ကိုကို ဂရုမစိုက်ခဲ့ဘူး"

"အဲဒါ အပိုတွေပဲ ကင်း၊ အဖြူပေါ် အမည်းတင်လိုက်တာပဲရှိတယ် လိမ်လို့မရတော့ဘူးလို့ထင်သလား၊ အဓိကက မင်းကို ကိုယ် ပိုင်ထားဖြ ဖြစ်ဖို့ပဲ၊ အဲဒီပိုင်ဆိုင်ခြင်းက စာချုပ်စာတမ်း မဟုတ်ဘူး"

စကားရပ်ပြီး ထင်ကျော်ဇောက ကင်းလက်မောင်းလေးကို ဖိဆုပ်





ဆိုင်ပစ်လိုက်ကာ...

"မင်းဘဝ၊ ကိုယ့်ဘဝ ပေါင်းစပ်ဖို့..."

"ဟင့်အင်း"

ကင်းက ခေါင်းခါ၍ ရုန်းပစ်လိုက်၏။

"မဟုတ်ဘူး၊ ကင်းနဲ့ကိုကို ခံယူချက်တွေလွဲနေပြီ ကင်း သိထားတဲ့ ဆက်ထပ်ခြင်းက ဒါမျိုးမဟုတ်ဘူး၊ လေးနက်ယုံကြည်ပြီး ကျေနပ်ကြည် မှာ ပေးအပ်ကြခြင်း"

"တော်ပြီ"

ထိုညမှာ ကင်းတစ်ယောက်တည်းပဲ အခန်းထဲမှာ အိပ်ခဲ့ရပါသည်။ ပြင်မှာ စကားသံတွေကြားနေရပြီး လူက ရောက်မလာ။ ထိုစကားသံ ထဲမှာ ကင်း ရောက်လာစက မြင်ခဲ့ရ သောအမျိုးသမီး၏အသံတော့ ပါပေ။

နောက်နေ့နံနက်လင်းတဲ့အထိ ကင်းတစ်ယောက်တည်းရယ်။

"ကင်း တစ်ခုခုစားဖို့ ဒေါ်လေး စီစဉ်ပေးလိမ့်မယ်၊ လက်ထပ်ဖို့တိစ္စ ကို သွားမလို့"

အခန်းထဲကို ဝင်မလာပါ။ တံခါးဝကနေ ဒါပဲပြောပြီး ကိုကို ပြန်ထွက် သွားသည်။

တကယ်တမ်းမှာ ဒေါ်လင်းလင်းဆိုသည့် မိန်းမကြီးကလည်း ကင်း အတွက် ဘာမှ စီစဉ်မပေးခဲ့ပါ။ တံခါးဝမှာတောင် လာရပ်မဖော်မရပေ။ ဒါသည်း ကိုကိုကွယ်သွားပြီဆိုတော့ နေသာသလိုနေမှာပေါ့ဟု တွေး၍ ကင်း ကျေနပ်ပေးခဲ့သည်။ သူတို့တွေ ဘာမှမတော်ကြဘူးဆိုတာ ကိုယ့် ည်းကိုယ့်ဟန်နှင့် သိထားခဲ့တာပေမယ့် ဒါလည်း ခွင့်လွှတ်သင့်သည့် ရာဟု သဘောထားခဲ့မိသည်။

ကင်းဟာ အသက်ငယ်ပေမယ့် အသိဉာဏ်မနည်းမိဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချစ်ကြောင့် တစ်ခါမှားခဲ့ပြီးပြီ၊ လူတစ်ယောက်ဟာ အမှားတစ်ခု ကို ထပ်ကာထပ်ကာ မကျူးလွန်သင့်ပေ။

ဖေဖေနှင့်ထပ်တူညီသော မာနမျိုး ကင်းမှာရှိသည်။ ဖေဖေ့မာနက 'ရှေ့တိုးရဲရင်တိုး၊ ခြေလှမ်းမှားရင် အကူမရှာနဲ့'

ကင်း ဆုံးဖြတ်လိုက်သည့်ထဲမှာ ကိုကို့ကိုယုံခဲ့မိတာ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ကိုယ်ဆုံးဖြတ်ခဲ့တာ ကိုယ့်မှာပဲ အပြစ်ရှိသည်။ မှားရင် မှောက်အိပ်၊ မှန်ရင် စံပေါ့။

နောက်ထပ် ကိုကိုနဲ့ နားလည်မှုတွေ၊ ကျေနပ်မှုတွေ အပြန်အလှန် ပေးယူရင်း ဒီထက်အဆင်ပြေမှုတစ်ခုခုရဖို့ ကြိုးစားမည်။ တစ်ယောက် အကြောင်းတစ်ယောက် မသိသေးသည့်အချိန်မှာ ကင်း ကိုကို့နဲ့ပြိုင်ပြီး တင်းမာခြင်းကြိုးတစ်ဖက်စကို မဆွဲမိဖို့ရှောင်ရမည်။

လေလောဆယ်တော့ ကင်းဗိုက်ထဲမှာ ဘာမှမရှိသည့်ကိစ္စကို ရှင်းနှ ဖြစ်မည်။ ကင်း အပြင်ထွက်ခဲ့တော့ အိမ်ပေါ်မှာ ဘယ်သူမှမရှိပါ။

ထိုစဉ် အိမ်အပြင်ခြံဝမှနေ၍ အမျိုးသမီးနှစ်ယောက် အထဲကို ဟိုရှာ ဒီရှာ လာကြည့်ကြ၏။

တစ်ခုခုပဲ မေးကြတော့မလိုလိုမို့ ကင်းကလည်း အိမ်ရှင် မဟုတ်တာ နှင့် အထဲပြန်ဝင်နေလိုက်၏။ ဗိုက်ကလည်း ပြင်းထန်ဆာလောင်နေ၏။ ပြန့်လည်မထွက်ချင်တော့ဘဲဖြစ်ကာ ဘာလုပ်ရမှန်းမသိ။

"ဟဲ့ အထဲကကောင်မလေး ရှော့ ရှော့"

ရှော့ဆိုပြီး ကင်း မထွက်ရသေးမီ ဒေါ်လင်းလင်း တံခါးဝမှာ ပေါ်လာ သည်။ အနီရောင် ပျစ်ပျစ်ရွှဲရွှဲနှင့် အသုပ်ပန်းကန်ကို ကင်းရှေ့မှာ ချပေး ကာ...

"ဒီမှာ ဟင်းခါး ထမင်းကြမ်းတော့ ညည်း စားတတ်မှာမဟုတ်ပါဘူး ဒါ ဝပ်မလား"





"ရှင်..."

"တစ်ပွဲ ဝရဲ့လားလို့"

"ဟုတ်ကဲ့"

ဒေါ်လင်းလင်းမျက်နှာ စိတ်ရှည်ပုံမရှိပေ။ မျက်ခုံးမွေး ခုနစ်ပင် တန်းဆိုတာ ဘယ်လိုမှန်းမသိသော်လည်း ဒေါ်လင်းလင်းမျက်ခုံးမှာတော့ ခုနစ်ပင်တောင်မရှိဘူးထင်သည်။ နီညိုရင့်ရင့်ခဲတံနှင့် ဆွဲထားသော သေး ရှင်မျှင်မျက်ခုံးက မျက်နှာသွယ်သွယ်နှင့် ကြည့်လို့တော့ကောင်းပါသည်။

နှုတ်ခမ်းနီခပ်ဖျော့ဖျော့ ဆိုးထားသည်။ အကျီက ရိုးရိုးဘလောက် ပွပွပဲဖြစ်သော်လည်း အသက်ထက်စာရင် နုပျိုသလိုရှိ၏။ ထူးဆန်းသည် က ဆံပင်တော့ ဖြတ်တောက်ကောက်ကွေ့ထားခြင်းမရှိဘဲ ဒီတိုင်း ဘီးနှင့်ပဲ ရစ်ပတ်ထားလေသည်။

သူမသည် ကင်းကို အထင်မြင်သေးသလိုလို၊ မလိုလားသလိုလိုနှင့် ခိုက်ကြည့်ကာ ချက်ချင်း ပြန်လှည့်သွား၏။ အသုပ်ဆိုတာကို ကင်း ကြည့်တော့ ဘယ်လိုမှနှစ်သက်မှာ မဟုတ်မှန်းသိသော်လည်း ကျိတ် ကော်မျိုချရသည်။

ဗိုက်ထဲမှာ တစ်ခုခုတော့ မျိုချမထားလို့မရ။ ပြီးတော့ နောက်ဆို ဒါမျိုးတွေ ကင်း စားသောက်ရတော့မှာဖြစ်မှန်း တွေးမိလိုက်သောကြောင့် မျိုချနေရ၏။

နေ့လယ်ကျတော့ ကိုကို တစ်ခေါက်ပြန်လာသည်။

"ညကျမှပဲ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးမယ်ကွာ၊ အနားမှာ ကဲ့လူတွေနဲ့ပဲ အသိသက်သေပေါ့၊ ဘယ်လူကြီးမှ ပါမှာမဟုတ်ဘူးနော်၊ ကင်းကို ကိုယ်က ခိုးယူခဲ့ရတာ"

"ကင်း နားလည်ပါတယ် ကိုကို၊ ကင်းနဲ့ကိုကို နှစ်ယောက်တည်း လက်မှတ်ထိုးဖြစ်လဲ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကင်းရယ် ဒီစာချုပ်လေးနှစ်စောင်ကို ဒီလောက်ထိ မင်း မက်မောတယ်နော်၊ အံ့ရောကွာ"

ထင်ကျော်ဇော ဖြစ်သွားပုံက စိတ်ပျက်လက်ပျက်။ သူ့ပုံစံသည် တကယ် အရင်လိုနေတုန်းမှာ ဖိနပ်ပြတ်ရ၊ ခလုတ်တိုက်ရဖြစ်နေသူလို ရှုံ့မဲ့ညည်းညူနေတာမျိုး။

"မင်းကို ကိုယ် တကယ်ထင်မထားဘူး၊ ကိုယ့်ကိုပဲ ယုံကြည်အားကိုးပြီး အားလုံး ကိုယ့်သဘောကျ ပုံအပ်မယ့်ချစ်သူလို့ ထင်ခဲ့တာ"

ကင်းကို စိမ်းသက်သည့်မျက်ဝန်းများနှင့်ကြည့်ကာ မခံချိမခံသာ ပြောလိုက်သေးသည်။ ကင်းကို အထင်ကြီးလို့ ပြောတာလား၊ ကဲ့ရဲ့တာလား၊ ဒါမှမဟုတ် စိတ်ပျက်လက်လျှော့သွားချင်တာလား။

အကဲမခတ်နိုင်ပေမယ့် ကင်းကတော့ ဒီစာချုပ်နှစ်စောင်ကို ကိုယ့်ဘဝလို့ပဲ သဘောထားသည်။ စာချုပ်စာတမ်းနှင့်သာ အတည်ဖြစ်ချင်သည်၊ ကင်းရဲ့ဘဝကို တခမ်းတနား မဟုတ်ပေမယ့် သန့်ရှင်းသေသပ်စွာ အချပ်နှံချင်သည်။

ဒါကို ကင်းနှင့်ကိုကို ခံယူသတ်မှတ်ခဲ့သော လက်ထပ်ပေါင်းသင်းခြင်းမှာ ဘာတွေ ကွာဟနေခဲ့ပါသလဲ။ ဆက်မတွေးချင်ပေမယ့် ညဘက်ပြန်ရောက်လာတော့ ကင်းနှင့်ကိုကို ပဋိပက္ခ ဖြစ်ရပြန်သည်။

သို့သော် ဒါဟာ နောက်ဆုံးဖြစ်ခဲ့မည်ဆိုတာတော့ ဘယ်သူမှ ကြိုတင် မသိနိုင်ခဲ့ပေ။

စာချုပ်နှစ်စောင်ကိုင်ပြီး ကိုကို ရောက်လာတော့ ကင်း ရေချိုးပြီးစ အင်္ကျီဝတ်နေတုန်းဖြစ်သည်။ ရေချိုးချင်လွန်းလို့ ဒေါ်လင်းလင်းမျက်နှာကြီး ဘယ်လိုဖြစ်နေနေ စကားလိုက်ပြောပြီး အကူအညီတောင်းရသည်။ ထဘီတစ်ထည်ထုတ်ပေးပြီး ရေတိုင်ကီရှိတဲ့နေရာကို ပြခဲ့သဖြင့် ကင်း ရေချိုးခွင့်ရခဲ့သည်။ ထမင်းချိန်မှာ ထမင်းစားရတော့လည်း ကြက်သား





ဟင်းတစ်ခွက်နှင့် ထမင်းတစ်ပွဲ။

ဘာတွေပဲစားရစားရ၊ ဘယ်လိုနေရနေရပါ ကိုကို ပြန်လာပါစေလို့တော့ ဆုတောင်းရင်း ကင်း အားလုံးကို အလွယ်တကူ ကျော်ဖြတ်နိုင်အောင် ကြိုးစားခဲ့သည်။

ဒါပေမယ့် ကိုကို ပြန်ရောက်လာတော့ ကင်း တကယ်ကြားချင်တဲ့ စကားကို မပြော။

"ဟာ ကိုယ့်မိန်းမက ဝင်းစက်နေတာပဲကွာ၊ လှလိုက်တာ"

"အို... ကိုကိုကလဲ"

ပွေ့ဖက်ဖို့ ရှေ့တိုးလာတော့ ကင်း အလန့်တကြား ရှောင်လိုက်မိသည်။ ဝတ်နေသည့်အင်္ကျီကို အမြန်ဆုံး စွတ်ချပစ်လိုက်ပြီးမှ...

"ကိုကို တစ်နေကုန် ပျောက်နေလို့ အပြန် ဘာတွေကြားရမလဲလို့ ကင်းက ရင်တုန်နေတာ"

"ကင်းရာ"

ကင်းပြောတော့ ကိုကို့မျက်နှာ မဲ့ကျသွား၏။ တကယ်ဆို 'ကင်းရေ ကိုကိုတို့ ဒီလိုကြာကြာနေလို့မဖြစ်ဘူး၊ မင်းအဖေက ဘာလုပ်နေတာ၊ ဘာဖြစ်နိုင်တယ်၊ လက်မှတ်ထိုးပြီးတာနဲ့ တို့ ဘယ်ကိုသွားမယ်၊ ဖြေရှင်းမယ်' ဒီလိုစကားတွေကို ပြောလာမည်လို့ ကင်းက ထင်ထားခဲ့တာ ဖြစ်သည်။

ခိုးလာပြီးစမိန်းမကိုပစ်ထားပြီး မိုးလင်းကနေ မိုးချုပ် ထွက်သွားနေရသည့်ကိစ္စမှာ ကိုကို့ဘက်က ရှေးကြီးခွင်ကျယ် ပြောစရာ ဘာမှမရှိတော့ဘူးလား၊ ကင်းအတွက် အင်္ကျီလေး၊ ဘောင်းဘီလေးမှ ဝယ်မလာခဲ့ဘူးလား။ အနည်းဆုံး 'တစ်နေကုန် ကိုကို ပြေးလွှားနေရတာကွာ မင်းအဖေနဲ့ မတိုးအောင် ဘယ်လိုရှောင်ရတယ်၊ ဘာတွေလုပ်ခဲ့တယ်' စသဖြင့်...

"ကိုကို ကိုကို တစ်နေကုန်ပျောက်နေတာ ဘာလုပ်နေတာလဲဟင်၊



www.burmeseclassic.com

www.burmeseclassic.com



ကင်းမှာ ရေလဲစရာအဝတ်တောင်မပါဘူး၊ ကိုကို ကင်းအတွက် ဘာမှ မစဉ်းစားဘူးလား"

"စဉ်းစားတာပေါ့ ကင်းရယ်၊ မင်း စာချုပ်ကိုပြောလွန်းလို့ ကိုကို ဝယ်ခဲ့တယ်လေ"

"စာချုပ်က ကွမ်းယာဆိုင်မှာဝယ်လဲရတာပဲကိုကို၊ စာချုပ်အတွက်နဲ့ ကိုကို တစ်နေကုန်နေတာလား"

"ကျွတ်"

ကိုကို့ပုံစံက ဝင်လာတာနှင့် သူ့ရဲ့ပွေ့ဖက်ကျီစယ်မှုမှာ ကင်း အလိုက်သင့် စီးမျောမပါခဲ့ခြင်းအပေါ် မကျေမနပ်ဖြစ်နေသည်က သိသာလှသည်။

"အဝတ်စား ဝယ်ခြမ်းရအောင် ကိုယ်က မင်းကိုခိုးခဲ့ပြီး လျှောက်ပြေးနေရတဲ့ဟာ၊ ဘယ်လိုလုပ်ဝယ်ရမှာလဲ"

ကင်း ကိုကို့ကို ငေးကြည့်နေပြီးမှ မျက်နှာလွှဲလိုက်သည်။

ကိုကို့မှာ ပိုက်ဆံမရှိလို့လို့ ပြောရင်တောင် ကင်း နားလည်ပေးဦးမှာပါ။ 'ကင်းတို့ ခိုးပြေးကြမှပဲ ပေါင်းရတော့မှာ၊ ကိုကို အဆင်သင့်ပြင်ထားနော်'လို့ ကင်း ပြောခဲ့ဖူးသည်။ ဒါ ထားလိုက်တော့၊ အကျီတစ်ထည် နှစ်ထည် ဝယ်တာလောက်က ပလာဇာရောက်မှ ဝယ်လို့ရသလား၊ ရှုပ်မားကက်ကြီးတွေသွားမှ ဖြစ်မှာလား၊ ရင်ထဲမှာ နာကျင်မှုတစ်ခုတော့ တိုးသွားပြန်သည်။

ကိုယ့်မာနကို တစ်ထစ်ချင်းဖြုတ်ချပေးနေရင်းနှင့်ပဲ ကျောချအနင်းခံဖို့ထိ ဖြစ်လာတာက လွန်လွန်းပြီထင်သည်။ ကိုကိုလက်ကို ဆုပ်ကိုင်ထားပြီးသည်ဆိုကတည်းက အဆင်မပြေဖြစ်ခဲ့သော ကင်းရင်ထဲက အဖုအထစ်လေးတွေက ကြေပျက်ဖွယ်မရှိတော့ဘူးထင်သည်။

ဒီအခါ ကိုကို့မျက်နှာက ရယ်မြူးခြင်းတွေ၊ ထိတွေ့ကျီစယ်ခြင်းတွေ ဂယာဖို့ ကင်းရင်ခုန်သံတွေက အင်အားမဲ့လာ၏။





"ကင်း"

"ဟင်"

သံသေတ္တာသေးသေးလေးပေါ်ကို အလိပ်လိုက် ဖုတ်ခနဲ ပစ်ချလိုက်သည့် စာချုပ်နှစ်စောင်။ ထင်ကျော်ဓောက ကင်း ငိုင်နေတာလေးကို ချော့မြှူသလို ပြုံး၍ ဆွဲဖက်ထားလိုက်၏။

"ကင်းရယ် မင်းအတွက် ကိုကို အများကြီးစီစဉ်ထားပြီးပါပြီ၊ ပူမနေပါနဲ့ကွာ၊ ခုပဲ ခိုးပြေးလာတယ်၊ ချက်ချင်း ပြည့်စုံသွားကြတာတော့ မရှိဘူးလေ၊ တကယ်ပဲ ကလေးနဲ့မတူဘူး၊ အသွားအိုပေါက်စလေးကျနေတာပဲ"

"ကိုကို"

ကင်း ကိုကို့လက်တွေကို အလန့်တကြား တွန်းချမိသည်။ ဒီတစ်ခါ ကိုကိုက အလျှော့မပေးဖို့ ဆုံးဖြတ်ထားသည်ထင်၏။ ကင်းကို လွှတ်မပေးဘဲ အိပ်ရာထဲ ဆွဲလှဲပစ်လိုက်၏။

အမြဲတမ်း မီးမရှိသည့် မှောင်ပျပျ အခန်းလေးထဲမှာ ကိုယ် ချစ်၍ ဆိုက်ခဲ့မိသော ကိုကို့ကို ကင်း နောက်ထပ် ဘယ်လိုငြင်းငြင်းမရတော့ပေ။

"ကင်းလေးရယ် ချစ်ဖို့ကောင်းလိုက်တာ"

ကင်း အလျှော့ပေးဖို့ဆုံးဖြတ်၍ ငြိမ်နေလိုက်တော့ ကိုကို ကျေနပ်သွားသည်။ ဒါပေမယ့် လူမသိသူမသိ ဖုံးဖိထားခဲ့သော အဖြစ်အပျက်အကြောင်းအရာအားလုံးက ကင်းထံသို့…

"ကိုကိုကျော်… ကိုကိုကျော် ပြန်ရောက်ပြီမဟုတ်လား၊ ဒေါ်လေး ဘယ်မှာလဲ"

မိန်းမသံတစ်သံက စူးခနဲရောက်လာသည်။ ကင်း သိလိုက်သည်၊ ထို မိန်းမအသံဟာ ကိုကို့ရဲ့နှမဝမ်းကွဲဆိုသော…

"ဟုတ်တယ် ပြန်ရောက်ပြီ၊ ညည်းက ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လင်းလင်း မေးပေမယ့် ပြန်ဖြေသံ မကြားရပါ။ အိမ်ပေါ်တက်လာသည့်ခြေသံကြောင့် ထင်ကျော်ဇော ကင်းနားကနေ ဖျတ်ခနဲခွာလို့၏။ ထိုအချိန်မှာပဲ တံခါးဝမှာ အမျိုးသမီးရောက်လာခဲ့သည်။

"မီမီ"

"ဟုတ်တယ်"

မီမီက ထင်ကျော်ဇောနှင့်သူ့နောက်ကို လှမ်းကျော်ကြည့်သည်။ အထဲမှာ မီးမရှိသော်လည်း မြင်နေရသဖြင့် အခြေအနေကို အကဲခတ်သည်။ ဘာမှ မလွန်မကျူးသေးတာကိုမြင်မှ မဲ့ပြုံးတစ်ချက်ပြုံး၏။ ထင်ကျော်ဇောကိုကြည့်ကာ...

"ဒီလောက်ဆို တော်ရောပေါ့ ကိုကိုကျော်၊ ရှင်နဲ့မီမီ ကြံစည်ခဲ့ကြတုန်းက သူဌေးသမီးကို ခေါ်လာပြီး ငွေညှစ်ရုံပဲဆို"

"မီမီ မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"ကိုကိုကျော် ပြောခဲ့တာတွေလေ၊ သူ့အဖေက သူ့သမီးကိုအပျိုရည်မပျက် ပြန်အပ်လာမယ်ဆိုရင် ဘာနဲ့ဖြစ်ဖြစ် လဲယူမှာပဲဆိုတာ ဘယ်သူ ပြောခဲ့တာလဲ"

ထင်ကျောဇော ပျာယီပျာယာထရပ်လိုက်ကာ ကင်းကို ပြန်လှည့်ကြည့်၏။ ကင်းမျက်ဝန်းလေးတွေက သူ့ထံမှာ စူးနစ်လျက် နှုတ်ခမ်းသားလေးတွေ တင်းတင်းစေ့နေ၏။

"မီမီ မင်း ခဏထွက်သွားစမ်းပါ၊ ငါ့ကိစ္စ ငါ ဖြေရှင်းမယ် မင်းသွားတော့"

"မသွားနိုင်ဘူး ကိုကိုကျော်၊ သဘောတူ ခေါင်းညိတ်ခဲ့ကတည်းက မီမီက ငွေမက်လွန်းလို့မထင်နဲ့ ကိုကိုကျော် ပွေရှုပ်ချင်နေတာကိုသိလို့တားလဲရမှာမဟုတ်လို့ ခြွေသေတုတ်မကျိုး ခေါင်းညိတ်ခဲ့တာ၊ ဘယ်မိန်းမက ကိုယ့်ယောက်ျားကို တခြားမိန်းမနဲ့ ထင်သလိုနေခွင့်ပေးနိုင်မှာလဲ"





"တောက် ပြော်လေကဲလေ၊ သွားစမ်း သွား"

"ပုန်း"

"ရှင်..."

မီမီ့ကို အပြင်ရောက်အောင် တွန်းထုတ်ပစ်လိုက်သည်။ ဒါပေမယ့် အပြင်မရောက်ဘဲ မီမီက တံခါးထရံကို ဆုပ်ဖမ်းထားပြီး ကုတ်ကပ်ပြန်ဝင်၏။

"ရှင်ဟာ သိပ်ကိုရက်စက်တဲ့သူ၊ ရှင့်လို ကလေးအဖေ တစ်ခုလပ်ကို ကျွန်မက ကိုယ့်လုပ်စာကိုယ်စားပြီး သည်းခံပေါင်းသင်းနေခဲ့ရတာ၊ အမေလောက်အရွယ်ကိုတောင် နေစရာထိုင်စရာလေးအတွက်နဲ့ ရှင်က ချမ်းသာပေးတာမဟုတ်ဘူး၊ အဲဒါတွေ ကျွန်မ မသိဘူးမှတ်လို့လားဟင်"

'သား'ဆိုသည့်စကားသံကြောင့်ထင်ကျော်ဇော တစ်ခေါင်းလုံး ပူထူသွားသည်။ အနာပေါ် တုတ်ကျလို့မဟုတ်။ မှန်တာပြောလိုက်လို့ အလိမ်ပေါ်ခံခက်တာမျိုးလည်းမဟုတ်ပေ၊ ဒါဟာ တကယ်မဟုတ်ခဲ့သည့်အဖြစ်တွေမို့ ဒီလိုပေါက်ကွဲနေကြသည့်အချိန်မျိုးမှာ သူ ဘယ်လိုရှင်းမလဲ။

ရှုပ်ပွေခဲ့ဖူးတာမှန်သည်၊ အနေအစားချောင်မည်ဆိုလျှင် ဘာဖြစ်ဖြစ် သစ္စာမထားတတ်တာလည်း မှန်ပေမယ့် 'သား'ဆိုတော့ သူ့မှာမရှိခဲ့ဖူးပါ။ မိန်းမတစ်ယောက်ကို လက်ထပ်ပေါင်းသင်းခဲ့တဲ့အထိ အတည်တကျ ယူခဲ့မိတာတောင်မှ အလွန်လည်သည့် မီမီနဲ့ကျမှ သူ ခံခဲ့ရတာဖြစ်သည်။

သားသမီးမရဖို့ဆိုတာကို သူ အထူးသဖြင့် ရှောင်ရှားခဲ့သူပါ။ တကယ်တော့ မီမီကိုယ်တိုင် သူ့သားလို့ပဲ ထင်ခဲ့သော 'သား'ဆိုတာ သူ့ရဲ့ မွေးစားသား၊ တစ်သက်လုံးမှာ ကောင်းမှုလေးတစ်ခုကိုပဲ ပြုခဲ့ဖူးသည်။ ဒါကသည်း ပြုသင့်၍ပြုခဲ့ခြင်းဖြစ်သည်။

ရင်ကျုပ်ပန်းနာသည် ဖခင်တစ်ယောက်နှင့် နှစ်နှစ်သားအရွယ် ခမောင်ငယ်တစ်ယောက်ကို ရှာဖွေကျွေးမွေးနေခဲ့သည့် သူနာပြုဆရာမ



www.burmeseclassic.com

www.burmeseclassic.com



လေး ကေသီနဲ့ သူ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ သူမက ရိုးသား၍ကြိုးစားသည်။ ထင်ကျော်ဇောနဲ့က ဘယ်လိုမှ သဘောထားချင်းတိုက်ဆိုင်မှု မရှိခဲ့ပေ။

တစ်နေ့မှာ ပြဿနာ စဖြစ်ကြတော့ သူမ ဒေါသတကြီး ပြန်သွားခဲ့သည်။ ဒါဟာ နောက်ဆုံးပဲဖြစ်လေသည်။ အပြန်လမ်းမှာ သူမ ကားတိုက်ခံရပြီး ဆုံးသွားခဲ့၏။ ထိုအဖြစ်ကြောင့် ဖခင်ဖြစ်သူခမျာလည်း စိတ်ရောဂါ ထပ်ရကာ မကြာခင်ပဲ ဆုံးသွားပြန်သည်။

နှစ်နှစ်သားအရွယ် 'ကောင်းဆက်ကောင်း'ဆိုသော ကလေးငယ်လေးဘဝက ဆွေမျိုးမဲ့ အုပ်ထိန်းသူမဲ့ကျန်ခဲ့ရှာတာမို့ ကလေးကို သူ မွေးဖို့ ဆုံးဖြတ်ခဲ့သည်။ သူလည်း ကလေကချေပါပဲ၊ ဒါပေမယ့် ကလေးကို သနားစိတ်ဖြင့် ဖြစ်အောင်မွေးခဲ့သည်။

ကလေးထိန်းကျောင်းမှာ အပ်ထားလိုက်၊ အတူနေဖြစ်လိုက်နှင့် ကလေးအပေါ်မှာ နင့်သည်းသောမေတ္တာမျိုးနှင့် မဟုတ်ခဲ့ပေမယ့် ဘယ်သူမေးမေး 'ကျွန်တော့်သား'လို့ ဖြေရဲခဲ့တဲ့အထိ သူ မေတ္တာထားခဲ့မိသည်။

စန်းလင်ဇေယျာလေး အကျိုးပေးကောင်းနေစဉ်ကတော့ ထင်ကျော်ဇော ကလေးလေးလက်ဆွဲလျက် မုဆိုးဖိုပြောလည်း နားလည်ကြသည်၊ တစ်ခုလပ်လို့ပြောလည်း စတာလိုလို၊ နောက်နေသလိုလို။

ထို့ပြင် ကလေးကို ချစ်ခင်စောင့်ရှောက်မည့်သူတွေလည်း မရှားခဲ့ပေ။ ကလေးအတွက်နှင့် သူ အထူးတလည် ဖြေရှင်းခဲ့ဖူးတာမရှိ။ ဘယ်သူဘာထင်ထင် ဂရုလည်းမစိုက်ခဲ့။ ဒီနေရာမှာ ကလေးအဖေပေမယ့် ဟိုနားကျတော့ လူပျိုလုပ်ပစ်လိုက်လည်း ပြဿနာမရှိပေ။

ခုကျတော့ လူတွေရှေ့မှာ...၊ သူ့ကို ဘာအပြစ်တွေပဲရှိရှိ နားလည်ခပေးဖို့သာ ကြိုးစားရှာသည့် 'ရန့်ကင်း'ဆိုသော 'ပင်တိုင်စံ'မင်းသမီးလေးခရှေ့တွင်...၊





ထင်ကျော်ဇော ဘယ်လိုမှဖြေရှင်းမရနိုင်သော ကျဉ်းထဲကျပ်ထဲမှာ ကောင်းကောင်းဟာ သူ့သား မဟုတ်ဘူးလို့ ဖြေရှင်းမရနိုင်တော့ဘူးဆိုတာ နားလည်လိုက်သည်။

လှည့်ကြည့်လိုက်တော့ 'ရန့်ကင်း'သည် ချောင်လေးမှာကပ်လျှက် ကိုယ်လေးလည်းတောင့်နေသည်။ ထို့ပြင် မျက်ဝန်းလေးတွေ ပြူးကျယ် ဝိုင်းစက်ကာ ပြတ်ထွက်မတတ် ဖိကိုက်ထားသည့်နှုတ်ခမ်းသားလေးက ဆတ်ဆတ်တုန်လျက်...

"လူ...ယုတ်...မာ..."

အံကြိတ်ထားရင်း ပြောလိုက်တာကို အသံမကြားပေမယ့် သူ သိနေသည်။ တကယ်မှန်ပါ၏။ ခိုးလာပြီးကတည်းက သူ့ဘက်က ရလိုမှုများနှင့်သာ ဆက်ဆံခဲ့သည်။ တာဝန်မကျေတာတွေ၊ မရိုးသားခဲ့တာတွေ၊ သူ ဘာလုပ်လုပ် 'ကင်း'က စောစောကအချိန်လေးထိ ခွင့်လွှတ်နေခဲ့ရှာသေးသည်။

သူ့အတွက်ကြောင့် ထိခိုက်နစ်နာမှုတွေ တိုးပွားရင်း နစ်မွန်းခဲ့ပြီဖြစ်သော 'ကင်း'မျက်နှာလေးကို စာနာစွာကြည့်မိ၏။ သူ့ရင်ထဲက စာနာတတ်သောစိတ်များဟာ ဘာဖြစ်လို့ ပြီးဆုံးချိန်တွေကျမှ ဖြစ်ပေါ်တတ်ခဲ့တာကို ကိုယ့်ကိုယ်ကိုပင် နားမလည်တော့ပါ။

ပထမတုန်းက 'သား'ရဲ့အစ်မ၊ သေဆုံးခဲ့ပြီဆိုမှာ ကလေးကို စာနာသနားစိတ်တွေဖြစ်လာခဲ့၊ သူ မွေးစားခဲ့သည်။ ခုလည်း 'ရန့်ကင်း'...၊

ခိုးလာခဲ့တဲ့အချိန်ထိ သူ့မှာ လောဘ မောဟတွေသာ ကြီးစိုးနေခဲ့ဖြစ်သည်။ ဘယ်လိုမှ ပေါင်းဖက်ဆုံစည်းခွင့်မရနိုင်တော့တာကိုလည်း ရင်ထဲမှာ ဒီလောက်ထိ မခံစားမိတော့ပါ။ အရာရာဟာ အရည်ပျော်ပျောက်ရှသွားခဲ့ပြီကို နားလည်လိုက်ပြီဖြစ်သည်။

တကယ်ထိခိုက်ခံစားသွားမိတာက 'ကင်း'အပေးမှာ စာနာမိခြင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူ ရှင်းပြခွင့်လည်း မရတော့ပါ။ ဒါပမယ့် 'ကင်း'ဆိုသည့် အချစ်နုနုနယ်နယ်လေးဟာ ကလေးအဖေကြီးတစ်ယောက်နှင့် ငြိစွန်းခဲ့သည်ဆိုသော အမည်းစက်ကို သူမ ဖျောက်ဖျက်ဖို့မလွယ်တော့သည့်အဖြစ်နှင့်...၊

"ကင်းရယ်..."

တီခနဲတီတ်ကျသွားသည့် အခြေအနေသည် မှန်တိုင်းကျခါနီး နွတ်ဆက်နေသည့်လေပြည်နုနုနှင့်တူ၏။ ကင်း မျက်ဝန်းလေးတွေထဲမှ သူ့အပေါ် အထင်သေးရွံရှာသော၊ ထိတ်လန့်ချောက်ချားသော အကြည့်များကို သတ္တိရှိစွာ ရင်ဆိုင်ငေးကြည့်နေမိဆဲ...

"ကလေးအဖေ မကလို့ ကလေးဆယ်ယောက်ပဲပါပါ ညည်း လက်ခံခဲ့လို့ ညားကြတာပဲမဟုတ်လား။ သူများမကောင်းကြောင်းတွေ ချိုးဖွဲ့ပြောပြီး ယုတ်မာမနေပါနဲ့ အဲဒါ ညည်းမှာ ဘယ်လောက်များ ဂုဏ်ကျက်သရေတိုးပွားသွားမှာလဲ"

တိတ်ဆိတ်သွားသည့်အခြေအနေက ဒေါ်လင်းလင်း၏ ဒေါသတွေနှင့် အုန်းခနဲ ထဆူလာပြန်သည်။

"ကျွန်မက ကျွန်မယောက်ျားကို ဆဲဆဲဆိုဆိုလေ၊ ရှင်သာ အသက်ကြီးကာမှ..."

"တိတ်...တိတ်ကြတော့၊ တော်ကြပါတော့... မီမီ..."

ထင်ကျော်ဇော မီမီရှေ့ကို တိုးရပ်ကာ ဒေါသတကြီးလက်သီးဆုပ်၏။

"မီမီ မင်းဖါးစပ်ကို ငါ ပိတ်ပေးရတော့မယ်"

"ပိတ်လေ၊ ပိတ်လဲ မထူးတော့ဘူး၊ ကျွန်မက ရှင်နဲ့ကျွန်မရဲ့ မူလအစီအစဉ်အတိုင်း သူ့အဖေဆီကို အကြောင်းကြားခဲ့ပြီးပြီ"

"ဘာ... မင်း ဘာပြောတယ်"

"ဟုတ်တယ်လေ၊ အဲဒီတော့ ရှင် သူ့ကို စော်ကားလို့မရအောင်





ကျွန်မက အချိန်မီ လာတားတာ၊ အခုနေ ရှင် ဘေးဖယ် ရပ်ပေးနေမယ်ဆိုရင် ဝေစုရဖို့ မျှော်လင့်ချက်ရှိသေးတယ်"

"မီမီ မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဒီကိစ္စ ပြန်ပေးမှုဖြစ်ပြီး ထောင်ကျနိုင်တယ် မင်း သိရဲ့လား"

မီမီကျော်က ခါးထောက်ရပ်ပြပြီး ဆံပင်ကိုခါပစ်သည်။

"ရှင်သိရင် အစက ဒီလိုမပြောနဲ့လေ၊ သူ့ကို မခိုးဘဲ နေပေါ့၊ ငွေပြပြီး ခိမ့်ကို ရှင်က တစ်ပတ်ရိုက်တာ၊ သူ့ငွေသိမ်းကို အပိုင်ရအောင်ယူပြီး ဒီကောင်မကို ကန်ထုတ်ဖို့လေ၊ မရဘူး သိလား၊ မီမီကျော်က အရူးမဟုတ်ဘူး။ ရှင် နောက်မဆုတ်ရင် နေလေ၊ နှစ်ယောက်စလုံးကို လက်ညှိုးထိုးပြလိုက်ရုံပဲ"

ပြောပြီး မီမီကျော်က ခြေဆောင့်၍ လှည့်ထွက်သွားသည်။

"ဘာကြည့်နေကြတာလဲ ရှင်တို့တွေက၊ သွား သွားကြ၊ လူမှုရေးနည်းနည်းမှမသိဘူး၊ သူများကိစ္စကို..."

ဒေါ်လင်းလင်း မနိုင်နိုင်ရာလှည့်မဲ၍ အပြင်ကို လှည့်အော်လေသည်။

"ကင်း"

ထင်ကျော်ဇောက ကင်းပခုံးလေးနှစ်ဖက်ကို လှမ်းဆွဲလိုက်၏။ ကင်း ထရုန်းကာ နောက်ပြန်ဆုတ်၏။

"ကင်းလေးရယ် ကိုကို တောင်းပန်ပါတယ်၊ အဲဒါ လုံးဝ မဟုတ်ဘူး၊ ဒီမိန်းမယုတ် ကိုကို့ကိုမရလို့ လှည့်ရမ်းတာ၊ ကိုကို တကယ်ချစ်တာကခင်းကိုပါ၊ ကိုကိုတို့ ပြေးကြမယ်နော်"

ကင်း အံကြိတ်၍ လက်နောက်ပြန်နှင့်စမ်းလိုက်မိသည့် ဓားမောက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

ဘာတစ်ခွန်းမှ စကားမဆိုသည့်ကင်းကို အမိပွာယ်ကောက်လွဲကာ ထင်ကျော်ဇော နမ်းရှိုက်ချော့မြူဖို့ တိုးကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်လေးတွင် အိမ်ရှေ့မှာ ဦးမော်၏ကားက ထိုးရပ်လာပြီးစ…

"ဟင်…"

အိမ်ရှေ့မှာ လူတွေများနေတာကို လှမ်းမြင်လိုက်သဖြင့် စိုးရိမ်စိတ်နှင့် ပြေးတက်လိုက်မိစဉ်…

"သမီး… သမီး မလုပ်ရဘူး"

ဦးမော်လွင်မျက်လုံးထဲမှာ ပြာသွားသည်။ ကင်းလက်ထဲမှာ ဓားနှင့်၊ ထင်ကျော်ဇောဆိုသည့်ကောင်က ဓားကို ဝင်လုနေပြီ။ ဒီကောင် လူယုတ်မာမှန်း သူတို့ သိကြသည်။ သူများ သားပျိုသမီးပျိုကို သွေးဆောင်ဖြားယောင်းခဲ့ပြီး သူ သေမှာတော့ ကြောက်သားပါလား။

ဓားလုရင်း ကလေးကိုပဲ ပြန်ထိုးသတ်ဖို့ကြိုးစားနေသလိုလို အကြိတ်အနယ်၊ ကင်းအပေါ် ထားခဲ့သည့် မေတ္တာတရားက စိုးရိမ်ဒေါသတွေဖြစ်ကာ ဦးမော်လွင် ဘာမှမမြင်တော့ပေ။

အင်အားမမျှဖြစ်နေသည့် ဓားလုနေကြသော နှစ်ယောက်ကြားထဲ ပြေးဝင်လိုက်သည်။ ကင်းလက်ထဲကဓားကို သူ့လက်ထဲပါအောင် ပြောင်းလုရင်း အလျှော့မပေးသည့် ထင်ကျော်ဇောဘက်သို့ ဒေါသက ဓားနှင့်အတူ ပါသွား၏။

"အား"

"ဟင်…"

ကင်း မှင်တက်မိသွား၏။ ဦးမော်သည် ထင်ကျော်ဇော်၏ရင်ဝကို အင်နှင့်အားနှင့် ထိုးချလိုက်ပြီး ကြောက်လန့်သွားပုံလည်းမပေါ်။

"ခွေးသူခိုး မင်းလိုကောင်ကို ငါ့ကလေးလက်နဲ့ မသတ်စေချင်လို့ အဆုံးသတ်ပေးလိုက်တာ၊ မင်းနဲ့ထိုက်တန်တာ အဲဒါပဲကွ"

"ဦး…ဦးလေးမော်"

ကင်းသည် ဦးမော်လွင်ကို မယုံနိုင်စွာငေးနေရင်း ဓားဒဏ်ရာနှင့် ခွေ





ကျသွားသည့် ထင်ကျော်ဇောထံသို့ အကြည့်တို့ ရောက်သွားလျှင်…

"ကင်း…"

ထင်ကျော်ဇောသည် လက်တကာကာနှင့် ဘာပြောချင်မှန်းမသိ။

"ကင်း… မင်း… မင်း…ကို…ကိုယ်…မ…မ…ညာ…အား… ကိုယ့်မှာ… သား… မရှိ…"

လူလိမ်။ ကင်း နားလည်းမထောင်၊ ကြည့်လည်းမကြည့်တော့ဘဲ ချာခနဲ လှည့်ပစ်၏။ ဦးမော်လွင် လက်ထဲက ဓားကိုသာ…

"ဦးလေးမောင် ပေးပါ၊ ကင်း ကိုယ့်မိုက်ပြစ် ကိုယ်ခံမယ်"

"သမီး အသာနေစမ်း၊ ဒီကောင့်ကြောင့် သမီးရဲ့အဖေလဲ သေခုမျောပါး ခံစားနေရပြီ၊ ဒါကြောင့် ဦးမော် သတ်လိုက်တာ၊ ဆိုင်ဆိုင် မဆိုင်ဆိုင် ရှင်းသင့်တဲ့ကိစ္စမို့လို့ ရှင်းပစ်လိုက်တာ၊ ကိုယ်လုပ်တာကိုယ်ခံရမှာပေါ့"

ချက်ချင်းကြီး ဝုန်းဒိုင်းကြဲဖြစ်သွားသော ရှုပ်ထွေးမှုတွေကို ဘေးလူတွေ မျက်စိလည်ကုန်၏။ ဘယ်သူ့လက်ချက်နှင့် ဘယ်သူ လဲကျသွားမှန်းမသိဘဲ ထင်ကျော်ဇော၏ အော်သံကြီးကို ကြားလိုက်ရမှ…

"အမယ်လေး သေကုန်ပြီ"

လှမ်းမြင်လိုက်ပြီး အော်ဟစ်ပြေးဝင်လာသည့် ဒေါ်လင်းလင်း 'ဟင်' ခနဲဖြစ်သွားသည်။ ကင်းရဲ့အဖေလား၊ ဘယ်သူလဲ။ လူကြီး လက်ထဲမှာ သွေးစွန်းနေသောဓားကြီးတစ်လက်နှင့်၊ ထင်ကျော်ဇော၏ လှုပ်ရှားမှုကင်းမဲ့နေပြီဖြစ်သော ကိုယ်လုံးကြီးက ကြမ်းပေါ်မှာ။

"လုပ်ကြပါဦး ဟောဒီမှာ လူသတ်ထားပါတယ်၊ လာကြပါဦး"

ကျူးလွန်သူနှင့် သေဆုံးသူ အဖြစ်နှစ်ရပ်ကြားမှာ ဦးမော်လွင် လူသတ်မှုနှင့် အဖမ်းခံလိုက်ရသည်။ ဦးစိုးနေသည် တောင်းဆိုးပလုံးဆိုး မဟုတ်ခဲ့သည်မို့ သမီးလေးကို မပစ်ရက်နိုင်။ ထို့အတူ ကိုယ့်သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကရုဏာဒေါသနှင့် ကျူးလွန်ခဲ့ရင်း အပြစ်ခံသွားရှာသည့် ဦးမော်လွင် ကျန်ခဲ့သည့်မိသားစုကို ပြည့်စုံအောင် ထောက်ပံ့ဖို့ စိစဉ်သည်။

ကင်းကိုတော့ အစစအရာရာ ဘဝအသစ် ပြန်စနိုင်ဖို့ နိုင်ငံခြား ပို့ပစ်လိုက်၏။ ဒါပေမယ့် ပတ်ဝန်းကျင်ဒဏ်နဲ့ စိတ်ဖိစီးမှုဒဏ်တွေကြောင့် ဦးစိုးနေ ရောဂါသည်ကြီးဖြစ်သွားခဲ့၏။ အိပ်ရာထဲ လဲသွားခဲ့တာတောင် နိုင်ငံခြားရောက်သွားပြီဖြစ်သည့် ကင်း သေချာ ဘာမှမသိခဲ့ပေ။

ထို့ပြင် ထင်ကျော်ဇော၏ ကျန်ရစ်ခဲ့သော လေးနှစ်သား ယောကျ်ားလေးတစ်ယောက်ကို ဦးစိုးနေ အမွေစားအမွေခံ မွေးစားလိုက်ရသည့် အဖြစ်တွေကိုလည်း မသိ၊ သိသွားသည့်အချိန်တွင် ဦးစိုးနေထံသို့ ကင်း ချက်ချင်း ဖုန်းဆက်တော့သည်။

"ဖေဖေ ဘာဖြစ်လို့ ဒီလူယုတ်မာရဲ့ကလေးကို မွေးလိုက်တာလဲ၊ သမီးတို့က ယုတ်မာခံလိုက်ရတာမဟုတ်ဘူးလား၊ ဖေဖေ့ကို သမီး ဘယ်လိုမှကို မယုံနိုင်တော့ဘူး၊ သေသင့်သေထိုက်နေတဲ့ ဒီလိုလူရဲ့ကလေးကို ကင်း မြင်ရင် ထပ်သတ်မိမလားဘဲ၊ မမွေးပါနဲ့ဖေဖေ၊ တားမရရင် သမီး ပြန်လာမှာပဲ"

သားအဖ ဝေးနေလျက်နှင့် အချေအတင်တွေဖြစ်ခဲ့ကြသည်။ ထိုကာလမှာပဲ ဦးစိုးနေ ဆုံးသွားခဲ့သည်။ သို့သော် မသေဆုံးမီ တရားရမှာသွားခဲ့သော ဦးစိုးနေ၏ တားမြစ်ထားမှုကြောင့် နာရေးသတင်းကို ကင်းကို လုံးဝ အသိမပေးဘဲထားခဲ့ကြသည်။ 'ကောင်းဆက်ကောင်း' ခေါ် ကောင်းကောင်းလေးကိုလည်း ဂရုတစိုက်ပဲ မွေးမြူခဲ့၏။

ဦးစိုးနေသည် ကောင်းကောင်းနှင့်ပတ်သက်၍ ဒေါ်နီတာတို့ထံကို ယုံကြည်စွာ အပ်ခဲ့ရင်း မှာကြားချက်များလည်း ထားရှိခဲ့လေရာ...

"မင်းတို့ ငါများ တကယ်လို့ သေသွားခဲ့ရင် ငါ့သမီး လုံးဝ မသိစေနဲ့ ဒီအတွက် မင်းတို့မှာ အပြစ်မရှိရအောင် ငါ စီစဉ်ခဲ့မယ်၊ ကောင်းကောင်းကို





မွေးစားခဲ့တုန်းက မဖြစ်တဲ့အကြောင်းတွေကြောင့်ဆိုတာ မှန်ပေမယ့် ငါ လုပ်ခဲ့တာ မမှားဘူး"

ဦးစိုးနေသည် အိမ်ပေါ် ရောက်လာခဲ့သည် ကောင်းဆက်ကောင်း၏ သန့်စင်ချောမွေ့သောမျက်နှာလေးကိုမြင်ပြီးသည့် နောက်မှာ သံယောဇဉ်နှင့်ရောထွေးသော သံဝေဂတရားတွေ ရခဲ့သည်။

"သမီးဟာ ဘယ်သူမပြု မိမိမှုဆိုတာကို သတိမရဘူး၊ တကယ်တော့ အခုအဖြစ်တွေမှာ ဒီကလေးက ဘာမှမသက်ဆိုင်တဲ့သူပဲ၊ သူ့အဖေ မကောင်းတာကို သူ မသိဘူး၊ ကလေးကို ဘုန်းကြီးကျောင်းမှာ အပ်ထားပြီး မိဘက ကိုယ်ကျင့်တရား ဖောက်ပြန်ခဲ့တာ၊ ညာတဲ့သူနဲ့ အညာခံတဲ့သူမှာ ကလေးက ဘယ်ဘက်ကမှနေခဲ့တာမဟုတ်ဘူး၊ မွေးလိုက်တုန်းက ဝဋ္ဋရားအရပေမယ့် အခုတော့ မင်းတို့ စေတနာပါပါနဲ့ စောင့်ရှောက်ကြပါ"

ကလေးကိုခေါ် လာပြီး 'ဒီကလေးကို သူဌေးကမမွေးဘူး ဆိုရင်...' ဘာညာ အရှုပ်အရှင်းတွေ ဖြစ်ကြတုန်းက ဦးစိုးနေမျက်နှာ တင်းမာလျက်နှင့် မတတ်သာ၍ လက်ခံထားခဲ့ရသည်။ သေဆုံးခါနီးကျမှ သံဝေဂစကားတွေနှင့် တရားရ မှာသွားခဲ့၏။

"ကလေးကို သမီးနဲ့တစ်ဝက်စီ အမွေခံစားခွင့်ရဖို့ ငါ စီစဉ်ခဲ့မယ်"

ဒေါ်နီတာတို့ အံလည်းအံ့သြမိကြသည်။ မှာတဲ့အတိုင်းလည်း လုပ်ကြရသည်။ ထိုသို့ နာခံကြရသည့်အထဲမှာ ကင်း၏ နောက်ထပ်အမိန့်တွေသာ ပို၍အဓိကဖြစ်ခဲ့ပြန်ရာ...

"အဲဒီကောင်လေးကို 'ဆယ်နေကဲ' လို့ နာမည်ပြောင်းလိုက်"

"ယောကျ်ားလေးစိတ် မရှိစေနဲ့ လူမြင်ရင် ကြောက်တတ်နေအောင် ထား၊ လုံးဝ မမော့ရဲ၊ မကြည့်ရဲအောင်နှိမ်ထား၊ ကျွန်မ ပြောသလိုမွေး၊ အမှမဟုတ် ရမ်းကားချင်တဲ့စရိုက်တွေပဲဖြစ်နေရင် လူဆိုးမားပြလေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါစေ၊ သူ ရသင့်တာတွေ ချပေးလိုက်၊ သုံးဖြုန်းရမ်းကားပြီး ဆေးသမားလေး ဖြစ်သွားပါစေ၊ ဒီအမျိုးယုတ်လေးကို လူတော်လူကောင်းလေး ဖြစ်နေတာ ကျွန်မ လုံးဝ မမြင်ချင်ဘူး"

ဒေါ်နီတာ နှာခံဖို့ကြိုးစားသည်၊ ဒါပေမယ့် မရ။ အလွန် ချစ်စရာကောင်းသည့် ကလေးမျက်နှာလေးက အပြစ်တင်စရာ၊ ငြိုငြင်စရာ ဘာမှ မရှိခဲ့သည့်အပြင် သူ့ဘွေးဦးစိုးနေကိုယ်တိုင်က မှာကြားသွားခဲ့တာတွေ ရှိသည်။ နောက်ကျမှ ဘယ်လိုပဲ ရှင်းရပါစေ။

သူမတို့သည် ကင်းအလိုကျ လိုက်နာဆောင်ရွက်ပေးနိုင်ခဲ့တာ တစ်ခုပဲရှိသည်။ ထိုအရာသည် 'ကောင်းဆက်ကောင်း' ကနေ 'ဆယ်နေကဲ' ဖြစ်စေခဲ့ခြင်းထက် ဘာမှ မပြောင်းလဲနိုင်ခဲ့သော...





## အခန်း (၃၀)

"ဟုတ်ပါတယ် ကျွန်တော် ဆယ်နေကဲပါ။ မမအတွက် နေဆယ်စင်းခကာ ပူလောင်စေတဲ့ ဆယ်နေကဲပါ မမရယ်၊ အေ့..ဒါပေမယ့်...ဒါပေမယ့် အကာယ်က ကျွန်တော့်ရင်ထဲမှာ လမင်းတစ်ရာသာနေတာ၊ အေ့.. မမကို ချစ်တဲ့ အချစ်တွေနဲ့ ကျွန်တော်...ကျွန်တော့်ရင်ထဲမှာ စမ်းရေတွေစီးနေတယ်၊ ပန်းပင်တွေလဲလန်းနေတယ်၊ မမအတွက် ဘယ်နေရာနဲ့မှ မတူနိုင်တဲ့ အိုအေစစ်လေးတစ်ခုရှိတယ်၊ ယုံပါ မမရယ်၊ အဲဒါ ယုံပါ"

"ဆယ်နေ ဟိတ်ကောင် ထ ခေါင်းထောင်ကြည့်ဦး"

လက်မောင်းမှာ ရိုက်ပုတ်နေတာကို သတိရလာသည်။ နားထဲမှာ ဆယ်နေလို့ ခေါ်နေတာ ကြားပေမယ့် ရုတ်တရက် ကိုယ့်ကိုယ်ကို ခေါ်သည်မထင်။ မျက်လုံးဖွင့်ဖို့ကြိုးစားတော့လည်း မရပါ။

"ဆယ်နေ... သူငယ်ချင်းရာ မင်း..."

နောက်ထပ် မချိတရိ ရေရွတ်သံကိုတော့ ပီပီသသကြားကာ ဒါနှင့်သာအသံမှန်း သိလိုက်၏။

"ဆယ်နေ ထပါကွာ၊ လမ်းဘေးမှာ လူမြင်လို့မကောင်းဘူး"

"ဟင်... ချမ်း... သာ"

"ဟုတ်တယ် ငါပါ၊ မင်းကိုလာခေါ်တာ ထ ထ"



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာက သူ့ကို တွဲထူလိုက်သည်။ ခေါင်းထဲမှာ မူးနောက်ရီဝေလျက် မြင်မြင်သမျှက ဝေဝါးနေခဲ့သည်။ ပြီးတော့ ခြေထောက်တွေရှိနေလျက်နှင့် ထောက်ရပ်နေမှန်းမသိဘဲ ကိုယ့်ကိုယ်ကို လွင့်ပါးသွားပြီထင်ရင်း ညွတ်ခနဲ၊ ယိုင်ခနဲ ခွေနေတာ ခဏခဏ။

"ချမ်း... သာ... အေ့"

"အေး ပြော ဘာလဲ သေချာလဲရပ်ဦး၊ ငါက မင်းထက်ပုတဲ့ကောင်ကွ၊ ဒီမှာ မနိုင်တော့ဘူး"

တကယ်လည်း ချမ်းသာက ခပ်ပုပုနှင့် ဆယ်နေ့ကိုယ်ကြီးကို တွဲနေရတာ မနိုင်မနင်းပါ။ ညဥ့်နက်နေပြီမို့ ကားလမ်းမပေါ်မှာ ခွေးတစ်ကောင်ကြောင်တစ်မြီးမှပင် မရှိတော့ပေ။ သူ့ မှာ ဆယ်နေ ပျောက်သွားသဖြင့် လိုက်ရှာတာ နေရာတွေအနှံ့မှာ၊ ဒီအုတ်ခုံကို မေ့နေခဲ့၏။

ဖြစ်နိုင်ခြေရှိသည်မှာ ဒီရက်ပိုင်း ညဥ့်နက်မှ ပြန်ပြန်လာတတ်တာ ဒီမှ လာထိုင်နေတာပဲဖြစ်မည်။ ဆိုင်ထဲမှာကျတော့ ပုလင်းအခွံနှင့်ဖန်ခွက်

လူက ဒီမှာ ဂစ်တာတစ်လက်နှင့်၊ ချမ်းသာ ဂစ်တာနှင့်လူကို ဈေးတွေးတွဲခေါ်ရင်း သက်ပြင်းမချနိုင်။

"ချမ်းသာ ငါ... ငါ မမကိုချစ်တယ်"

"အေးပါ မင်းချစ်တာ အိမ်ထဲမှာချစ်ပေါ့ကွ၊ ဒီလို မင်းလုပ်နေရင်တော့ လှည့်ကင်းရဲတွေ မင်းကိုဆွဲသွားလိမ့်မယ် သိလား၊ လူက အရက်မူးအချိန်မတော် လမ်းဘေးမှာ..."

စကားပြောတဲ့နောက် စိတ်က အာရုံများသွားတာ ဆယ်နေ ယိုင်သွားသည့်နောက်ကိုပါ သူပါ ပါသွားလေသည်။

"ဟ... ဆယ်နေ ခွေးကောင် ထိန်းဦးဟ..."

နှစ်ယောက်သား လမ်းဘေးမှာ ခွေခနဲ လဲကျသွားသည်။

"ပိနေပြီ ဖယ်ဦး၊ သေပါပြီဗျာ"





ချမ်းသာမျက်နှာကြီး ရှုံ့မဲ့နေ၏။ ဆယ်နေ့ကိုယ်အောက်မှာ ပိသွားသည့်လက်ကို ပြန်ဆွဲထုတ်၍ ဒေါသလည်းဖြစ်၊ စိတ်လည်းမကောင်း။

တကယ်နာသွားမှ ဆယ်နေ ခေါင်းထောင်လာ၏။

"ချမ်းသာ နာသွားလား၊ ဆောရီးကွာ၊ ဖယ် ဖယ် ငါ့ဟာငါ ထမယ်"

"ထပါကွာ၊ မင်းလဲနာသွားတဲ့ဥစ္စာ၊ ငါ့ကိုတွဲ ပြန်လဲလို့ ဒီတစ်ခါကျိုးမှ ခက်မယ်"

ဆိုင်ကို နောက်ဖေးပေါက်ကနေ ဝင်ခဲ့ကြရသည်။ ဒါတွေကြောင့်ပဲ သူ့မှာ ဆယ်နေ့ကို တစ်ယောက်တည်း ပစ်မထားခဲ့နိုင်တာဖြစ်သည်။

အိမ်မှာ ပြန်မအိပ်ဘဲနေခဲ့တာ ဆယ်နေ့ကြောင့်။ အိပ်ရာပေါ်မှာ လှဲပေးလိုက်တော့ ဆယ်နေက လူးလွန့်နေရင်းက တက်ခေါက်၏။

"ငါ့အမေ... အမေ အဲဒီလိုလူမျိုးဖြစ်နေခဲ့တာ ငါ့ဘဝပဲ၊ အား...အားလုံးကောင်းတယ်ကွ၊ ငါပဲ မကောင်းတာ၊ မမ မမှားဘူး၊ ငါ မှားတာပါ"

"ကဲ အိပ်ပါတော့ကွာ ညဥ့်နက်လှပြီ"

"ငါ့ဘဝကို ငါ ဘာမှမသိခဲ့ရရင် ကောင်းသား ချမ်းသာရာ"

အရက်သမားတွေမှာ ထိန်းချုပ်နိုင်စွမ်း ဘာမှမရှိတော့ဘူးထင်သည်။ မျက်ရည်တွေကျလျက် ဆယ်နေ ငိုခဲ့၏။ ပြီးတော့ ဆံပင်တွေ ထိုးဆွဲဖွ၍ မျက်နှာကိုပွတ်ပစ်သည်။

"ခုတော့ ဒီအကြောင်းတွေကို ငါ သိခဲ့ပြီးမှ ဘယ်လိုလုပ် ဖျောက်ပစ်လို့ရမှာလဲ၊ မမနဲ့ငါ ဝေးပြီ၊ ရင်ဘတ်ထဲမှာ အရည်တွေပျော်ကုန်ပြီထင်တယ်၊ မျောကုန်ပါပြီကွာ၊ ဘာဆိုဘာမှမရှိတော့ဘူး သွားပြီ"

ချမ်းသာ ခေါင်းတယမ်းယမ်းနှင့်ပဲ ဆယ်နေ့ကို ဖိနပ်ချွတ်ပေး၊ မီးမှိတ်ပေးခဲ့ရသည်။ ဒီလိုသာ အရက် နေ့တိုင်းသောက်နေရင် ဒီကောင် မလွယ်။

အဖြေတစ်ခုခုတော့ ရှိဖို့လိုနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

မျက်နှာရှေ့ရောက်လာသူကိုကြည့်လိုက်တော့ ဘယ်သူ ဘယ်ဝါ ဆိုတာ မသိပေမယ့် ဆယ်နေ့သူငယ်ချင်းဆိုတာကို သိလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

ချမ်းသာက အနီရောင်ဝတ်စုံရဲရဲနှင့် ဆန့်ကျင်စွာ ဖြူဖပ်ဖပ်ရှိနေသည့်မျက်နှာကို မရဲတရဲကြည့်သည်။ မျက်နှာက ဖြူဖျော့ဖျော့မှာ အေးစက်စူးရဲသောမျက်ဝန်းများက အရောင်လက်နေ၏။

အနီရောင်ရယ်၊ အဖြူရောင်ရယ်၊ မျက်ဝန်းတစ်စုံရယ်ဟာ သွေးအေးရက်စက်တတ်သည့်အသွင်ကိုဆောင်လျက် ရန့်ကင်းဆိုသော မိန်းမဟာ နူးညံ့ခြင်းကင်းမဲ့ပြီး လှနေ၏။

သူမဟာ သားစားကြူးသည့်ဘီလူးမ တကယ်ဖြစ်နေပါစေ လက်ညှိုးထိုးစွပ်စွဲရက်ဖွယ်မရှိ။ သတ်လိုကသတ်ပါစေတော့ ဆိုပြီး သူမ၏မျက်ဝန်းတွေထဲမှာ ဆွဲညှို့ခံဖို့ ဒူးထောက်ကျသွားနိုင်သည်။

တင်ပါးအထိ ရှဲ့ဖြာနေ သည့်ဆံနွယ်များက သူမကျောထက်မှာ မဟာဆန်စွာ နေရာယူထား၏။ ကကြီးပုံ မဟာဆန်သည့် နဖူးပြေပြေမှာ





ဆံနွယ်တစ်ပင်တလေမှ ကျနေ တာမရှိဘဲ ဆံပင်တွေရှည်သလောက် ...က်နှာလေးပေါ်မှာရှင်းနေသည်။

စိမ်းညို့သည့်မျက်ခုံးတန်းလေးတွေက ကကြီးပုံနဖူးပြေပြေနှင့် တွဲစပ်...ာ သူမမျက်နှာကိုငေး၍ ချမ်းသာ ငိုင်တွေစွာ ရပ်နေမိခဲ့သည်။

"မင်းမမက ဘယ်လောက်လှသလဲ"လို့ သူတို့အုပ်စု တစ်ခါမှ သေချာ...ကြည့်ခဲ့ဖူးပါ။ အခု ပို၍သေချာသွားသည်က ဆယ်နေ့အတွက် အယူခံ...ဝင်နိုင်ဖို့ မလွယ်တော့သည့် ပြဿနာ။

"ဟိတ် မင်းကိုမေးနေတာ"

"ဗျာ ဟုတ်ကဲ့"

တခြားလူတစ်ယောက်မှမတွေ့သော တိုက်ကြီးကို ငေးကြည့်ကာ ...မ်းသာ ပျာပျာသလဲ ခေါင်းညိတ်၏။

"ကျွန်တော် ခဏလောက်ထိုင်ပါရစေ မမ"

"ထိုင်"

ထိုင်ခွင့်ပြုလိုက်ပုံက အိမ်ရှင်မို့ ဝတ္တရားကျေလိုက်တာနှင့်မတူဘဲ ...မိန့်ပေးလိုက်တာပဲဖြစ်၏။ သူ ထိုင်ပြီးမှ သူမက ရှေ့မှာဝင်ထိုင်သည်။ ကိုင်ထားသည့်စာအုပ်ကို စားပွဲပေါ်တင်လိုက်ပြီး ခြေချင်းချိတ်၍ ...ာမှာ ပခုံးတစ်ဖက်စောင်းမှီလိုက်သည်။

"မင်းကို ဆယ်နေက လွှတ်လိုက်တာမဟုတ်လား"

"ဟာ မဟုတ်ဘူး။ ကျွန်တော်လာတာ သူ မသိပါဘူး"

လုပ်မနေနဲ့ဆိုသည့် မဲ့ပြုံးနှင့် ကင်းက တစ်ဖက်လှည့်လိုက်၏။ လှ...တ်သည့် သူမမျက်ဝန်းရှေ့မှာ အနီရောင် သားရေချုပ်နှင့်ဗိုင်တစ်အုပ်။ ရှစ်ထပ်စင်မြင့်၏ စတုတ္ထထပ်မှာ ဒီတိုင်းကင်ထားခဲ့တာ ကြာပါပြီ။

"ကျွန်တော် တစ်ခုလောက်ပြောချင်လို့ပါဗျာ၊ သူ အခု အရက်တွေ...သောက်တယ်၊ မမကိုပဲ..."

www.burmeseclassic.com



"ဟိတ် တော်စမ်း"

"မဟုတ်ပါဘူး၊ သူ မှားတယ်လို့ တတွတ်တွတ်တောင်းပန်နေတာကို ပြောချင်တာပါ။ သူ့အဖေ ဘယ်သူဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် သူ့အဖေမှားခဲ့တာ သူ့မှာပဲ အပြစ်ရှိတယ်ဆိုတာတွေ သူ တတွတ်တွတ် ပြောနေတာ"

ကင်းမျက်နှာက နည်းနည်းလေးမှ ပြေကျမလာခဲ့ပါ။ သူ့ဘက်ကို လည်း မလှည့်။

"မမရယ် သူ့ကို မမ တစ်ခုခု ဆုံးမပေးပါဗျာ၊ မမပြောတာဆိုရင် သူ နာခံမှာပါ၊ မမတို့မင်္ဂလာပွဲပြီးရင် သူ ထွက်သွားတော့မယ်လို့ ပြောတယ်၊ အဲဒါ…"

"မင်းပြောနေတာတွေကို နားထောင်ရတာ အဓိပ္ပာယ်မရှိတဲ့ ကလေး ပုံပြင်တစ်ပုဒ်လိုပဲ၊ မင်း ပြန်လိုက်တော့"

ပြောပြီး ကင်း နေရာမှ ထရပ်လိုက်သည်။ သူမ လျှောက်သွားသည် က အနီရောင်ဖိုင်တစ်အုပ်ဆီသို့ဖြစ်ကာ ယူပြီး ပြန်လှည့်လာ၏။

"ရော့ မင်း ဒါကိုယူသွား"

ကင်းက မထိုင်ဘဲပြောတော့ ချမ်းသာ ထရပ်လိုက်ရသည်။ ဘာမှန်း မသိသေးဘဲ ဖိုင်ကို လှမ်းယူထားလိုက်ရ၏။ ကင်းက လက်ပိုက်၍ ဖိုင်ကို စူးခနဲကြည့်ကာ…

"အဲဒါ သူ ရသင့်ရထိုက်တဲ့ အမွေပဲ"

"သူ မလိုချင်လို့ သတင်းစာထဲက ခေါ်တာတောင်မှ…"

ကင်း ဖျတ်ခနဲလှည့်လာသဖြင့် ချမ်းသာ စကားမဆုံးဘဲ ရပ်သွား၏။

"အဲဒါပေးလိုက်၊ သူ မယူဘူးဆိုတာ အကုန်လုံးမရလို့ ဖွဲ့ပေးတာကို ခေါင်းခါနေတာ၊ ဟွန်း… ဒီမှာ လက်ထပ်ပြီးရင် အမြင့်မှန်ရသွားမှာပါ"

ချမ်းသာ ရင်ထဲမှာ ဒေါသကြောင့် ဖျဉ်းခနဲဖြစ်သွားသည်။ အကြင်နာ





ရောင်ပြန်ဟပ်ဖို့ ဘယ်ဘက်မှာမှ ဖြစ်နိုင်ခြေမရှိသော ဒီလိုမိန်းမရိုင်း တစ်ယောက်ဆီကအချစ်ကိုများ ဆယ်နေ မျှော်လင့်ပြီး အရည်ပျော်ကျနေ တာကို အံ့ဩသည်။

"သူ လက်မှတ်ထိုးချင်စိတ် ပေါက်လာတဲ့နေ့ တစ်ရေးနိုးပဲဖြစ်ဖြစ် ထထိုးလိုက်ရင် အများကြီးပိုင်သွားမှာ၊ လောဘကြီး အီးလောက်ရဆိုတာ ကို မမေ့ဖို့လဲ သတိပေးလိုက်ဦး"

"မမ ကျွန်တော်လာတာ ဒါကိုယူပေးဖို့မဟုတ်ဘူး၊ သူလဲ လိုချင်မှာ မဟုတ်ဘူး"

"ဘာလို့ မလိုချင်ရမှာလဲ၊ သူ့အဖေက လူလိမ်ကြီးလေ၊ သူ့သားက အမွေမမက်ဘဲနေမလား၊ ယူသွား၊ မင်း ပြန်လို့ရပြီ"

ကင်း နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ နည်းနည်းလေးမှ နောက်ပြန်ငဲ့မကြည့်တော့ပါ။ လှေကားခြေရင်းက အဖြတ်မှာ ဒေါ်နီတာ နှင့် ရင်ဆိုင်မိလိုက်၏။ ဒေါ်နီတာသည် မျက်ရည်ဝေ့ဝေ့နှင့် မော့ကြည့် လျက် တစ်ခုခုပြောတော့မလိုပြင်သည်။ ပြီးတော့ ဘာမှမပြောဘဲ နောက် ပြန်လှည့်သွား လေသည်။ နေရာမှာ ရပ်ကျန်ခဲ့ရင်း ကင်းနားထဲမှာ ဦးစိုးခ ၏စကားတို့ကို ပြန်သတိရလာခဲ့၏။

"သမီးရဲ့မင်္ဂလာပွဲပြီးရင် သမီးရဲ့ဒေါ်လေးကတော့ ဆယ်နေ့နောက် ကို သူ လိုက်သွားတော့မယ်တဲ့"

"အစကတည်းက သားသမီးမရှိခဲ့တဲ့သူဆိုတော့ သမီးကိုလဲ သူ ချစ်တာပဲ၊ ငယ်ငယ်လေးကတည်းက ပြုစုစောင့်ရှောက်ခဲ့ရတဲ့ ဆယ်နေ့ ကိုလဲ သူ ချစ်ခဲ့တယ်"

"အမွေမယူဘဲ အုပ်ထိန်းသူလဲမရှိနဲ့ ဒီတိုင်း လွှတ်ပေးလိုက်ရင် ကောင်လေး ပျက်စီးသွားမှာပဲလို့ သူ တထစ်ချ တွက်နေတာ"

"အဲဒါကြောင့် သူ ဦးလေးကိုခွင့်တောင်းထားတယ်၊ ဆယ်နေ့ အတွက်



www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက ငိုချည်းပဲနေတော့ ဦးလေးလဲ မပြောသာတော့ဘူး”

ထွက်သွားသည့် ဒေါ်နီတာ့ကျောပြင်ကိုလိုက်ကြည့်ရင်း ကင်း နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ မနေချင်တဲ့လူ သွားပေ့ါ။ ကိုယ်က နှင်လွှတ်တာမဟုတ်ဘဲ သွားမယ်ဆိုတာကို တားဖို့လည်း သူမ စိတ်မကူးပါ။

လက်ထပ်တော့မို့ ဆုံးဖြတ်လိုက်ကတည်းက သတ်မှတ်ထားခဲ့သည်။ နောက်ကို ပြန်မကြည့်နဲ့ ရှေ့ကိုလည်း မမြင်အောင်နေ၊ သံယောဇဉ်ကိုလည်း ထားခဲ့လိုက်၊ အချစ်ကို ပိုက်ပွေ့ဖို့ကိုရှောင်၊ ဒါပါပဲ။ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဟာလည်း အချစ်နှင့်ပတ်သက်ခဲ့တာ မဟုတ်ပါ။

ယောကျ်ားတစ်ယောက်ကို အရွယ်မတိုင်မီ ရူးသွပ်ခဲ့ပြီးသည့်နောက်မှာ ထိုအမှားတစ်ခုတည်းနှင့် တစ်ဘဝစာ ပူလုံခဲ့ပါပြီ။

မိဘစကား နားမထောင်၍ သားတစ်ကောင်နှင့် တိုးလိုတွဲလွဲဆိုတာမျိုး ကင်း ဖြစ်ခဲ့ရသည်။ ထိုအမှားကို ကင်း မမေ့နိုင်သရွေ့ အိမ်ထောင်ပြုဖို့လည်း မစဉ်းစားတော့ဟု စဉ်းစားထားခဲ့သည်။

ဒါပေမယ့် အခု ဖိတ်စာတွေတောင် ဝေခဲ့တဲ့အထိ ဆုံးဖြတ်ခဲ့မိတာ ဘာကြောင့်မှန်းမသိ။

ဆယ်နေ့ကကော အမွေတွေကို လာမယူခဲ့တာ ဘာလဲ၊မာယာလား။

ဒီစာချုပ်စာတမ်းတွေကို သိမ်းဆည်းရင်း တစ်နေ့နေ့ရောက်လာမှာပဲ ဆိုပြီး သူမ ဘာဖြစ်လို့ စောင့်နေခဲ့တာလဲ။

တကယ်ဆို သတ်မှတ်သည့်ရက်မှာ ရောက်မလာလျှင် သူ ခံစားခွင့်မရှိတော့တာ တရားဝင် ကြေညာပြီးသား။ ဘာပဲဖြစ်ဖြစ် ခုတော့လည်း တစ်ဖက်လှည့်နဲ့ လာယူသွားတာပါပဲ။ သူငယ်ချင်းဆိုသူကို သတိရကာ ကင်း နှုတ်ခမ်းလေးမှာ လှောင်ရိပ်ထင်သွားသည်။

လွမ်းလောက်လို့လား။





အခန်း (၃၂)

သတို့သမီးခြံဝန်းထဲမှာပဲ ညဘက် ဧည့်ခံပွဲ တခမ်းတနားလုပ်ဖို့ စီစဉ်ကြတော့ မောင် ‘ပတ္တမြားစံအိမ်’မှာပဲလုပ်ချင်သည်။

ကင်းက ‘ပတ္တမြားစံအိမ်’ကိုဖွင့်ဖို့ လုံးဝစိတ်မကူး။ လက်ရှိနေသည့်ခြံဝန်းမှာပဲလုပ်ဖြစ်ခဲ့သည်။ ထုံးစံအတိုင်း မနက်ပိုင်းမှာ လက်မှတ်ထိုးပြီး ညစာမွေးဧည့်ခံဖို့ အစီအစဉ်ကျတော့ ကင်းက လက်မခံ။

“ကင်း လက်မှတ်မထိုးချင်ဘူး မောင်၊ လက်မှတ်ထိုးတဲ့ အလုပ်ကိုဒီ ဘယ်တော့မှမလုပ်ဘူးလို့ ဆုံးဖြတ်ထားတာ၊ နင်နဲ့ငါ ဒီအတိုင်းလဲ အကြင်လင်မယားပါပဲ”

ကင်းက ဤသို့ဆုံးဖြတ်ခဲ့သည်။ သည်းခံခွင့်လွှတ်နေခဲ့ရတာက ဒီတုန်းကတည်းကမို့ မောင့်အတွက်တော့ မဆန်းတော့ပါ။ ဒါပေမယ့် လူကြီးတွေဘက်ကကြည့်တော့ ကင်းဘက်က တစ်ဖက်သတ်ဆုံးဖြတ်နေတာတွေ များလာသလို ဖြစ်ခဲ့၏။

သူက ကင်းမှကင်း။ တခြားမိန်းမတွေ ဖွဲဆန်ကွဲဖြစ်နေသဖြင့် မိဘတွေက ကြည့်နေခဲ့သော်လည်း ပတ်ဝန်းကျင်မှာ သတင်းတွေရှိနေခဲ့ဘ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အစကတည်းက မကြည်လင်ခဲ့တာတွေလည်းရှိသည်၊ ဘာ အကြောင်းတွေပဲရှိနေနေ...

နှစ်ဖက်ပုဂ္ဂိုလ်တို့၏ အတွင်းစိတ်သန္တာန်တွေမပါဘဲ ညှိခံပွဲကတော့ ပရိသတ်အပြည့်နှင့် စည်ကားနေသည်သာ။

"မင်း ဘယ်လိုဖြစ်နေတာလဲ နီတာ၊ မျက်ရည်တွေကို သုတ်လိုက်စမ်း၊ ဟိုမှာ ကင်းက မင်းကို သတိထားမိနေပြီ"

လူတွေနှင့်ခပ်ဝေးဝေးမှာ ကျိတ်ငိုနေကာမှ ဦးစိုးခ ရောက်လာပြီး ကြိတ်ဆူသည်။ ပြောတော့မှ ပိုငိုချင်ကာ ဒေါ်နီတာ မျက်ရည်သုတ်လို့မနိုင်တော့ပေ။

ရောင်စုံမီးအလှများနှင့် ပြိုးပြက်လက်နေသော မင်္ဂလာပွဲ ကြီးမှာ မိဘနေရာကနေ ဝင်ရောက်ညှိခံပေးရင်း မျက်ရည်က မခိုင်တော့သဖြင့် လူကွယ်ရာ ပြေးခဲ့ရခြင်းပါ။

ကင်းကတော့ လုပ်သမျှ အဆင်ပြေနေသည်။ ကင်းနဲ့ ဆယ်နေ့ ဘာလိုလိုသတင်းတွေဖြစ်ခဲ့တာ အတူတူတောင်မှ ဆယ်နေကတော့ ပိုင်းလုံးဘဝရောက်ပြီး လေလွင့်သွားခဲ့သည်။

ကင်းကျတော့ ဘာမှလည်းမထိခိုက်၊ ကဲ့ရဲ့ဝေဖန်တဲ့သူ ဘယ်သူမှ မရှိဘဲ ခံ့ခံ့ညားညားကြီး မင်္ဂလာပွဲ ကျင်းပနိုင်သေးသည်။

ဆယ်နေ့မျက်နှာလေးကို သတိရလိုက်သည်နှင့် ဒေါ်နီတာ မျက်ရည် ထိန်းလို့မရတော့ပေ။ ဘယ်ဘက်ကိုကြည့်ကြည့် သားသမီးလေးတွေ ဒါကြောင့် ဘယ်ဘက်ကမှကြည့်၍ ဘက်လိုက်ပြီးကျတဲ့မျက်ရည်မဟုတ်

အထူးသဖြင့် ကင်း မင်္ဂလာဆောင်လိုက်ခြင်းကြောင့် သားလေး ဘယ်လိုဖြစ်နေလောက်ပြီကိုသိနေသဖြင့်ရင်ထဲမှာမချိအောင်ခံစားရသည်

ကင်းကို မြင်ဖူးလိုက်ပြီဆိုကတည်းက သားလေး အချိုး တွေပြောင်း ခဲ့သည်။ ချစ်တဲ့စကားတွေ ဖွင့်မပြောခင်ကတည်းက သားရင်ထဲ





ဒေါ်နီတာ မြင်နေခဲ့သည်။ ဟိုတစ်နေ့က သားရဲ့သူငယ်ချင်းကောင်လေး လာခဲ့တာလည်း ပြောသမျှကို သူမ အကုန်ကြားခဲ့သည်။

ခုလောက်ဆို သားလေး အလူးအလိမ့် ခံစားနေရရှာတော့မည်။ ထို့ကြောင့် ဒီမင်္ဂလာပွဲပြီးရင်တော့ သူမ သွားတော့မည်။ ဆယ်နေ့ကို ထိန်းသိမ်းစောင့်ရှောက်ရင်းနှင့်ပဲ ဘယ်လိုဘဝ မျိုးနှင့်ဖြစ်ဖြစ် နေဖို့ ဆုံးဖြတ်ထားခဲ့၏။

"နီတာရယ် နှစ်ယောက်စလုံးက သားသမီးပဲမဟုတ်လား"

ရှိုက်သံမပွင့်တပွင့်ထွက်လာသော ဇနီးကို ငုံ့မိုးကြည့်ရင်း ဦးစိုးခ၏ ခေါသံတွေ လျော့ကျသွားခဲ့သည်။

"မင်းလဲ ကောင်လေးဆီကို သွားနေဖို့ ဆုံးဖြတ်ပြီးပြီ၊ ငါလဲ ခွင့်ပြုတယ်၊ မင်း စိတ်ချမ်းသာသလိုနေပါ၊ ငါတို့ ဒီကလေးနှစ်ယောက်ကို တစ်ယောက်စီ တာဝန်ယူကြဖို့ ဆုံးဖြတ်ခဲ့ကြတာ မဟုတ်ဘူးလား၊ မင်္ဂလာပွဲမှာတော့ ရုပ်ပျက်ဆင်းပျက် မလုပ်ပါနဲ့၊ ကောင်လေးကို အမြင် မကြည်လင်တဲ့ ကင်းရဲ့မျက်လုံးထဲမှာ တို့တွေရောပါကုန်ရင် နှစ်ယောက် လုံးကို ဆုံးရှုံးကြရမှာ"

ဒေါ်နီတာ စကားပြန်မပြောပေမယ့် ခေါင်းညိတ်ရင်း မျက်ရည်သုတ် သည်။ လွှားခြုံထားသည့်ပဝါပါးက ပွဲတိုင်ပဝါလေးမို့ မျက်ရည်သုတ်လို့ လည်းမကောင်း၊ ဖြိုင်ဖြိုင်ကျခဲ့သော မျက်ရည်တို့က ပဝါမှာလည်း မစွန်း၊ ပါးပေါ်မှာလည်း မခြောက်။

ထိုစဉ် အနားသို့ လူရိပ်တစ်ရိပ် မထင်မှတ်ဘဲ ရောက်လာခဲ့၏။

"အန်ကယ်လ်စိုး"

"ဟော"

သတို့သား မောင်က မကြည်လင်သည့်မျက်နှာနှင့် နှစ်ယောက်စလုံး ဆီ ဝေ့ကြည့်ကာ ဒေါ်နီတာ ငိုနေတာကို ရိပ်မိသွားသည်ဖြစ်လျှက်...



www.burmeseclassic.com

www.burmeseclassic.com



"ညှော်ခံပွဲထဲမှာ ဆယ်နေ့ကဲ ရောက်နေယ်"

"ဟင်..."

ဦးစိုးခ ဆတ်ခနဲဖြစ်သွား၏။ ဒေါ်နီတာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ညှော်ခံပွဲဆီကို လှမ်းကြည့်လေသည်။ မောင်က ဒေါ်နီတာ့မျက်ရည်တွေကို ထပ်၍စိုက်ကြည့်ကာ...

"အားတော့နာပါတယ် အန်တီ၊ ဒါပေမယ့် သူက စားပွဲထိပ်မှာ ပုလင်းထောင်ပြီး ပမာမခန့်လုပ်နေတာ"

"အို"

လင်မယားနှစ်ယောက်စလုံး တစ်ယောက်က တိုက်ပုံတကားကား။ တစ်ယောက်က ပဝါကို ဖြစ်သလိုဆွဲတင်၍ တကားကားနှင့် ညှော်ခံပွဲထဲ ပြန်ရောက်လာခဲ့သည်။

တွေ့ပါပြီ၊ ခေါင်းစွပ်ဆွယ်တာလက်ရှည်အနက်၊ ဘောင်းဘီရှည်အနက်နှင့် လက်နှစ်ဖက်စလုံးမှာ သားရေလက်ပတ်တွေ ရှိနေသည်။ ပြီးတော့ အလယ်ခွဲဆံပင်တွေ၏အောက်မှာ နဖူးစည်းအနက်ကို မြင်နေရ၏။

သူများမင်္ဂလာပွဲမှာ တစ်ကိုယ်လုံး နက်မှောင်နေအောင် ဝတ်ဆင်လျက် ရှေ့ပိုင်းကျကျ အလယ်စားပွဲမှာ တစ်ယောက်တည်း။

အဝါရောင်တွေရှိနေသည့် ခပ်ပုပုပုလင်းပြားလေးကို ထောင်ထားသည်၊ လက်ထဲမှာ ထိုအဝါရည်တွေတစ်ဝက်နှင့် ဖန်ခွက်ကိုကိုင်လျက်...

နှုတ်ခမ်းလွှာများမှာ ဖန်ခွက်ကိုတေ့မော့ရင်း ပုစွန်ဆီရောင်ဝတ်စုံနှင့် ကင်းထံမှာ သူ့မျက်ဝန်းတွေကို စူးစိုက်ထားသည်။ ကင်းက ညှော်သည်တွေကို နှုတ်ဆက်နေရာမှ မီးဝင်းဝင်းလက်သောမျက်လုံးများနှင့်ကြည့်၏။

စားပွဲတိုင်းမှာ အပြည့်ရှိနေသော လူတွေအားလုံးနီးပါးက ဆယ်နေ့ကို လှမ်းကြည့်လာ၏။ ပြီးတော့ ခေါင်းချင်းဆိုင်၍ တီးတိုးစကားတွေ ဆိုကုန်





ကြသည်။ နောက်ထပ် ကင်းထံသို့ မျက်လုံးတွေ ပြေးရောက်လာကြ၏။ ကင်းမျက်နှာက မိတ်ကပ်ရောင်တွေထက် နီရဲတက်လာ၏။ နောက်ဆုံးမှာ တွက်မိသည်က ဒါ မရှင်းလို့မပြီးသည့်ကိစ္စ။

ကင်း၏ခြေလှမ်းတွေ ထိုနေရာသို့ ရွေ့လျားသွားသည်နှင့် ပွဲကြီးပွဲကောင်းကြည့်ရတော့မည်ကဲ့သို့ ညှော်ခံပွဲက မသိမသာ တိတ်ကျသွား၏။ ကင်းက ဆယ်နေ့ထိုင်နေသည့်စားပွဲဘေး မှာ တောင့်မတ်စွာရပ်သည်။

"မမ"

အရက်ရှိန်ကြောင့် နီမြန်းမြန်းဖြစ်နေသည့် ဆယ်နေ့ပုံစံက သိပ်မူးနေပုံတော့ မရှိသေးပေ။

"မမ သိပ်လှတာပဲဗျာ၊ ပျော်နေမှာပေါ့နော်"

မော့ကြည့်၍ပြောနေရင်း မျက်ရည်တွေ ပြည့်သိပ်လာသည့်မျက်ဝန်းများကိုကြည့်၍ ကင်း မျက်ဝန်းတွေကို ဖျတ်ခနဲလွှဲပစ်မိသည်။

လွှပ်ခတ်တုန်ယင်သွားခဲ့သော ရင်တွင်းတစ်နေရာမှာ ကြာရှည်စွာငြိမ်သက်ဘဲဖြစ်နေလေသည်။ ယောကျ်ားမဆန်သော ယောကျ်ားတစ်ယောက်ကို ဆုံစည်းခဲ့ဖူးသည့် သူမမျက်လုံးထဲမှာ မျက်ရည်ကျတတ်တဲ့ ယောကျ်ားကိုကျတော့ အထင်မြင်သေးစွာ မဲ့ပစ်လိုက်ဖို့က မေ့သွားခဲ့သလား။

ဆယ်နေက နေရာမှထ၍ဘေးထွက်ရပ်လိုက်တော့ ကင်းနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

လူအားလုံး တိတ်ကျသွားကြ၏။ ကင်းနှင့်ဆယ်နေ့ကို ရပ်ရှင်ရိုက်နေသည့် မင်းသားနှင့်မင်းသမီးလို ပြောင်ပြောင်ပဲ ဝိုင်းကြည့်လာခဲ့ကြသည်။

"မမ"

ဆယ်နေ့မျက်လုံးတွေက တစ်လောကလုံးမှာ သူနှင့်ကင်း နှစ်ယောက်တည်းရှိနေသည့်နှယ်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းမျက်နှာလေးကို စူးစိုက်ကြည့်နေခဲ့၏။ ပတ္တမြားကုံးတွေ ဆံထုံးမှာ ပြွတ်သိပ်ပတ်ခွေထားထားလျက် နီရဲသောနှုတ်ခမ်းလွှာတို့ကို စေ့ပိတ်ထားသည့် ကင်းကို စူးစိုက်ငေးဝဲကြည့်လို့မဝနိုင်။ အနီဘက်ပါသော ဝတ်ထားသည့် ပုစွန်ဆီရောင်နှင့်ကင်းက မီးရောင်အောက်မှာ ရင်သပ်ရှုမောအောင် လှနေသည်။

"မမကို နောက်ဆုံးလာကြည့်တာပါ"

ပြောပြီး မျက်နှာငုံ့လိုက်တော့ လူက ယိုင်ခနဲဖြစ်သွား၏။ လက် ထောက်လိုက်သည်က အနီရောင်ဖိုင်ကလေးပေါ်မှာဖြစ်ကာ ကောက်ယူလိုက်၏။

"ဟိတ်ကောင်"

ဒေါ်သကို ဘယ်လိုမှမထိန်းနိုင်ဘဲ လှမ်းခေါ်ပြီး ခြေလှမ်း ဆက်လှမ်းတော့ မောင့်ကို ဖခင်ဖြစ်သူက ဆွဲဖမ်းထားလိုက်၏။

"မင်း ငါတို့အရှက်ကို ထပ်မခွဲနဲ့ နေပါစေ"

လူပုံအလယ်မှာ မောင် အံတကြိတ်ကြိတ်နှင့် သည်းခံနိုင်စွမ်းမဲ့နေ၏။ သို့သော် သူ့မှာ ပေါက်ကွဲခွင့်မရ၊ အရက်ပုလင်းထောင်၍ ရမ်းကားရဲသည့် ကောင်ကျတော့ လုပ်ချင်တိုင်း လုပ်ခွင့်ရနေသည်၊ ပြောချင်တိုင်းပြောခွင့် ရနေ၏။

"သား... သားလေး"

ဒေါ်နီတာကတော့ အပြစ်တွေ ဖြစ်သထက်ဖြစ်မှာစိုးကာ ဆယ်နေ့ကို ပြေးတွဲလိုက်၏။

"ပြန်ပါ သားရယ်၊ မင်းမမကို နှုတ်ဆက်ပြီးပြီမဟုတ်လား"

ဆယ်နေ့က လှည့်ကြည့်ရှုကြည့်ပြီး ဒေါ်နီတာ ကိုင်ထားသည့် လက်ကို ရုန်းသည်။ မျက်ဝန်းတို့က ကင်းဆီမှာပဲဖြစ်ကာ...

"မမ ဒါတွေပြန်ယူလိုက်ပါ"





အနီရောင်ဖိုင်ကို ထိုးပေးသည်။ ကင်းက မယူတော့ လက်တစ်ဖက်ကိုဆွဲယူလိုက်ပြီး အံတင်းထည့်ပေးကာ...

"စည်းစိမ်ဥစ္စာကြောင့် ကျွန်တော် ဘဝပျက်ခဲ့ပြီးပြီ မမ၊ မလိုတော့ဘူး။ ယူလဲမယူချင်ဘူး။ မမတို့အတွက် လက်ဖွဲ့ပါတယ်"

ကင်း မျက်ခုံးလေးနှစ်ဖက် လှုပ်ခနဲ၊ ဆတ်ခနဲ လူးလွန့်နေသည်။ နှုတ်ခမ်းလွှာတို့က မသိမသာ တုန်ယင်လာ၏။ သူမ စကားတစ်စုံတစ်ရာပြောဖို့ ကြိုးစားနေရင်း တစ်ခွန်းတလေ မှ မထွက်နိုင်ခဲ့ဘဲ ဖြစ်နေခဲ့သည်။

ရင်သပ်ရှုမော ကြည့်ငေးနေကြသည့်လူတွေရှေ့မှာ ကောင်လေးသည် ပါးပြင်တစ်ဖက်မှ မျက်ရည်စနှင့်ဖြစ်ကာ ကင်းက ထိုမျက်ရည်များကိုငေး၍ အတိတ်မေ့နေပြီလိုလို။ ဆယ်နေက မျက်လုံးပေါ်ထိ ထောက်ကျလာသည့် ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး မချိတရိပြုံးတာ...

"မမကို သိပ်ချစ်တယ်"

မကျယ်ပေမယ့် လှတိုင်းကြားလိုက်သည်။ ပြောပြီးတာနှင့် ဆယ်နေလှည့်ထွက်သွားခဲ့၏။ ဝေးကွာပျောက်ကွယ်သွားသည့် ဆယ်နေ့ကျောပြင်ကိုငေးရင်း ကင်း ငြိမ်သက်နေဆဲပင်။

သူ မျက်ရည်တွေကို ညှာတာပေးလိုက်တာလား။ မဟုတ်ပါဘူး၊ ရင်ထဲမှာ မေးခွန်းတွေထပ်နေခဲ့၏။ ချစ်တယ်လို့ ပြောသွားတာကို သာယာခဲ့တာလား၊ မဟုတ်ဘူး။ ကင်း မျက်တောင်တွေ တဖျပ်ဖျပ်ခတ်သည်။

ကိုယ့်ရဲ့ ရက်စက်ပြတ်သားတတ်ခြင်းတွေ ဘယ်မှာ ပျောက်ဆုံးသွားတာလဲ၊ ဒါကိုမသိပါ။ ကင်း ဘေးဘီကိုငေ့ကြည့်ပြီး ယောက္ခမလောင်းဆွေမျက်နှာဆီမှာ အကြည့်တို့ဆုံး၏။ စူးရဲတင်းမာနေကြသည့်မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခဏကြာအောင်တုံ့ပြန်ကြည့်ရင်း ဘေးကို ထပ်ရွေ့လိုက်၏။ ကင်း ခြေလှမ်းမှားခဲ့ပါပြီ။

လှုထုပရိသတ်ရှေ့မှာ ခွင့်မလွှတ်သင့်ဘဲ လွှတ်ပေးခဲ့သည့်အမှားဟာ ပြေရှင်းဖို့မလွယ်ကူမှန်း ချက်ချင်းတွေးမိခဲ့သည်။

ထိုစဉ် မောင့်ကိုလိုက်ရှာတော့ မျက်လုံးတွေက ဧည့်ခံပွဲ၏ တစ်ဖက် အစပ်သို့ ရောက်သွားပြန်သည်။ ဒါ ဘာလဲ၊ ကင်း မျက်ခုံးလေးတွေ တွန့်ကွေးသွား၏။

အဖြူရောင် အနောက်တိုင်းဝတ်စုံနှင့်မောင့်ကို ထင်းနေအောင်မြင်ရသည်။ ပြီးတော့ ဘေးမှာ ဒေါ်လေးနီနှင့်ဦးလေးစိုးက ခလုတ်တိုက်မတတ် ပါနေ၏။

ထို့ပြင် ဟိုးရှေ့တံခါးဆီသို့ ပြေးလွှားသွားကြသည့် အရိပ်တွေ။

ကင်း သိလိုက်ပါပြီ။ နေရာမှ ဖျတ်ခနဲပြန်လှည့်သည်။ ကိုင်ထားခဲ့သည့် အနီရောင်ဖိုင်အုပ်ကို လက်ဖွဲ့ပစ္စည်းတွေတင်သည့် စားပွဲထက်သို့ ပစ်ချထားခဲ့ပြီး...





အခန်း (၃၃)

"ဟိုတ်ကောင် ရပ်လိုက်စမ်း"

နောက်က ပြေးလိုက်လာသံတွေကော၊ ခေါ်သံကော ကြားလိုက်ရ ဆယ်နေ့ခြေလှမ်းတွေ ရပ်သွားသည်။ နောက်လှည့်ကြည့်ဖို့ အလှည့်မှာ ခရီးမဆုံးလိုက်ဘဲ ခွပ်ခနဲ မီးပွင့်သွား၏။

"ခွေးသူခိုး၊ သူများမင်္ဂလာပွဲမှာ ရမ်းကားချင်တဲ့ကောင် ကဲကွာ" ဆယ်နေ ဖျတ်ခနဲရှောင်လိုက်သည်။ ဒုတိယလက်သီးချက် လွဲသွား ယ်ကို ချက်ချင်းပြန်လှည့်ကာ ပိတ်ကန်ပစ်ဖို့က စိတ်ကူးထဲမှာပဲ း၏။ အကောင်းတိုင်းဆို နှစ်ယောက်သုံးယောက်လောက်ကို ရာလိုပေမယ့် သူ အခု မူးနေခဲ့သည်။

တ်ခနဲရှောင်ပစ်လိုက်နိုင်ပေမယ့် လိုသည့်အရှိန်ထက်ပိုကာ လူက င်သွား၏။ ဗိုက်မှာ အင့်ခနဲ အကန်ခံလိုက်ရသည်။ နာကျင်သွား ခေါသကြောင့် သတိဝင်လာ၏။ ကြည့်လိုက်တော့ သူ့ကို ဝိုင်းပတ် နေကြတာ သုံးယောက်။

ယ်သူတွေမှန်းမသိပေမယ့် ဘာကြောင့်ဆိုတာ ချက်ချင်း သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘယ်သူ့လက်ချက်ဆိုတာလည်း တွေးမိလိုက်၏။

ဒေါသနှင့်ခေါင်းထောင်လာသော သူ့ထံမှာ တုံ့ပြန်မှုတွေ တရကြမ်း ဖြစ်လာ၏။ ပိုလူသုံးယောက် ဒဏ်ရာကိုယ်စီနှင့် နောက်ကို နည်းနည်း သွားကြသည်။

သို့သော် လှုပ်ရှားမှုတွေ ခဏရပ်ပစ်လိုက်တာနှင့် ခေါင်းထဲမှာ တရိပ်ရိပ် တက်ဆောင့်သည်။ နောက်ကို ခြေနှစ်လှမ်းခန့် ယိုင်သွား ရိပ်ခနဲကန်ပစ်လိုက်တာကို မရှောင်နိုင်တော့ပေ။

"ချကွာ၊ မှတ်လောက်အောင်ဆုံးမခဲ့"

စကားသံတွေကိုကြားသည်။ လက်သီးချက်တွေ၊ ခြေကန်ချက်တွေ ဆက်တိုက်ဝင်လာ၏။ ဆယ်နေ ဘယ်လိုမှ ခုခံနိုင်စွမ်း မရှိတော့ ခုချိန်ကျမှ မူးဝေနေခြင်းတွေကိုဖယ်ဖို့က နောက်ကျသွားခဲ့ပြီဖြစ်သည်။

"ကင်း"

ပြေးလာသည့်ကင်းကို ခြံဝကနေ မောင်က ပိတ်တားလိုက်၏။ မောင် မျက်နှာက ဒေါသများကြောင့် တင်းမာခက်ထန်နေသည်။ အမြဲတမ်း လိုက်လျောနားလည်ပေးခဲ့သည့် သူငယ်ချင်းဆိုသော အကြည့်မျိုး မရှိတော့၊ အမူအရာတွေ ပျောက်ဆုံးနေခဲ့သည်။

"မင်း ဘယ်သွားမလို့လဲ၊ ဟိုမှာ ညှိခံပွဲမပျက်အောင် ငါ ထိန်းနေတာ ကင်း၊ မဟုတ်ရင် ဒီကောင့်ကို ခုနကတည်းက အမှန်ကြိတ်ပစ်မှာ"

ကင်းက ကာဆီးထားသည်မောင့်ကို လက်နှစ်ဖက်နှင့် အားရှိသလို တွန်းဖယ်ပစ်လိုက်၏။ ပက်လက်လဲကျတော့မလို ဖြစ်သွားပြီး မလဲခဲ့ မောင်က ကင်းလက်ကို အမိအရ ပြန်ဆွဲထားကာ..

"ပြောနေတာ မကြားဘူးလား"

"မကြားဘူး၊ ပြဿနာတစ်ခုကို ဒီလိုအောက်တန်းကျကျ မဖြေရှင်းနဲ့ မောင် ငါ မုန်းတယ်"





"သြော်.. ဟိုကောင်မူးပြီး အားလုံးရှေ့မှာ လာလွှမ်းပြတာကျတော့ ဆင့်အတန်းမြင့်တယ်ပေါ့၊ ယောကျ်ားပီသစွာ ဖြေရှင်းတယ်ပေါ့ ဟုတ် း"

ကင်းက သူ့လက်ကို ပုတ်ခါထုတ်ပစ်၍..

"မသိဘူး၊ ဒါပေမယ့် လူဘုံအလယ်မှာ သူ ပြောရဲလို့ လာပြောတာ နင် ရှင်းချင်ရင် အဲဒီမှာပဲ ရှင်းပစ်လိုက်လို့ရတယ်၊ နင် လက်ညှိုးထိုး တ်တာနဲ့ သူ့ကို ဆွဲထုတ်ပေးမယ့်လူတွေ အများကြီးပဲ၊ ဘာဖြစ်လို့ င်းတာလဲ"

မောင် ပါးစပ်ပိတ်သွား၏။ ရုတ်တရက် ဒေါသတွေ ပါးစပ်ထဲထိ တက် အလုံးလိုက်ကျပ်ခဲနေတာပဲရှိသည်၊ ပြောလို့မရ။

"ဖယ်ပေး ဖယ်"

ငိုင်သွားသည့်သူ့ကို တွန်းဖယ်ပြီး ကင်း ပြေးထွက်သွားသည်။ သူ င်းကို လိုက်ဆွဲစဉ် နောက်မှာ ဦးစိုးခလည်း ပြေးလိုက်လာ၏။

"ဟိတ် ရပ်လိုက်စမ်း ရပ်နော်၊ အကုန်လုံးကို ဒီချုပ်ထဲ ဆွဲထည့်ပစ်

သတိုးသမီး ပြောလာအော်လိုက်သဖြင့် အားရိုပါးရို ကိုင်ထားသည့် ယောက် ရပ်တန့်သွားကြ၏။ ခြံထဲကမီးရောင်ဖြင့် မြေပြင်မှာ လဲကျ သည့် ဆယ်နေ့မျက်နှာ လူလုံးမပေါ်တော့တာကို ကင်း မြင်လိုက်ရ၏။ ရင်ထဲမှ ကျဉ်ခနဲနင့်သွားကာ အနီးဆုံးမှာရှိသည့်လူတွေ၏ပါးပြင်ကို ပြန်လွှဲရိုက်ပစ်လိုက်၏။

"ကင်း"

ခံရသည့်လူ ယိုင်နဲ့သွားရင်း အံ့သြတကြီးဖြစ်နေစဉ် ကင်းလက်ကို င်က နောက်ကနေ ဆောင့်ဆွဲပစ်လိုက်၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာတွေဖြစ်သွားတာလဲ၊ ငါ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



နားမလည်တော့ဘူး ကင်း၊ မျက်စိတွေလည်ကုန်ပြီ၊ ဒီကောင်က နင့်
ရန်သူတော်ကြီးမဟုတ်ဘူးလား၊ တကယ်ဆို နင်ကိုယ်တိုင် ဒီလိုလုပ်ရ
မဟုတ်ဘူးလား"

ဒီတစ်ခါ မဖြေနိုင်သူ ကင်း ဖြစ်နေခဲ့၏။ ဆယ်နေ့ကို နာကျင်
သော ဟိုလူတစ်ယောက်၏ပါးကို ရိုက်ချပစ်လိုက်သည့်အရှိန်ကြောင့်
လက်မောင်းထိပင် တက်အောင့်နေ၏။ ဘာဖြစ်လို့ ဒီလောက်ထိ
ဖြစ်သွားခဲ့မှန်းမသိ။

"ဒီကောင့်ကို ဘဝပျက်စေချင်တာတွေ၊ ကလဲ့စားချေချင်တာ
အခု ဘယ်ရောက်ကုန်ပြီလဲ"

ဦးစိုးခ ပြန်လှည့်ပြေးသွားခြင်း၊ ကားထုတ်လာခြင်းနှင့် ဆယ်နေ့
ကားပေါ် ထမ်းတင်သွားခြင်း အားလုံးအား သူတို့နှစ်ယောက်စလုံး မြင်
ရသည်။ မောင်ဦ ခိုင်းသည့်အတိုင်း ယူမိုက်လုပ်နေကြသည့် သုံးယောက်
ဂျစ်တန်ကန်ပေစောဉ်း စောင်းနှင့်လက်သီးပြင်နေဆဲ။

မောင့်မျက်နှာပေါ်မှာ အံကြိတ်လိုက်၊ ပြောမည်ပြင်ပြီးမှ ပြန်မျို
စကားလုံးရွေးနေရပိုက် အမျိုးမျိုးပြောင်းလဲနေကာ နောက်ဆုံး
ဘယ်လိုမှထိန်းရှေ့ဝမရတော့သလို ကင်းပခုံးနှစ်ဖက်ကို ဆောင့်ခနဲဆွဲ
ပစ်လိုက်၏။

"ကင်း နင် မဟုတ်တော့ဘူး၊ နင့်လုပ်ပုံတွေ မဟုတ်တော့ဘူး သိလား
မာမီ တဖွဖွ သတိပေးနေတာကို ဂရုမစိုက်ဘဲ ငါက နင့်ရဲ့အမုန်း
အငြိုးတွေကိုပဲယုံကြည်ခဲ့တာ ခုတော့ သွားပြီ၊ သူများတွေပြောသ
ဒီလောက်ယေ်ယေ်ချောချော ချာတိတ်လေးက အနားမှာကပ်ပြီး
နေမှတော့ ဘာခံနိုင်မှာလဲတဲ့"

ကင်းမျက်နှာ ဆတ်ခနဲမော့လာသည်။ မောင်ကလည်း နောက်
ဆုတ်ဖို့ စိတ်ကူးရှိပုံ မပေါ်တော့ဘဲ...





"နင် ငါ့ကိုပြောစမ်းပါ၊ အဲဒီကောင်လေးက နင့်ရဲ့ဘာလဲ၊ ငါက နင်နဲ့
ဘာလဲ၊ နင့်ရင်ထဲကို မြင်အောင် ငါ မကြည့်တတ်တော့ဘူး၊ အဲဒါကို
ပြောပြစမ်းမပါ ကင်းရာ၊ ငါ့ရဲ့သည်းခံနိုင်မှုက ဒါ အကုန်ပဲ"

"ဟုတ်တယ်၊ နင့်ကို ငါ လက်ထပ်မယ်လို့ ခေါင်းညိတ်ခဲ့တာ လက်
ထပ်ခြင်းဖြစ်မြောက်ဖို့အပြင် ဘာမှမပါဘူး၊ အဲဒါ အမှန်ပဲ"

"ဘာ"

မာနရောင်နှင့်လက်နေသည့် ကင်းမျက်ဝန်းက မျက်ရည်စကို မောင်
မြင်နေရသည်။ သူတို့၏ပဋိပက္ခအတိုင်းအတာကို တွက်မိသွားကာ
လူမိုက်သုံးယောက်က လှည့်ထွက်သွားကြသည်။

ခြံပြင်တံခါးဝနှင့်အတော်လှမ်းလှမ်းမှာမို့ ညှော်ခံပွဲထဲက လူတွေ မရိပ်မိ
ကြဘူးထင်သည်။ သတို့သမီးကတော့ သတို့သားကဲ့သို့ အဖြူရောင်
မဟုတ်သောကြောင့် အလင်းရောင် မှုန်ပျပျမှာ ထင်းထင်းကြီးဖြစ်မနေပါ။

ပြုံးခနဲပြက်ခနဲလက်နေခြင်းများနှင့် ပြည့်သိပ်သောမာနတွေကို
ထမ်းပိုး၍ရပ်နေသည်။ မောင် အသားများပင် တုန်ချင်မိသည်။ ဆုပ်လည်း
စူး၊ စားလည်းရူးရတော့မည့် သူ့အဖြစ်က ကင်းကို စေ့စေ့ကြည့်နေရင်း
ဒေါသတွေက တော်တော့ဖို့ လက်ပြနေသည်။ လောဘတွေက မရပါ။

ကင်းကို လက်ထပ်ရခြင်းမှာ ကင်းရဲ့အချစ်ကိုပါ သိမ်းပိုက်ခြင်းဖြင့်
သာ လက်ထပ်လိုသည်။ ကင်းမှာ ချစ်သူမရှိ၊ ဟိုတုန်းကလည်း ဆယ်
ကျော်သက်အရွယ်လေးမို့ ခြေလှမ်းမှားခဲ့တာ၊ သူမနှလုံးသားမှာ အရာ
မထင်ခဲ့ဘူးထင်သည်။

ခုလည်း နာကြည်းချက်တွေပဲ သူမရင်ထဲမှာ ရှိခဲ့သည်ဟု ယုံကြည်စွာ
မှတ်ယူခဲ့ပြီးမှ...

"ကင်း"

သူ ကင်းခြေရင်းမှာ ဝပ်ဆင်းရှီးမည်သား၊ အဘယ်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်လိုမှ သည်းခံခွင့်လွှတ်မှာမဟုတ်သောစကားတွေကို သူ ပြောခဲ့မိပြီ။

"နင် ငါ့ကို နည်းနည်းတော့ညှာတာပါ ကင်းရယ်၊ အခု နင်နဲ့ငါ လက်ထပ်ပြီးပြီ၊ ငါ့အတွက်ထက်ပိုပြီး နင် ဘာမှ ခေါင်းထဲထည့်စဉ်းစားဖို့ မလိုဘူးမဟုတ်လား"

"လိုတယ်၊ အခု လိုသွားပြီ မောင်၊ နင်နဲ့ငါ လက်ထပ်တာလဲ ပွဲက မပြီးသေးဘူးဆိုတော့..."

"ကင်း နင် လွယ်လွယ်လေးမပြောနဲ့"

"ပြောပါစေ သား၊ အဲဒါမျိုးဖြစ်ဖို့ စောင့်ကြည့်နေတာ၊ မင်္ဂလာပွဲ ပျက်တာ ဘာဖြစ်လဲ"

ပဝါကိုခြုံလျက် ထဘီတစ်ဖက်စကိုမ၍ ဒေါ်ယဉ်မင်း ရောက်လာသည်။ သူမနောက် ခပ်လှမ်းလှမ်းမှာတော့ မောင့်ဒက်ဒီ ဦးလေးလွင်။

"မောင် မင်း ယောက်ျားမဟုတ်ဘူးလား၊ ဆုံးဖြတ်သင့်တာကို မဆုံးဖြတ်ရဲဘူးလားကွ ဟေ"

ဘာကိုပြောမှန်းမသိဘဲ ခပ်အုပ်အုပ်ပြောပြီး အနားရောက်လာသည်။

"ကလေးကလားမဆန်ချင်ပေမယ့် ပြောရမှာပဲ၊ အခု ဒီမင်္ဂလာပွဲက ဘယ်သူ့ပွဲလဲ၊ မင်းရဲ့ပွဲလား၊ ဟို မလောက်လေး မလောက်စားကောင်ရဲ့ ပွဲလား"

"ဟုတ်တယ်၊ မင်္ဂလာပွဲလယ်ကောင်မှာ သတို့သမီးကို ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ လာပြောသွားတာ၊ လက်ခံတဲ့သူကလဲ လက်ခံနေတာပဲ၊ အဲဒါ မင်္ဂလာပွဲက ဘာလဲ"

"မာမီ ခဏနေပါဦး"

"နေလို့မရဘူးလေ၊ ဒီပွဲပြီးရင် အားလုံးက ပြီးပြီ၊ ဒီနေရာမှာ မဖြတ်နိုင်ရင် ဘယ်လိုလုပ်ကြမလဲ"





"ဒီမှာ အန်တီ"

"နေကြပါဦးရှင်၊ နေကြပါဦး"

ကင်းက စကားစလိုက်ပြီးမှ ဒေါ်နီတာ ပဝါတလွင့်လွင့်နှင့် အပြေးတစ်ပိုင်း ရောက်လာသည်။ ကင်းလက်ကလေးကို ဆုပ်ကိုင်ကာ ဘေးဘီဝဲယာကိုလည်းလိုက်ကြည့်၍...

"မင်္ဂလာပွဲက အေးအေးဆေးဆေး ပြီးဆုံးသွားမှာပါ၊ အခုက မင်္ဂလာကိစ္စနဲ့ ဘာမှမသက်ဆိုင်ပါဘူး၊ မိသားစု အိမ်တွင်းရေးရှုပ်ထွေးမှု သက်သက်ပါ၊ ဒါ ကျွန်မတို့အတွင်းရေးပါရှင်၊ နောက်ထပ် ဘာမှ အနှောင့်အယှက် မရှိတော့ပါဘူး"

"မိသားစုအတွင်းရေးဆိုလဲ မင်္ဂလာပွဲမှာ ချစ်ကြိုက်တယ် လာပြောတာတွေ ပါစရာလိုလို့လား၊ ကျွန်မတို့က ဒီပွဲကို စ,ကတည်းက အားလုံးကို သားရဲ့သဘောကျပဲဖြစ်ခဲ့တာ"

"အန်တီ"

ကင်းက ဒေါ်နီတာကိုင်ထားသည့်လက်ကို ဖယ်ချပစ်လိုက်သည်။

"အန်တီတို့ မကျေနပ်ဖြစ်နေတာ၊ သိချင်နေတာတွေ ဖြေနိုင်တဲ့သူက ကျွန်မပဲ၊ ကျွန်မကိုပဲ တိုက်ရိုက်မေးလို့ရတယ်လေ၊ ဘာဖြစ်လို့ စကားတွေ ဆဲနေတာလဲ၊ အန်တီတို့ မင်္ဂလာ ပွဲမပြီးဆုံးခင် ပြတ်ပြတ်သားသား တစ်စုံတစ်ရာ ဖြစ်စေချင်တာမဟုတ်လား"

"ကင်း"

မောင်က သိသည်၊ ကင်း တစ်ခုခု ပြောချလိုက်တော့မှာကို ထိတ်လန့်စွာ ရှေ့တိုးလာ၏။ ဒေါ်ယဉ်မင်းက လက်နောက်ပြန်ဝင်၍ တားဆီးထားလိုက်သည်။ ကင်းကတော့ ဆုံးဖြတ်လိုက်ပြီးဖြစ်သည်။ မောင်မှလွဲ၍ အားလုံး၏မလိုလားခြင်းကို ဒီအချိန်မှာ ဂဃနဏ သိလိုက်ရ၍လည်း ဘျူးရှုးတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘ၀နှစ်ခုကို ပေါင်းစပ်ကြရာမှာ သူရယ်ကိုယ်ရယ် နှစ်ယောက်တည်းနှင့် မပြီးဘူးဆိုတာလည်း လက်တွေ့သိလိုက်ရ၏။ ပြီးတော့ ကင်းရင်ထဲက စိတ်ဆန္ဒ၊ ကင်းက ဘာမှမပြောသေးဘဲ ပျာယာခတ်သွားသည့် မောင့်မျက်နှာကို စူးစူးကြည့်၏။ ထိုယောကျ်ားဟာ စောစောလေးတပဲ သ၀န်တိုဒေါသများနှင့် သူမကို လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲခဲ့ပြီးပြီ။

ခု ထပ်၍ တောင်းပန်ခယသော မျက်ဝန်းများနှင့် ကြွေဆင်းနေပြန်သည်။ ယောကျ်ားတစ်ယောက်၏ ခဏလေးအတွင်းမှာ အမျိုးမျိုးပြောင်းသဲပေါက်ကွဲနေခြင်းများအပေါ် နားလည်ပေးဖို့ သည်းခံနိုင်စွမ်းက သူမမှာ မရှိဘဲဖြစ်နေ၏။ ထို့ကြောင့်...

"ကျွန်မကလဲ ပြောချင်ပါတယ်၊ ဒီမင်္ဂလာပွဲဟာ ကျွန်မဘ၀အတွက် ဝတ္တရားအရပဲဖြစ်ပါတယ်"

ပြောနေရင်း မောင့်ကိုကြည့်မိသေးသည်။ ပြီးတော့ ဒေါ်ယဉ်မင်းဘက်ကိုပဲ ပြန်လှည့်ကာ...

"မင်္ဂလာပွဲဟာ ဝတ္တရားအတိုင်း ပြီးဆုံးသွားလို့မဖြစ်နိုင်ဘူးဆိုရင်..."

"ဟော့ တို့ဘက်က စပြီးဖျက်တယ်"

"ဟာ မဟုတ်ဘူး၊ ကျွန်တော် မဖျက်နိုင်ဘူး ဒက်ဒီ၊ ဒက်ဒီ ဘယ်လိုပြောလိုက်တာလဲ"

ကင်းက လွှန့်ခနဲပြုံး၍ တစ်ခွန်းမှမပြောဘဲနေလိုက်၏။ ဒီစကားကိုယ်ကစပြောရင် အလွန်အကျည်းတန်သွားမှာမို့ ကိုယ့်စကားနောက်မျောဝင်လာသည့်ဆုံးဖြတ်ချက်အတွက် ကျေနပ်ပေးလိုက်၏။

ရှက်ရွံ့ဝမ်းနည်းခြင်းဆို၍ အနည်းငယ်မျှပင် မဖြစ်လိုက်ပါ။

"လင်းနဲ့မယားပေါင်းစပ်ကြတာမှာ မိဘပေးစားလို့ ယူကြတာရှိတယ်၊ ကိုယ့်သဘောကျ ရွေးချယ်ကြတာရှိတယ်၊ အခု မင်းတို့ချင်း ချစ်ကြလို့





ဖါတို့တွေက စီစဉ်ပေးရတဲ့ကိစ္စ၊ သူက မေတ္တာမရှိပါဘူးဆိုတာကို ကြေညာပြီးပြီ မင်းက နွားကျခံဦးမလို့လား။ ဟေ့ တော်ပြီ လူပုံအလယ်မှာ လူကြီးလူကောင်း ဖြစ်ဖို့ ဒေါသတွေကို မျိုသိပ်ရင်ကော့မနေနိုင်ဘူး၊ လာ ဒီက နေပြန်မယ်"

"ဟုတ်တယ်၊ အစကတည်းက မကောင်းသတင်းအနံ့တွေ ဟိုကကြား ဒီကကြား၊ ဒီလိုပဲဖြစ်လာမှာပဲဆိုတာ သိပြီးသား"

ဒေါ်ယဉ်မင်းက ကယောင်ချောက်ချားဖြစ်နေသည့် သားကို ဆွဲခေါ်နေရင်း ကင်းကို စူးစိုက်ပြန်ကြည့်၏။

"မင်းက ဒီမိန်းမမျိုးကို တမ်းတမ်းစွဲနေတာ ဝဋ်ကြွေးပဲ သား၊ အခု မင်္ဂလာပွဲထဲမှာ သူတို့ရဲ့နှစ်ပါးသွားခန်းကို လူတွေ ဘယ်လောက်သဘောကျနေကြလဲသိလား၊ ကောင်လေးက အမွေတွေကိုမယူဘူး၊ တော်တော်ချစ်ရှာတယ်၊ သနားပါတယ်နဲ့ ဟွန်း၊ သူ့ရင်ထဲမှာ ဘာဖြစ်ကျန်ခဲ့သလဲဆိုတာကော မင်း မြင်နိုင်လို့လား၊ အလကား ရှုပ်ရှုပ်ယှက်ယှက်တွေ"

"တောက်"

အဆင့်အတန်းဆိုတာ ဒီနေရာမှာ ပြောသွားခဲ့လေသည်။ ဒေါ်ယဉ်မင်းက သူတစ်ပါးကို နှိုက်နှိုက်ချွတ်ချွတ် ကဲ့ရဲ့ရှုတ်ချကာ ပြောရင်း ကျောခိုင်းသွား၏။

ထိုစကားများနောက်မှာ မောင့်မျက်နှာသည် ကင်းကို နှမြောတသသော၊ ယူကျုံးမရသော၊ နောက်ဆုံးမှာ ဝေခွဲမရနိုင်သော တွေဝေခြင်းများနှင့် ပါသွားခဲ့လေသည်။

တက်ခေါက်လက်သီးဆုပ်လျက် ကင်း ကျန်နေခဲ့သည်။ မတုန်လှုပ်ဘူးဆိုတာ ကင်းရင်ထဲမှာပါ။ မင်္ဂလာပွဲ ပျက်ခဲ့ရသော မိန်းမတစ်ယောက်၏ဘ၀ကတော့...

"သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မငိုဘဲမျက်ရည်ကျနေသော ကင်းပခုံးလေးကိုဖက်၍ ဒေါ်နီတာ နှစ်သိမ့်ဖို့ စကားရှာမရပါ။

ဘယ်သူဖပြု မိမိမှုဆိုတာလည်း မပြောရက်။ မိန်းကလေး တစ်ယောက်ရဲ့အတွဲထဲမှာ မုန့်ရင်စံ၊ မှားရင်မှောက်အိပ်ဆိုတာတွေကော၊ ခုတော့ ဘဝနဲ့အတွဲ အံဝင်ခွင်ကျဖြစ်ရဲ့လားလို့လည်း မမေးရက်တော့ပါ။ ကင်းကတော့ မျက်နှာလေးကို ခပ်မော့မော့ပြန်တင်း၍ သူ့ဘက်ငုံ့ကြည့်ကာ...

"ဒေါ်လေး မင်္ဂလာပွဲပျက်သွားပြီလို့ ကြေညာပေးပါ"

ေ ေ ေ





## အခန်း (၃၄)

ပူစေ၊ အေးစေ၊ နွေးစေရင်းဖြင့် ရာသီခွင်က တစ်ပတ်ပြီးတစ်ပတ်လည်ပတ်သွားခဲ့၏။ ပတ်ဝန်းကျင် ရေမြေသဘာဝ ပြောင်းလဲမှုကြောင့် ကင်းရင်ထဲမှာလည်း အတော်အေးချမ်း ခဲ့ပြီဖြစ်သည်။ အစက စိမ်းသက်ခဲ့သော ပတ်ဝန်းကျင်က ခုတော့ ရင်းနှီးနေခဲ့၏။

ပြင်ဦးလွင်လိုနေရာ မဟုတ်ပေမယ့် ကင်းနေသည့်အခန်းကနေ ဘယ်ကိုကြည့်ကြည့် စိမ်းစိုအေးချမ်းသောသစ်ပင်ပန်းနွယ်များနှင့်သာ ပြည့်နှက်နေခဲ့၏။

ကင်းကို နိုင်ငံခြားပို့ပစ်ခဲ့စဉ်က ဖေဖေ ကျန်းမာရေးလည်း မကောင်းဖြစ်ကာ ဒီဟိုတယ်ကို ဖြုတ်ပစ်ခဲ့ဖူးသည်။ လွှဲပြောင်းယူသူက 'သင်းရနံ့' နာမည်နှင့်အတိုင်းပဲ ဆက်ထားခဲ့ပေမယ့် ဖေဖေ့လက်ထဲမှာလိုမဟုတ်ဘဲ ကင်း ဒီရောက်လာတော့ ဖျက်ပစ်ရတော့မလို ဆုတ်ယုတ်ကျရှုံးနေခဲ့၏။

အခုပိုင်ရှင်က ကင်းပဲပြန်ဖြစ်ခဲ့သည်။ ဖေဖေ့လုပ်ငန်းကို ပြန်လည်ထူထောင်နေရတာမို့ ကင်း စိတ်လည်းပါသည်၊ ကျေလည်းကျေနပ်ခဲ့သည်။

www.burmeseclassic.com



ထို့ပြင် အလုပ်တွေကြိုးစားရင်းဖြင့် တစ်နယ်တစ်ကျေးမှာ တစ်စိတ်တစ်ဝမ်း နေနိုင်သည်။

နောက်ကြောင်းအားလုံးကို မေ့နိုင်ခဲ့ခြင်းကပဲ ကင်းစိတ်ကို ချမ်းသာစေခဲ့ခြင်းဖြစ်သည်။ ကင်း မိဘဖြစ်ခွင့်မရသေးပေမယ့် ဘဝတိုက်ပွဲများစွာထဲမှာ မိဘမေတ္တာကိုတော့ ကောင်းကောင်းနားလည်ခဲ့ပြီဖြစ်သည်။

ကင်းကြောင့် ဖေဖေဖြစ်ခဲ့တဲ့ဒေါ်သတွေ၊ ကင်းအတွက် ပေးဆပ်နားလည်ရင်းနှင့် ဆောင်ရွက်စီမံပေးခဲ့တာတွေ အားလုံး ကျေးဇူးဆပ်ရင်းဖြင့် ကင်း ဒီမေတ္တာတွေကို တစိမ့်စိမ့် တွေးနေခဲ့၏။ 'သင်းရနံ့'ဟိုတယ်ကလည်း ပြန်လည် သက်ဝင်နေခဲ့ပြီဖြစ်သည်။

ကင်းက ဦးစိုးနေ၏သမီးအဖြစ် တတိယမြောက် ပြန်လွှဲ ပြောင်းယူစဉ်မှာ အရှုံးပေါ်နေသည့် ဟိုတယ်ကြီးကို ယူရဲသည့်လူမိုက်လိုလို ကွယ်ရာတွင် ပြုံးနေခဲ့သူတွေလည်း အံ့ဩကုန်ကြပြီ။ တကယ်က မိဘမေတ္တာကြောင့်ထင်ပါသည်။ ဖေဖေ့ကျေးဇူးကိုအောက်မေ့ရင်း ကြိုးစားခဲ့လို့ ကင်း အောင်မြင်တာ။ နံနက်ခင်း၏အလှထဲမှာ အပေါ် ထပ်ဝရန်တာစွယ်လေးကနေ ဘေးဘက် ရှခင်းတွေကို ငေးရင်း သက်ပြင်းလေးချမိ၏။

ဘယ်တုန်းကမှ စည်းနှောင်မထားခဲ့သောဆံပင်တွေလည်း ဒီတိုင်းပါပဲ။ တင်ပါးအောက်လွန်နေသော ဆံပင်တွေကို အောက်ဖျားကနေ စုသိမ်း၍ ရှေ့ကိုဆွဲယူသည်။ ပြီးတော့ အသင့်ခင်းထားသည့်ဒရင်းဘတ်မှာ ထိုင်လိုက်၏။ ဘေးစားပွဲခုံလေးထက်မှာ ကိတ်ခြောက်ဘူးလေးကို ပန်းကန်နှင့်ဘာညာ မဟုတ်ဘဲ ဒီတိုင်းချပေးထား၏။ မနက်စာအတွက် နေရာတစ်ခုတည်းမှာ သတ်မှတ်၍မစားသောကြောင့် ကင်းရှိနေသည့်နေရာမှာ ဒီလိုပဲ အဆင်သင့် ပြင်ပေးထားကြသည်။

ပြီးတော့ ဘေးမှာ သတင်းစာတစ်စောင်က အဆင်သင့်။ စားစရာကို မကိုင်ဖြစ်ဘဲ ကင်းက သတင်းစာကို အရင်ကိုင်သည်။ ထိုစဉ်မှာ နောက်





ခါးဝမှာ အရိပ်တစ်ရိပ် ပေါ်လာကာ...

"မမ အခန်းကိုးကို မန်နေဂျာက သီးသန့်ပြင်ခိုင်းထားပါတယ်၊ အဲဒါ ဘာလုပ်ဖို့လဲမသိဘူး။ အခု အခန်းတွေလူပြည့်နေလို့ အဲဒီအခန်းကို..."

"နေဦး"

ကင်းက လှည့်ကြည့်ပြီး စဉ်းစားလိုက်သည်။ ပြီးမှ ခေါင်း ညိတ်ကာ...

"အခန်းကိုးက အထူးရည်သည်ရှိလို့ တို့ပြင်ခိုင်းထားတာ၊ သုံးလေး ရက်လောက်မှ သုံးဖြစ်မယ်၊ ကြာရှည်တည်းမယ့်လူ ဆိုရင် အဆင်မပြေ လို့ တခြားတစ်ခန်းခန်းမှ လုပ်ပေးလိုက်ပါ၊ တစ်ရက်နှစ်ရက်ဆိုရင် အဲဒီ အခန်းကို ပေးလိုက်"

"ဟုတ်"

ကင်း သတင်းစာကို ပြန်လှန်သည်။ တောင်ပေါ်မြို့ကလေး၏ စိမ်းမြ တိတ်ဆိတ်သောနံနက်ခင်းနေခြည်၊ လေပြည်ကို ရှူရှိုက်ခံစားရင်း သတင်း ဖတ်ရသည့်အရသာကို ကင်း မက်မောတတ်ခဲ့ပြီ။

"ဟင်..."

သတင်းစာထဲက လေလံကြော်ငြာတစ်ခုကို စူးစိုက်ဖတ်ရင်း ကင်း ဘာလေးတောင့်သွား၏။ 'ပတ္တမြားစံအိမ်'ပါလား။ မြေကွက်အကျယ်၊ အဆောက်အအုံပုံစံ အားလုံးကိုဖော်ပြ၍ လေလံရောင်းချတော့မည့် သတင်း။ ဒါ ဘာလုပ်တာလဲ။

ဒီကို ကင်းရောက်လာကတည်းက ဘယ်သူမှမသိစေဘဲ အားလုံးကို အဆက်အသွယ်ဖြတ်တောက်၍ မေ့လျော့နေတတ်အောင် ကြိုးစားခဲ့တာ ပါပြီ။ ဒီနောက်ပိုင်းမှာ ဆယ်နေ့ကဲနှင့် ဒေါ်လေးတို့ ဘယ်လိုနေထိုင် လိုက်ခဲ့ကြတာကို နားလည်းမစွင့်၊ သိလည်းမသိချင်။

ဆယ်နေ့ကဲကို အမွေခွဲပေးပြီးပြီ၊ ယူတာမယူတာက သူ့အပိုင်း။ လုပ်ငန်းအားလုံးကိုလည်း ဟိုတုန်းကတည်းက ဦးလေးစိုး ပိုင်စီးနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကိုယ် ရှိနေခြင်း၊ ရှိမနေခြင်းက သိပ်ပြဿနာမရှိပါ။ ပြီးတော့ ဦးလေးစိုးတို့ကို ကင်း သိပ်ခင်တွယ်မှုမရှိခဲ့ပေမယ့် ယုံကြည်သည်။

အလွန်ရိုးသားကြင်နာတတ်ကာ မတော်လောဘမရှိကြတဲ့သူတွေဆိုတာကို လက်ခံထားခဲ့၏။ ဆယ်နေ အိမ်ကထွက်သွားသည့်နောက်ဆိုဆင်းလိုက်ဖို့ဆုံးဖြတ်ခဲ့သည့် ဒေါ်လေးရင်ထဲက ကြင်နာတတ်မှုဟာ အဲဒီတုန်းအခါက ကင်း မသိသလိုနေပစ်ခဲ့ပေမယ့် အသိအမှတ်မပြုလို့ မရနိုင်သော အနစ်နာခံစွန့်လွှတ်တတ်သည့်ကြင်နာခြင်းများပဲဖြစ်သည်။ ဒါဆိုဖေဖေ ခေါင်းချခဲ့သည့် 'ပတ္တမြားစံအိမ်'ကို လေလံတင်လိုက်တာ ဘာသဘောလဲ၊ ဒါ ဘယ်သူ့လက်ချက်လဲ။

ကင်း၏အတွေးထဲမှာ ဆယ်နေကဲကိုပဲ မြင်လိုက်သည်။ ကင်း ထားရစ်ခဲ့ပြီဆိုပြီး ဆယ်နေကဲကို အိမ်ပေါ်ပြန်တင်ထားမည်၊ ဦးလေးစိုးတအလုပ်တွေထဲ လက်တွဲခေါ်လိမ့်မည်။

အစကတည်းက မပြောရက်မဆိုရက်ချစ်ခဲ့ကြသည့် ဆယ်နေကဲအပေါ် နောက်ထပ် အလိုလိုက်ကြရင်း စီးပွားတွေ ပျက်ကုန်တာလား။

အဖြစ်နိုင်ဆုံးက ဒီလေလံကိစ္စဟာ ဆယ်နေကဲကြောင့်သာဖြစ်လိမ့်မည်။ ဒါတော့ ကင်း ဘယ်လိုမှသည်းမခံနိုင်ပါ။ ဘာတွေကို ဘယ်လိုပဲပစ်ခတ်ထားပစ်ခဲ့ပါစေ ကင်း စွန့်ခွာခဲ့တဲ့ထဲမှာ 'ပတ္တမြားစံအိမ်'မှမပါဘဲ ဒါ ဖေဖေခေါင်းချခဲ့တဲ့နေရာ။ ကင်း နေရာမှထရပ်လိုက်သည်။ ကြာမြင့်စွာမေ့လျော့ ရစ်ခဲ့သည့် ဖုန်းနံပါတ်တစ်ခုကို နှိပ်ပစ်လိုက်မိ၏။ လာကိုင်သူတာ ဒေါ်နီတာပဲဖြစ်သည်။

"ဟဲလို"

"ဒေါ်လေး"

"ဟင် အမယ်လေး သမီး... သမီးလေးလားဟင်"

ဒေါ်နီတာ ကတုန်ကယင်ဖြစ်သွားပုံကြီးက ဖုန်းထဲဝင်ပေါ်နေသလိုပင်





မေတ္တာ၏အငွေ့အသက်ကြောင့် ကင်းရင်ထဲမှာ လှိုက်ခနဲနွေးသွားခဲ့၏။

"ဒေါ်လေး"

ထပ်ခေါ်တော့ ချက်ချင်း ပြန်ထူးသံမကြားရဘဲ စကားပြောသံတွေ ဖုန်းထဲဝင်နေသည်။ ဘာဆိုတာတော့ မသဲကွဲပါ။ ကင်း စိတ်မရှည်နိုင်ဖြစ်လာမှ...

"သမီး... သမီးလေးကို ပြောချင်နေတာတွေမှ အများကြီးပါပဲကွယ်၊ သမီး ခဏလောက်ပြန်လာခဲ့ပါလားဟင်"

ကင်း ဘာမှမမေးရဘဲ ဒေါ်နီတာ ကရားရေလွှတ် ပြော တော့သည်။ အကြောင်းအရာတွေက လေလံကိစ္စနှင့်ပဲ သက် ဆိုင်တာတွေပါ။

"ဒေါ်လေးတို့ ကိုယ်မွေးခဲ့တဲ့မီးကို ကိုယ် မနိုင်တော့ဘူးကွယ်၊ သမီးရဲ့ ဦးလေးစိုးလဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ခုက္ခိတဖြစ်နေတာ ကြာပါပကောလား"

ဟင်... ကင်း စိတ်မကောင်းဖြစ်သွားမိ၏။ ဒါကြောင့် ဆယ်နေကဲ ထင်တိုင်းကြဲနေခြင်းပဲဆိုတာ ချက်ချင်း တွေးမိလိုက်သည်။

"သမီး လေလံကြော်ငြာ တွေ့ပြီးပြီမဟုတ်လားဟင်၊ ခဏလေးဖြစ်ဖြစ် ပြန်ခဲ့ပါ။ ဒါ သမီးရှင်းမှဖြစ်မှာမို့လို့ပါကွယ်၊ ပြန်ခဲ့ပါနော်"

ကင်းမျက်နှာလေး တင်းနေသည်။ သက်ဆိုင်သည်ထင်လျှင် သုံးဖြုန်းဝစ်လိုက်စမ်းပါ။ ဒါကို လုပ်စရာလား။ ပတ္တမြားစံအိမ်က ပိတ်ထားပစ်ခဲ့တာလည်း ကြာပါပြီ။ တောပဲဖြစ်သွားသွား၊ ခြကိုက်လို့ပဲကုန်ကုန် သင်းမှာ လုပ်ပိုင်ခွင့် မရှိ။ ဒေါသစိတ်များဖြင့် ကင်း တစ်ထိုင်တည်း ဆုံးဖြတ်၏။ ရန်ကုန်ကို ပြန်ဆင်းမှဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

စရောက်ပြီဆိုကတည်းက ဦးတည်ခဲ့သော ပတ္တမြားစံအိမ်ကိုပဲဖြစ်သည်။ ကြာမြင့်စွာထားခဲ့ပြီးပေမယ့် စံအိမ်ကို တစ်ခါတစ်ခါ အမြဲရှင်းနေကျပါ။ သူမ ထွက်သွားခဲ့တာ သုံးနှစ်။ ထိုကာလမှာ ဒီတိုင်း ထားလိုက်မည်ဆိုလျှင်တော့ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေလိမ့်မည်။ တံခါးက သံတိုင်ကြီးတွေ လုံးချောကာထားတာမို့ အပြင်ကနေ အထဲကို ကြည့်လို့ရသည်။

စံအိမ်ကို တစ်ချက်လောက်ကြည့်ပြီးမှ ဒေါ်နီတာတို့ဘက်ကိုလှည့်ဖို့ ဆုံးဖြတ်၍လာခဲ့ခြင်းဖြစ်သည်။ သို့သော်..

ကင်းမြင်လိုက်ရသည်က ထင်ထားတာတွေနှင့် တခြားစီဖြစ်နေ၏။ စံအိမ်ဝင်းတံခါးကြီးက ခပ်ဟဟပွင့်နေသည်။ အထဲမှာလည်း လူတွေ ဘာလုပ်နေကြမှန်းမသိ။ ခြံရှေ့မှာ ကားရပ်လိုက်တော့ အမြဲတမ်းအစောင့်ထားသည့် ဦးပွကြီးက ခေါင်းပြူကြည့်ကာ...

"ဟာ မိန်းကလေး ကင်း၊ ဝင် သမီး ဝင်၊ ဝမ်းသာလိုက်တာကွယ်"

ဦးပွကြီးက တံခါးကို ပျာပျာသလဲ တွန်းဖွင့်ပေး၍ ပြုံးနေသည်။

"အထဲမှာ လူတွေများလှချေလား ဘကြီးပွ၊ ဘာလုပ်တာလဲ"

ကားကို ဖြည်းဖြည်းလိမ့်ဝင်ရင်း ဦးပွကြီးနားမှ ခဏတုံ့ပြီး မေးလိုက်သည်။ ဦးပွကြီးက ပြုံးနေလျက်...





"ဆယ်နေ့ အထဲမှာရှိတယ် သမီး၊ သူ အခမ်းအနားတစ်ခုခုလုပ်မလို့ ထင်တယ်၊ ဘကြီးပွ မသိဘူး"

ကင်း မျက်မှောင်လေးကြုတ်၍ စဉ်းစားမိသည်။ ထင်တာ နှင့်မြင်နေတာ ဘာတွေကွာဟမှုရှိနေသလဲ၊ ကားလေးကို ပေါ်တီကိုအောက်မှာ ထိုးရပ်သွား၏။

စံအိမ်ခြံဝန်းကြီးထဲမှာ စားပွဲ၊ ကုလားထိုင်တွေ နေရာချနေကြ၏။ မီးလုံးတွေ၊ မီးကြိုးတွေသွယ်တန်း၍ အလှအပ ပြင်နေတဲ့သူတွေလည်း အလုပ်ရှုပ်နေကြ၏။

အထဲကိုလှမ်းကြည့်တော့လည်း အိမ်က ခုမှ လှည်းကျင်း ရှင်းလင်းနေတာနှင့်မတူပါ။ အမြဲတမ်း လူနေသည့်အတိုင်း အတွင်းပစ္စည်းတွေ အကုန် လက်ရာမပျက် သန့်ရှင်းပြောင်လက်နေကြ၏။

လူတစ်ယောက်မှမမြင်ဘဲ ကင်း ဒီတိုင်းပဲ ဝင်လာခဲ့လေသည်။ မျက်လုံးတွေက နံရံပေါ်က တခမ်းတနားရှိနေသော ဖေဖေ့ဓာတ်ပုံကြီးဆီ ရောက်သွားသည်။ ဒီဘက်မှာ သူမ ဓာတ်ပုံ၊ ငှက်လှောင်အိမ်လေးနှင့် တင်းမျက်နှာက ပြုံးနေ၏။

ဒါ ဆယ်နေ့လုပ်ထားတာမှန်းသိကာ မျက်နှာ ချက်ချင်း လွှဲလိုက်မိလျှင်...

"မမ ထိုင်လေ၊ မမကိုစောင့်နေတာကြာပြီ၊ မမကိုချစ်တယ်၊ မမ နဲ့မသွားပါနဲ့၊ မမ စာနာပါ၊ မမကိုချစ်တယ်"

ဆက်တိုက်ကြီးပြောသံနှင့်အတူ ဖလူးဖလဲထပျံလိုက်သည့် အရိပ်ညိုးလေးက နာရီအိမ်လေးပေါ်မှာ နား၏။ ကင်း လှည့်ကြည့်လိုက်တော့ ဘယ်လယ်။

လယ်လယ် စကားတတ်လွန်းသဖြင့် မကြာမကြာ ပြဿနာတက်တာကို မြင်ယောင်ကာ ဒေါ်လေး ဘယ်လိုဖျောက်ဖျက်သလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက တွေးမိပေမယ့် မမေးဖြစ်ခဲ့။

ဘယ်သူ့ပေးပစ်ပစ် မမြင်ရလည်းကောင်းတာပဲဟု မှတ်လိုက်သည်။

"မမ ထိုင်လေ၊ မမကိုစောင့်နေတာ ကြာပြီ၊ မမကို ချစ်တယ်"

အပေါ်ကနေ ဒါတွေပဲထပ်ပြောနေတာ ပီပီသသ။ အနားအနီးမှာ နေလည်း ကင်း ရိုက်ချလိုက်မှာစိုးသဖြင့် အပေါ်ကို ပျံတက်သွားပြီးမှ ထပ်ပြောခြင်းဖြစ်၏။

ကင်း တွေတွေလေး ရပ်နေမိဆဲ…

"မမ"

နောက်ကခေါ်သံကြောင့် ကင်းဖျတ်ခနဲလှည့်ကြည့်သည်။ ဖြူဆွတ်ဆွတ်စပို့ရှပ်နှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ထားသည့် ဆယ်နေ့မျက်နှာက သုံးနှစ်ဆိုသောကာလမှာ အများကြီး ပြောင်းလဲသွားခဲ့သည်။

ဆံပင်တွေက နားရွက်ထောက်လေးမဟုတ်တော့ဘဲ ကုပ်ပေါ်ထိ ခွေဆင်းနေအောင်ရှည်သည်။ အလယ်ခွဲပေမယ့် သိမ်းလှန်ဖြီးထားသည့် ဆံပင်တွေကြောင့် နဖူးပြင်မှာ ရှင်းနေပြီး ရင့်ကျက်သည့်အသွင် ဖြစ်သွား၏။

နီမြန်းနုစိုနေတတ်သည့် ငယ်ရွယ်သောအသားရောင်က ဖြူဝင်းဝင်းပဲဖြစ်ကာ မျက်ခုံးထူထူနှစ်ဖက်က ထင်းနေသည်။

သူ့ရှေ့ကိုလာတော့ ကင်းက မျက်နှာမလွှဲဘဲ ခြေဆုံးခေါင်းဆုံး ကြည့်ပစ်လိုက်ပြီး…

"မင်း ဘာလုပ်ထားလဲ မင်းသိလား"

"သိပါတယ်"

ဟိုတုန်းကအတိုင်း မပြောင်းလဲသည်က ကင်းရှေ့ထိလာပြီး ဘောင်းဘီထဲထည့်ထားသည့် လက်နှစ်ဖက်ကိုထုတ်၍ စုံချသည်။ မျက်လွှာချနေလျက် နာခံနေဆဲပုံစံမျိုး။ ကင်းက နှုတ်ခမ်းကို အကျည်းတန်သွား





လောက်အောင် တွန့်မဲ့ပစ်ကာ…

"မင်းအမူအရာတွေကို မမြင်ချင်ဘူး။ လိုရင်းပဲပြော"

"မမ မေးပါ"

"ပတ္တမြားစံအိမ်ကို လေလံတင်တာ ဘယ်သူလဲ"

"ကျွန်တော်ပါ"

"မင်းက ဘယ်လိုမာနတွေနဲ့လုပ်ရဲတာလဲ ဆယ်နေကဲ၊ ပတ္တမြားစံအိမ်က ဘယ်သူပိုင်တာလဲ"

"ကျွန်တော်ပိုင်တာပါ"

"ဘာပြောတယ်"

ဆယ်နေက မျက်လွှာ သာသာလေးပင့်၍ ကင်းမျက်နှာလေးကို စိုက်ကြည့်သည်။ နက်မှောင်သော မျက်တောင်ကော့ကော့တို့ခြံရံလျက် စူးလက်သည့်မျက်ဝန်းလေးတွေက ဘာမှမပြောင်းလဲပါလား။ ထူပြည့်စိုအိနေသည့် နှုတ်ခမ်းလေးတွေကို ဝေ့ခနဲအရောက်မှာ မျက်ဝန်းတို့ကို ပြန်ရွှေ့ရသည်။

"ဟိတ် မင်း တို့ကိုပဲကြည့်ပြော"

"ဟုတ်ကဲ့ မမ"

စူးစူးရဲရဲကြည့်လာသည့် မျက်လုံးတွေက ရွှဲသလိုလို၊ တကယ်လိုလို နှင့်ရှုန်းလက်နေကြ၏။ ကင်း မကျေနပ်ပေမယ့် ဒါကိုဘေးဖယ်ထားလိုက် ရသည်။

"မင်းကို ငါ အလွဲသုံးစားမှုနဲ့ တရားစွဲမယ်၊ အဲဒါ မင်း ကာကွယ်နိုင်အောင် ကြိုးစား"

"မမ တရားစွဲလို့မရပါဘူး ကျွန်တော်က ကျွန်တော်ပိုင်တဲ့ပစ္စည်းကိုပဲ လေလံတင်ခဲ့တာ"

"ဘယ်လို"

ကင်း ကြောင်တောင်တောင်ဖြစ်သွားသည်။ ဆယ်နေ့ မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရယ်မြူးရိပ်ထင်သွားကာ...

"ပတ္တမြားစံအိမ်ဆိုတဲ့ နာမည်ကိုပဲ ကျွန်တော် ခိုးယူခဲ့တာ၊ လေလံတင်လိုက်တဲ့ ပတ္တမြားစံအိမ်က ဒီမြေကွက်နဲ့ တစ်ကွက်ကျော်မှာပါ။ နာမည်နဲ့မြေဧရိယာ အားလုံး တူပေမယ့် မြေကွက်အမှတ် မတူဘူး။ မမ သတိမထားမိလို့ပါ"

ကင်း တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားသည်။ မသေချာခဲ့သည့် ကိုယ့်ကိုယ်ကိုလည်းရှက်လို့မဆုံး။ ဒါဆို ဒေါ်လေးပြောခဲ့တာတွေ ဘာတွေလဲ၊ ကင်းမျက်နှာ ပျက်ယွင်းတာကို စိုက်ကြည့်ရင်း ဆယ်နေ ရှေ့တိုးလာသည်။

"မမ ဖုန်းဆက်တော့ အနားမှာ ကျွန်တော်ရှိတယ်၊ မာမီတော့ကိုလဲ အလိုက်အထိုက် ပြန်ပြောပေးဖို့ ကျွန်တော်ပဲ တိုက်တွန်းလိုက်တာပါ။ ဒီလိုဖြစ်အောင်လဲ ပတ္တမြားစံအိမ် နောက်တစ်ခုကို ထူထောင်ခဲ့ရတာ ကျွန်တော်ပါပဲ၊ မြေကွက်အမှတ်မတူတာကို သတင်းစာထဲမှာ မမ သတိမထားမိဖို့ဆိုတာကတော့ ကံတရားလို့ သတ်မှတ်ခဲ့ရတာ"

"မင်း အဲဒါ ဘာလုပ်တာလဲ"

"မမ ပြန်လာစေချင်လို့ပါ"

စူးစိုက်ကြည့်တော့ ကင်း မျက်နှာလွှဲပစ်လိုက်သည်။

"မမ ထိုင်လေ၊ မမကိုချစ်တယ်"

လယ်လယ်က ထအော်ပြန်သည်။ ကင်းမျက်နှာလေး ရဲခနဲ ဖြစ်သွား၏။ ဆယ်နေက မသိမသာပြုံး၍ တစ်ဖက်လှည့်သည်။

"ငါ့ကို ဒေါ်လေးက ညာခဲ့တာပေါ့"

"မညာပါဘူး"

"ဦးလေးစိုး ကားအက်ဆီးဒင့်ဖြစ်ပြီး ဒုက္ခိတဖြစ်နေတယ် ဆိုတာကကော"

"နှစ်နှစ်ကျော်ပါပြီ"





ကင်း နားမလည်သလိုလေး မော့ကြည့်သည်။

"မမ မထိုင်တော့ဘူးလား၊ ကျွန်တော် ပြောပြ'ါမယ်၊ အေးအေးဆေးဆေးထိုင်ပါဦး"

"နေပါစေ၊ တို့ဘာသာမေးလို့ရတယ်"

နောက်ထပ် လယ်လယ့်အသံကိုလည်း မကြားရဲတော့သဖြင့် ကင်း ဒီကနေ အမြန်ဆုံးထွက်ဖို့ ရှောင်လိုက်သည်။ သူမ သိချင်တာအားလုံး ဒေါ်လေး ဖြေနိုင်မှာပဲဖြစ်သည်။

ဒါပေမယ့်...

"မမလာမယ်ဆိုတာ သိကတည်းက မာမီတာက တခြား ရှောင်ထွက်နေခွင့်တောင်းသွားတာ"

"ဟင်"

ကင်းက ခြေလှမ်းတုံ့သွား၏။

"မမကို သူ မညာပါဘူး၊ ဒါပေမယ့် အမှုအရာတွေတော့ ပိုခဲ့တယ်လေ၊ မမ စိတ်ဆိုးမှာပဲဆိုတာကိုလဲ သိတယ်၊ ပတ္တမြားစံအိမ်ကိစ္စက ဘာကယ်ပေမယ့် မမ အမြင်မှားတာကို ထောက်မပြဘဲ ချော်လဲရောထိုင်လုပ်ခဲ့တာရယ်၊ ကျွန်တော့်ကို မနိုင်နင်းတော့ဘူးဆိုပြီး မမကိုပြန်လာဖို့ ပြောတာတွေကတော့ ကျွန်တော့်ကို ငဲ့ခဲ့တာ"

ကင်း ဘာမှမပြောဘဲ ဆယ်နေ့ကိုပဲ ကြည့်နေလိုက်သည်။ ဘာတွေဘက်ဆင်ပြီး ဘာဖြစ်ချင်လို့ ကြံကြတာလဲ။ ဆယ်နေကလည်း အကုန်လုံးကို ပြင်ဆင်ပြီးသားပုံစံနှင့် အိုးနင်းခွက်နင်းဖြစ်သွားတာ ဘာမှမရှိ။

"လေးလေး ဒုက္ခိတဖြစ်သွားတော့ ကျွန်တော်က လုပ်ငန်းတွေကို ဆလှလာနေတုန်းပဲရှိသေးတာ"

သူ စကားပြန်စစဉ် ခြံထဲက လူနှစ်ယောက် ပြေးတက်လာကာ...

"ဆရာ အားလုံးပြီးပြီ၊ ဆိုင်းဘုတ်ကန့်လန့်ကာတပ်ဖို့နေရာ ဆရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ချပေးမှာခို"

ဆယ်နေက လှည့်ကြည့်ပြီး ခေါင်းညိတ်၍...

"ခဏထားလိုက်ဦး၊ ငါလာမှပြောမယ်"

"ဟုတ်ကဲ့"

ဆရာတွေဘာတွေ ဖြစ်ကုန်ပါလား။ ကင်းထင်တာတွေ တစ်ခုခု တော့လွဲနေပြီကို သတိထားလာခဲ့သည်။ ထိုအခါ ဆယ်နေ့ ပြောမှာတွေကို မကြားချင်တော့သလိုဖြစ်လာ၏။

နေမြဲတိုင်းနေရာလေးကို ပြန်ပြေးချင်စိတ်တွေ ဖြစ်လာခဲ့သည်။ ဒီအဖြစ်တွေကိုပြောပြီးနောက်ပိုင်းမှာ ဆယ်နေ တစ်စုံတစ်ရာပြောလာမှာကို စိတ်ကသိနေသည်။ အဖြစ်တွေအများကြီးကျူးလွန်ခဲ့သူက သူမ ရောက်လာအောင်ဖန်တီးပြီး ဝန်ချတောင်းပန်ဖို့ ကြိုးစားတာတော့ မဖြစ်နိုင်ပေ။ သို့သော် တွေးမိလိုက်သည်က နောက်ကျသွား၏။

"မာမီတာ တိုင်သလို ကျွန်တော် မပျက်စီးပါဘူး၊ မမ ထွက်သွားပြီ ဆိုကတည်းက မမနဲ့နီးဖို့အပြင် ကျွန်တော့်ခေါင်းထဲမှာ ဘာမှမရှိဘူး၊ မမ အထင်ကြီးအားကိုးထိုက်တဲ့ယောကျ်ားဖြစ်ဖို့ပဲ ကျွန်တော် ကြိုးစားခဲ့တာ၊ စီးပွားရေးလုပ်ငန်းတွေအားလုံးက ကျွန်တော် မျက်စိယဉ်၊ နားယဉ်နေပြီး သားတွေ၊ စူးစိုက်ကြိုးစားချင်စိတ်တွေဖြစ်လာတော့ လေးလေးလဲသွား ပေမယ့် ကျွန်တော် ဦးဆောင်နိုင်ခဲ့တယ်"

ကင်းက လွယ်ထားသည့်ဆလင်းဘက်ခ်ကိုဖြုတ်၍ ရင်ခွင်ထဲမှာ ပိုက်လိုက်ပြီး ခပ်တည်တည်မျက်နှာနှင့် ကြည့်ကာ...

"ရပြီ ဆယ်နေကဲ၊ ပဏ္ဍမြားစံအိမ် ဒီတိုင်းရှိနေတယ်ဆိုရင် ပြီးပြီ မင်းရဲ့ တိုးတက်မှုတွေ၊ ဆုတ်ယုတ်မှုတွေ တို့ မသိချင်ဘူး"

"တိုးတက်၊ ဆုတ်ယုတ်ခြင်းအားလုံးက မမရဲ့ပစ္စည်း၊ ကျွန်တော့် အတွက် အမွေအားလုံးနဲ့ ဘာမှမဆိုင်တော့ဘူး မမ၊ မမ ရောက်လာရင်ပြဖို့





ကျွန်တော် စာရင်းအားလုံး လုပ်ထားတယ်။ ဒီစီးပွားတွေ မပွန်းမပဲ့အောင် ကျွန်တော့်တာဝန် ထူထောင်ပြီး အစွမ်းထွက်ခဲ့တာတွေကိုပဲ ကျွန်တော်က ကိုယ့်ပစ္စည်းလို့ သတ်မှတ်ခဲ့တာ။ အခု ပဏ္ဍမြားစံအိမ် နောက်မြေကွက်က ကျွန်တော် သပ်သပ်ထူထောင်ထားတာမို့ ပြန်ရောင်းမှာ၊ ရောင်းတာက ငွေကြောင့်မဟုတ်ဘူး၊ ရောင်းဖို့ထူထောင်ခဲ့တာမို့လို့ ရောင်းမှာ။ အဲဒါ မမကိုရှာမတွေ့လို့ ဖြစ်သလို ကြိုးစားခဲ့တာပဲ"

ကင်း နားမထောင်ချင်တော့ပေ။ စကားတွေက ပြောနေရင်း သူမကို ချောင်ပိတ်သွားအောင် ခြောက်လှန့်နေသည်နှင့် တူလာ၏။

"ဟိတ် ဟိုကောင် တံခါးပိတ်ပြီး ဘာလုပ်နေတာလဲ၊ ဆယ်နေ ဟိုမှာ တံခါးပိတ်နေပြီ"

လယ်လယ် ထအော်လိုက်သံကြောင့် ကင်း ဆတ်ခနဲဖြစ် သွားကာ တံခါးဆီကို လှမ်းကြည့်လိုက်တော့ ဆယ်နေက ရှေ့ကနေ ကွယ်ထား လိုက်၏။

"သန့်ရှင်းရေးလုပ်နေကြတာပါ၊ ဘာမှမဟုတ်ဘူး"

"မဟုတ်ရင် ဖယ်လေ၊ ဘာလို့ ရှေ့ကကွယ်နေတာလဲ"

ကင်းက သူ့ကိုတွန်းဖယ်ပြီး တံခါးကို လှမ်းကြည့်၏။ ဘာဂျာတံခါး နှစ်ချပ်က ပိတ်ထားပြီးဖြစ်ရာ အကြည့်က ဆယ်နေ့ထံ တန်းခနဲပြန် ရောက်၏။

ဆယ်နေက ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း တစ်ဖက်က ဆံပင် တွေကို ဖိသပ်ချနေ၏။

"ဆယ်နေကဲ"

"ဗျာ"

"တံခါးသွားဖွင့်လိုက်"

ဆယ်နေက ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လုံးထည့်ထားပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို သမင်လည်ပြန်လှည့်ကြည့်လိုက်ကာ...

"တမင်ပိတ်ခိုင်းတာ မမ၊ ဖွင့်လို့မရဘူး"

"ဘာပြောတယ်"

ဆယ်နေက ကင်း ဝင်လာခါစက မျက်လွှာချနေသည့် မျက်နှာမျိုး မဟုတ်တော့ဘဲ စူးရဲရင့်ကျက်သောမျက်ဝန်းများဖြင့် မရယ်မပြုံး ပြန်ကြည့်ကာ...

"အပြင်မှာပြင်ခိုင်းတဲ့ မနက်ဖြန်မွေးနေ့ပွဲက မမ ပြန်လာမှာကို သိလို့ပါ၊ မနက်ဖြန် မမမွေးနေ့လေ"

ကင်းက မျက်နှာကို မလွှဲပါ။ အံကြိတ်နေတာကို သိသာအောင် တမင်မော့ထားခဲ့၏။ ဆယ်နေကလည်း ဂရုမစိုက်။

"မမ ပြန်ရောက်မလာရင်လဲ ဘဘကြီးဆုံးခဲ့တာ နှစ်နှစ်ဆယ်ပြည့် အမှတ်တရအဖြစ် ခင်းကျင်းဖို့ ပြင်ဆင်ထားတာ၊ နောက်ပြီးတော့..."

ဆယ်နေက စကားကို ခဏရပ်ထားပြီးမှ...

"မမနဲ့ကျွန်တော် လက်ထပ်မယ့်မင်္ဂလာသတင်း အဲဒီမှာပဲ ကြေညာမလို့"

"ဘာ... ဘာပြောတယ် ဆယ်နေကဲ၊ မင်း..."

ကင်း ဒါကိုသိထားပေမယ့် ဒီလောက်တည့်တည့်ကြီး ပြောရဲလိမ့်မည် မထင်။ နားထဲမှာ စူးခနဲဖြစ်ကာ ရှက်စိတ်ကြောင့် မျက်နှာလေးရဲသွား၏။

"မင်းကိုယ်မင်း သိပ်တော်လှပြီလို့ ဘဝင်မြင့်သွားတာလား၊ ဒါမှ မဟုတ် တို့ကို အထင်သေးပြီး လျှော့တွက်လိုက်တာလား"

"နှစ်ခုလုံးမဟုတ်ဘူး၊ ချစ်တာတစ်ခုတည်းသိခဲ့တာပါ။ မမကို ကျွန်တော် ချစ်တယ်၊ မမ ထွက်သွားပေမယ့် နောက်မှာကျန်ခဲ့တဲ့လူတွေ အားလုံးက မမနဲ့ကျွန်တော် အချစ်စစ်အချစ်မှန်မို့လို့ အားလုံးက လွဲချော်ကုန်ပြီး ပေါင်းစည်းဖို့ပဲ ဖြစ်လာတာလို့ ပြောနေကြတယ်။ ပျက်သွားတဲ့





မင်္ဂလာပွဲကို ဘယ်သူကမှ မကဲ့ရဲ့ဘူး၊ မရှုတ်ချဘူး၊ ကျွန်တော်ချစ်တာကို လဲ နားလည်သွားကြမယ်။ မမရဲ့သိက္ခာကိုလဲ သိကုန်ကြတယ်။ အားလုံး က အခြေအနေမှန်၊ နေရာမှန် ပြန်ဖြစ်သင့်ပါပြီ မမရယ်၊ မာနတွေ နည်း နည်းလေးလျှော့ပေးပါ၊ ပြီးခဲ့တာတွေကို နည်းနည်းလောက်မေ့ထားခဲ့ပါ"

"မသိဘူး၊ မမေ့နိုင်ဘူး၊ သွား တံခါးခုဖွင့်"

ကင်း ရှက်စိတ်တွေမွှန်ကာ ကမ္ဘာရှုံးထိုးထွက်သည်။ ဆယ်နေက ကင်းလက်ကို ဖမ်းဆွဲထားလိုက်သည်။

"မရဘူး မမ၊ မမ ပြန်ရောက်လာရင် နောက်ထပ် ပြန်ထွက်သွားခွင့် မပြုနိုင်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား"

"မင်း..."

"မမကို ကျွန်တော် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ထပ်ဖို့ ကြိုးစားမှာပဲ"

ကင်း အတင်းဆောင့်ရုန်းသည်။ လွတ်သည့်လက် မြောက်တက်သွား၏။ သို့သော် ဆယ်နေ့ကိုမရိုက်လိုက်နိုင်ဘဲ တင်းကျပ်စွာ ဆွဲချုပ်ပစ် လိုက်ခြင်းခံရကာ...

"မမ..."

ဆယ်နေ့နှာခေါင်းချွန်ချွန်က ကင်းပါးပြင်လေးထက်သို့ ဖိနမ်းတော့ မည့်ဆဲဆဲ...

"ဒက်ဒီ ဒက်ဒီရေ"

"ဟင်..."

ဘာကျာတံခါးကို ကိုင်လှုပ်လိုက်သံ ဂျိမ်းဂျိမ်းမြည်လာ၏။ ဆယ်နေ့ မျက်နှာ နောက်ပြန်ဆုတ်သွား၏။ ကင်း ဆတ်ခနဲ တွန့်သွားလေသည်။

"ဒက်ဒီ ဘာဖြစ်လို့ မီးမီးတို့ကို တံခါးပိတ်ထားတာလဲ၊ ဖွင့် ခုဖွင့်လေ မီးမီး ဝင်မလို့ပါဆို၊ ဖွင့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"မီးမီး မီးမီး နေဦး"

"ဟာ… ဟင့်အင်း ဟင့်အင်း ဒက်ဒီ တံခါးလာဖွင့်၊ မမမေနဲ့ တိုင်ပြောမှာနော်"

ငြိမ်ကျသွားသည်ကင်းကို ဆယ်နေ စိုးရိမ်စိတ်နှင့် ပြန်ကြည့်လိုက်မိသည်။ ကင်းသည် အံကြိတ်လျက် သူ့ကို စူးစူးရဲရဲကြည့်နေကာ…

"မင်း… မင်း ဖအေတူသား၊ လူယုတ်မာ"

ဝမ်းနည်းလည်းကျ၊ ဝမ်းသာလည်းကျ၊ ဒေါသဖြစ်လွန်းလျှင်လည်း ကျတတ်သည့် မျက်ရည်က ကင်းမျက်ဝန်းတွေမှာ ချက်ချင်း ပြိုးပြိုးပြက်ပြက်ဖြစ်လာပြီး…

"မမ…"

ဖြေရှင်းချိန်မရလိုက်ဘဲ ဆယ်နေ့မျက်နှာ လည်ထွက်သွားသည်။ စပ်ဖျင်းနာကျင်လွန်းသော်လည်း ဆယ်နေ ခံစားမနေအားပေ။ ပြေးထွက်သွားသည် ကင်းလက်ကို မိမိရရ ဖမ်းဆွဲသည်။ အတင်းပြန်ရုန်းတော့ သူမဟားတရား သိမ်းဖက်ထားလိုက်ကာ…

"မဟုတ်ဘူး၊ မမထင်သလိုမဟုတ်ဘူး၊ ပြောတာကို နားထောင်ပါ"

"ဖယ် မင်းနှာကို ငါ နောက်ထပ် မသတ်ရဲဘူးထင်နေသလား ဆယ်နေ၊ မချစ်တတ်တဲ့အသည်းက ခံစားရပြီဆိုရင် သူများထက်သာတယ်၊ ဖယ်လွှတ်စမ်း"

"ဆယ်နေ ဟိတ်ကောင်၊ ဟာ…"

ရုန်းရင်းဆန်ခတ်တွေဖြစ်နေတုန်း တံခါးရှေ့မှာ ချမ်းသာနှင့် အမျိုးသမီးတစ်ယောက် ရောက်လာ၏။

"မေမေ ဒက်ဒီက မီးမီးကို တံခါးဖွင့်မပေးဘူး၊ ဟိုမှာ ဒက်ဒီ"

သမီးလေးမွန်းက စကားတတ်လွန်းသဖြင့် ဘယ်သူ ဘာမှ မပြောနိုင်အောင် လက်ညှိုးလေးတထိုးထိုးနှင့် သူ့ပဲပြောသွား၏။





"မီးမီးရယ်"

ချမ်းသာက ကလေးကိုဆွေ့ခနဲကောက်ချီကာ ပြန်လှည့်သွားဖို့ပြင်လျှင်…

"ချမ်းသာ အဲဒီပြဿနာကို မင်း မရှင်းခဲ့ရင် ငါတော့သွားပြီ"

ဆယ်နေ လှမ်းအော်တော့မှ ဟင်ခနဲပြန်လှည့်၏။ သားက အမျိုးသမီးက ကလေးကို ပြောင်းချီလိုက်ကာ…

"ဘာဖြစ်လို့လဲဟင်"

"မီးမီး ငါ့ကို ဒက်ဒီခေါ်တဲ့ကိစ္စ၊ ဒီမှာ ငါ ဘဝပျက်တော့မယ်၊ အဲဒါရှင်း"

"အို…"

အမျိုးသမီး အံ့ဩသွားသည်။ ချမ်းသာ တံတွေးမျိုချ၏။ ဖြစ်ရလေဟုလည်း တွေးလိုက်မိသည်။ ဒါပေမယ့် သူ ပြောစရာမလိုဘဲ ဇနီးဖြစ်သည့် ဇင်မာနွယ်က…

"မမရယ် မီးမီးက ကိုချမ်းနဲ့နွယ့်သမီးလေးပါ၊ သူတို့ သူငယ်ချင်းနှစ်ယောက် အမြဲတွဲနေတော့ ကလေးက နှစ်ယောက်လုံးကိုတွယ်တာပြီး ကိုဆယ့်ကို ဒက်ဒီလို့ခေါ်ဖို့ ကိုချမ်းပဲ သင်ပေးထားတာပါ"

"ဟုတ်ပါတယ် မမ၊ မီးမီးက နွယ်နဲ့ကျွန်တော့်ကို ဖေဖေ၊ မေမေပဲခေါ်တာပါ၊ ဆယ်နေ့ကို ဒက်ဒီလို့ခေါ်တာက ကျွန်တော် နောက်ပြောင်သင်ပေးရင်း အတည်ဖြစ်သွားတာ၊ ဆယ်နေ ရှုပ်ခဲ့ပွေခဲ့တာ ဘာမှမရှိဘူးဆိုတာ ထပ်အာမခံပါတယ်၊ အထင်မလွဲပါနဲ့ဗျာ"

ချမ်းသာက သေချာရှင်းပြပြီးမှ နွယ့်ပခုံးလေးကိုဖက်၍ နောက်ပြန်လှည့်သည်။ ပြန်ဖို့တော့မဟုတ်ပါ။ ဆယ်နေ ပြောထားသဖြင့် ဒီနေ့ မမအကြောင်း ကယ်ရောက်မရောက် လာကြည့်တာ ဖြစ်သည်။ ရင်ထဲမှာ ငြိမ်းချမ်းသွားသည်။ ခြံထဲမှာနေရင်း တံခါးဖွင့်တဲ့အထိစောင့်၍ သတင်းကောင်းနားထောင်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။

သို့သော် မီးမီးက အလိုက်ကမ်းဆိုးမသိ သူ့အမေကို လက်ကလေး

www.burmeseclassic.com



နှင့်ပုတ်ခတ်သည်။

"မေမေ ဘယ်ပြန်မှာလဲ၊ ဒက်ဒီဆီလာတာကို မဝင်ဘူးလား၊ ဒက်ဒီက တံခါးမဖွင့်ဘူးတဲ့လား၊ ဒက်ဒီကို မခေါ်တော့ဘူး"

မီးမီးအသံလေးက စူးစူးဝါးဝါးကနေ ပါးစပ်ကို လက်ဝါးနှင့် ကပ်ပိတ်လိုက်သလို တိခနဲပြတ်ကျသွားသည်။ ပြီးတော့ ဗလုံးဗထွေးအော်သံလေး ခပ်ဝေးဝေးကနေ ပျံ့လွင့်လာခဲ့သည်။ အားလုံး ပြန်တိတ်ကျသွားသော အခါ ကင်း ကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းမသိဘဲ ပါးပြင်လေးနှစ်ဖက် ရဲတက်လာ၏။

"ကျွန်တော့်ခံစားချက်ကို ဥပေက္ခာထားပြီး ရိုက်ခဲ့တာ ဒါနဲ့ဆို သုံးခါရှိပြီနော်"

ဆယ်နေက ဟိုဘက်လှည့်နေသည့် ကင်းမျက်နှာရှေ့ ရောက်အောင် သွားရပ်သည်။ ကင်းက ဒီဘက်ပြန်လှဲသည်။ ဆယ်နေက ဒီဘက်တိုးရပ်သည်။

"မမ"

"ဆယ်နေကဲ မင်းကို ငါ လက်မထပ်နိုင်ဘူး၊ စိတ်ကူးယဉ်နေမှာစိုးလို့ ပြောပြတာ၊ မင်း ကြိုးစားထားသမျှဆိုရင် ဒီထက် မြင့်မားတာတွေ အများကြီးဖြစ်လာမှာပါ၊ တံခါးဖွင့်ပေး၊ ငါ သွားပါရစေ"

သတိလက်လွတ်ရိုက်ပစ်လိုက်မိတာ လက်ဖဝါးလေးတွေပင် ကျိန်းနေဆဲမို့ ကိုယ့်မှာ အပြစ်ရှိနေသည်။ ပြီးတော့ တံခါးမဖွင့်မှာစိုးသည့် စိတ်ကြောင့် ကင်းလေသံတွေ ပျော့ကျသွားခဲ့၏။

သို့သော် ဆယ်နေ့ထံမှ တုံ့ပြန်ခြင်းမရှိသဖြင့် မော့ကြည့်လိုက်မိသည်။ နီရဲညိုတက်လျက် အံကြိတ်ထားသည့် ဆယ်နေ့မျက်ဝန်းတစ်ဖက်တည်းမှာပဲ မျက်ရည်တွေလည်း ပြည့်နေသည်။ ကင်း ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွား၏။

လွန်ခဲ့သော သုံးနှစ်ကျော်ကလည်း ဆယ်နေ့မျက်ရည်တွေကိုမြင်၍





သူမ ဤသို့တုန်လှုပ်ခဲ့ရဖူးပြီ။

ပါးပြင်တစ်ဖက်နှင့် မျက်ရည်တွေရှိသော မျက်ဝန်းတစ်ဖက်ဟာ သူမ ရိုက်လိုက်ခြင်းကြောင့်ဆိုတာသိတော့ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။

တောင်းပန်သင့်သည်လား။ ကျောခိုင်းနေသင့်သလား။ ကင်း နှုတ်ခမ်းလေးတစ်ချက်ဖိကာ...

"တို့ မှားသွားတယ်၊ အဲဒါ တောင်းပန်ပါတယ်"

"ဒါပဲလား"

"ဟင်..."

ကင်း မျက်ခုံးလေးနှစ်ဖက် ပင့်တက်သွားစဉ် ဆယ်နေက ကင်းပခုံးလေးကို ဖျတ်ခနဲဆွဲယူကာ...

"အို... ဘာလုပ်တာလဲ ဆယ်နေကဲ"

"လွမ်းခဲ့ရတာ ကြာပြီ မမရယ်၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ဟင့်အင်း ဆယ်နေကဲ"

ကင်း ရှက်ရှက်နှင့် အတင်းရုန်းသည်။ လိုက်နမ်းနေသည့် မျက်နှာကို တွန်းဖယ်ရှောင်တိမ်းဖို့ ကြိုးစားသော်လည်း...

"မမကိုချစ်တယ်"

မြင့်မားထွားကျိုင်းနေသည့် သူ့ရင်ခွင့်ထဲမှာ ကင်းကိုယ်လေး ပျောက်ကွယ်သွားခဲ့၏။ တပ်မက်မေ့မူးစေသောအနမ်းရိုင်းများမှာ ကင်း မျောပါသွားသည်။

ကြာမြင့်စွာခြောက်သွေ့နေခဲ့သော 'ပတ္တမြားစံအိမ်'ကြီးထဲမှာ ကင်းတို့ချောက်ချားသည့်ရင်ခုန်သံများကြောင့် ဆူညံသွားခဲ့ပြီထင်သည်။

ဒေါသလား၊ ရှက်နေမိတာလား၊ ကိုယ်တိုင် ဘာမှန်းမသိဘဲ ရင်တွေ အဆမတန်ခုန်နေခဲ့သည်။ ဒီကိုလာခဲ့တာ ဒီလိုဖြစ်သွားဖို့မှမဟုတ်တာ။

ကင်း 'ဟင့်အင်း'ခေါင်းခါနေရင်း သူ့ရင်ခွင်ထဲမှာပဲ နစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"တခြားတစ်ယောက်ကိုသာ ချစ်လို့ရရင် ခဏခဏရိုက်ခံဖို့ ကျွန်တော် စောင့်နေပါ့မလား မမရယ်၊ မမ ကျွန်တော့်ကို ချစ်တယ်ဆိုတာလဲသိတယ်၊ ကျွန်တော့်ကြောင့် မင်္ဂလာပွဲပျက်ပြီး သိက္ခာကျ၊ အရှက်ရခံခဲ့တာ မမ မုန်းလို့လား"

ဆယ်နေသည် ကင်း ရှန်းလို့မရအောင် သိမ်းဖက်ထားကာ သူ့ပဲ တတွတ်တွတ်ပြောလျက် မေးခွန်းတွေလည်းပါသည်၊ ဖြေခွင့်ကျတော့ မပေးခဲ့ဘဲ...

"မမကို ကျွန်တော်ပဲ ပိုင်ဆိုင်ရမယ်ဆိုတာ သိတယ်၊ ဘယ်လိုပဲ ကြိုးစားရပါစေ ပင်ပန်းတယ်မထင်ခဲ့ဘူး။ အဲဒါတွေကို ဥပေက္ခာမထားပါနဲ့တော့ မမရယ်၊ ခဏခဏ အရိုက်ခံပြီး ချစ်နေတဲ့ကောင်ကို နည်းနည်းတော့ သနားနော်"

သွား ဒါ သနားစရာရုပ်ကြီးလား၊ ပြောပစ်လိုက်ဖို့ ကင်း မျက်နှာလေး မော့သည်။ ဆယ်နေက ပြောခွင့်မပေး။

"မာနတွေ နည်းနည်းလျှော့နော်"

ရှေ့ "ဟင့်အင်း ဆယ်နေကဲ၊ မင်း... မင်း မလွန်နဲ့ သိလား သွား"

ကြီး၊ "မရဘူး"

တွန်းပစ်လိုက်ပေမယ့် တကယ်လွတ်ကျသွားတာက ကင်းရဲ့ စလင်းဘက်ခ်လေးပဲဖြစ်၏။ ပြောခွင့်ရှိရင် ပြောချင်သေးတယ်တဲ့ အိတ်လေးကလေ...

"ဟွန်း... ကော်တော်ကဲတဲ့ကောင်"

လရောင်ကျူးရင့်

ရွှေသမင်စာပေ